
ပုဂံ

# ငွေပန်းတင်ထောင်

ဆင်ဖြူကျွန်းအောင်သိန်း

[အငွမတွဲ]



ပုဂံစာအုပ် အမှတ် ၂၉၄

# ငွေမင်းတစ်ထောင်

(အငြွမတွဲ)

ဆင်ဖြူကျွန်းအောင်သိန်း

# နေမင်းတစ်ထောင် (အငြှမတွဲ)

## ဆင်ဖြူကျွန်းအောင်သိန်း

စာမူခွင့်ပြုအမှတ်
၅၀၀၉၉၆၀၅၀၈

မျက်နှာဖုံးခွင့်ပြုအမှတ်
၅၀၁၀၀၁၀၅၀၈

ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၅၊ အောက်တိုဘာ

အုပ်ရေ
၁၀၀၀

မျက်နှာဖုံးပန်းချီ
ဝသုန်

ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သိရိမေရောင်စုံပုံနှိပ်တိုက်
အမှတ် ၁၉၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဒေါ်ခိုင်ခိုင်ဦး (ယာယီ ၈၇၉)၊ ပုဂံစာအုပ်တိုက်
အမှတ် ၈၀၉ (A)၊ ဇေယျာသုခလမ်း
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

# နေမင်းတစ်တောင်

ဆင်ဖြူကျွန်းအောင်သိန်း

# မာတိကာ


၁။ ပြီးခဲ့သောဇာတ်လမ်းအကျဉ်း — က

၂။ နေမင်းတစ်ထောင် (အဋ္ဌမတွဲ) — ၂၀၆၅

၃။ နိဂုံးချုပ်အမှာစကား — ၂၃၀၄

၄။ နေမင်းတစ်ထောင်အပေါ် ခံစားသုံးသပ်ချက်များ

(က) ပါရဂူ — ၂၃၁၁

(ခ) ထီလာစစ်သူ — ၂၃၁၂

(ဂ) လယ်တွင်းသားစောချစ် — ၂၃၃၁

(ဃ) ချစ်ဦးညို — ၂၃၃၅

(င) မောင်ဝဏ္ဏ — ၂၃၃၉

၅။ မျက်နှာဖုံးသရုပ်ဖော်ပန်းချီ ရေးဆွဲခြင်းဆိုင်ရာ ခံစားမှုများ

(က) ညိုလှ — ၂၃၄၁

(ခ) ဝသုန် — ၂၃၄၂

(ဂ) ကျော်သောင်း — ၂၃၄၅

(ဃ) မောင်မောင်သိုက် — ၂၃၄၈

(င) တင်မောင်မျင့် — ၂၃၅၀



ပုဂံစာအုပ်တိုက်

# နေမင်းတစ်ထောင် အကျဉ်းချုပ်

ရွာထဲသို့ဝင်လာသော ထီးပြင်ကုလား၏ အဆင်းသဏ္ဌာန်နှင့် အသံကို ကြောက်ရွံ့သဖြင့် အော်နေသော သားဖြစ်သူ ဖိုးသူတော်အား မိခင်ဖြစ်သူ မဇံလှက ဓားတစ်ချောင်းပစ်ပေးသည်။

"အမေတို့အမျိုးဟာ မကြောက်တဲ့အမျိုးကွယ့် လူကလေးရဲ့။ အမေတို့အမျိုးက ကုလားမှန်သမျှကို ဓားစာကျွေးတဲ့အမျိုး။ ကြောက်ဖို့ ဆိုတာ ဝေလာဝေး"

ဘရှေကျိုင်းသည် ထန်းသီးစေ့ကို ဥနဲ့ရွက်ဖြင့် ပွတ်နေရာက မဇံလှ၏ အသံကိုကြားသောအခါ အဖေ့ကို သတိရသည်။ အဖေ၏ မြစ်ဖျားခံရာ အရပ်သည် မြန်မာ – အင်္ဂလိပ် ဒုတိယစစ်ပွဲ။

သီရိသုဓမ္မတိလောကသရ မဟာဓမ္မရာဇာဓိရာဇာမင်း ရတနာပူရ ရွှေနန်းကို နန်းစံတော်မူပြီး ၅ နှစ်အကြာ၊ ၁၂၁၃ ခုနှစ် ဝါဆိုလတွင် မြန်မာ့ ရေပိုင်နက်တွင်ဖြစ်ပွားသော အင်္ဂလိပ်သင်္ဘောနှစ်စင်းမှ ကပ္ပတိန်နှစ်ယောက်၏ လူသတ်မှုကို ရန်ကုန်မြို့ဝန်က အရေးယူခဲ့သည်။ ဤသည်ကို အကြောင်း ပြပြီး အရှေ့အိန္ဒိယကုမ္ပဏီ အမည်ခံသူများက မြန်မာနိုင်ငံကို ဒုတိယအကြိမ် ရန်စစော်ကားကျူးကျော်လာရာ မြန်မာတို့သည် မနိုင်မည်မှန်းသိပါလျက်နှင့် ဂုဏ်သိက္ခာဆည်သောအားဖြင့် စစ်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့သည်။

ဒီပဲယင်း သရက်ကန်ရွာသား ငမိုးကောင်းသည် စစ်ကဲကြီး သီရိနော်ရထာတပ်နှင့် ပါလာသည်။

နေပြည်တော်တွင် ပြည့်ရှင်မင်း အရေးပေးခံရသော မြို့ဝန် ဘိုင်ဆတ်၏ တပည့်တပန်းများဖြစ်သော တောင်ထားဝယ်ဗိုလ် ဦးတုတ်၊ တန်းခေါင်းဦးရှင်ကလေးတို့သည် မင်းတုန်းမြို့စားမင်းသားနှင့် ကနောင် မြို့စား မင်းသားတို့အား အမှုရှာရာက ရန်မီးပွား ကြီးကျယ်လာသည်။

**ပုဂံစာအုပ်တိုက်**

ထိုမီးကို ငြိမ်းသတ်ရန် စစ်မြေပြင်ရှိတပ်များကို နေပြည်တော်သို့ ခေါ်ယူသည်။ အိုးစား ငမိုးကောင်းမှာ သူ့တပ်နှင့်ပါမသွားဘဲ ကျန်ရစ်ခဲ့ရာက ဓနုဖြူ ဦးမြတ်ထွန်း၏ 'မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေးတပ်' သို့ ရောက်သွားသည်။

ဦးမြတ်ထွန်း၏ တပ်သည် မိစ္ဆာဒိဋ္ဌိများအား ရေထဲမရှောင်၊ ကုန်းပေါ် မရွေး ထိုးနှက်တိုက်ခိုက်သဖြင့် နေပြည်တော်၌ မင်းပြောင်းမင်းလွဲ ဖြစ်နေချိန်တွင် ဦးမြတ်ထွန်း၏ ကျိုက်ကဇင်းခံတပ်ကို ဆာဂျွန်ချိဦးစီးသော တစ်ထောင်တပ်ကြီးက လာရောက်တိုက်ခိုက်သည်။ မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေး တပ်သားများသည် အသေခံပြီး ခုခံကြသဖြင့် ရန်သူများ မှန်းချက်မကိုက် ဖြစ်နေကြစဉ်၊ အကြပ် ငမိုးကောင်းနှင့် ရဲမက်အချို့က ဦးမြတ်ထွန်းကို စစ်မြေပြင်မှ ဆွဲထုတ်ခဲ့ရသည်။

ဦးခေါင်းကြီးက တာပွန်ရွာ၊ ဦးခေါင်းကလေးက အုတ်ဖိုတွင် တပ်စွဲလျက်၊ ဦးမြတ်ထွန်းနည်းတူ မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေး စစ်ပွဲကို ဆင်နွှဲနေသူများဖြစ်ကြ၏။

မိုးညိုမြို့ဝန် ဦးတလုတ်မှာ ဦးခေါင်းကြီး၊ ဦးခေါင်းကလေးတို့၏ ယောက်ဖဖြစ်သည်။ ဦးခေါင်းကြီးထံသို့ ဦးမြတ်ထွန်းနှင့် ရဲမက် ၁၅၀၀ ရောက်သွားချိန်တွင် ဟင်္သာတအရေးပိုင်က ဦးခေါင်းကြီးထံ စာပေး၏။ စာလာပေးသူက ဦးခေါင်းကြီးအား လုပ်ကြံငြား ငမိုးကောင်းက ဝင်ရောက် ကာကွယ်သဖြင့် မအောင်မြင်ကြဘဲ ငမိုးကောင်းမှာ တစ်ခဏချင်း သွေးသောက်ရာထူးသို့ တက်သွား၏။

ကနောင်တွင် နှစ်စဉ်ကျင်းပမြဲ ရွှေမျက်နှာဘုရားပွဲ၊ နတ်ပွဲရှိသည်။ ထိုပွဲကျင်းပနေစဉ် ဦးမြတ်ထွန်း၏တပ်က ကနောင်ကိုစီးရာ ဘုရားပွဲနှင့် နတ်ပွဲသို့လာသော မယ်မင်းဘော်နှင့် သွေးသောက်ငမိုးကောင်း ဆုံသည်။ တောကြောင်များ အလုခံရ၍ ဖရိုဖရဲ ပြေးကြစဉ် မယ်မင်းဘော်ညီအစ်မအား ငမိုးကောင်းနှင့် ရဲမက်များ လာရောက်စောင့်ရှောက်ပေးသည်။

အရဏ်တက်တွင် အမေ ပြန်ရောက်လာရာ ဝမ်းသာအားရအထဋ္ဌ လဲပြိုသော မယ်မင်းဘော်ကို ငမိုးကောင်းဆီးပွေ့သည်တွင် အမေ အထင် လွဲသည်။ အုန်းပင်စုဌ ငမိုးကောင်းနေခဲ့စဉ် မမျှော်လင့်သောအမှု ဖြစ်ပွား ချေ၏။

အမှုမှာ မယ်မင်းဘော်ကို ပွေ့မှုဖြစ်သည်။ မတော်တဆပွေ့မှုကို မယ်မင်းဘော် သာယာပြီး စွဲလန်းခဲ့သည်။ ဒေါ်အေးကြီး မောင်းခတ်မှုကြောင့် သူတို့နှစ်ယောက်ကြိုက်နေပြီဟု တစ်ရွာလုံးက ထင်နေကြ၏။ ငမိုးကောင်းမှာ စစ်ရေးတွင် အာရုံရောက်နေငြား မယ်မင်းဘော်၏ အရှက်ကိုငဲ့ပြီး ထိမ်းမြား လိုက်ရသည်။

တောင်ငူဘက်တွင် ‘မင်းထင်မင်းလုပဗ္ဗတသိုဟန်ဘွား’ နှင့် သူ့လူများ နာမည်ထွန်းလာချိန်ဝယ် ဦးခေါင်းကြီးနှင့် ဦးမြတ်ထွန်း၊ ဦးခေါင်းလေးတို့မှာ အုပ်စီးထားသောမြို့များ လက်လွှတ်ဆုံးရှုံးကုန်ပြီ။ လယ်လုပ်နေရာသို့ တစ်နေ့တွင် ငချိပ်ရောက်လာ၏။ စစ်မျက်နှာညှိကြောင်း၊ လူသူစုပြီး အမြန် လိုက်ခဲ့ရန် မှာသွား၏။ ထို့ကြောင့် ငမိုးကောင်း အားတင်းပြီး မယ်မင်းဘော်ထံ ခွင့်ပန်သည်။ မယ်မင်းဘော် မတား။ သို့သော် မျက်နှာမြင်ပြီးမှ သွားပါဟု ဆိုသည်။

သွေးသောက်ငမိုးကောင်းနှင့် မယ်မင်းဘော်တို့၏ သားအမည်မှာ ‘မောင်မောင်လှိုင်း’ ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ ကုလားဖြူ ကုလားမည်းများကို ဓားလှိုင်း၊ သေနတ်လှိုင်းဖြင့် ဖြိုဖျက်ပစ်မည့် နိမိတ်ကို ဆောင်လျက် မှည့်သော အမည်ဖြစ်၏။

ငမိုးကောင်းအား တစ်ဖက်သတ် မုန်းတီးနေသော သူကြီး ငအိပ်မှာ အရဏ်တော်ဝတ်အဖွဲ့မှ သာမဏေတွေ၊သူတော်တွေနှင့်လည်း မသင့်မြတ်ပေ။ ပုလိပ်တွေ နှစ်သက်စေရန် ငအိပ်သည် သျှောင်ကိုပယ်ပြီး ဆံတိုထားရာ ဝတ်အဖွဲ့သားများက ရှုတ်ချသောကြောင့်ဖြစ်၏။ ဥပုသ်နေ့တစ်နေ့တွင်

ငမိုးကောင်းတို့မိသားစု ဥပုသ်စောင့်ရန် ဘုန်းတော်ကြီးကျောင်းသို့အသွားတွင် အေိပ်နှင့် နောက်ပါများက နှောင့်ယှက်သဖြင့် ငမိုးကောင်းမှာ မြန်မာမင့် ပိုင်နက်ထဲသို့ ပြောင်းရွှေ့ရန် စိတ်ကူးတော့သည်။

ငမိုးကောင်း၏လယ်ကို စုပေါင်းရိတ်သိမ်းနေစဉ် မယ်မင်းဘော်မှာ ဒုတိယသားကို မွေးဖွားရန် ဝမ်းနာနေသည်။ ကောက်ရိတ်သူများဘေးသို့ တာပွန်ပြန်ဒုက္ခသည်နှစ်ယောက် ရောက်လာကြသည်။ ကျိုက်ကဇင်းသို့ ပြန်မည့်သူများဖြစ်သည်။ သူတို့ကို ငမိုးကောင်း အငွမ်းကုန်ပြုစုပြီး သူ့လက် ပေါ်တွင် ဆုံးပါးကြသည်။ သူသည် ထိုသူနှစ်ယောက်ကို မြေမြှုပ်ပြီးလျှင် ပြီးချင်း လယ်ကို မိတ်ဆွေများထံ အပ်နှံခဲ့ပြီး စစ်မြေပြင်သို့ ထွက်လာသည်။ သူကြီးအေိပ်၏မျက်နှာကို မကြည့်လိုသူတွေ လိုက်ပါလာကြသည်။ သူတို့ ထွက်လာကြစဉ် တောကဲကြီး၏သား ငပြူးချို ပြေးလာပြီး သတင်းပေးသည်။ မယ်မင်းဘော်မှာ သားယောကျ်ားဖွားမြင်ကြောင်း။

ဦးမြတ်ထွန်း၏တပ်တစ်တပ်သည် ကုလားအမြောက်နှစ်လက် ရရှိ ပြီးနောက် ပျောက်ကွယ်သွားသည်။ ကုလားသည် ထိုအမြောက်များပြန်ရရန် အသေအလဲကြိုးစားသည်။ စစ်တစ်ကြောင်းစီဖြင့် ချီတက်ကြသည်။ ထိုတပ် များကို နောက်ပိုးသိပ်ရန်အတွက် ဦးခေါင်းကလေးသည် ကြံခင်းမှ၊ ဦးခေါင်း ကြီးသည် ထိန်တောမှ ချီတက်လာကြ၏။ သွေးသောက် ငမိုးကောင်းမှာ ခံတပ်တောင်ကြီး ပြိုကျသည့်အောက်သို့ ရောက်သွားသဖြင့် မည်သည့် အချိန်တွင် တိုက်ပွဲပြီးသွားသည်မသိ။ သူ သတိရသောချိန်၌ ရန်သူများ မရှိတော့ပြီ။ လင်းတ တရှန်းရှန်း၊ ခွေးအ တသောသောနှင့် မွန်၊ ဗမာ၊ ကရင် အလောင်းပင်လယ်ကြီးသာ ကျန်ခဲ့သည်။

အလောင်းပင်လယ်ထဲမှ လူသုံးယောက်ရ၏။ သာဦးနှင့် ငမန်းသာ၊ ဒေါင်းကျော်တို့ဖြစ်သည်။ ငမိုးကောင်း အနာဝင်နေ်းဖမ်းပြီး ဖျားသောအခါ သာဦးကပြုစုသည်။ ငမန်းသာမှာ အစာဝင်သည်အထိ တိုးတက်လာပြီးမှ

ကွယ်လွန်သွား၍ ရွာသို့ပြန်လာကြသည်။ မပြန်၍ မဖြစ်။ ငမိုးကောင်း ကိုယ်မှာ အနာတွေ မကျက်သေး၊ မျက်နှာကြီးလည်း ဖောသွပ်နေသည်။

ငမိုးကောင်းမရှိစဉ်တွင် သူကြီးအိပ် သောင်းကျန်းသည်။ ပုလိပ်များ ထံသို့ ရွာသမီးပျိုများကို ဆက်သရာ မိဗိုင်း အညွန့်ကျိုးသဖြင့် ဆွဲချ သေသွားသည်။ ငမိုးကောင်း၏ခယ်မ မိသော့ကား သူကြီးမျက်နှာကို ဓားဖြင့် ပစ်ပြေးရာက ကနောင်သို့ရှောင်နေရ၏။ ရပ်ရွာလူထု မခံမရပ်နိုင်သောကြောင့် သူကြီးအိမ်ကို ဝိုင်းပြီး မီးရှို့ငြား စစ်ဗာယီက သူကြီးဘက်မှာရှိသည်။

ကုလားကျွန်တွေနှင့်ကင်းလွတ်ရာ မြန်မာမင့်ပိုင်နက်ကို အကြည့်အရှု သွားရန် ငမိုးကောင်း ရွာမှ ထွက်လာသည်။ ငချိပ်ပါလာသည်။ ဦးမိုးထိ၏ ကုန်လှေကြီးဖြင့် ခရီးကြုံလိုက်ခွင့်ရစဉ် ဦးခေါင်းကြီးတပ်သားဟောင်း ငချွဲကို လှေထိုးသားအဖြစ် တွေ့ရသည်။ ညောင်ပင်သာရွာတွင် လှေညအိပ်စဉ် ဆိပ်ကမ်းနှင့် လှေများကို ဓားပြစီးနင်းတိုက်ခိုက်သဖြင့် ငမိုးကောင်း ဦးဆောင် နှိမ်နင်းသည်။ ဆင်ပေါင်ဝဲ ဆင်သေရွာရှိ ငချွဲအမျိုးများက လုပ်ခင်းဆောင်တာ စီစဉ်ပေး၊ အိမ်တစ်လုံးဆောက်ပေးကြ၏။ သုံးလကြာ၍ အုန်းပင်စုသို့ ငမိုးကောင်းနှင့် ငချိပ် ပြန်ရောက်သောအခါ ငအိပ် ဓားပြအသတ်ခံရပြီး ငပြုံးချို သူကြီးဖြစ်နေပြီ။ ငပြုံးချို၏ မျက်နှာထား မကြိုက်သဖြင့် မြန်မာမင့် ပိုင်နက်သို့ ရွှေ့ပြောင်းရေးမှာ ပိုမိုခိုင်မာလာ၏။

တစ်နေ့တွင် ငမိုးကောင်း၏ယာထဲသို့ ငချွဲ ရောက်လာသည်။ မြေထဲကို စီးနင်းရန် ငမိုးကောင်းတို့ ကြံစည်နေကြစဉ် ဦးခေါင်းကြီး အသတ် ခံရသည်။ ကုလားက လုပ်ကြံသည်ဟု ငချွဲကပြောငြား ငမိုးကောင်း မယုံကြည်။ ကုလားထံမှ မျက်နှာသာရရေးအတွက် မင်းတုန်းမင်း၏ ရဲမက်တွေ လုပ်ကြံခြင်းသာဖြစ်သည်ဟု ငမိုးကောင်းက စွပ်စွဲသည်။ သူသည် မင်းတုန်းမင်း ဘာပဲလုပ်လုပ် အကောင်းမမြင်။

ငမိုးကောင်း၏ယာထဲသို့ ငချွဲနှင့် ငဝဲတို့ လာရောက်ကူညီနေစဉ်

မြင်းစီးကြီးဦးရွှဲ ရောက်လာသည်။ မင်းတုန်းမင်းတရား ရွှေမြို့တော်တည်ပုံကို ပြောပြရာ ငမိုးကောင်း သဘောမတွေ့ကြား ပဥ္စမသင်္ဂါယနာတင်ပုံ၊နိုင်ငံတော်ကို ထိပါးသော ဇင်းမယ်၊ လပုန်း၊ လကွန်းတို့အား နှိမ်နင်းပုံ၊ သူအိုတန်း သူနာတန်း ထားပုံများသို့ ရောက်သောအခါ ငမိုးကောင်း၏ မင်းတုန်းမင်း ဆန့်ကျင်ရေးမှာ ပျက်ပြယ်စပြုပြီ။

ငမိုးကောင်းမှာ သားကြီး ငလှိုင်း၊ သားငယ် ငသိုင်းနှင့် သမီးကြီး မိအိုး၊ သမီးငယ် မိရိုး၊ နို့စို့ငကျိုင်းတို့ရှိ၏။

ကိုရင်လှိုင်း (ရှင်လာဘ)မှာ မြင်းစီးဆော်၊ သိုင်းပညာကျွမ်းကျင်ကြား ကဗျာရေးစီမှုတွင်လည်း သူ့ဆရာ ဦးဓဇနေ ကျေနပ်အောင် တော်၏။ ကိုရင်လှိုင်းကို ဒီပဲယင်းဘိုးဘွားများက မန္တလေးသို့ ခေါ်သွားရာက လူထွက်ခိုင်းပြီး အချုပ်တန်းဆရာဖေထံ အပ်နှံထားကြ၏။

ဆင်သေရွာအနီးရှိ ယာထဲသို့ မြင်ကွန်းမြင်းခုံတိုင်၏ ကျေးကျွန်များ ရောက်လာကာ မောက်မာစွာဆက်ဆံသဖြင့် ကိုမိုးကောင်းနှင့် သမီးများက ဆုံးမလွှတ်သည်။ ဆင်ပေါင်ဝဲတွင် မိုလ်ဝင်ခံနေသူများ သဘော်ဖြင့် ခုန်ဆင်း သွားကြား ကိုမိုးကောင်းထံဟွင် လူလေးယောက် ကျန်ခဲ့သည်။ ထိုသူများကို မည်သို့လုပ်ရမည်နည်း၊ မြင်းစီးကြီးထံသို့ လူလွှတ်ကာ မေးမြန်းထားသည်။ မြင်းစီးကြီးကိုရွှဲရောက်လာမှ လွှဲပေး၏။

ဘုရင်မင်းမြတ် ကြီးမှူးကျင်းပသော တန်ဆောင်တိုင်ပွဲတော်တွင် မောင်မောင်လှိုင်းနှင့် မိဒေါင်းလှတို့ ချိန်းတွေ့ကြရာ အဖော်အဖြစ် မအေးကြီး ပါသည်။ မယ်ဒေါင်းလှမှာ တစ်လလျှင် ဒေါင်းဒင်္ဂါးငါးပြား လခရသော ဇာတ်သမဖြစ်သည်။ မောင်မောင်လှိုင်းနှင့် မိဒေါင်းလှတို့ အကြောင်းပါပြီး မကြာမီ ဆင်သေရွာတွင် ကိုမိုးကောင်း၊ မမင်းဘော်တို့ အလှူလုပ်သည်။ သားလတ်သိုင်းနှင့် အငယ်ကောင် ငကျိုင်းတို့ကို ရှင်ပြုခြင်းဖြစ်သည်။

အလှူသို့ မြင်းစီးကြီး ရောက်မလာပါ။ ရှင်ဖြစ်တရားနာပြီး

ညနေစောင်းမှ ရောက်လာသည်။ မြင်းစီးကြီးသည် တောထဲတွင် မသကာ ဖွယ်ရာ လှည်းဘီးရာများ တွေ့သောကြောင့် အချိန်ယူကာ စောင့်ဆိုင်းသည်။ ကျောက်တိုင်၏ တောင်ဘက်မှလာကာ မြန်မာ့ပိုင်နက်တွင်းသို့ တိတ်တဆိတ် ဝင်ပြီး ရေနံခိုးသော ကုလားဖြူများ၊ အခကြေးငွေဖြင့် ငှားလာသည့် လှည်းများကို မြင်းစီးကြီးတို့လူစုက ကျောက်တိုင်တောင်ဘက်သို့ တစ်ယောက်မျှ မပြန်နိုင်အောင်လုပ်သည်။ ထို့ကြောင့် အလှူသို့ အချိန်မီ မရောက်ခြင်း ဖြစ်၏။

အချုပ်တန်းဆရာဖေထံသို့ အမည်မသိ လူတစ်ယောက် ဖျတ်ခနဲ ရောက်လာပြီးနောက် ဆရာဖေလည်း ပျောက်သွားသည်။ ငလှိုင်းနှင့် သော်က၊ ငစိန်တို့ လိုက်လံရှာဖွေရာ သားတော်၊ သမီးတော်တွေ အမိန့်တော် အတုဖြင့် အဖမ်းခံရကြောင်း၊ လွတ်စေအမိန့်ကြောင့် လွတ်သည်။ သို့သော် မကြာမီ ပြန်လည်ဖမ်းဆီးကြောင်း သိခဲ့ရငြား ဆရာဖေကို မတွေ့။ နောက်မှ ပြန်ရောက်လာသောအခါ မရှင်မပျဖြင့် 'မြန်မာတွေ စည်းကမ်းဖောက်' တေးထပ်ကို ရေးသည်။

သင်္ကြန်ကာလတွင် မင်ကြောင်ထိုးရန်အတွက် ရွာထိပ်တွင် မင်ကြောင်ရုံ ဆောက်သည်။ မင်ကြောင်ဆရာမှာ ဘသာဋ္ဌေးဖြစ်သည်။ သေိုင်းမှာ မယ်ကျော့က အထိုးခိုင်းသောကြောင့် မင်ကြောင်ရုံသို့ ရောက်လာသော်ငြား မင်ခံပုဆိုးရက်ပေးရန် မတောင်းခံရဲသဖြင့် အမေ့ထံတွင် ပူဆာရသည်။

သို့သော် မင်ကြောင်အထိုးခံသူများထဲတွင် ဝဲမှောင်တွင်ထိုးသူ သေိုင်းမှာ အမေ ရက်လုပ်ပေးသော 'ရာပုဆိုး' ကို မင်ခံသဖြင့် လူကြီးသူမ တွေက သာဓုခေါ်ကြသည်။ သေိုင်း၏ညီ ငကျိုင်းကား အရွယ်မရောက်သေး သောကြောင့် ယာမှောင်တွင် ထိုးသူဖြစ်သည်။

အိမ်သို့ ငလှိုင်းပြန်မလာသဖြင့် ဇနီး မယ်ဒေါင်းလုက ပုရပိုက် တစ်လွှာကိုင်ပြီး ဆရာဖေထံ လာရောက်တိုင်ကြားသည်။ စာမှာ သားငယ်

မယားငယ်ထားသည့် ရည်းစားစာ မဟုတ်။ ကျက်လိုသောကြောင့် ကူးထား သည့် မောင်စံသူ့ မှာတမ်းဖြစ်သည်။ သူတို့ လင်မယား ထိထိုးရန် တိုင်ပင် နေကြစဉ် မင်းသားမောင်မောင်ဘ ရောက်လာသည်။

ရတနာပုမ် ဒုတိယနန်းစံမင်းလက်ထက်တွင် ပေါ်ပေါက်လာသော ထိအမျိုးမျိုးကြောင့် လူအများ အတိဒုက္ခရောက်ရပုံများကိုပြောရာက မှာတမ်း ရွတ်တတ်သူ ရောက်လာသဖြင့် အရွတ်ခိုင်းသည်။ သို့သော် ရန်သူ ကုလားဖြူကို တိုက်ရမည့်အချိန်တွင် ခိတ်ခတ်ပျော့ညံ့စရာ ပေါ်လာသော မှာတမ်းကို ဆရာဖေ မကြိုက်ပေ။

ငသိုင်းသည် မြဖူးနှင့် ကလေးတစ်ယောက်ရပြီးမှ ကျော့ခင်ကို တန်းတန်းစွဲကာ ဗလက္ကာရပြုစဉ် ကိုယ့်ဓားဖြင့်ကိုယ် ထိုးမိသဖြင့် ကျော့ခင် ကွယ်လွန်သွားသည်။ ငသိုင်းလည်း အချောက်ချောက် အချားချား ဖြစ်နေ ရာက၊ အစ်ကိုငလှိုင်းထံသို့ စိတ်ပြေလက်ပျောက် ရောက်သွားလေသည်။ အောက်အရပ်ရှိ အဘိုးအဘွားထံသွားလျှင် ရထားပေါ်၌ ကုလားနှင့်ဆုံရမည် စိုးသဖြင့် သင်္ဘောစီးသော်လည်း ကုလားနှင့် မလွတ်။ စဉ့်ကူတွင်ဆင်းမည့် ဦးမှဲ့၊ ဒေါ်ဖဲ၊ သမီးကျေးဥတို့နှင့် သိသည်။ သေသူ ကျော့ခင်ကိုချည်း မြင်ယောင်ကာ ရေထဲခုန်ချသဖြင့် ဦးမှဲ့က ဆင်းဆယ်ကာ အိမ်သို့ သယ်လာ ပြား အထင်လွဲစိတ်ဖြင့် ခွဲခွာကြရပြီး အစ်ကိုငလှိုင်းထံ ရောက်လာခြင်း ဖြစ်သည်။

ငကျိုင်းသည် သင်္ဘောဆိပ်သို့ လှည်းဖြင့် ကုန်စည်ပစ္စည်းပို့ပြီး နားနေစဉ် မြန်မာစစ်သည်တွေနှင့် အမြောက်တွေ စုန်ဆင်းသွားသည်ကို မြင်သဖြင့် အိမ်သို့ အမြန်ပြေးလာ၏။ မြန်မာနှင့် အင်္ဂလိပ်တို့စစ်ဖြစ်ပြီ။ မြန်မာနှင့် ပြင်သစ်တို့ ချုပ်ဆိုသောစာချုပ် အတည်မဖြစ်မီ၊ ပျဉ်းမနား ဘက်တွင် ဘုံဘေဘားမားကုမ္ပဏီ သစ်ခိုးသဖြင့် ဒဏ်တပ်သည်ကို အကြောင်းပြုပြီး မသင့်လျော်သော တောင်းဆိုမှုတွေ တောင်းဆိုရာမှ စစ်ပြုရာ

မြန်မာတို့က ခုခံတိုက်ခိုက်သော စစ်ပွဲဖြစ်သည်။ **ကိုမိုးကောင်း**မှာ အသက်ကြီးသောကြောင့် စစ်သားဖြစ်ခွင့်မရှိသော်ငြား နယ်စပ်ရှိ ရန်သူ့ရိက္ခာစခန်းကို ဖျက်ဆီးပြီး ပုလိပ်သေနတ်တွေ လုလာပြီးနောက် ထူးပေါက်ခံကတုတ်ကို ရန်သူအတိုက်တွင် ခုခံမည် သွားသည်။ ထူးပေါက်ကျသွားပြီးပြီ။

ကိုမိုးကောင်းနှင့် ငချွဲ၊ ငဝဲတို့သည် မီးတိုက်ခံရသော ရွာများမှ ရွာသားများ အစော်ကားခံရသော မောင်ဖားများကို စုဆောင်းပြီး ကုလားဖြူ၊ ကုလားနက်များကို လိုက်လံသတ်ဖြတ်သည်။ မြင်းခြံနှင့်အဝကို ရန်သူသည် အခုအခံမရှိဘဲ သိမ်းပိုက်ပြီးနောက် ဂေါဝိန်ဆိပ်သို့ ရောက်လာ၏။

တိုင်းသူပြည်သားများမှာ ရန်သူနှင့် စစ်ဖြစ်နေသည်ကို မသိသောကြောင့် အထူးအဆန်းအဖြစ် ဝိုင်းကြည့်နေကြသည်။ ဆရာဖေနှင့် ငလှိုင်းတို့ ရောက်လာကာ ဆဲဆိုအော်ဟစ်နေချိန်တွင် အရှင်နှစ်ပါးမှာ သူရိယသင်္ဘောပေါ်သို့ ရောက်သွားကြပြီ။ ငလှိုင်းသည် မင်းသား မောင်မောင်ဘနှင့် ပါသွားကာ ရှင်အာသဘ၊ မောင်မောင်လတ်တို့နှင့်အတူ ပုန်ကန်တိုက်ခိုက်သည်။

ထိပ်တင်ဦးသည် မြင်စိုင်းမင်းသားအဖြစ် နာမည်ကြီးသည်။

ငသိုင်းနှင့် မြတောင်ဗိုလ်မှာ စလေသား ငပြေနဲ့ကို အမှိုပြုလျက် စလေဘက်သို့ ရွှေ့လာကြ၏။ ထို့နောက် မြစ်အနောက်ဘက် ကျပင်းသို့ ရောက်လာကြ၏။

မောင်မောင်လှိုင်းပါသော မြင်စိုင်းမင်းသား၏တပ်မှာ မောင်နီးဆိုသူ သစ္စာဖောက်သဖြင့် တပ်မကြီးရှိသော ရွာခိုင်တပ် အတိုက်ခံရငြား၊ အင်အားတိုးသည်ထက် တိုးလာသဖြင့် စစ်မျက်နှာဖြန့်ကာ ထိုးစစ်ဆင်နေစဉ် မင်းသားမှာ ဆင်ဖြူမြို့၌ အဖျားရောဂါဖြင့် နတ်ရွာစံ၏။ သို့ကြောင့် မောင်မောင်လှိုင်းမှာ မန္တလေးရှိ ဇနီးနှင့် ကလေးကိုခေါ်ပြီး ဆင်ပေါင်ဝဲသို့ ပြန်ရကောင်းနိုးဖြစ်နေစဉ် တောင်တွင်းကြီး၌ ဇာတ်မင်းသားအဖြစ် ဇာတ်မြှုပ်နေသော ကြည့်မြင်တိုင်မင်းသား၏တပ်သို့ရောက်သွားလေ၏။

**ပုဂံစာအုပ်တိုက်**

မင်းသားမှာလည်း ရှာငန်ဘက်ရှိ အရပ်အနေကောင်းသောနေရာတွင် စိတ်ချလက်ချအိပ်စဉ် အတိုက်ခံရပြီး ကျဆုံးသည်။ မင်းသား၏ အပါးတော်မြဲ မောင်မောင်လှိုင်းမှာ စိတ်ဓာတ်ကျဆင်းနေစဉ် ဗိုလ်တုတ်ကျော်ထံသို့ မြင်းမဏိတောင်ရှိ ဗိုလ်မင်းရောင်ထံမှ ငါးရာတပ်တစ်တပ် ခုနစ်ရက်မျှ လာရောက်ကူညီပါရန် မေတ္တာရပ်ခံစာရသဖြင့် နတ်မောက်တောင်တွင်းသို့ ရောက်ရပြန်၏။

ကိုမိုးကောင်း၏သမီး မိအိုးသည် သောထွန်းနှင့် အကြောင်းပါပြီး၊ ရေနံချောင်းရှိ ရေနံတွင်းများ၌ ရေနံခပ်သားလုပ်နေသည်။ မြန်မာမင်း ရန်သူ့လက်သို့ ပါသွားချိန်တွင် ကိုယ်ပိုင်လက်တွင်းတစ်တွင်းပိုင်သဖြင့် အခြေအနေကောင်းစပြုသည်။ မြစ်ထဲရှိ ရေနံလှေတွေ၊ ရေနံသင်္ဘောတွေ မီးလောင်သောတစ်ညတွင် မိအိုးတို့နွားတင်းကုပ်ထဲသို့ မိစ္ဆာဒိဋ္ဌိမောင်းနှင်ရေး တပ်သားတစ်ယောက် ရောက်လာသည်။ မိစ္ဆာဒိဋ္ဌိ ဆန့်ကျင်ရေးတွင် မပါဝင်ရသဖြင့် နေမထိထိုင်မသာဖြစ်နေသော မိအိုးမှာ သူ့အဖေ၊ သူ့မောင်တွေနည်းတူ တိုက်ခိုက်နေသော အမည်မသိမျိုးချစ်ပြည်ချစ် သူရဲကောင်းတစ်ယောက်အား တတ်စွမ်းသမျှ ကျွေးမွေးလိုက်ရ၊ အဝတ်အထည် ငွေကြေးပေးလိုက်ရသဖြင့် ကျေနပ်နေလေ၏။

ကိုမိုးကောင်းနှင့် သားကြီးငလှိုင်း၊ သားလတ်ငသိုင်းတို့မှာ မမျှော်လင့်ဘဲ ဆုံမိကြငြား မာကြောင်းသာကြောင်း မေးရုံသာမေးပြီး လူစုခွဲသွားကြ၏။

ဆင်သေရွာတွင် ကျန်ခဲ့သော မမင်းဘော်မှာ သားလူပျို ငကျိုင်းနှင့် သမီးအပျို မိရိုးအပြင် ချွေးမ မြဖူးတို့ကို စောင့်ရှောက်ရင်း ယာလုပ်နေသည်။ ကုလားအဝယ်တော်နှင့် ကြိုက်နေသော တူမကြောင့် ပုလိပ်တွေကို စားစာကျွေးသော ဘကြီးမုန်း၏သား ငနေင်းအား မိရိုးမှာ ခိုးကြောင်ခိုးဝှက်ကြည့်မှုဖြင့် အစစ်ဆေးခံနေရစဉ် မမင်းဘော်၏ညီမ၊ မိသော၏သား မြတ်သာဦး ရောက်လာ၏။

**ပုဂံစာအုပ်တိုက်**

ပခန်းငယ်တွင် ကုလားတပ်တစ်တပ် ရောက်နေသည် ကြားသောကြောင့် လမ်းသွားရင်း ထမင်းချက်ကာ ချီတက်လာသော မြတောင်မိုလ်နှင့် ငသိုင်း၊ ငပြေနံ့တို့၏တပ် အရောက်နောက်ကျသွား၏။ ရန်သူက မြို့ထဲဝင်ပြီး မဟာစေတီလှဘုရားတွင် သစ်တပ်ကြီး တည်ထားပြီ။ သုံ့ပန်းတွေကို လမ်းခင်းခိုင်း၊ တံတိုင်းကာခိုင်းနေပြီ။ ငသိုင်းနှင့် မြတောင်မိုလ်သည် ရန်သူ ရှိရာဘက်ကမ်းသို့ သွားရောက် မရောင်းချလိုသော ဈေးသည်များထံမှ မြက်နှစ်ထုံး ဝယ်ခဲ့ပြီး ရန်သူ၏ သစ်တပ်တွင်းသို့ ဝင်ရောက် ထောက်လှမ်းကြ၏။

သစ်တပ်ကိုစီးမည့် အစီအစဉ်ကို နောက်တစ်နေ့သို့ ရွှေ့ထားစဉ် ရန်သူ စစ်ကူ နှစ်ရာတပ်တစ်တပ် ရောက်လာသဖြင့် ငသိုင်းတို့ ဆီးကြို တိုက်ခိုက်ရာ မြတောင်မိုလ် အဖမ်းခံရ၊ အသတ်ခံရသည်။ မြတောင်မိုလ်ကို ကားစင်တင်ထားစဉ် တစ်အိမ်တစ်ယောက်ခေါ်ပြီး အကြည့်ခိုင်းသည်။ မကြည့်သဖြင့် ရန်သူရွာဆိုကာ နွယ်တမယ်ရွာကို ရန်သူက မီးတိုက်သည်။ ထိုနေ့ညတွင် သစ်တပ်ကို ဝင်စီးကြရာ ငသိုင်း ကျဆုံးသွား၏။

မမင်းဘော်တို့ သားအမိနှင့် မြဖူး၊ သား ထွန်းလူတို့ ဝါကောက် နေရာသို့ ကိုမိုးကောင်း ရောက်လာသည်။ မကျန်းမာသော ငဝဲကို တစ်နေရာ တွင် ဖွက်ထားခဲ့ရသည်။ မင်းလှတိုက်ပွဲတွင် ဗိုလ်ရွှဲရော ကိုချွဲပါ ကျဆုံးခဲ့ သဖြင့် ယာထဲတွင် ငိုသံတွေ ပွက်လောရိုက်နေစဉ် ကိုမိုးကောင်းမှာ ယာတွင်း တစ်နေရာ၌ မြတ်သာဦးကို တွေ့သည်။

ထိုအချိန်တွင် မရင်းကိုင်းဘုန်းကြီး ဦးသူရိယနှင့် ဦးမောင်ကလေးတို့ ဦးစီးသော လယ်သမားသူပုန်တွေ ထကြွသဖြင့် ဆေးမင်ကြောင် ရှိသူတွေ အဖမ်းခံနေရချိန်ဖြစ်ရာ ဓိးကုန်းသို့ စနည်းနာပြီးလိုက်လာသော မြတ်သာဦး လည်း အဖမ်းခံရသည်။ ဦးသူရိယနှင့် ဦးမောင်ကလေးအား မသိသူထံတွင် ထိုသူများ မည်သည့်အရပ်၌ ရှိသနည်း မေးမြန်းနှိပ်စက်နေစဉ် ဝန်ထောက်

မစ္စတာဟီးလ်ကို သူပုန်တွေခြံရံလျက် ရောက်လာ၏။ မြတ်သာဦးမှာ ထိုအခါကျမှ လွတ်၏။

သို့သော် ပုလိပ်ကိုသတ်ပြီး မြတ်သာဦးသူပုန်ထဲသို့ပါသွားကြောင်း မြတ်လေးစိန်၏ အမျိုးများက အုန်းပင်စုသို့ သတင်းပို့သောအခါ သူကြီးငပြုံးချိုက မြတ်သာဦး၏ အဖေကိုခေါ်သည်။ တရားခံအပ်နှံရန် တောင်းခံသည်။ မြတ်သာဦး သဘော်စီးပြီး ယခုကဲ့သို့ ဆင်ပေါင်ဝဲသို့ ရောက်လာခြင်း ဖြစ်သည်။

ဘုန်းကြီးကျောင်းကို ကုလားတပ်က အိတ်သွန်ဖာမှောက် ရှာဖွေရင်း၊ ဆင်းတုတော်တွေကို ခြေဖြင့် ကန်သည့်အတွက် ကျောင်းထိုင်ဆရာတော်က ထသတ်ရာ ဘုန်းကြီးဗိုလ်ဟု ပေါ်ပေါက်လာသည်။ ကိုမိုးကောင်း၏သား ငကျိုင်းမှာ ထိုဘုန်းကြီး၏ တပည့်ရင်းဖြစ်ရာ ယခုလည်း ဆင်ပေါင်ဝဲကို ဝင်စီးသော ဗိုလ်ဖြစ်ချေပြီ။ ကာနယ်လောက် ဦးစီးလျက် မြို့ကို ပြန်သိမ်းရန် တိုက်သောတိုက်ပွဲတွင် ဘုန်းကြီးဗိုလ်၏ လက်ရုံး ရှင်ဇဝနကျဆုံးသွားငြား ကာနယ်လောက်တို့ ထွက်ပြေးရသည်။ သို့သော် ဘုန်းကြီးဗိုလ်၏ နယ်ချဲ့ဆန့်ကျင် မိစ္ဆာဒိဋ္ဌိသုတ်သင်ရေးတပ်မှာ ဘုန်းကြီးဗိုလ်ဦးသာသန ကျဆုံးသွားသဖြင့် ၆ လသာ သက်တမ်းရှည်၏။

ကုလားဖြူကုလားနက်တပ်များသည် ကျေးရွာတွေကို လိုက်လံမီးရှို့သည်။ ယာထဲသို့ ရွှေ့ပြောင်းနေသော မမင်းဘော်တို့မှာလည်း တစ်ဖက်ကမ်းရှိ သွေးသောက်ခု ရွာသို့ အပြောင်းခံရသည်။ ထိုရွာတွင် ငနှင်း ရှိသော ခကြာင့် မိရိုး အကြွက်ကသွား၏။ ရွာသားများသည် ပြောင်းရွှေ့လာသော အိမ်ထောင်သုံးခုကို ကြည့်ကြသဖြင့် တစ်နှစ်အတွင်းမှာပင် နေသားတကျသည်း ထယ်ကတစ်ရာနှင့် ယာများ တည်ကျင်းပြီးသွားကြပေပြီ။

မောင်မောင်လှိုင်းမှာ မန္တလေးရှိ ဇနီးထံသို့ ပြန်ရောက်နေပြီ။ ဆရာထေမှာ ရပ်ကွက် မီးလောင်ခံရပြီးနောက် သွပ်မမိုးနိုင်သောကြောင့်

လွင့်သွားရာက သုံးဆယ်စော်ဘွားကြီးထံရောက်သွားသည်။ စစ်တုရင်ကို စွဲသွားပြီး ရေပက်ခံရ၍ အအေးမိသော ဝေဒနာဖြင့် ကွယ်လွန်သည်။

မောင်မောင်လှိုင်းကို ပုလိပ်က မကြာခဏ လာမေးသောကြောင့် သား ရဲလောင်းနှင့် ဇနီးမိဒေါင်းလှကိုခေါ်ပြီး ဆင်ပေါင်ဝဲ ဆင်သေရွာသို့ သင်္ဘောဖြင့်အလာ ရေနံချောင်းဆိပ်သို့ အဆိုက်တွင် ကလေးနှစ်ယောက် ဆွဲလျက် ရွှေတွဲလွဲ ငွေတွဲလွဲဖြင့် တက်လာသော အထက်တန်း ခရီးသည် ရေနံတွင်းပိုင်ရှင်မိအိုးနှင့် တိုးမိကြလေ၏။ ဆင်ပေါင်ဝဲ မီးလောင်စဉ် ပျောက်ဆုံး သွားသော (ရှင်ကေလာသ) ကျိုင်းကို ရဟန်းဝတ်ဖြင့် တွေ့ရသည်။ မအေ လိုက်သွားပြီး လူထွက်ခိုင်းငြားမရပါ။ သူသည် လူနှင့်ကင်းအောင်နေငြား၊ သွေးသောက်စုဘုန်းကြီးကျောင်းမှ သတင်းစာ အဟောင်းတွေကို ဖတ်မိ လေသည်။ သတင်းစာလှူသော ပွဲစားကလေး ကိုတောက်ထိန်နှင့် ဆုံသော အခါ အမျိုးသားနိုင်ငံရေးဘက်သို့ စိတ်ဝင်စားလာ၏။ ကလျာဏယုဝ အသင်း ဖွဲ့စည်းရေး၌ အားသန်နေ၏။

ကွယ်လွန်သူ ငသိုင်း၏သား ထွန်းလှမှာ ဝါးခုတ်သွားရင်း ကျားကို သတ်ခဲ့သဖြင့် ထွန်းလှအမည်ပျောက်ပြီး ကျားမနိုင်ဖြစ်နေပြီ။ တစ်နေ့တွင် ဦးမိုးကောင်းထံသို့ ဆလိုင်းစံထွန်းအမည်ရှိ တောင်တွင်းကြီးဘက်မှ ဧည့်သည်တစ်ယောက် ရောက်လာ၏။

မောင်မောင်လှိုင်းသည် ခါးပိုက်နှိုက်ကို ကိုင်ပေါက်မိသဖြင့် အဖမ်း ခံရပြီး ထောင်သုံးနှစ်ကျလာ၏။ မြန်မာ့တပ်မတော်သားတို့၏ အိုးစား အသုံးအနှုန်းကို ထောင်ထဲ၌ မဖွယ်မရာ သုံးစွဲထားသဖြင့် ထကန်ရာက အမှုဖြစ်၏။ ထောင်ပိုင်သည် မျိုးချစ်ပုဂ္ဂိုလ်မှန်းသိသဖြင့် အငြိုးတကြီး ပြုမူ သဖြင့် မောင်မောင်လှိုင်းက တိုက်ခိုက်ရာ ထောင်ပိုင်ကြီးပါ နှစ်ဦးလုံး သေသွားသည်။ ဆလိုင်းစံထွန်းသည် ထိုအကြောင်းကို သတင်းပေးရန် ဝင်လာခြင်းဖြစ်၏။

## ပုဂံစာအုပ်တိုက်

ဆလိုင်းစံထွန်း ပြန်မည့်နံနက်မှာပင် ဦးမိုးကောင်းမှာ ရင်ကွဲနာကျပြီး ကွယ်လွန်ရှာ၏။ ထိုအချိန်တွင် သွေးသောက်စုရွာကျောင်း၌ တိုက်နယ်ကလျာဏယုဝအသင်း ဖွဲ့စည်းချိန်ဖြစ်သည်။ ဥက္ကဋ္ဌမှာ ပျံလွန်တော်မူပြီးသော ဘုန်းကြီးဗိုလ်နှင့် ဘွဲ့တော်တူသော ဦးသာသန၊ အကျိုးဆောင်မှာ ဦးကေလာသ (ဦးဇင်းကျိုင်း) တို့ဖြစ်သည်။

ဦးဇင်းကျိုင်းမှာ ခမည်းတော်၏ နာရေးသို့ ကြွရောက်လာခိုက် သွေးသောက်စုရွာတွင် မြန်မာအသင်းချုပ်ကြီး ဖွဲ့စည်းလိုက်ရသဖြင့် ဝမ်းသာနေသည်။ မန္တလေးနေ နှောင်တော် မောင်မောင်လှိုင်း၏ဇနီး မဒေါင်းလှနှင့်သား ရဲလောင်း၊ ရေနံချောင်းနေ အစ်မ မိအိုးနှင့် သား ပေါ်လာ (ခေါ်) ဒေးဗစ်သာထွန်းတို့နှင့် မိရိုး၏သား မိတ္တတို့ လာရောက်ကန်တော့ကြရာ ပေါ်လာထံမှ မျိုးချစ်စိတ်ဓာတ် ထက်သန်သော စကားများ ကြားရသဖြင့် ကျေနပ်သည်။ ရဲလောင်းထံမှ မင်းလောင်း မောင်သန့်နှင့် ဗန္ဓကရသေ့တို့၏ ထကြွမှုများ ကြားရသဖြင့် အားတက်ငြား ဒါယကာကြီး၏ အသုဘ ရုပ်ကလာပ်ကို ဖယင်ကျူးနေသဖြင့် စိတ်ညစ်ရသည်။

နောက်တစ်နေ့တွင် မယ်တော်ကြီး ဒေါ်မင်းဘော်အား ရေနံချောင်းသို့ ခေါ်သူက ခေါ်ငြား၊ အမေက မလိုက်။ တစ်ယောက်တစ်ပေါက်မို့ စိတ်ညစ်စွာဖြင့် ထပြန်ခဲ့ရသော ဦးဇင်းကျိုင်းမှာ ဝံသာနုအစည်းအဝေး၏ တက်ကြွမှုနှင့်ကြုံတော့မှ စိတ်ချမ်းသာရာရ၏။ သူကြီးငပွေးသည် ဘူးအသင်းသားတွေကို အပြစ်ရှာပြီး ဖမ်းတော့သည်။ သည်အထဲ၌ ဆင်မာန်ရွာသား ကြာဥ၏ဇနီးအား ပြစ်မှားမိသောအခါ ကြာဥ၏ ရန်ပြုခြင်း ခံရလေ၏။

ထိုအကြောင်းများကြောင့် ရွာတွင် မငြိမ်မသက် ဖြစ်နေရာ မယ်တော်ကြီးကို ဖိဖိစီးစီး ပြုစုသူမရှိ။ ဦးဇင်းကျိုင်းသည် မယ်တော်ကို လွတ်လပ်စွာ ပြုစုလိုသောကြောင့် လူထွက်ပြီး အိမ်ပြန်လာရာ တူများဖြစ်သော မိတ္တနှင့် ကျားမနိုင်၊ မြတ်သာဦးတို့က ဦးဝဲ၏သမီး ရွှေခက်နှင့် စကြသည်။ ရပ်ရွာ

ကလည်း ခယ်မနှင့် သမုတ်လာသဖြင့် ကိုကျိုင်းမှာ ရွှေခက်နှင့် လက်ထပ်လိုက်ရသည်။ ထိုအတောအတွင်း ရေနံချောင်းရှိ ဒေးဗစ်သာထွန်းထံမှ တို့ဗမာအစည်းအရုံးအကြောင်းနှင့် ယင်းမှထုတ်ဝေသောစာများ ကိုကျိုင်းထံသို့ ရောက်လာသဖြင့် ဥက္ကဋ္ဌ ဦးသာသနထံ ပြေးပြသည်။

ဦးစိုးသိမ်း ဂျီစီဘီအေမှ ဆရာစံ ဦးစီးသော ဂဠုန်တပ် ဖွဲ့ရန် ပြင်ဆင်နေစဉ် ဦးစိုးသိမ်း ဂျီစီဘီအေနှင့် အပေါင်းအပါများကို မတရားအသင်းကြေငြာကြောင်း သူကြီးသစ် ကျော်ဆင့်က ခေါ်ပြော၏။ ထိုအသင်းမှ အသင်းသားတစ်ယောက်သည် သုပဏ္ဏကဂဠုန်ရာဇာ အမည်ခံကာ သာယာဝတီဘက်၌ လယ်သမားသူပုန် ထနေသောကြောင့်တည်း။

ကိုရွှေကျိုင်းသည် ပြောင်းတိုသေနတ် တစ်လက်နှင့် ကျောက်မီးသေနတ် နှစ်လက်ကို ဝက်ဆီသုတ်ကာ မြေမြှုပ်ထားခဲ့ရာ ဂဠုန်တပ် ဖွဲ့စည်းမည် ပြုသောကြောင့် ဖော်ကြည့်သည်။ သုံး၍မရတော့ပြီ။ သို့ကြောင့် သေနတ်ဝယ်ပြီး မိုးနတ်ကုန်းကို စီးနင်းတိုက်ခိုက်ရန် စီစဉ်နေစဉ် အမေ မူးလဲရာသို့ ပြန်ပြေးလာ၏။ တစ်ပြိုင်နက်တည်းမှာပင် ဂဠုန်အမည်ခံသော ဓားပြတွေ ရွာကို ဝင်တိုက်သဖြင့် ဦးဆောင်ကာ နှိမ်နင်းသည်။ ဓားပြတွေကို ဂတ်သို့ ပို့ရန် ခေါ်သွားကြချိန်တွင် ဇနီးသည် ရွှေခက် မျက်နှာမြင်သည်။ သွေးတက်ပြီး သေသည်။ အမေလည်း သေပြီ။ အမေနှင့် ဇနီး ပြိုင်တူသေသောကြောင့် ရူးကြောင်ကြောင်ဖြစ်သွားသော ကိုရွှေကျိုင်းကို ဘုန်းကြီးကျောင်းမှာ စောင့်ရှောက်ထားရသည်။

တို့ဗမာအစည်းအရုံးဝင် တောင်သူလယ်သမားများ ဖွဲ့စည်းထားသည့် လက်ရုံးတပ်နှင့် ယင်းကို ဆန့်ကျင်ရန် ဖွဲ့စည်းထားသော ဓားမတပ်တို့ ရွာပြင်တွင် စောင်နေသောအခါ သူကြီးက သေနတ်ဖြင့် ပစ်ခတ်ကာ လူစုခွဲမည်လုပ်သဖြင့် ဦးရွှေကျိုင်း သွားရောက်ကာ ဖျန်ဖြေရသည်။ နှစ်ဖက်လုံးမှာ သားချင်းတွေ ဖြစ်ကြသည်။

### ပုဂံစာအုပ်တိုက်

ကွယ်လွန်သူ မောင်မောင်လှိုင်း၏သား ရဲလောင်းသည် ရန်ကုန်မှ မန္တလေးသို့ သင်္ဘောဖြင့် ပြန်လာရာ၊ ဘရွှေကျိုင်း၏သား ကောင်းစံသည် ပြည်မှ တက်လာ၏။ သူတို့သေတ္တာတွေကို ပုလိပ်က အစစ်တွင် အဖုံး၌ ရေးထားသော စာများကို မြင်ကြ၍ ညီအစ်ကိုမှန်းသိစဉ်၊ သူတို့အား၌ ပါလာသော သားအမိမှာ မောင်ကောင်းစံတို့ရှာ သွေးသောက်စု၌ ရောက်နေသော ကိုခင်မောင်တင့်ထံ သွားမည့်သူများ ဖြစ်နေကြ၏။

ရဲလောင်း၏အမေ မဒေါင်းလှကို သွေးသောက်စုရွာက မင်းသမီးဟု ခေါ်ကြသည်။ ရဲလောင်းအောက်မှာ မိန်းကလေးဖြစ်သည်။ ရန်ကုန်တွင် ဗိုလ်အောင်ကျော် အသတ်ခံရသဖြင့် မန္တလေးတွင် ကန့်ကွက်ရာ ပုလိပ်က သေနတ်ဖြင့် ပစ်သည်။ သေသူများထဲတွင် ရဲလောင်း၏ အမေနှင့် နမပါ ပါသွားသည်။ ရဲလောင်းမှာ အိမ်တော်ရာဘုရားအတွင်း ကျင်းပသည့် တရားပွဲများတွင် သတင်းယူနေသဖြင့် အမေနှင့် နမ၏အဖြစ်ကို မသိ။ သူ့ဇနီး စစ်ကိုင်းသူမှာ ယောက္ခမထက်စောပြီး ကွယ်လွန်သွားရာ ကျန်ခဲ့သော ကလေးကို အဒေါ်ဖြူဥတို့က စောင့်ရှောက်ထားကြောင်း ရဲလောင်းနှင့် တွေ့တော့မှ သွေးသောက်စုရှိ အမျိုးများ သိခွင့်ရကြ၏။

ရဲလောင်းတို့သင်္ဘောပေါ်တွင် သိခဲ့ရသော မိန်းမပျိုမှာ ခင်ခင်မြင့်ဖြစ်သည်။ သွေးသောက်စုသို့ လာပြီး ကျောင်းဆရာလုပ်နေသော ကိုခင်မောင်တင့်၏ နမဖြစ်သည်။ ကိုခင်မောင်တင့်တို့ သားအမိက ဒေါ်သည်ညီအစ်ကိုနှင့် ဦးရွှေကျိုင်းကို ထမင်းဖိတ်ကျွေးရာ ကမ္ဘာ့သတင်း မြန်မာ့သတင်း နီးနှော ဖလှယ်ပွဲကြီး ဖြစ်သွားလေ၏။

မောင်ကောင်းစံအား ဆင်ပေါင်ဝဲရှိ ပွဲစားလေးက ပြည်မြို့တွင် ကျောင်းထားပေးခဲ့ရာ ယခု ဆယ်တန်းပင် ရောက်နေပြီ။ ရဲလောင်းကား သတင်းထောက် ရန်ကြီးအောင် ဖြစ်သည်။ တို့ဗမာလူငယ်အစည်းအရုံး ဖွဲ့စည်းရန်လည်း စိုင်းပြင်းသည်။ တစ်နေ့တွင် သူ့ဦးလေး ဦးရွှေကျိုင်း

ခေါ်သောကြောင့် ထွန်တုံးတိုက်ပွဲ ကျင်းပရာသို့ စက်ဘီးစီးပြီး လိုက်လာသည်။ သီးစားခပေးပါလျက် လယ်အသိမ်းခံရသော လယ်သမားများ၏ လယ်ကို ဝိုင်းဝန်းထွန်ယက်ခြင်းဖြစ်ရာ မြေရှင်ချစ်တီးက ပုလိပ်ခေါ်လာပြီး ဖမ်းသည်။ သို့သော် ဂတ်တဲရှေ့သို့ရောက်မှ ချစ်တီးသည် သတင်းထောက် ရဲလောင်းအား ဆလံပေးလျက် ဂတ်တဲထဲသို့ ဝင်သွားပြီး အမှုကို ရုပ်သိမ်းလေ၏။

အချုပ်ခံရန်၊ တရားရုံး၌ ပြောဆိုရန်တို့ကို စိတ်ကူးစိစဉ်နေသော လယ်သမားများမှာ အမှုကို ချစ်တီး ရုပ်သိမ်းသွားအောင် လုပ်နိုင်သော ရဲလောင်းအား ချီးမွမ်းမဆုံး ရှိကြ၏။ ကိုခင်မောင်တင့် မိသားစုကလည်း ထမင်းဖိတ်ကျွေးငြား သူ့ဘထွေး ဦးရွှေကျိုင်းထံသို့ လူတစ်ယောက် ရောက်လာပြီး တီးတိုးပြောသွားသဖြင့် သူ့နောက်သို့ ပုလိပ်လိုက်နေကြောင်း သိရသည်။ သူသည် ရန်ကုန်တွင် ပုလိပ်အရာရှိတစ်ယောက်ကို အရက်မူးအောင်တိုက်ပြီး ခြောက်လုံးပြူး ခိုးယူခဲ့ကြောင်း ဘထွေးကို ပြောပြသည်။ ချက်ချင်း သွေးသောက်စုရွာမှ ခွာရန် ပြင်ဆင်သည်။

ကျေးလက်တောရွာ ကြီးပွားရေးအတွက် သွေးသောက်စု၌ ကျောင်းလာပြီးဖွင့်နေသော ကိုခင်မောင်တင့်နှင့် အေးမြ၏ မင်္ဂလာဆောင်တွင် မင်္ဂလာစကား မကြားရ။ ဂျပန်က အင်္ဂလိပ်၊ အမေရိကန်အား စစ်ကြေငြာလိုက်ကြောင်း ဝမ်းသာစကားက လွှမ်းမိုးနေသည်။

ပွဲစားအိမ်တွင်နေကာ မြို့ကျောင်းတက်နေသော သားငယ်တိုင်းလုံးကျော် ကျောင်းပိတ်သဖြင့် ဖအေထံ ပြန်လာ၏။ စက္ကာပူခံတပ် ကျသွားပြီ သတင်းပါလာ၏။ မကြာမီ ရန်ကုန်တက္ကသိုလ်ကျောင်းသားကြီး ဖြစ်နေသော မောင်ကောင်းစံ ပြန်ရောက်လာရာ ရန်ကုန်ကို ဂျပန်က ဗုံးကြဲသဖြင့် အသေအပျောက်များကြောင်း သတင်းရသည်။ မကြာမီ ကိုခင်မောင်တင့်လည်း ပြည်ကို ဗုံးကြဲသည် ကြားသဖြင့် အမေနှင့် နှမကို စိတ်မချဆိုကာ ကျောင်းကို

မောင်ကောင်းစံထံ အပ်ထားခဲ့ပြီး ပြည်သို့ ပြန်သွားပြီ။

တိုင်းပြည်ပျက်ခဲ့ပြီ။ ကိုယ့်ရွာကိုကိုယ် ကာကွယ်ကြရပြီ။ ဘုန်းကြီးကျောင်းတို့မှာ ဘီအိုင်အေတပ်ကြီး ချီတက်လာမည့်နေ့ကို စောင့်မျှော်နေကြရာက မိုးနတ်ကုန်းဘက်မှ တပ်မတော်ကြီး ချီတက်လာချိန်တွင် စည်တော်တီး၍ ပန်းသပြေ၊ အစားအသောက်၊ ဆေးလိပ် စသည်တို့ဖြင့် ကြိုဆိုကြ၏။ တိုင်းလုံးကျော်က တပ်ထဲဝင်ငြား အသက်မစေ့၊ ပေါင်ချိန် မပြည့်သဖြင့် လက်မခံ။

ကိုခင်မောင်တင့်သည် အမေနှင့် နှမကို သွေးသောက်စုသို့ ခေါ်ခဲ့သည်။ မြို့ကျောင်းတွင် ခုနစ်တန်းအထိနေခဲ့သော သူ့သား တိုင်းလုံးကျော် အပြောအဆို ရိုင်းစိုင်းသဖြင့် သက်နီးဝတ်ပေးရန် ဘုန်းကြီးကျောင်း စီစဉ်နေဆဲ၌ တိုင်းလုံးကျော်က ကိုခင်မောင်တင့်တို့နှင့် ပါလာသော ကြည်ကြည်ကို လက်ဆွဲလား၊ ရည်းစားစကားပြောလား လုပ်နေပြီ။

ဂျပန်ပေးသော လွတ်လပ်ရေးအတုအတွက် ရွာတွင် ပွဲခံစဉ် မောင်ကောင်းစံ ရောက်လာသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဖျက်သိမ်းအပြီး၌ ဗမာ့ကာကွယ်ရေးတပ်မတော်သား ဖြစ်နေချေပြီ။ ကိုရင်တိုင်းလုံးကျော်သည် အစ်ကို စစ်သားကို မြင်သောအခါ စစ်သားရောဂါ ထသည်။ စစ်ထဲလိုက်ခါနီး ကြည်ကြည်ကို သွားရောက် နှုတ်ဆက်စဉ် မှားယွင်းကြသည်။

ရွာသို့ တပ်ကြပ်ကြီးရဲလောင်းအရင် သူ့အစ်မ သင်းထုံနှင့် ကလေးနှစ်ယောက် ရောက်နေသည်။အမေနှင့် အဖေတို့၏ တိုက်နေရာတွင် တွင်းကြီးဖြစ်အောင် ဗုံးချခံရပြီးနောက် ဝက်လွတ်ကျွန်းသို့ ပြေးသည်။ လင်ကို ဂျပန်အဖမ်းခံရသဖြင့် သွားရောက်တောင်းပန်ရာ ဗလက္ကာရ ပြုခံရသည်။ သွေးသောက်ကြီး ဦးမိုးကောင်း၏ မြေးမသည် ကင်ပေတိုင်ကို သူ၏ လုံချည်ဖြင့် ထိုးသတ်ပြီးနောက် ကလေးနှစ်ယောက်နှင့် ပါလေကာ ပစ္စည်းများ တင်ပြီး တံစွက်လှေဖြင့် ပြေး၏။ မိကျောင်းရဲအရောက်၌ ဒဖာကြီးတစ်စင်းကို

ဝင်တိုက်သောအခါ ဒွေးလေးဒေါ်သော်၏ အမျိုးဖြစ်သော မြန်အောင်လေ့သူကြီး ဦးစိန်ရောင်၏ မြေး ခင်မောင်ကြော့၊ ခင်မေသူတို့နှင့်တွေ့ပြီး လွန်ချိကျွန်းအထိ လိုက်ပို့လိုက်ကြခြင်း ဖြစ်၏။

ရွာတွင်လည်း ချွေးတပ်ပူလှသည်။ ကျောင်းဆရာ ခင်မောင်တင့်ကို ချွေးတပ်လွတ်စေရန် ဝတပ်ဗိုလ်သင်တန်း အတက်ခိုင်းထားရ၏။ သူတို့၏ တူမကလေး ကြည်ကြည်မှာ တိုင်းလုံးကျော်နှင့်ရသော ဗိုက် ထင်ရှားနေပြီ။ တိုင်းလုံးကျော်ကို ဆက်သွယ်၍မရ။ ဘရွှေကျိုင်းနှင့် ဒေါ်အိုး၊ ဒေါ်ဆယ်တို့က ကြည်ကြည့်စကားကို လက်ခံကြပြီး ကိုခင်မောင်တင့်ကို မလိုသူများကမူ ကိုခင်မောင်တင့်၏ဗိုက်ဟု တီးတိုးပြောကြသည်။ ကိုခင်မောင်တင့်မှာ မြို့ပေါ်တွင်နေပြီး ကုန်သည်လုပ်နိုင်ပါလျက်၊ ရာထူးရာခံရနိုင်ပါလျက် ကျေးလက် ဆင်းပြီး၊ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်ကျောင်းကိုယ်ဆောက်သော ကျောင်းဆရာလုပ်နေသည်။ ထိုကဲ့သို့သော သူတော်ကောင်းမှာ ကိုယ့်သားကြောင့် သတင်း ညှိုးရလေခြင်းဟု ဘရွှေကျိုင်း ဝမ်းနည်းပက်လက် ဖြစ်နေသဖြင့် တပ်ကြပ်ကြီး ရန်ကြီးအောင်က ချစ်သူ ခင်ခင်မြင့်ကို စွန့်ပစ်ပြီး ကြည်ကြည်ကို လက်ထပ်သည်။

သွေးသောက်စုရွာထဲသို့ ရောက်လာသော ဂျပန်များက မိန်းကလေး တစ်ယောက်ကို ဝင်ဆွဲသည်။ ဘရွှေကျိုင်းနှင့် နမ ဒေါ်ရိုးကဓားဖြင့် ထခုတ်၏။ ဂျပန်သုံးယောက်နှင့် မြန်မာအဘိုးအို မောင်နမ သေသည့်အပြင် ကျန်ဂျပန်များမှာလည်း ရွာပြင်အရောက်၌ တပ်လုံး ပြုတ်သည်။

နောက်တစ်နေ့ညဉ့်၌ ဖက်ဆစ်များသည် သွေးသောက်စုချောင်းကို ဖြတ်ကူးကြစဉ် ပြောက်ကျားရဲဘော်များ၏ ချေမှုန်းခြင်း ခံရ၏။ ထိုတိုက်ပွဲတွင် မစိန်ချစ်၏ခင်ပွန်း သခင်မိတ္တ ကျဆုံးသည်။ သူ့အသုဘ ချလာစဉ် မဟာမိတ်အမည်ခံ ရန်သူစစ်တပ်ကြီး တက်လာရာ အသုဘ ပို့သောပွဲ ပျက်မတတ်ဖြစ်သွားလေ၏။

## ပုဂံစာအုပ်တိုက်

ဖက်ဆစ်များ စည်းကမ်းမဲ့စွာ ထုတ်ဝေထားခဲ့သော ငွေစက္ကူများကို မဟာမိတ်တို့က ငြင်းပယ်သဖြင့် မြန်မာတစ်မျိုးသားလုံး နေ့ချင်းညချင်း မွဲသွားလေ၏။ ထို့ပြင် ဖက်ဆစ်တို့ ထောင်ပစ်ခဲ့သော မိုင်းများကို မဟာမိတ်များက ရှင်းမပေးသဖြင့် မြန်မာကလေးငယ် အများအပြား သေကြေ ဒဏ်ရာရရသည်။ လက်နက်များကိုလည်း မသိမ်းဆည်းသည့်အတွက် ဓားပြ ထူထပ်လာရာ တောသူတောင်သားများမှာ တိုးပြီး ဒုက္ခရောက်ကြရ၏။

အဘွား၏ ရေအိုးစင်သို့ မဖဲလှရောက်နေခိုက်၌ သင်းထုံ၏အစ်ကို ဒေးဗစ်သာထွန်း ဂျစ်ကားတစ်စင်းဖြင့် ရောက်လာသည်။ သူက အင်္ဂလိပ် စစ်တပ်တွင် ဗိုလ်မှူး။ မိဘများနေသော တိုက်နေရာတွင် ကျင်းကြီးသာ ကျန်သဖြင့် နမထံ လိုက်လာခြင်းဖြစ်၏။ ဒေးဗစ်သာထွန်း (ပေါ်လာ) ၏ ကားဖြင့် ပါလာသူမှာ မျိုးချစ်တပ်မတော် ဖျက်သိမ်းသဖြင့် အိမ်ပြန်လာသော တိုင်းလုံးကျော်ဖြစ်၏။ ကိုခင်မောင်တင့်မှာ အမေ့အလိုကျ မြို့သို့ ပြန်လိုငြား ကျောင်းသံယောဇဉ် မပြတ်။ ဆင်းမလားစီမံကိန်းဖြင့် ပြန်လာသော ရန်သူ ဟောင်း အင်္ဂလိပ်သည် ရှိပြီးသား ကျောင်းတွေကိုပင် အဆင့်နှိမ့်ပစ်နေသဖြင့် ခင်မောင်တင့်၏ မဖွင့်သေးသော ကျောင်းမှာ မျှော်လင့်ချက် မရှိ။

ထိုသို့ရှိနေစဉ် ရွာသို့ မောင်ကောင်းစံ ပြန်ရောက်လာသည်။ မောင်ကောင်းစံသည် ကူးတို့ဆိပ်တွင် ခင်ခင်မြင့်တို့ သားအမိနှင့် ဆုံစည်းမိသည်။ ။

✧

ပခန်းငယ်တွင် ကုလားတပ်တစ်တပ် ရောက်နေသည် ကြားသောကြောင့် လမ်းသွားရင်း ထမင်းချက်ကာ ချီတက်လာသော မြတောင်ဗိုလ်နှင့် သေိုင်း၊ ငပြန့်တို့၏တပ် အရောက်နောက်ကျသွား၏။ ရန်သူက မြို့ထဲဝင်ပြီး မဟာစေတီလှဘုရားတွင် သစ်တပ်ကြီး တည်ထားပြီ။ သုံ့ပန်းတွေကို လမ်းခင်းခိုင်း၊ တံတိုင်းကာခိုင်းနေပြီ။ သေိုင်းနှင့် မြတောင်ဗိုလ်သည် ရန်သူ ရှိရာဘက်ကမ်းသို့ သွားရောက် မရောင်းချလိုသော ဈေးသည်များထံမှ မြက်နှစ်ထုံး ဝယ်ခဲ့ပြီး ရန်သူ၏ သစ်တပ်တွင်းသို့ ဝင်ရောက် ထောက်လှမ်းကြ၏။

သစ်တပ်ကိုစီးမည့် အစီအစဉ်ကို နောက်တစ်နေ့သို့ ရွှေ့ထားစဉ် ရန်သူ စစ်ကူ နှစ်ရာတပ်တစ်တပ် ရောက်လာသဖြင့် သေိုင်းတို့ ဆီးကြို တိုက်ခိုက်ရာ မြတောင်ဗိုလ် အဖမ်းခံရ၊ အသတ်ခံရသည်။ မြတောင်ဗိုလ်ကို ကားစင်တင်ထားစဉ် တစ်အိမ်တစ်ယောက်ခေါ်ပြီး အကြည့်ခိုင်းသည်။ မကြည့်သဖြင့် ရန်သူရွာဆိုကာ နွယ်တမယ်ရွာကို ရန်သူက မီးတိုက်သည်။ ထိုနေ့ညတွင် သစ်တပ်ကို ဝင်စီးကြရာ သေိုင်း ကျဆုံးသွား၏။

မမင်းဘော်တို့ သားအမိနှင့် မြဖူး၊ သား ထွန်းလှူတို့ ဝါကောက် နေရာသို့ ကိုမိုးကောင်း ရောက်လာသည်။ မကျန်းမာသော ငဝဲကို တစ်နေရာ တွင် ဝှက်ထားခဲ့ရသည်။ မင်းလှတိုက်ပွဲတွင် ဗိုလ်ရွှေရော ကိုချွဲပါ ကျဆုံးခဲ့ သဖြင့် ယာထဲတွင် ငိုသံတွေ ပွက်လောရိုက်နေစဉ် ကိုမိုးကောင်းမှာ ယာတွင်း တစ်နေရာ၌ မြတ်သာဦးကို တွေ့သည်။

ထိုအချိန်တွင် မရင်းကိုင်းဘုန်းကြီး ဦးသူရိယနှင့် ဦးမောင်ကလေးတို့ ဦးစီးသော လယ်သမားသူပုန်တွေ ထကြွသဖြင့် ဆေးမင်ကြောင် ရှိသူတွေ အဖမ်းခံနေရချိန်ဖြစ်ရာ ဓိးကုန်းသို့ စနည်းနာပြီးလိုက်လာသော မြတ်သာဦး လည်း အဖမ်းခံရသည်။ ဦးသူရိယနှင့် ဦးမောင်ကလေးအား မသိသူထံတွင် ထိုသူများ မည်သည့်အရပ်၌ ရှိသနည်း မေးမြန်းနှိပ်စက်နေစဉ် ဝန်ထောက်

မစ္စတာဟီးလ်ကို သူပုန်တွေခြံရံလျက် ရောက်လာ၏။ မြတ်သာဦးမှာ ထိုအခါကျမှ လွတ်၏။

သို့သော် ပုလိပ်ကိုသတ်ပြီး မြတ်သာဦးသူပုန်ထဲသို့ပါသွားကြောင်း မြတ်လေးစိန်၏ အမျိုးများက အုန်းပင်စုသို့ သတင်းပို့သောအခါ သူကြီးပြေးချိုက မြတ်သာဦး၏ အဖေကိုခေါ်သည်။ တရားခံအပ်နှံရန် တောင်းခံသည်။ မြတ်သာဦး သဘော်စီးပြီး ယခုကဲ့သို့ ဆင်ပေါင်ဝဲသို့ ရောက်လာခြင်း ဖြစ်သည်။

ဘုန်းကြီးကျောင်းကို ကုလားတပ်က အိတ်သွန်ဖာမှောက် ရှာဖွေရင်း၊ ဆင်းတုတော်တွေကို ခြေဖြင့် ကန်သည့်အတွက် ကျောင်းထိုင်ဆရာတော်က ထသတ်ရာ ဘုန်းကြီးဗိုလ်ဟု ပေါ်ပေါက်လာသည်။ ကိုမိုးကောင်း၏သားကျိုင်းမှာ ထိုဘုန်းကြီး၏ တပည့်ရင်းဖြစ်ရာ ယခုလည်း ဆင်ပေါင်ဝဲကို ဝင်စီးသော ဗိုလ်ဖြစ်ချေပြီ။ ကာနယ်လောက် ဦးစီးလျက် မြို့ကို ပြန်သိမ်းရန် တိုက်သောတိုက်ပွဲတွင် ဘုန်းကြီးဗိုလ်၏ လက်ရုံး ရှင်ဇဝနကျဆုံးသွားငြား ကာနယ်လောက်တို့ ထွက်ပြေးရသည်။ သို့သော် ဘုန်းကြီးဗိုလ်၏ နယ်ချဲ့ ဆန့်ကျင် မိစ္ဆာဒိဋ္ဌိသုတ်သင်ရေးတပ်မှာ ဘုန်းကြီးဗိုလ်ဦးသာသန ကျဆုံးသွားသဖြင့် ၆ လသာ သက်တမ်းရှည်၏။

ကုလားဖြူကုလားနက်တပ်များသည် ကျေးရွာတွေကို လိုက်လံမီးရှို့သည်။ ယာထဲသို့ ရွှေ့ပြောင်းနေသော မမင်းဘော်တို့မှာလည်း တစ်ဖက်ကမ်းရှိ သွေးသောက်စုရွာသို့ အပြောင်းခံရသည်။ ထိုရွာတွင် ငှနင်း ရှိသောကြောင့် မိရိုး အကြိုက်ကျသွား၏။ ရွာသားများသည် ပြောင်းရွှေ့လာသော အိမ်ထောင်စုသုံးခုကို ကြိုဆိုကြသဖြင့် တစ်နှစ်အတွင်းမှာပင် နေသားကျသွားပြီး လယ်ကေတစ်ရာနှင့် ယာများ တည်ကျင်းပြီးသွားကြပေပြီ။

မောင်မောင်လှိုင်းမှာ မန္တလေးရှိ ဇနီးထံသို့ ပြန်ရောက်နေပြီ။ ဆရာဖေမှာ ရပ်ကွက် မီးလောင်ခံရပြီးနောက် သွပ်မမိုးနိုင်သောကြောင့်

# နေမင်းတာစ်လောင်

ဆင်ဖြူကျွန်းအောင်သိန်း

(အဌမတွဲ)

# ၃

မောင်ကောင်းစံမှာ အိမ်သို့ ရောက်လျှင်ရောက်ချင်း မျက်လုံးပြူးရ၊ ပါးစပ်အဟသား ဖြစ်ရတော့သည်။ သူ့ညီ တိုင်းလုံးကျော်အား သားတွဲလဲ မယားတွဲလဲဖြင့် တွေ့ရသောကြောင့်တည်း။

သူသည် သူ့ညီအကြောင်းကို ယခင်ကလည်း မသိပေ။ ညီကို တပ်တွင် အပ်နှံထားပြီး မကြာမီ ရန်ကုန်သို့ ဆင်းသွားရသည်။ ညီအစ်ကိုချင်း ပြန်မတွေ့တော့ပါ။ ကွဲသွားပြီးနောက် ယခုအကြိမ် ပထမဆုံး မြင်ဖူးခြင်း ဖြစ်သည်။သခြေပြသာဆိပ်မှ ရွာသို့အလာတွင်လည်း ခင်ခင်မြင့်တို့သားအမိနှင့် စကားမစပ်မိချေ။

သို့ဖြစ်သဖြင့် မောင်ကောင်းစံမှာ ညီညီအား မမျှော်လင့်သော အသွင်ဖြင့် မြင်လိုက်ရသောအခါ မျက်လုံးပြူးသွားရခြင်း ဖြစ်ပေ၏။

"ဟော့ ညီညီ၊ လာပါဦးဟ၊ ကူပါဦးဟ။ အောင်မာ ဘယ်သူ့ကလေးကိုများ ရသေ့စိတ်ဖြေ ချီနေပါလိမ့်"

ကလေးနှစ်ယောက်ကို ဘယ်ညာ ချီထားသော ကိုင်းလုံးကျော် မလာပါ။ တင်မောင်ဆွေ မောင်နှမနှင့် ကြဲတိုင်းအောင်၊ ဖိုးသူတော်တို့သာ တပျော်တပါး အော်ဟစ်လျက် ပြေးလာကြ၊ ဆွဲကြ လွဲကြ၊ သယ်ပိုးကြသည်။

သူသည် ဖအေနေခဲ့သော ကွပ်ပျစ်ပေါ်တွင် ထိုင်မိလျှင် ခယ်မဖြစ်သူ အား မြင်ဖူးသလိုလို ရှိပါသည်ဟု ကြည့်၏။

"ညီညီ၊ သူက...."

"ကိုကို့ခယ်မလေ။ မမ ခင်ခင်မြင့်ရဲ့ ညီမဝမ်းကွဲပေါ့"

မောင်ကောင်းစံ ခေါင်းညိတ်ရင်း ပင့်သက်ချမိသည်။ ခယ်မတော်မှာ ကလေးနှစ်ယောက်၏ မိခင်ဖြစ်နေစေကာမူ ကလေးရုပ် မပျောက်သေးပါ တကား။ သို့ရာတွင် မောင်ကောင်းစံမှာ မြင်သည်ကို မြင်ကာခဏဖြင့် ထားလိုက်နိုင်စွမ်း ရှိသူဖြစ်ရကား "လူကသာ ထွန်သွားတစ်ချောင်းတောင်မှ ချွန်တတ်ပုံ မရသေးဘူး။ ကလေးနှစ်ယောက်အဖေ ဖြစ်နေပြီ။ တော်ပါ ပေ့ကွာ" ဟု ဆို၏။

ညီဖြစ်သူ၏ ဟီးဟီးဟားဟားသံမဆုံးမီ အိမ်ပေါ်သို့ မော့ကြည့်၏။ အိမ်အောက်သို့ မျက်လုံးဝေ့ကြည့်၏။

"အဖေ ဘယ်သွားတုန်း။ သည်အောက်မှာ အခုဘယ်သူနေသတုန်း"

သူ့အမေး စတင်ချိန်ဝယ် မဖဲလှတို့၊ သင်းထုံတို့ ဝိုင်းဝသို့ ရောက်လာ ကြ၏။ သူတို့သည် မောင်ကောင်းစံ ပြန်ရောက်လာကြောင်း သတင်းကြား သဖြင့် ယာထဲမှ ပြေးလာကြခြင်းဖြစ်၏။

"အဖေရော ဒွေးကြီးပါ ဟောသည်နားမှာပဲ ဂျပန်သတ်လို့ တစ်ပြိုင် တည်း သေကြသတဲ့ ကိုကို"

မောင်ကောင်းစံ ထရပ်သည်။ သွေးကွက်ဟု ထင်ရသော အရာများ ရှိနေသည့် မြေပြင်ကို စူးစူးဝါးဝါးကြည့်သည်။

"အချည်းနှီး သေသာမဟုတ်ပါဘူးတော်။ ဒွေးလေးရဲ့လက်ချက်နဲ့

ဂျပန်နှစ်ကောင်သေသယ်။ ဘဒွေးရဲ့လက်ချက်နဲ့ တစ်ကောင် နာ:ရှက်ပြတ်သေး"

မဖဲလှ၏အပြောသည် ဖြေ၍ ပြေစရာအချက်ဖြစ်သည်။ ထိုအခါ ဖွားခင်ပြေးလာပြီး ဖြည့်စွက်သည်။

"အဲသည် ကျန်သဲ့ကောင်တွေလည်း မချမ်းသာပါဘူးတော်။ နဘူးတောထဲအရောက်မှာ ကျုပ်ယောက္ခမနဲ့ ရဲဘော်တွေရဲ့လက်ချက်နဲ့ သေတော်ခေါ်ကုန်ကြပါပြီကော။ ကြံတိုင်းအောင်နဲ့ ဖိုးသူတော်တောင် အလောင်းတွေကို ဖနောင့်နဲ့ပေါက်ခဲ့သေး"

ထို့နောက်တွင် မဖဲလှကပင် ဆက်လက်၍ လယ်ယာမြေများ ခွဲဝေထားပုံကို ရှင်းပြလိုက်သည်။

"ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမတွေကြားထဲမှာ ကိုကောင်းစံက အကြီးဆုံးဖြစ်နေပြီ။ ဘယ်လိုများ လုပ်ချင်သေးသတုန်း။ ကျုပ်တို့ လုပ်ထားသာတွေ ဘာများ မကြိုက်သာရှိသတုန်း"

"ကောင်းပါသယ်ဟာ။ သာထက် အဲသာတွေကို ငါ့နှမ သင်းထုံက လုပ်တတ်ကိုင်တတ်လို့လား။ တိုင်းလုံးကျော်ကကော နို့မပြတ်သေးဘဲ မိန်းမယူသဲ့ကောင်"

"ကိုကို နိမ်လွန်းသဗျာ"

ပြောသာပြောရသည်။ အစ်ကို၏ပါးစပ်ကို သိပြီးဖြစ်သဖြင့် စိတ်မဆိုးနိုင်။ ရယ်မောနေကြရသည်။

"အဲသည်ကောင်ကကော၊ ဘယ်နွားအတိုင် ဘယ်နွားအလှည့် သိလို့လား"

"အံမာ။ ညီညီ့တော့ ပြောပြီး ကိုကိုကကော သိလို့လား"

"သြော်၊ ငါ မသိလို့ မေးနေသာဟ" တုံ့ပြန်သည့်အတွက် ရယ်မောရပြန်၏။

**ပုဂံစာအုပ်တိုက်**

"စာရင်းငှားနဲ့ တွဲလုပ်ရပေမယ့် ညီညီ့လုပ်ကွက်က များနေသယ် ကိုကို။ အစ်ကိုကြီးရဲလောင်းရဲ့ အစုကို သင်းထုံလည်း မနိုင်ဘူး။ ကိုကို လုပ်နိုင်ရင် တစ်ဝက်ခွဲပြီးလုပ်၊ မလုပ်နိုင်ရင် ရောင်းပစ်ဗျာ"

"ဟာ ဟာ၊ သလို မပြောနဲ့"

မောင်ကောင်းစံသည် ပြူးပြူးပျာပျာဖြင့် ညီ၏ပါးစပ်ကိုထပိတ်၏။

"တို့ဘဦးမိုးကောင်း၊ ဦးချွဲတို့ တပင်တပန်း တောတိုးပြီး တည်ခဲ့သဲ့ လယ်တွေ၊ ယာတွေပါညီညီ။ ရောင်းစကားတော့ မပြောပါနဲ့ကွာ။ ညီညီ မလုပ်ချင်ရင် ကိုကို လုပ်ပါ့မယ်"

"ပင်ပန်းသယ်ဗျာ။ မိမွေဘမွေတွေ ပြောမနေစမ်းပါနဲ့"

"ဟဲ့ ကိုရင်၊ ဆရာလေးတို့နဲ့ မြို့လိုက်သွားတော့ကော ကိုရင် ဘာလုပ်စားမှာတုန်း၊ စဉ်းစားနော်။ ရောင်းသ၁ လွယ်သယ်"

မဖဲလှက ဝင်ပြောသည်။

"ကိုကို တပ်ထဲပြန်ဝင်ရင် ကော်မရှင် ရနိုင်သယ်ညီညီ။ သာပေမယ့် ဗိုလ်ချုပ်ကိုယ်တိုင် တပ်ကထွက်ပြီး နိုင်ငံရေးလုပ်သဲ့အတွက် နိုင်ငံရေးလည်း အရေးကြီးသယ် ဆိုသဲ့အသိ၊ အဖေ့ကို စိတ်မချသဲ့အသိကြောင့် ပြန်လာသာ"

"ပြည်သူ့အရေးတော်ပုံပါတီတော့ မဖွဲ့နဲ့ကိုကို။ ညီညီ မကြိုက်ဘူး"

"သူတို့ဟာ ဖက်ဆစ်တော်လှန်ရေးမှာ သေဖော်ရှင်ဖက်တွေ မဟုတ်လား ညီညီ။ လူငယ်ပေမယ့် ညီညီဟာ အိမ်ထောင်ဦးစီးဖြစ်လာပြီ။ စဉ်းစဉ်း စားစားပြော၊ ဝေဖန်ပိုင်းခြား စိစစ်ပြီးလုပ်"

"သာဖြင့် ကိုကို ဘာလုပ်မှာတုန်း"

"ပထမဖက်ဆစ်ပြေးတော့ ဒုတိယဖက်ဆစ်က တို့ဗမာသခင်တွေကို လက်စားချေသဲ့အနေနဲ့ အမှုဆင်ပြီး ဖမ်းနေပြီ။ တပ်ကပြန်လာသဲ့ ညီညီတို့၊ ကိုကိုတို့ ရဲဘော်တွေကိုလည်း အမှုဆင်ဖမ်းနေသယ်။ အဲသည် ဖက်ဆစ် လက်သစ်ရဲ့ရန်ကို ကာကွယ်ဖို့အတွက် ကိုကိုတို့ စုစည်းကြရလိမ့်မယ်"

"ကောင်းပါသယ်ကိုကို။ ကောင်းပေမယ့် အသုံးအနှုန်း မကြိုက်ဘူး"

မောင်ကောင်းစံ အံ့ဩရသည်။ "ဘာပါလိမ့်" မေးသည်။

"ဖက်ဆစ်လို့ ကိုကိုပြောသာဟာ ဗြိတိသျှမဟာမိတ်တပ်ကို ပြောသာ မဟုတ်လား။ သူတို့ဟာ ဖက်ဆစ်မဟုတ်ဘူး၊ မဟာမိတ်"

"ဟ ညီညီ၊ ဖက်ဆစ်ပုတွေလည်း အရှေ့တောင်အာရှ သာတူညီမျှ ကောင်းစားရေး ဆိုင်းဘုတ်ကြီးချိတ်ပြီး လာခဲ့သာပဲ မဟုတ်လား။ ပညတ် နောက်ကို မလိုက်နဲ့လေ။ ပရမတ်နဲ့ ရှုပါ။ အခု ရဲဘော်တွေ အဖမ်းခံရ၊ အနှိပ်စက်ခံရနဲ့ ထောင်ထဲရောက်နေကြပြီ"

"ယာယီ နားလည်မှု လွဲသာပါ ကိုကိုရာ။ ကမ္ဘာ့ပစ္စည်းမဲ့တို့ရဲ့ မိးရှူး တန်ဆောင်ကြီးဖြစ်သဲ့ ဆိုဗီယက်ပြည်ထောင်စုထက် ဘယ်သူ ရဲရဲတောက် နိုင်သတုန်း။ သူ့ထက် ဘယ်သူ ကွန်မြူနစ်စစ်သတုန်း။ အဲသည် ထိပ်သီး ကွန်မြူနစ်ရင့်မာကြီးတောင် အင်္ဂလိပ်အမေရိကန်တို့ရဲ့ မဟာမိတ် ဖြစ်နေ ပေါ့ဟာ၊ ကျွန်တော်တို့နဲ့လည်း မဟာမိတ်ပေါ့"

မောင်ကောင်းစံ ခေါင်းယမ်းသည်။

"သူ့အမျိုးသား အကျိုးစီးပွားအတွက် သူ့ဘာသာသူ မဟာမိတ် ဖြစ်နေသာပဲ။ သို့ပေမယ့် သူတစ်ပါးရဲ့ အသွေးအသားကို စုပ်မျိုရမှ ရပ်တည် နိုင်သဲ့ အရင်းရှင်စနစ်နဲ့၊ အရင်းရှင်စနစ် ဆန့်ကျင်ရေးသမား ကွန်မြူနစ် ဘယ်လိုလုပ်ပြီး ရေရှည်မဟာမိတ် ဖြစ်နိုင်ပါ့မတုန်းညီညီ"

တိုင်းလုံးကျော် ရယ်မောသည်။

"ကိုကိုဟာ ပညာတတ်လူတန်းစားပီပီ အတွေးအခေါ် နောက်ကျ သွားပြီ။ ဖောက်ပြန်သွားပြီ။ ခေတ်မမီတော့ဘူး" ဆိုသည်။

"ပညာတတ် လူတန်းစားတဲ့။ ဖောက်ပြန်သွားပြီတဲ့။ စွဲချက်တွေ ကလည်း အများကြီးပါကလား"

"ကိုကို မြဲမြဲမှတ်ထား၊ သူတစ်ပါးရဲ့သွေးကို စုပ်ရမှ အသက်ရှင်

ရပ်တည်နိုင်သဲ့ ကျွတ်၊ မျှော၊ ကြမ်းပိုး၊ ခြင်လို အရင်းရှင်တွေဟာ သူ့အလိုလို ချုပ်ငြိမ်းသွားတော့မှာ။ ဘာကြောင့်တုန်း သိလား။ ကမ္ဘာကြီး တိုးတက် ပြောင်းလဲသလို တိုးတက်ပြောင်းလဲလာသဲ့ အတွေးအခေါ်တွေ၊ တပ်ဆင် ထားသဲ့ ကမ္ဘာ့အလုပ်သမားထုကြီးက ကမ္ဘာ့အရင်းရှင်တွေကို ဝိုင်းပတ် ထားတယ်။ ကမ္ဘာ့ပစ္စည်းမဲ့တို့ရဲ့ မီးရှူးတန်ဆောင်နိုင်ငံကြီးကို မထိနဲ့။ ကဲ သည်အရင်းရှင် ဘာလုပ်နိုင်သေးတုန်း။ အလိုလိုနေရင်း ဓိဝိန်ချုပ်မှာ။ ဘာ အပင်ပန်းခံ ဆန့်ကျင်ဖို့ လိုသေးသတုန်း"

"ဝန်းဒါးဖူး အစ်ဇင်းကြီးပါကလား။ ပဲဟင်းသောက်ရာမှာ ပါးစပ်နဲ့ နှာခေါင်းမှားပြီး ခွဲ့မိလို့ မွှန်ထူနေတုန်းမှာ ထအော်သဲ့ 'ဘရောက်ဒါဝါဒ'ဟာ ညီညီရ။ အမျိုးသားရေး လက္ခဏာကို ရှုရမယ်"

"ကိုကိုဟာ လက်စသတ်တော့ နာဇီဝါဒရဲ့ ဒလန်၊ ဖက်ဆစ်သူလျှိုပဲ"

"ဝေါဟာရသူဌေးနဲ့ လာတွေ့နေမှကိုး။ အေးလေ၊ ဖျာပေါ်မှာ ကက် မွှေသလို ဝေါဟာရတွေကို မွှေနှောက်ပြီး စွပ်စွဲနေလို့ ကိုကိုတို့ရဲ့ ဆင်းရဲသား လူထုကြီး မတိုးတက်ဘူး။ တိုင်းပြည် မလွတ်လပ်ဘူး။ သည်တော့ လက်ငင်း အကျိုးရှိရာ ရှိကြောင်းတွေ ဆွေးနွေးကြပါစို့ကွာ"

"ကိုကိုနဲ့ ဆွေးနွေးလို့ အကျိုးရှိမယ် မထင်ပါဘူးဗျာ။ ပညတ် တွေဟာ ကျွဲပါးစောင်းတီးဗျ"

မောင်ကောင်းစံသည် အပြုံးမပျက်ချေ။

"ကိုကိုတို့ စစ်ပြန်ရဲဘော်တွေပေါ့ကွာ၊ အကြောင်းအမျိုးမျိုးကြောင့် တပ်ထဲ ပြန်မဝင်သဲ့ရဲဘော်တွေကို ပထမ တိုက်နယ်အလိုက် စည်းရုံးမယ်။ ဒုတိယကတော့ မြို့နယ်အလိုက်ပေါ့"

တိုင်းလုံးကျော်၏ လက်ငင်း အကျိုးစီးပွားနှင့် အနီးစပ်ဆုံး အလုပ် ဖြစ်သည်။ တိုင်းလုံးကျော် တစ်စုံတစ်ရာ မစွပ်စွဲမပုတ်ခတ်ဘဲ လက်ခံသည်။ ဤသို့ဖြင့် (ပ၊ ရ၊ တ၊ ဖ) ပြည်သူ့ရဲဘော်တပ်ဖွဲ့သည် အမြီးကွက်ခုနစ်ကွက်

ပါသော တော်လှန်ရေးဒေါင်းနှင့်အတူ ပေါ်ပေါက်လာတော့သည်။

မည်သို့ပင် ကမ္ဘာကြီး ပြောင်းလွဲတိုးတက်နေပြီဆိုစေကာမူ၊ ခေတ်ကြီးလည်း ပြောင်းသွားစေကာမူ သွေးသောက်စုသို့ သတင်းစာ မရောက်ခြင်းကား ရှေးနည်းအတိုင်းသာ ဖြစ်သည်။

သို့အတွက် မြန်မာ့သတင်းကိုပင် တပ်ကြပ်ကြီး စောမင်းဒင်နှင့် နိုင်ကျော်သောင်းတို့ ရောက်လာမှ သိကြရသည်။ ထိုသူနှစ်ယောက်မှာ သွေးသောက်စု ရွာသားများမဟုတ်ဘဲ ရောက်လာကြ၏။ အလည်အပတ် လာခြင်းမဟုတ်။

သူတို့နှစ်ယောက် ရောက်လာသည့်အတွက် အသစ်ဖွဲ့စည်းသည့် တပ်ထဲသို့ စံသာဦးဝင်သွားကြောင်း ပါးစပ်သတင်းလည်း ပါ၏။ ငွေနှင့် စာလည်း ပါလာ၏။ သတင်းထူးလည်း ပါလာ၏။

တို့ဗမာအစည်းအရုံးမှ မွေးဖွားပေးလိုက်သည့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် (ဖဆပလ) ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့၊ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့၊ လူငယ်အစည်းအရုံး၊ အလုပ်သမားအစည်း အရုံး၊ တောင်သူလယ်သမား အစည်းအရုံးတို့က ပါဝင်ကြ၊ ထောက်ခံကြ ပါလျက် မူရင်း တို့ဗမာအစည်းအရုံးခေါင်းဆောင် အနည်းငယ်က မပူးပေါင်း၊ မထောက်ခံခြင်းဖြစ်၏။

ထို့ပြင် သတင်းဆန်းလည်း ပါလာသေး၏။

သတင်းအဆန်းကား ပြည့်အစေခံဟူ၍လည်းကောင်း၊ အမျိုးသား သစ္စာဖောက် နယ်ချဲ့ခွေးဟူ၍လည်းကောင်း ရှုတ်ချခံခဲ့ရသော ပုလိပ်အဖွဲ့။ ယခု သူတို့က ဖဆပလအား ထောက်ခံသောအားဖြင့် သပိတ်မှောက်သည့် သတင်း။ တစ်သက်လုံး ခေါင်းပေါ်တင်လာသည့် ဗြိတိန်နိုင်ငံတော် ဘုရင့် သရဖူ ကရောင်းကို ဖယ်ရှားပစ်ပြီး သူတို့ဦးထုပ်များ၌ ကရောင်းပျောက်ကာ

ဒေါင်းရောက်လာသည့် သတင်းပေတည်း။

"တစ်သက်လုံး လူပါး၀ခဲ့တဲ့ အကောင်တွေ သည်ပွဲမှာတော့ ဖဆပလကို အံ့တုလို့ မရတော့ဘူးဗျာ။ ဒေါ်မန်စမစ်ဆိုတဲ့ ဘုရင်ခံကောင်လည်း အရုက်ပြေ ၀မ်းကိုက်တယ်ပြောပြီး ပြန်ပြေးပြီဗျာ"

စောမင်းဒင်၏စကားအဆုံးတွင် မောင်ကောင်းစံသည် သူ့ညီအား လှမ်း၍ ပြောမိသည်။

"ညီညီရေ၊ မြို့နယ်ကို ပြေးလိုက်ပါဦးကွ။ အင်အားပြပွဲ သို့မဟုတ် ထောက်ခံဆန္ဒပြပွဲလုပ်ဖို့ အစီအစဉ်ရှိသလား။ မရှိသေးရင် လုပ်ပါလို့"

တိုင်းလုံးကျော်သည် မဆိုင်းမတွပင် ဘိုင်စကယ်တစ်စီးဆွဲကာ ထွက်ခွာသွားတော့သည်။

"ကျွန်တော်တို့ ဦးတည်ပြီး လာခဲ့တာက ပွဲစားကြီး ဦးတောက်ထိန်ခင်ဗျာ။ သည်ရောက်မှ ပွဲစားကြီး ပြောင်းသွားတာသိရတော့ ဗိုလ်ကြီးကိုပဲ မိဘအရာ ထားရတော့မှာပဲ"

နိုင်ကျော်သောင်း၏ စကားကြောင့် မောင်ကောင်းစံ တွန့်သွား၏။

"ကျုပ် ရဲဘော်ဟောင်းပါဗျာ၊ ဗိုလ်ကြီးမဟုတ်ပါဘူး"

"ကျွန်တော်တို့လည်း မသိပါဘူး။ တိုင်းလုံးကျော်က ပြောလို့ သိတာပါ။ သူနဲ့ ကျွန်တော်က သင်တန်းမှာ အတူတူခင်ဗျာ"

"ဟုတ်ပါပြီလေ။ မိဘအရာဆိုသာက ဘာများပါလိမ့်။ အင်း.... မိန်းမ တောင်းပေးဖို့ထင်သယ်၊ ဟုတ်စ"

စောမင်းဒင်ရော နိုင်ကျော်သောင်းပါ ရှက်ပြုံးပြုံးကာ တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်မိကြ၏။

"ရဲဘော်တို့ ကြိုက်တုန်းက ကြိုက်ပြီး အခုမှ ရှက်မနေကြနဲ့။ ဘယ်သူ ဘယ်၀ါ၊ ဘယ်သူ့သမီးဆိုသာပြော"

"ကျွန်တော်က ဦးပန်း၊ ဒေါ်အေးသင်ရဲ့သမီး မရွှေချစ်ပါ"

**ပုဂံစာအုပ်တိုက်**

စောမင်းဒင် ခေါင်းငုံသွားလျှင် နိုင်ကျော်သောင်းအလှည့်ဖြစ်ပြား လည်ပင်းနှင်နေ၏။

"စစ်တိုက်ရသာထက် ပင်ပန်းနေပြီလား ရဲဘော်ရာ"

အရှက်ပြေစေရန် မောင်ကောင်းစံ ရယ်မောပေး၏။

"စက်ကြီးထမ်းပြီး တစ်မိုင်လောက် ပြေးလိုက်ချင်တယ် ဗိုလ်ကြီးရာ။ အဲ အဲ၊ မှတ်မိပြီခင်ဗျာ့။ ဦးပေစိ၊ ဒေါ်ကျေးဥသမီး မငွေယဉ်တဲ့ခင်ဗျာ့"

"အင်း.... လက်စသတ်တော့ ဦးမုန်း၊ ဒေါ်ချစ်ရဲ့ မြေးတွေပဲ"

ထိုသို့ ရေရွတ်ပြီးမှ "ကြဲတိုင်းအောင်၊ မင့်အမေနဲ့ အမေကြီး ခေါ်ချေကွာ" ဟု နွားစာ မစဉ်းတတ် စဉ်းတတ်နှင့် စဉ်းနေသော ကလေးအား ခိုင်းလိုက်လေ၏။

ကြဲတိုင်းအောင်ကား ဖင်ပေါ့သည်။ ကွမ်းတစ်ယာညက် မကြာမီပင် မစိန်ချစ်နှင့် ဖွားခင်တို့ သူ့ရှေ့သို့ ရောက်လာသည်။

"မြင့်ကို ဘာသွားပြောရမတုန်း"

"မစိန်ချစ် မနောက်နဲ့ဗျာ။ ကြားသွားရင် အားနာစရာကြီး။ အခု အခေါ်ခိုင်းသာက ခင်ဗျာ့ညီမတွေကိစ္စ"

"အလိုတော်" ဆိုကာ မစိန်ချစ်သည် စောမင်းဒင်နှင့် နိုင်ကျော်သောင်းအား ကြည့်သည်။ ဖွားခင်ကား ရယ်မောနေသည်။

"အဲသာ ကျေးဥနဲ့ အေးသင်ဆီ သွားပြီးစုံစမ်းပေးစမ်းပါ။ သတို့သားတွေ ရောက်နေပြီ၊ အိမ်ပေါ် ခေါ်ခဲ့ရမလားလို့"

"ဟာ ဗိုလ်ကြီး၊ အားနာစရာကြီး"

စောမင်းဒင်က ကပျာကယာတားသဖြင့် "အတောင်းအရမ်း ဘယ်နေ့လာရမတုန်းလို့ စုံစမ်းချေစမ်းပါ" ဟု မောင်ကောင်းစံ စကားပြင်ပြောသည်။

နိုင်ကျော်သောင်းနှင့် စောမင်းဒင်ကား မောင်ကောင်းစံ မမျှော်လင့်သော အင်အားကောင်းများဖြစ်သည်။ သူတို့သည် သည်ရွာတွင် တပ်ဖြန့်

ရပ်စွဲနေစဉ် အတောအတွင်း ရွာခံလုံမပျိုများနှင့် လူငယ်တို့ဘာဝ ချစ်ခင်စုံမက်မေတ္တာသက်ဝင်ခဲ့ကြသည်။

ဟီရိုဩတ္တာပွဲတရား အားကောင်းနေဆဲ အခါသမယဖြစ်သောကြောင့် မိန်းမတစ်ယောက် ရည်းစားပြောင်းလွဲခြင်းသည် ရှက်ရွံ့ဖွယ်ကိစ္စဖြစ်၏။ သို့အတွက် တစ်ယောက်ဆို တစ်ယောက် သစ္စာစောင့်ကြသည်။

ယခု ဝေးဝေးလံလံအရပ်မှ တကူးတက ပြန်လာကြခြင်းသည် လေးစားဖွယ် အပြုအမူဖြစ်၏။ နှမချင်းစာနာသော၊ အမေချင်းစာနာသော မွန်မြတ်သည့်စိတ်ရှိသူများဟု ချီးကျူးဖွယ်ဖြစ်၏။ သူတို့ ပြန်မလာလျှင် သက်ဆိုင်ရာ လုံမပျိုတွေမှာ မျက်နှာမများလိုဘဲ များရတော့မည်။

သို့သော် စောမင်းဒင်နှင့် နိုင်ကျော်သောင်းတို့ မထင်မှတ်သော အခက်အခဲသည် လျင်မြန်စွာရောက်ရှိလာ၏။

ဤသည်မှာ 'နယ်' ဖြစ်သည်။

သမီးတွေကို မျိုးချစ်တပ်မတော်သား ရဲဘော်ဟောင်းများနှင့် သဘောတူသော်ငြား ရပ်ဝေး သူတစိမ်းများကြားသို့ မထည့်နိုင်။

ပေါ့တန်သောကိစ္စ မဟုတ်ပေ။

အချို့သော လင်မယားများသည် ဤသို့လျှင် နယ်လုရင်း ကွဲကြရ၏။ မယားက မိမိဘက်သို့ လင်ကိုခေါ်၏။ လင်ကလည်း မိမိဘက်သို့ မယားကိုဆွဲရင်း မည်သူကမျှ လျှော့မပေးသည့်အတွက် ပြည်ပန်းညို ချိုချင်ပါလျက် ဆားဖျက်သဖြင့် ပျက်ရကိန်း ဆိုက်ကြ၏။

မောင်ကောင်းစံကား ဘက်မလိုက်။ မတိုက်တွန်း။ ကြားနေသည်။ "မင်းတို့ဘာသာမင်းတို့ ဆုံးဖြတ်။ ခြေလွန်လက်လွန် မရှိရိုးမှန်လျှင် နောက်ဆုတ်ခွင့် ရှိသေးသည်" တစ်ခွန်းသာ ပြော၏။

စောမင်းဒင်နှင့် နိုင်ကျော်သောင်းသည် အရှည်ကို မျှော်၏။ မိန်းကလေးတွေ ရည်းစားပျက်လျှင် မည်သို့ အတင်းပြောခံရမည်နည်း။

## ပုဂံစာအုပ်တိုက်

"ရွာသို့ ရောက်လာသော ရဲဘော်တွေက ပစ်သွားသည်"ဟု ရဲဘော်အားလုံး ဝါးလုံးရှည်ဖြင့် အရမ်းခံရမည်။ စောမင်းဒင်ဟု၊ နိုင်ကျော်သောင်းဟု ပုဂ္ဂလိက အမည်ဖြင့် ခေါင်းခေါက်မည်မဟုတ်။

သို့အတွက် သည်ရွာတွင် နေထိုင်ကာ ရပ်ရွာဓလေ့အလိုက် အိုးအိမ် ထူထောင် နေထိုင်ပါမည်ဟု ကတိပေးလိုက်ကြလေ၏။ ထိုမင်္ဂလာပွဲနှစ်ပွဲ အတွက် ရွာသူကြီးကို ခေါင်းတင်ကာ ကိုခင်မောင်တင့်နှင့် မောင်ကောင်းစံတို့ ကမကထပြုကာ ဆောင်ရွက်ပေးလိုက်လေ၏။

မင်္ဂလာပွဲများ ကျင်းပပြီးသွားသဖြင့် မောင်ကောင်းစံ ဝမ်းသာရခြား အပြောအဆိုကား မလွတ်။

"ကျိန်းကျေသွားပြီ"

"သူများကိစ္စ ဆောင်ရွက်ပေးပြီး ကိုယ့်ကိစ္စကိုတော့ မလုပ်နိုင်"

မောင်ကောင်းစံ ပါးစပ်တဖြဲဖြဲ ရယ်မောနေရသည်။

လယ်ထဲသွားလည်း သရော်ခံရ၊ ယာထဲသွားလည်း လှောင်ပြောင်ခံ ရနှင့် စိတ်ညစ်ရသည်။ စိတ်ညစ်လျှင် ခင်ခင်မြင့်ကိုသတိရသည်။ သတိရခြား လယ် ၁၄ ဧကနှင့် ယာ ၁၆ ဧကကို ဦးစီးလုပ်ကိုင်နေရသဖြင့် မအားလပ်။ သူရင်းငှားတစ်ယောက်ငှားထားခြား အသင်းအဖွဲ့တာဝန်အတွက် လုပ်ကိုင် ချိန်မှအပ မိုးကြီးစုပ်စုပ်ချုပ်မှချည်း အိမ်ပြန်ရောက်၏။

တစ်ညတွင် မှိုင်းတလူလူဖြင့် ထမင်းစားနေရာသို့ လက်နှိပ်ဓာတ်မီး ဘဝင်းဝင်းဖြင့် အေးမြ ရောက်လာသည်။ အကြောင်းပြမှာ အစ်မထံဖြစ်ခြား အမှန်မှာ မောင်ကောင်းစံထံ လာခြင်းဖြစ်သည်။

"ကိုစံ၊ ဘာနဲ့စားနေတုန်း"အမေးဖြင့် အနားလာထိုင်သည်။

"အမဲခြောက်နဲ့ ငရုတ်သီးဟာ။ စပ်ရသဲ့အထဲ အမဲခြောက်ကို ဝါးနေ ရသော အချိန်အတော်ကုန်သာပဲ။ မနေတတ်ရင်လည်း ကူပြီးဝါးပေးပါလား"

"ကိုစံ ပေါက်ကရတွေ အားကြီးပြော။ အဲသာကြောင့် သူ့ကို ဟိုက"

ထွန်ချေးစာခဲများအောက်တွင် ပျောက်ကွယ်နေခဲ့သော ခင်ခင်မြင့်သည် ထွန်ရေးထဲမှ ဘွားခနဲ ပေါ်လာ၏။

"မြင့်က ဘာပြောသတုန်းဟင်၊ ပြောစမ်း"

ပြုံးတုံးပြုံတဲ မေးသည်။ အေးမြသည် ပြုံးပြုံးကြီး ကြည့်နေပြီးမှ "ထမင်းစားပြီးပြီးချင်း လာခဲ့ပါတဲ့" ဟု အသံနိမ့်ပြော၏။

မောင်ကောင်းစံသည် "ဟုတ်လား"ဆိုကာ စားလက်စထမင်းပန်းကန်ကို စားပွဲအလယ်သို့ တွန်းသည်။ လက်ဆေးရေအင်တုံကို လှမ်းဆွဲသည်။

"အဲသလို မလုပ်ပါနဲ့။ ထမင်းဝအောင် စားစမ်းပါဦး။ ကိုစံ အဲသလို လုပ်လွန်းလို့ ဟိုက နေ့နေသာ"

"ဟုတ်လား" မေးကာ မောင်ကောင်းစံ ထမင်းဆက်စားသည်။ အေးမြလည်း ဟန်ပြအဖြစ် ဆွေမျိုးများ၏အိမ်များဘက်သို့ ကူးသွားလေ၏။

ခင်ခင်မြင့်က လူလွတ်ပြီးခေါ်ပုံကိုထောက်၍ မောင်ကောင်းစံ ဝမ်းသာနေသည်။ စိတ်မပျက်သော်လည်း လယ်ယာကိစ္စနှင့် အဖွဲ့အစည်း တာဝန်များအောက်၌ မိမိကိုယ်ကို နှစ်မြှုပ်ထားလိုက်သောအခါ လူပင်ပန်းငြားစိတ်သက်သာရာရ၏။

ကိုခင်မောင်တင့်၏ ကျောင်းဝင်းအဝင်ဝတွင် ထန်းပင်ကလေးတွေ ရှိသည်။ ထန်းလက်များသည် ငွေလရောင်အောက်၌ အလင်း လှုပ်မြူးနေသည်။ မောင်ကောင်းစံသည် လက်ဝါးကို အာငွေ့ပေးလိုက်၊ နမ်းကြည့်လိုက်လုပ်ကာ လျှောက်သွား၏။ ထန်းပင်များနောက်နားရှိ ရွက်လှပင်များကြား၌ ခုံတန်းကလေးပေါ်တွင် ခင်ခင်မြင့် ထိုင်နေသည်ကို မမြင်။

"ဆရာကြီး ဘယ်သွားမှာလဲ၊ ဘယ်သူ့ တွေ့ချင်လို့လဲ"

မောင်ကောင်းစံ ပြန်လှည့်လာသည်။

"မြင့်ရာ။ အမဲခြောက်နဲ့ ငရုတ်သီးနဲ့ ချက်သဲ့ဟင်း စားလာလို့၊ အဲသာ နံသလား အနံ့ခံနေရသာနဲ့ သတိလစ်သွားသယ်။ ဆပ်ပြာလည်း

ရှာမတွေ့၊ မေးမရ"

"ထားစမ်းပါရှင်။ အရေးကြီးတာက မြင့်တို့ ပြန်တော့မလို့"

"မောင့်ကို သည်အတိုင်း ထားခဲ့တော့မှာလား မြင့်ရယ်။ နောက်ထပ် ဘယ်လောက်ကြာအောင် စဉ်းစားမှာတုန်း။ အသက်ကိုးဆယ် ပြည့်သဲ့နေ့ ရောက်တော့မှ လက်ထပ်ကြစို့ပြောရင်၊ ဟား ဒုက္ခအကြီးစားပဲ"

ပေါင်ဒါနဲ့ သင်းနေသော ငွေလရောင်အောက်ဝယ် စိန် အပြုံးတစ်ပွင့် လက်ခနဲ တောက်၏။

"ခုရှုပ်မှ နောင်ရှင်းတဲ့ ဆရာကြီးရဲ့။ မြင့် စဉ်းစားဦးမယ် ပြောဖူး တာဟာ အဲဒါပဲ။ ဖွင့်ပြောရကောင်းမလား၊ မပြောဘဲ ထားရကောင်းမလား စဉ်းစားတာ"

"ပြည်မှာ ရည်းစားရှိဖူးသယ် ပြောချင်လို့လား"

"အို" ဆိုကာ ခင်ခင်မြင့် တန့်သွား၏။ "ပြောရက်လိုက်သာ ကိုကောင်းစံရယ်။ မြင့်ကို သည်လို မိန်းမစား ထင်သလားဟင်"

ငိုသံကလေး ပါလာသည်တွင် မောင်ကောင်းစံမှာ ထရမလို ထိုင်ရမလို ပခုံးကိုင်ရမလို ခြေထောက်ဖက်ရမလို ဖြစ်သွား၏။

"လူကိုယုံပါ၏၊ အကြွေးသည်းခံပါ ဆိုသာလိုပေါ့မြင့်ရာ။ မြင့်ရဲ့ သိက္ခာကို ယုံကြည်ပေမယ့် သာလောက်လှသဲ့၊ သာလောက် ယဉ်ကျေးသဲ့၊ သာလောက် ချစ်စရာကောင်းသဲ့၊ သာလောက် မြတ်နိုးစရာကောင်းသဲ့၊ သာလောက်"

"တော်ပါတော့ရှင်၊ တော်ပါတော့။ ဒါလောက် များပြားတဲ့ ဂုဏ်ပုဒ် တွေရှိမှန်း အခုမှ သိတော့တယ် လူပလီကြီး"

"အဲသာလောက် ချစ်စရာကောင်းသဲ့ မိန်းမပျိုကို ကြိုက်သူတွေ အနည်းဆုံး သုံးသိန်းလောက်ရှိမယ်။ သုံးသိန်းတောင်ဆိုတော့ တစ်ယောက် ဘလေများ ကြိုက်ချင်စရာ တွေ့မလားလို့ ခန့်မှန်းသာပါမြင့်ရာ"

"ဟင့်အင်း၊ တစ်ယောက်မှ မရှိဖူးပါဘူး။ ကိုကောင်းစံကလွဲရင်ပေါ့"

"ဗျာ၊ ဗျာ။ ဘယ်လိုပြောသယ်၊ ထပ်ပြောပါဦး"

တောခုတ်ရလွန်းသဖြင့် ကြမ်းထော်နေသော လက်ဝါးကြီးနှစ်ဖက်ရှိ ကျွဲပခုံး အသားမာများသည် ပဒုမ္မာအကျီအောက်အထိ စူးဝင်၏။ ခင်ခင်မြင့်သည် လျင်မြန်စွာ ပုတ်ခါ၏။

"ဘယ်လိုလက်ကြီးမှန်း မသိဘူး။ လက်သရဲကြီး"

"နာခေါင်းကကော"

"တော်ပါ။ ရှက်စရာ သိပ်ကောင်းတာဘဲ"

"ချစ်လို့ပါ မြင့်ရယ်။ ကျုပ်တစ်သက်လုံးမှာ မိန်းမတစ်ယောက်ကို ပထမဆုံး ချစ်မိသာမို့ အဲသည်နေ့က ရှူးများရှူးသွားသလား မသိပါဘူး။ ကဲပါလေ၊ မြင့် စကားမဆုံးသေးပါဘူး"

"မြင့်ကို ကိုရန်ကြီးအောင်ကလည်း ချစ်ရေးဆိုဖူးသယ်"

"ဟင်၊ အစ်ကို ရဲလောင်းက"

မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေမိသည်။

"ကြည်ကြည့်ကိစ္စမှာ သူ ဝင်ပြီး လှည်းကျိုးထမ်းလိုက်တဲ့အခါ ဝမ်းလည်းသာ၊ ကျေးဇူးလည်းတင်၊ ကြည်လည်း ကြည်ညိုမိတယ်။ ရှင်ပဲ စဉ်းစားကြည့်လေ။ ညီမလေးမှာ အရှက်ကွဲလို့ အခန်းအောင်းနေရတဲ့အထဲ ကိုကို့ကိုပါ သားပုပ်လေလွင့် တစ်ယောက်စ နှစ်ယောက်စက ပြောနေချိန် "

"ဒိယ် သိပြီးပါပြီလေ။ အစ်ကိုဟာ မြန်မာ့တပ်မတော်သားကောင်း၊ ယောကျ်ားကောင်း ပီသပါပေသယ်"

"ဒါပေ…သ့် မြင့် သည့်ထက်ပိုလို့ မရပါဘူး။ သနားစိတ်ပဲပေါ်တယ်။ ချစ်စိတ် မပေါ်ခဲ့ပါဘူး။ ခုရှုပ်မှ နောင်ရှင်းလို့ မြင့် စကားပလ္လင်ခံခဲ့တာကတော့ သည်ကိစ္စပါပဲရှင်"

ပုဂံစာအုပ်တိုက်

"အခုမရှင်းလို့ နောင်အခါမှ ပေါ်လာလည်း အရေးမကြီးပါဘူးမြင့်။ အရေးကြီးသာက၊ မောင့်ဘက်က"

"သိပ် အသားယူတာပဲ"

"အသားချည်းတော့ ဘာလုပ်ဖို့တုန်းမြင့်ရဲ့။ ခြေသည်းလက်သည်းက အစ ဆံပင်အထိ တစ်ကိုယ်လုံးယူချင်သာ။ ယူပြီးတော့ အာခံတွင်းထဲငုံထား"

"အာပုပ်စော်နံလိုက်မယ့်ဖြစ်ချင်း"

ခင်ခင်မြင့် မဲ့ပြီးပြောသဖြင့် မောင်ကောင်းစံ ရောနှော ရယ်မောရင်း "မောင့်ကို လက်ထပ်ပါမြင့်။ မောင့်ဘက်က လူကြီးစုံရာနဲ့ ဘယ်နေ့ဘယ်ရက် ဘယ်အချိန် ဘယ်နနာရီ ဘယ်နစက္ကန့်" လုပ်နေသဖြင့် ခင်ခင်မြင့် လှမ်းဆိတ်သည်။

"ထောင်တန်တဲ့စကား ရယ်ပေါ့သတဲ့"

"ထောင်တန်သဲ့စကား ရဲဘော်ပါမြင့်ရာ"

"ကြည့်ပါလား" ဆိုကာ လက်သီးဆုပ်ကလေးဖြင့် လှမ်းထုသော အခါ ထိုလက်ကို မောင်ကောင်းစံ ဖမ်းဆုပ်ထား၏။

"ချစ်သားလည်ရွဲ ဝမ်းဝယ်စွဲလော့။ စိန်ကဲရွှေကဲ ထိုနှစ်ကဲထက် မိန်းမကဲခတ် လွန်ခဲကတ်၏။ ယုတ်မြတ်ကောင်းဆိုး ဖြောင့်ရိုးကိစ္စ သဘာဝဖြင့် မိန်းမအလို သဘောကိုလျှင် ထုံသိပိုက်ထား ရေ့ခြင်္ငါးသို့ ထင်ရှားဘယ်ခါ မသိရာဘူးတဲ့ မြင့်ရေ။ မောင့်မှာ စစ်ပဲတိုက်တတ်သာဆိုတော့ ရင်မောလိုက်ရသာ။ အခုမှပဲ ရင်အေးရတော့သယ်"

"အနှစ်ပညာ မရှိပါက၊ အင်္ဂါခြေလက် ယောကျ်ားလျက်လည်း မိန်းမထက်သာ ယုတ်မာဆိုးဝါး၊ မိုက်လုံးထွားသည်၊ ကျားနှင့် နွားနှင့် အတူတည်းလဲလို့ ရှိတယ်လေ။ အချိန်ယူလေ့လာတောင် သေချာချင်မှ သေချာတာ"

"မောင့်ကိုတော့ သေချာပါမြင့်ရယ်"

ပြောပြောဆိုဆို ငွေလမင်းကို မော့ကြည့်သည်။

"မြင့်မျက်နှာကို တစ်ညလုံးထိုင်ကြည့်၊ တစ်ညလုံး စကားပြောနေချင်ပေမယ့်"

"သည်ကလည်း မထိုင်နိုင်ပါဘူးရှင့်"

"ဟုတ်ပါပြီ။ မောင်သွားမယ်နော်။ သန်ဘက်ခါဖြစ်ဖြစ်၊ ဖိန်းနွှဲခါဖြစ်ဖြစ် လူကြီးတွေ လွှတ်လိုက်မယ်၊ ဟုတ်လား"

ခင်ခင်မြင့် တစ်ချက်တွေသွားပြီးမှ "မအေးမြကို လွှတ်လိုက်မယ်။ အသင့်ပြင်ထားနော်၊ မောင်"ဟု သူ တောင့်တသောမောင်ကို နောက်ဆုံးတွင် ထည့်သုံးကာ လှစ်ခနဲ ပျောက်ကွယ်သွားလေ၏။

## ၄

ယောကျ်ားတစ်ယောက်အတွက် မိန်းမတစ်ယောက်အား လက်ထပ်ရယူခြင်းသည် အရေးတကြီးကိစ္စ မဟုတ်ကြောင်းကို မယားရပြီးခါမှ မောင်ကောင်းစံ သဘောပေါက်မိလေ၏။

သဘောမပေါက်၍လည်း မရချေ။

သူ တာဝန်ယူထားရသော ရန်ကြီးအောင်၏အစုနှင့် သင်းထုံသားအမိ၏ အစုမှာ စုစုပေါင်း ကေသုံးဆယ်ရှိရာ လူလည်းပန်း၏။ ဒိတ်လည်း ပန်း၏။ ဤသို့ရှိနေခိုက်တွင် ပေါ်ပေါက်လာသော စိတ်ပန်းစရာ အကောင်းဆုံးကား ချစ်ဖေပေတည်း။

ချစ်ဖေသည် သည်အရပ်၌ ဆက်လက်နေထိုင်ပါက လက်ပြဲကြီးဆဲတွင် လက်သည်မပေါ်ဘဲ သေဖို့များသည်ဟု နားလည်၏။ သို့အတွက် ဆွေးသောက်စုချောင်းဖျားသို့တက်ကာ တောမှီရဟန်း ဘရွှေကျိုင်းအမည်ကို အသုံးချနေထိုင်ခဲ့၏။ ဘေးရန်ကင်းရှင်းပြီ ကြားသောအခါတွင်လည်း ရွာသို့

တန်းမလာဘဲ မြို့ပေါ်တက်သွားသေးသည်။ မြို့ပေါ်တွင် စုံစမ်းလေ့လာပြီးမှ ရွာသို့လာသောအခါ မဟာမြန်မာမဟုတ်၊ မျိုးချစ်မဟုတ်။

ချစ်ဖေ မဟာမြန်မာသော်လည်းကောင်း၊ မျိုးချစ်ပါတီဝင်သော်လည်းကောင်း ဖြစ်ပြီးပြန်လာလျှင် အလွန်ကောင်း၏။ ယခုသော်ကား ဖဆပလ ဖြစ်လာသဖြင့် မကောင်းချေ။

ဖေးမဖြစ်လိုက်၊ ဂျွန်ဖြစ်လိုက်ဖြင့် ချစ်ဖေ နိုင်ငံရေးလုပ်စားစဉ်က အတူပါခဲ့သော ညံ့အေးနှင့် လွန်းမောင်၊ သန်းအောင်သည်ပင် ဘီအိုင်အေမှ ဘီဒီအေ၊ ဘီအင်အေအထိ ပါခဲ့၏။

ညံ့အေးမှာ တိုင်းအမှတ် (၃) အောက်တွင် ဖက်ဆစ်တော်လှန်ရေးတာဝန် ထမ်းဆောင်စဉ် မြစ်ဝကျွန်းပေါ်ဘက်၌ မြတ်သော သူရဲကောင်းတို့၏ ကွယ်လွန်ခြင်းဖြင့် ကျဆုံးခဲ့၏။ သန်းအောင်ကား အသစ်ဖွဲ့စည်းသော ဒီဘီအက်ဖ်တပ်တွင် ဆက်လက် အမှုထမ်းလျက်ရှိ၏။ လွန်းမောင်ကား ပြန်လာသော်ငြား ချစ်ဖေနှင့် မတွေ့တော့ပြီ။

ချစ်ဖေမှာသာ ဟေးဟိုးတပ်ထဲဝင်ပြီး ဂျပန်ရုပ်ဖမ်းသည်။ ဂျပန်စကားတတ်သောအခါ ဂျပန်စကားပြန်ဖြစ်လာ၏။ ထိုကဲ့သို့သောသူမျိုးက သနပ်ခါးခွက်ထဲသို့ ငါးပိရည် တစ်စက်ကျသကဲ့သို့ ဖဆပလအဖွဲ့ဝင်လက်မှတ်ကြီး တကိုင်ကိုင်ဖြင့် ရောက်လာသောအခါ ကိုကောင်းစံ စိတ်ဆင်းရဲ၏။

မြန်မာတစ်နိုင်ငံလုံးတွင် ဗိုလ်ချုပ်မှ ဗိုလ်ချုပ် ဖြစ်နေကြရာ ကြီးမားသော ကျောက်တုံးကြီးတစ်လုံးကို တောင်ထိပ်ပေါ်၌ တင်ထားဘိသို့ ရှိ၏။ ဗိုလ်ချုပ်က "ချကြ" တစ်ချက်အမိန့်ပေးလိုက်လျှင် အသေခံမည့်သူတွေ သန်းချီရှိနေချိန်၊ ဘီအိုင်အေနှင့် ဘီဒီအေ၊ ဘီအင်အေတို့တွင် မပါလိုက်ရသဖြင့် လူဖြစ်နောက်ကျလေခြင်း တက်တခေါက်ခေါက်ဖြစ်ကာ နိုင်ငံအတွက် အသက်စွန့်လိုစိတ် ပြင်းပြနေသော လူငယ်တို့၏ စစ်သွေးစစ်မာန် တက်ကြွ

နေချိန်ဖြစ်၏။ ကျောက်တုံးကြီးသာ လိမ့်ကျလာလျှင် နေမဝင် အင်ပါယာ သခင်သောဘာသောညာသောမရှောင် နင်းဖိကြိတ်ဝါးပစ်မည်မှာ သေချာ၏။

ဖဆပလကို အံတုသော ငို့ဘပါတီဟောင်းများရှိပြား ဖဆပလနှင့် ယှဉ်သော် ဆင်ပြောင်နှင့် ဖြုတ်လောက် ကွာခြား၏။

သည်ကဲ့သို့ သူမတူအောင် အင်အားကြီးမား၊ သိက္ခာထွန်းပြောင်၊ ဂုဏ်ဒြပ်ထည်ဝါသော တပ်ဦးကြီးထဲသို့ ချစ်ဖေ ရောက်လာခြင်းကို ကိုကောင်းစံနည်းတူ တိုင်းလုံးကျော်လည်း မနှစ်သက်။

သို့ရာတွင် ကိုကောင်းစံမှာ မြို့နယ်ခေါင်းဆောင်မဟုတ်ပေ။ ပရတဖ ခေါင်းဆောင်ကား ဟုတ်သည်။

ပြည်သူ့ရဲဘော်တပ်ဖွဲ့သည် တပ်မတော်ပြင်ပရှိ ရဲဘော်များကို စုစည်းရန် ဗိုလ်ချုပ်ကိုယ်တိုင် ညွှန်ကြားဖွဲ့စည်းသော အဖွဲ့ဖြစ်၏။ ကျေးရွာ အုပ်စု၊ မြို့နယ်များ၌ ပြည်သူ့ရဲဘော်တပ်ဖွဲ့များ ဖွဲ့စည်းသောအခါတွင်ကား ရဲဘော်ဟောင်း မဟုတ်သူတွေပါ လိုမ့်ဝင်လာ၏။ စည်းရုံးရေးအတွက် လက်ခံကြ၏။

ချစ်ဖေလည်း နေ့မနေပေ။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်ဖြစ်ရန် ကြိုးစား၏။ သွေးချင်းတော်စပ်သော်ငြား ကိုကောင်းစံ လက်မခံ။ သို့သော် ချစ်ဖေ့မဖြုံပါ။ ဘောင်းဘီတကားကားဖြင့် လမ်းသလားသည်။ ရဲဘော်တွေနှင့် ရောသည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်တွေမှသာ ဘောင်းဘီဝတ်စေ ဥပဒေမရှိ။

ဗြိတိသျှနယ်ချဲ့သမားသည် မဟာမိတ် အမည်ခံကာ ပြန်လည် ဝင်ရောက်လာငြား စူဌမိတ်သော်မျှမဟုတ်။ မည်ကဲ့သို့သော မိတ်ဆွေမျှ မဟုတ်ချေ။ မဟုတ်သောကြောင့် ရန်စလာသည်။

"ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များ စစ်ဝတ်စုံမဝတ်၊ စစ်ရေး မပြရ"

စမ်းကြည့်ခြင်း ဖြစ်၏။

စမ်းသပ်ကြည့်ခြင်းသည်ပင် မီးပုံကို ဆွပေးရာရောက်၏။

**ပုဂံစာအုပ်တိုက်**

ပျားဒူအုံကို တုတ်ဖြင့် ထိုးလိုက်ဘိသို့ တောင်သူလယ်သမား ထောင်ပေါင်းများစွာသည် ဖဆပလ အလံတော်ကြီးလွှင့်လျက် ချီတက်လာကြသည်။ ထိုဖဆပလအဖွဲ့ဝင်များ၏နောက်၌ ပြည်သူ့ရဲဘော်တပ်ဖွဲ့။

စစ်ရေးမပြရ အမိန့်မထုတ်မီက မြို့ခံ ရဲဘော်များသာ သွားလာလှုပ်ရှားသည်။ စစ်ရေးမပြရ အမိန့်ထုတ်သည့်အတွက် ရောက်လာသော ရဲဘော်များကား စစ်ရေးပြသည်။

ပုလိပ်အဖွဲ့ဝင်တစ်စု သေနတ်ကိုယ်စီဖြင့် ရောက်လာသည်။ စစ်ရေးမပြရန် ပြောသည်။ ထိုအခါ ကိုကောင်းစံကိုယ်တိုင် တပ်ဦးသို့ ထွက်လာကာ စစ်မိန့်တွေ တစ်ခုပြီးတစ်ခု ပေးသည်။ ရဲဘော်များကလည်း စစ်စိတ်စစ်မာန်ဖြင့် စစ်ရေးပြကြသည်။

သို့စဉ်တွင် ပုလိပ်များသည် သေနတ်သံပေးကာ ကိုကောင်းစံကို ဝင်ရောက် ဖမ်းဆီးတော့သည်။

"ဖဆပလကို မထိနဲ့၊ မီးပွင့်သွားမယ်"

"ပြည်သူ့ရဲဘော်ကို မထိနဲ့၊ မီးပွင့်သွားမယ်"

"ငါတို့ စစ်ခေါင်းဆောင်ကို အခုလွှတ်"

"နယ်ချဲ့ဝါဒ ကျဆုံးပါစေ"

"အရေးတော်ပုံ အောင်ရမည်"

"လွတ်လပ်ရေး ချက်ချင်းပေး"

မြေပြင်ပြည့်မျှ လူထုပရိသတ်ကြီးက ဂိတ်ထဲကိုဝိုင်းထားပြီ။ သည်မျှများပြားသော အင်အားကြီးကို နံပါတ်တုတ်ဖြင့် ထွက်ရိုက်ရန်ဝေးစွ၊ သေနတ်ဖြင့် ပစ်ရန်ပင် မဖြစ်နိုင်ချေ။ ပုလိပ်အဖွဲ့၏ ပစ်အားနှင့် လူထု၏ အင်အား နှိုင်းစာပါက တွေးဝံ့စရာ မရှိချေ။

ထိုလူထုကြီးအား ဖဆပလဥက္ကဋ္ဌက တရားဟောသည်။ ဗြိတိသျှ အစိုးရအား ကြောက်ရန် မလိုကြောင်း၊ သူတစ်ပါးထံမှ ချေးငှားစားနေရသော

ဈေးစားအစိုးရဖြစ်ကြောင်း၊ အင်္ဂလန်တွင် ငတ်နေကြောင်း၊ ကိုလိုနီနိုင်ငံများက ပုန်ကန်မည်တကဲကဲ လုပ်နေသဖြင့် အရှုးမိးဝိုင်းနေကြောင်း။

မြို့သူမြို့သားများ အိမ်ရှိလူကုန်ထွက်လာချိန်ဝယ် ဗြိတိသျှအစိုးရအား ရစရာမရှိအောင်ဟောပြောရာ လက်ခုပ်သံများကြောင့် ခဏခဏရပ်ထားရ၏။ ကြွေးကြော်သံများ ပွက်လျှံလာသောကြောင့်လည်း နားပေးရ၏။

မည်သည့်ပုလိပ်မှ ဂတ်တဲအပြင်သို့ ထွက်မလာရဲပေ။ တိုင်းလုံးကျော် ဦးစီးသော လူငယ်များက အကြမ်းဖက်ရန် စိစဉ်ကြပြီ။ ဖင်မလီလိုင်းရှိ ပုလိပ်မိသားစုတွေကိုဖမ်းပြီး ဓားစာခံလုပ်မည်။ ဂတ်ကို ဝင်ရောက်စီးနင်း မီးရှို့ပစ်မည်။

ဖဆပလလူကြီးတွေ မျက်လုံးပြူးရပြီ။

"ပြည်သူ့ရဲဘော် စစ်ခေါင်းဆောင်ကို မလွှတ်ဘဲထားလို့ တစ်စုံတစ်ရာဖြစ်လာရင် ခင်ဗျားတို့တာဝန်ပဲ"

ဂတ်ထဲသို့ဝင်ပြီး ရာဇသံပေးပါလျက် ဌာနာအုပ် သဘောမပေါက်။ အတွင်းရေးမှူးက ပြောင်ဖွင့်ပြောတော့မှ သဘောပေါက်ကာ ကိုကောင်းစံအား လွှတ်ပေးလိုက်ကြသည်။ သို့ရာတွင် လူထုကြီးကား လူစုကွဲမသွားပေ။ မြို့တွင်းသို့ လှည့်လည်ပြီး အင်အားပြသည်။ ဟောပြောပွဲလုပ်သေးသည်။

ဤကဲ့သို့ အင်အားကြီးမားသော၊ သြဇာကြီးသော ဖဆပလနှင့် ပရတဖတွင်းသို့ ချစ်ဖေတွေ ရာပေါင်းမည်မျှ ဝင်နေပြီနည်း။ ထောင်ပေါင်းသောင်းပေါင်းမည်မျှ ရောက်ရှိနေကြပြီနည်း။

ဖဆပလအား မထီမဲ့မြင် ပြုသောအားဖြင့် နိုင်ငံရေး ကျားသေများကို အသက်သွင်းမိသော ဘုရင်ခံ၊ အရှက်တကွဲ အကျိုးနည်းဖြစ်ကာ ထွက်ပြေးပြီးနောက် နောက်ရောက်လာသော ဘုရင်ခံသည် ဖဆပလအား မလေးမစားမပြုရဲပြီ။ သပိတ်ပေါင်းစုံ အေးငြိမ်းရေးအတွက် ဖဆပလအား ဒူးထောက်ရလေပြီ။

## ပုဂံစာအုပ်တိုက်

ဖဆပလ အဖွဲ့ချုပ်သည် ဗဟိုအမှုဆောင်ကော်မတီများ၏ ဆုံးဖြတ်ချက်ဖြင့် ဗိုလ်ချုပ်ဦးဆောင်သောအဖွဲ့အား ဘုရင်ခံ၏ အမှုဆောင်ကောင်စီသို့ ဝင်ခွင့်ပြုလိုက်သည်။ ဖဆပလအဖွဲ့ချုပ်မှ လူကြီးတွေ ဝန်ကြီးဖြစ်လာကြပြီ။ ဗျူရိုကရက်တို့ လက်စားချေသောအားဖြင့် ဖမ်းဆီးနိုပ်စက်ထားသော တော်လှန်ရေးရဲဘော်တွေကို လွှတ်ပစ်သည်။ အလံနီပါတီအား မတရားအသင်း ကြေညာထားခြင်းမှ ပယ်ဖျက်ပေးသည်။

သို့သော် မကြာမီပင် ပြန်လည်ပြီး မတရားအသင်း ကြေညာရပြန်သည်။ ဖဆပလအစိုးရ အလုပ်လုပ်၍ မရအောင် လုပ်သောကြောင့်ဖြစ်သည်။ ထို့နောက် လက်ကျန် ကွန်မြူနစ်ပါတီ တစ်ခြမ်းဖြစ်သော မြန်မာပြည်ကွန်မြူ နစ်ပါတီ (နောင်သော် ဗကပ)ကို ဖဆပလအဖွဲ့ချုပ်မှ နုတ်ပယ်ရပြန်သည်။ ရှေ့တွင်တစ်ဖုံ၊ ကွယ်ရာတစ်မျိုးဖြင့် အဖွဲ့ချုပ်၏ ပျက်စီးရာပျက်စီးကြောင်း ကို လုပ်သောကြောင့်ဖြစ်သည်။

ထိုဂယက်သည် သွေးသောက်စုရွာသို့ အရှိန်ပြင်းစွာ လာရောက်ရိုက်ခတ်သည်။ တိုင်းလုံးကျော်သည် ညီညွတ်သော ပရတဖကို ဖွဲ့ထုတ်ရန် စိုင်းပြင်းသည်တွင် ညီအစ်ကို ထိပ်တိုက်တိုးတော့သည်။

မြို့နယ်ဖဆပလထဲမှ ကွန်မြူနစ်ပါတီ ထွက်သွားသောအခါ ကျေးရွာအုပ်စု ဖဆပလများက တင်းခံသည်။ သို့ရာတွင် ကျေးရွာအုပ်စု တောင်သူလယ်သမား အစည်းအရုံးများမှု တင်းမခံနိုင်။ တောင်သူလယ်သမား သမဂ္ဂအဖြစ် ပဲ့ထွက်ကုန်တော့သည်။

ကိုကောင်းစံမှာ အရှုးမီးဝိုင်းသည်သို့ ဖြစ်တော့သည်။

လယ်ထဲယာထဲ၌ အလုပ်ပူချိန်။ သည်အချိန်၌ မယားနှင့် ယောက္ခမ၊ ယောက်ဖတို့က မြို့သို့ပြန်သွားပြီ။ ညီကို ဖျောင်းဖျ၍ မရ၊ ဆွေးနွေး၍ မရ။ တိုင်းလုံးကျော်အား တရားဝင် ထုတ်ပယ်ပစ်ရန်သာ ရှိတော့သည်။

ထိုသို့ ကိုကောင်းစံ ကြံရာမရဖြစ်နေခိုက်ဝယ် ကိုရန်ကြီးအောင်

ပြန်လည်ရောက်ရှိလာသည်။ အကျပ်အတည်းကို ကူညီဖြေရှင်းနိုင်စွမ်း ရှိမည် ဖြစ်စေ၊ မရှိမည်ဖြစ်စေ လက်ငင်းမှာသော် ကိုကောင်းစံ အားတက်၏။

"အစ်ကိုရေ၊ အစ်ကို့ညီကို တရားပြပါဦး။ ဗတလစတော့ ပဲ့သွားပြီ။ ပရတဖကို ဖွဲ့ပြီး တပ်နီထောင်ဖို့ ကြိုးစားနေသဗျ"

ခရီးရောက်မဆိုက် အထုပ်အပိုး ချခါစရှိသေးသည်။ စိတ်ညစ်စရာက ရန်ကြီးအောင်အား ဆီးကြိုသည်။

"ဟ၊ ငါလာသာက အမွေကလေး ဘာကလေးရသာကို ရောင်းချပြီး ပြန်မလို့ကွ၊ ငါ့ညီရ။ မီးတောက်ထဲ လက်မနှိုက်ပါရစေနဲ့"

ထိုသို့ရှိနေစဉ် လူတစ်ယောက်ရောက်လာပြီး ကိုကောင်းစံအား တီးတိုးပြောနေလေသည်။

"ချစ်ဖေကို သတ်ဖို့ ကြံနေကြတယ် ဗိုလ်ကြီး။ အဲဒါ· ဘယ်သူ မှတ်တုန်း။ ရဲဘော်တိုင်းလုံးကျော်ဗျာ"

သတင်းပေးသူကား စောမင်းဒင်ဖြစ်သည်။ သူသည် ရဲဘော် ဟောင်းမို့ ပြည်သူ့ရဲဘော်တပ်ဖွဲ့သို့ဝင်ငြား ဗတလစနှင့် ဖဆပလသို့ မဝင်ပေ။

"သည်ကောင် မတော်သာတွေလုပ်ရင်တော့ ခက်တော့မှာပဲ။ အစ်ကို ခင်ဗျာ့ ညီညီကို ခေါ်ပြီး ပြောပါဦး"

"ရန်ကုန်မှာ စိတ်ညစ်လို့ မန္တလေးတက်မယ်အကြံနဲ့ သည်ကို ဝင်လာ သာကွာ။ ဘယ်လိုဖြစ်ကြသာတုန်း"

ကိုရန်ကြီးအောင် ညည်းညူသဖြင့် ရှင်းပြနေစဉ် နိုင်ကျော်သောင်း ပျာယာခတ်လျက် ရောက်လာ၏။

"ဗိုလ်ကြီး ဗိုလ်ကြီး။ ဗိုလ်ကြီးညီကို သတ်မလို့တဲ့"

"ဟ ရဲဘော်နိုင်ရ၊ သေချာရဲ့လား။ ဘယ်သူတွေတုန်း"

"ကိုသာဒွန်းအေးခင်ဗျာ။ တိုင်းလုံးကျော်မရှိမှ အေးမယ်ဆိုပြီး တိုင်ပင် နေကြသာ။ နားကြား၊ မျက်မြင်ပါဗျာ"

ကိုကောင်းစံမှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်ကာ သူ့ညီအား ရှာဖွေခေါ်ယူပေးကြရန် အကူအညီ တောင်းရတော့သည်။ သို့ရာတွင် တိုင်းလုံးကျော်အား အထူးမရှာဖွေရပါ။ ပစ္စတိုကို အင်္ကျီအောက်တွင် ဝှက်လျက်ရောက်လာသည်။

"အစ်ကိုကြီး ရောက်နေသယ်ကြားလို့ ပြေးလာသာဗျာ့။ ရန်ကုန်မှာဘယ်လိုရှိသတုန်း"

"ဗိုလ်ချုပ်တို့ ဘိလပ်သွားလိမ့်မယ်ကွ။ လွတ်လပ်ရေးအတွက်ဆွေးနွေးဖို့ပေါ့ကွာ"

"ကိုယ့်မှာ တိုက်ယူနိုင်သဲ့ အင်အားရှိနေမှဗျာ၊ ဘာပြုလို့ အပင်ပန်းခံနေမှာတုန်း"

"သွေးထွက်သံယိုမဖြစ်ဘဲ ရရင် ပိုကောင်းသာပေါ့ကွာ။ တိုက်ရင်လည်း မြန်မာ–အင်္ဂလိပ် စတုတ္ထစစ်ပွဲမှာ ငါတို့နိုင်သလို၊ သည် မြန်မာ–အင်္ဂလိပ် ပဥ္စမစစ်ပွဲမှာလည်း နိုင်မှာပါပဲ။ ဒါပေမယ့် လူမသေ၊ အိုးအိမ်အဆောက်အအုံတွေ ထပ်ပြီး မပျက်စီးရင် ကောင်းသာပေါ့ကွာ။ တစ်တိုင်းတစ်ပြည်လုံး ပြာပုံပဲ ကျန်တော့သယ်"

တိုင်းလုံးကျော် ရယ်မောသည်။ "သွေးမဆုတ်စမ်းပါနဲ့အစ်ကိုရာ။ အလုပ်သမား၊ လယ်သမားကို ယုံစမ်းပါ" ပြောသည်။

"အေးလေ၊ ဆန်လုသာတွေ၊ တဲတွေ အတင်းဝင်ဆောက်သာတွေကတော့ မင်းတို့လည်း ကြားမှာပါပဲ။ ငါတစ်ခု ပြောချင်သာကတော့ နိုင်ငံရေးပါတီတချို့ဟာ ဗဟုသုတနည်းပါးပြီး ယုံလွယ်သဲ့ လူထု၊ အထူးသဖြင့်ပစ္စည်းမဲ့လူတန်းစားကို လိမ်နေကြသကွ"

"ပစ္စည်းမဲ့ကို လိမ်ရင်တော့ ဘယ်ခံမတုန်းအစ်ကိုရာ။ နို့ ဘယ်ပုံဘယ်နည်း လိမ်သယ်ဆိုသာလေး"

"ဂျပန်ငွေစက္ကူတွေကို လွှင့်မပစ်ကြနဲ့။ ငါတို့ပါတီ အာဏာရတဲ့နေ့မှာ

ပြန်ပြီးသုံးရစေမယ်တဲ့။ ညီလေးပဲ စဉ်းစားကြည့်ပေါ့ကွာ။ ကြိုးလည်းမပါ၊ ရေစာနဲ့ နံပါတ်ဆိုသာ ဝေလာဝေး။ ကုဋ္ဌေပေါင်း ဘယ်နှစ်သန်း ထုတ်ခဲ့မှန်း မသိရသဲ့ ဟာကြီးကိုသာ ပြန်ပြီး တရားဝင် သုံးစွဲခွင့်ပြုလိုက်ရရင် 'ဆယ်ပြည်ထောင်ချော့တော့ မပြုံး' ဆိုသဲ့ တေးထပ်လိုပဲ ဆယ်ပြည်ထောင်က ဝင်ပြီး အာမခံဦး၊ နာလန်ထူမှာ မဟုတ်ဘူး။ ရှုံးမှာပဲကွ"

ဂျပန်ငွေစက္ကူတွေ သိန်းသောင်းချီပြီး ပိုက်ထားမိသူအချို့ ရှုံး၏။ ရာဂဏန်းမျှ ကိုင်ထားမိသူများမှာလည်း နိုင်ငံနှင့်အဝန်းရှိရာ ဗြိတိသျှစစ်တပ်က ဤအမှိုက်များကို အသိအမှတ်မပြုဟု ကြေငြာလိုက်သောအခါ တွယ်ရာမဲ့ ဖြစ်ကုန်ကြ၏။

သို့တစေ မြန်မာလူထုမှာ စီးပွားရေး ချုတ်ခြုံကျနေသည့်ဘဝမှ ဒယီးဒယိုင်ဖြင့် ထပြီး ထူထောင်ကြသည်။ နေ၍ စား၍ ရနေသည့်အချိန်တွင် ဂျပန်စက္ကူ မက်လုံးပေးသော စည်းရုံးရေး ပေါ်လာခြင်းဖြစ်သည်။

"အေး၊ နောက်တစ်ခု ပြောဦးမယ်။ အခု ငါတို့ အသင်းအဖွဲ့တွေ ဖွဲ့စည်းထားကြသာ၊ စုရုံးဟောပြောပြီး အင်အားပြသာ၊ ဆန္ဒပြသာ သပိတ်မှောက်သာတွေဟာ ဒီမိုကရေစီစနစ်အရ ဖြစ်ပေါ်နေသာပဲ"

"အစ်ကိုကြီးကလည်းဗျာ၊ ကပ်ပလီ မလုပ်စမ်းပါနဲ့။ အင်းစိန်၊ ထန်းတပင်မှာ သေနတ်နဲ့ပစ်လို့ သေကုန်သာ ဘာပြောမတုန်း။ တခြားမြို့တွေမှာ ဖမ်းဆီးညှဉ်းဆဲသာတွေ ဘယ်သွားထားမတုန်း"

ကပ်ပလီဟု ကင်မွန်းတပ်ခံရသဖြင့် ကိုရန်ကြီးအောင် ဆတ်ခနဲ ဖြစ်သွားငြား လေသံမပြောင်းချေ။

"အဲသည်လို သေနတ်နဲ့ပစ်သာကို ကန့်ကွက်ခွင့်ရှိသာ၊ လူစုလူဝေးနဲ့ ရှုတ်ချခွင့်ရှိသာဟာ ဒီမိုကရေစီပဲညီလေး။ ဟစ်တလာနာဇီရဲ့ ဂျာမနီမှာ ဘယ်လောက်ပဲ သတ်သတ်၊ ဘယ်လောက်ပဲသေသေ ကန့်ကွက်၊ ရှုတ်ချခွင့် မရှိဘူး။ အေး၊ ဟစ်တလာရဲ့ နာဇီပါတီကတော့ စည်းဝေးခွင့်၊ ဟောပြောခွင့်

ထောက်ခံခွင့်ရှိသပေါ့။ အဲသည်တော့ ဒီမိုကရေစီရဲ့ရန်သူဟာ အကြမ်းဖက်မှုပဲ။ အလွန်ဆိုးသယ်"

"ဘယ်လို အကြမ်းဖက်မှုတုန်းဗျာ၊ ကောင်းကောင်း နားမလည်လို့"

တစ်စတစ်စ များလာသော လူအုပ်ထဲမှ ချစ်ဖေ ထွက်မေးခြင်းဖြစ်၏။

"ကိုယ့်ပါတီရဲ့ မှန်ကန်မှုတွေ ပြောပြီး မစည်းရုံးတော့ဘူး။ သူ့ပါတီရဲ့ လွဲမှားမှု အမှန်အကန်တွေလည်း မပြောတော့ဘူး။သွေးထွက်သံယိုဖြစ်အောင် လုပ်သာ၊ ချောင်းမြောင်းသတ်ဖြတ်သာ။ ပြောင် သတ်ဖြတ်သာပေါ့"

"လက်နက်တွေကလည်း ထန်းစေ့မှတ်လောက် ပေါနေသဲ့ကာလ အစ်ကိုရေ့။ ခွလောက်ကလေး (သားရေခွ) လက်ထဲရောက်လာရင် ဟို ပစ်ချင် သည်ခတ်ချင်ဖြစ်သလို၊ သေနတ်ကလေး တိတ်တိတ်ပုန်းရလာသာနဲ့ လက်ယားနေကြပြီ။ စည်းရုံး ဆွေးနွေးချင်စိတ် မရှိကြတော့ဘူး"

ကိုကောင်းစံက မျက်နှာပေါင်းများစွာကို စေ့စေ့ကြည့်လျက် ပြောသည်။ လူအုပ်ထဲမှလည်း "လူစိတ်ပျောက်သယ် ခေါ်ရမလား" အသံ ထွက်လာ၏။

"အဲသည်တော့ တရုတ်ပုံပြင်တစ်ပုဒ်ကို အမှတ်ရသကွ။ တစ်နေ့မှာ တရားသူကြီးရဲ့ရှေ့မှောက်ကို တရားခံတစ်ယောက် ရောက်လာသတဲ့။ တရားသူကြီးက မေးရသာပေါ့လေ"

"ဟဲ့ ဘာမှုတုန်း"

"ခိုးမှုပါဘုရား"

"ဘယ်မှာ ခိုးသာတုန်း"

"ဈေးထဲမှာပါဘုရား"

"ဘယ်အချိန်မှာ ခိုးသာတုန်း"

"နေ့ခင်းကြောင်တောင် ဈေးစည်နေခိုက်မှာပါဘုရား"

"သည်အခါမှာ တရားသူကြီးက တအံ့တသြနဲ့ တရားခံကိုမေးသတဲ့"

"မိုက်လှချည့်လား သူခိုးရယ်။ လူတွေ ရာထောင်ချီပြီး ရှိနေသဲ့ ဈေးထဲမှာ နေ့ခင်းကြောင်တောင် လူစည်ကားတုန်းမှာ ခိုးရင် အခုလို အဖမ်း ခံရမယ်ဆိုသာလေးလောက်မှ မောင်မင်း မတွေးမိဖူးလား"

"သည်တော့၊ တရားခံသူခိုးက ပြန်ပြောသတဲ့"

"အရှင် တရားသူကြီးမင်းခင်ဗျား၊ ဈေးထဲမှာ လူတွေရာထောင်ရှိသာ၊ နေ့ခင်းကြောင်တောင်ဖြစ်သာ၊ ခိုးမှုကျူးလွန်ရင် အလွယ်တကူ အဖမ်းခံ ရမှာ။ အဲသာတွေ ဘာတစ်ခုမှ မသိပါဘူး။ ကျွန်တော်သိသာကတော့ ဆိုင်ပေါ်ကပစ္စည်းကို ခိုးဖို့ပါပဲခင်ဗျား"

"တဲ့ ပြန်ပြောသယ်။ သည်တော့ သေနတ်ယားကလေးရှိပြီး ထစ်ခနဲရှိ သတ်လိုက်မယ်၊ ထစ်ခနဲရှိ ဖျောင်လိုက်မယ်ဆိုသဲ့ အကြမ်းဖက်စိတ် ဝင်နေသူ များဟာလည်း သဘောချင်း မတိုက်ဆိုင်သူကို သတ်ပစ်ဖို့တစ်ခုတည်းပဲ သိသယ်။ အသတ်ခံရသူမှာ ဆွေမျိုးမိတ်သင်္ဂဟ ရဲဘော်ရဲဘက်တွေရှိသာ၊ အဲသည်လူတွေမှာ စဉ်းစားတွေးခေါ်ဉာဏ်ရှိသာ၊ လက်နှစ်ဖက်ရှိသာကို နည်းနည်းကလေးမှ ထည့်မတွက်ကြဘူး"

ဖက်ဆစ်သံဖနောင့်အောက်၌ သုံးနှစ်နေခဲ့ရသဖြင့် ဖက်ဆစ်ငွေ့ ဟပ်ကာ ရန့်ကြမ်းလာသောလူများ၊ သေနတ်ကလေးရလာသဖြင့် ရိုင်းပျ လာသောလူများသည် ပြောရင်းပြောရင်း ကိုရန်ကြီးအောင်၏ မျက်စိအာရုံ၌ ပေါ်လာ၏။ သူသည် အမေးအစမ်းရောက်လာသူများအား ဝေ့ကြည့်ပြီးမှ စကားကို အဆုံးသတ်၏။

"အဲသာကြောင့် စည်းရုံးရေးစွမ်းရည် ချို့တဲ့လာရင် အကြမ်းဖက် သယ်။ မှန်ကန်ကြည်လင်သဲ့ သဘောတရားအမြင် ခေါင်းပါးလာရင်လည်း အကြမ်းဖက်သာပဲ။ သူက အကြမ်းဖက်လို့ ကိုယ်ကပြန်ပြီး အကြမ်းဖက်နဲ့ မီးခိုးမဆုံး မိုးမဆုံးဖြစ်ပြီး ဒီမိုကရေစီ ချုပ်ငြိမ်းမယ်။ ငါ့ညီတွေ၊ ငါ့ရဲဘော် တွေ မြဲမြဲမှတ်ထားဖို့ကတော့ အကြမ်းဖက်သာဟာ ဒီမိုကရေစီရဲ့ ရန်သူပဲ"

**ပုဂံစာအုပ်တိုက်**

ထိုအခါ ကိုကောင်းစံက ဝင်ပြော၏။

"သက်ဆိုင်သူတွေ ကြားကြလားဟေ့။သူတစ်ပါးကိုသတ်မယ်ကြံရင် ငါ့ကို သူတစ်ပါးက သတ်ရင်ကော ကြိုက်မလား။ တစ်ခေါက်တစ်မျှော်ကြီး တွေးပါ၊ စဉ်းစားပါ။ အထပ်ထပ်အပြန်ပြန် စဉ်းစား။ စဉ်းစားမှ အမှားနည်းမယ်"

"ဗိုလ်ချုပ်တို့ လွတ်လပ်ရေး အရေးဆိုလို့ လန်ဒန်ကိုသွားမယ် ပြောသံကြားလိုက်သလားလို့ ရဲဘော်ရန်ကြီးအောင်"

ကြွက်သိုး။ သူလည်း ရဲဘော်ဟောင်းတစ်ယောက်ပင်။

"ဟုတ်ပါသယ်ဗျာ။ ကျွန်တော် ခုနကပြောမိပါသယ်"

"ငွေကြေးပစ္စည်း အကုန်အကျခံ၊ လူတွေ အသေခံပြီး ဖက်ဆစ်ငပု တွေကို မောင်းထုတ်ထားသာဟာ ကျွန်တော်တို့ နိုင်ငံကို ပြန်လိုချင်လို့ မဟုတ်လားဗျာ။ အေးအေးဆေးဆေးနဲ့ ပေးပါ့မလား"

"ငပုတွေကို တိုက်သာက ဖက်ဆစ်ဝါဒ ကမ္ဘာပေါ်က ကွယ်ပျောက်ရေးဗျ။ မြန်မာနိုင်ငံကိုတော့ ဆက်ပြီး သွေးစုပ်လို့ရရင် တစ်သက်လုံး စုပ်နေချင်သာပေါ့ဗျာ။ သာပေမယ့် ကျွန်တော်တို့ တပ်မတော်ကချည်း ငပု နှစ်သောင်းကျော်ကိုသတ်ပြီး သည်ထဲမှာ လက်ဖတင်နင်ဂျင်နရယ် တစ်ကောင်၊ မေဂျာဂျင်နရယ် နှစ်ကောင် ပါသနော။ ဒဏ်ရာရနဲ့ လက်နက်ချ ၂၅၀၀ ကျော် ဖမ်းမိသဲ့ ကျွန်တော်တို့ရဲ့အရည်အချင်းကို သူတို့ သိထားလေတော့ ရှေးတုန်းကလိုတော့ မမာရဲဘူး။ မမာရဲလို့ ဗိုလ်ချုပ်ကြွပါလို့ ဖိတ်ခေါ်သာပဲ"

"ကောင်းပါလေ့ဗျာ။ ကျုပ်တို့က ချချင်လို့ လက်ယားနေပြီဗျ"

"အဲသာကိုလည်း ဗိုလ်ချုပ်သိသယ်။ သိသဲ့အတွက် 'တစ်နှစ်အတွင်း လွတ်လပ်ရေး ရရပါစေ့မယ် ကတိပေးရင်ပေး၊ မပေးရင် ချမှာပဲ' ပြတ်ပြတ်ပဲ ပြောနေပြီလေဗျာ"

**ပုဂံစာအုပ်တိုက်**

"ဒါမှ တို့ဗိုလ်ချုပ်ကွ"

ဖဆပလများနှင့် ပရတဖ၊ ဗတလစများ ဝမ်းသာအားရအော်ကြ၏။

"အားလုံးသော ရဲဘော်များ၊ မိတ်ဆွေများခင်ဗျား၊ ကျွန်တော် အခု လာသာက ဘိုးဘွားအမွေ လယ်ကလေးယာကလေးများ ထုခွဲဖို့လာသာပါ။ ရောင်းချပြီးရင် ပြန်မှာပါဗျား"

နိုင်ငံရေးစကားကို ဤတွင်ရွှေ့ဖြတ်လိုက်ငြား လူစု အတော်နှင့် မကွဲချေ။ မေးကြမြန်းကြ စုံစမ်းကြသည်။ သူနှင့် လက်ထပ်ထားသော ကြည်ကြည့်ကို တိုင်းလုံးကျော် ယူသည့်အတွက် စကားများမည်လော သိလိုဇောဖြင့် လာသူများကား ပေကပ်နေသေးသည်။

ကြည်လှနှင့် မဖွားခင်၊ မဖဲလှတို့က "ထမင်းကျက်နေပြီ၊ ဘယ်မှ မသွားနဲ့" လာပြောတော့မှ လူစုကွဲသည်။ ထိုအခါတွင်မှ ကိုရန်ကြီးအောင်မှာ ဤအိမ်ကြီးတွင် တိုင်းလုံးကျော် မနေကြောင်း၊ ညီအစ်ကို မစည်းလုံး၍ ကြည်ကြည် မျက်နှာပူပြီး ခွဲဆင်းသွားကြောင်း သိရတော့သည်။

"ညီလေးရေ၊ ဘဒွေးကျိုင်း မရှိတော့သဲ့အချိန်မှာ သည်ညီအစ်ကိုပဲ ကျန်ခဲ့ကြပြီ။ အစ်ကိုကြီးရင် အဖအရာတဲ့။ စိတ်နောက်ကိုယ်ပါလုပ်ရင် မှားမယ်။ မှားရာမှာလည်း ပြင်လို့ရသဲ့အမှား၊ ပြင်လို့မရသဲ့အမှား နှစ်မျိုး ရှိသယ်။ သတိထားပါကွာ"

တိုင်းလုံးကျော်သည် အစ်ကိုဝမ်းကွဲကိုကား ရိုသေဟန်ရှိ၏။ နှုတ်တုံ့ မပြန်ပေ။

"အဲသည်တော့ အစ်ကို့ဝေစုကို ရောင်းရင် ဘယ်လောက်ရမတုန်း"

ကိုကောင်းစံဘက်သို့ လှည့်မေးသည်။

"ဘာရမှာတုန်းအစ်ကိုရာ။ မသကာ ရမှ လေးငါးထောင်ပေါ့။ သည်တော့ ခဏစောင့်ပြီး လယ်ထွက်ယာထွက်သီးနှံ တစ်ဝက်ခွဲယူသွားပေါ့၊ မရောင်းပါနဲ့။စပါးနဲ့ ပဲနှမ်းကို ရွာမှာပဲရောင်းရောင်း၊ဦးလေး ဦးတောက်ထိန်ဆီ

သွားရောင်းရောင်း လွယ်ပါသယ်။ ရောင်းရသာ လက်ဝင်သယ်ထင်လည်း ကျွန်တော့်ကို အလကားပေးခဲ့”

“တော်သဲ့လူကွာ။ မန္တလေးမှာ ထားခဲ့ရသဲ့ မင့်တူမလေးကို သူ့အဘိုးအဘွားက စောင့်ရှောက်ထားလို့ မပူရပေမယ့် ဖအေ့ဆီက အထောက်အပံ့ကလေးရရင် ဝမ်းသာရှာမှာပေါ့ကွာ”

သို့စဉ်တွင် မဖဲလှက ကြေးလက်လေးသစ် စားပွဲခုံဝိုင်းတစ်လုံးကို လာခင်း၏။ မဖွားခင်နှင့် ကြည်လှက ထမင်းဟင်း သယ်လာ၏။ တိုင်းလုံးကျော်သည် ဟင်းပန်းကန်များကို ငုံ့ကြည့်ပြီး ရှုံ့မဲ့ကာ ထွက်သွား၏။

“စကားမှ မပြတ်သေးသာ။ ထမင်းစားသွားကွာ”

“ဟင်းယူပြီး ပြန်လာခဲ့မယ်”

ကိုကောင်းစံသည် တိုင်းလုံးကျော် ဝိုင်းဝသို့ ရောက်သွားသည်အထိ လှည့်ကြည့်နေပြီးမှ “အစ်ကိုလာသာ အမွေကိစ္စတစ်ခုတည်းလား”ဟု မေး၏။

“ပြည်သူ့ရဲဘော်တွေ အသင့်ပြင်ထားဖို့ ကိစ္စပါသကွ။ ဘိလပ်မှာအဆင်မပြေဘူးဆိုသာနဲ့ ပုလိပ်ဌာနတွေစီး၊ ကင်းဂတ်တွေသိမ်း၊ ဗမာ့တပ်မတော် မဟုတ်သဲ့ စစ်စခန်းမှန်သမျှသိမ်း။ လမ်းတံတား၊ သင်္ဘောဆိပ်ဘူတာရုံ၊ လေယာဉ်ပျံကွင်း၊ ကြေးနန်းရုံမှန်သမျှ သိမ်းမယ်။ ပွဲရှိမှ ထဘီရှာ၊ အိုးဆူမှဆန်ရှာ မဖြစ်စေရဘူး။ လာပါလိမ့်မယ်ကွာ၊ မြို့နယ်တွေကို ညွှန်ကြားပါလိမ့်မယ်”

ကြည်လှနှင့် ဖွားခင်၊ မဖဲလှတို့သည် ထမင်းပွဲဘေးတွင် ယပ်ခတ်ပေးနေကြ၏။ မဖဲလှက

“တိုင်းလုံးကျော်ကို ပြောခဲ့ဦးနော်။ အစ်ကိုကို နည်းနည်းမှ မရိုသေဘူး။ တဖြည်းဖြည်းနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေပြီ”

ဝိုင်းဝဘက်သို့ မျက်လုံးကစားရင်း ပြော၏။

“ကြီးတော်ခများမှာတော့ ‘သား၊ သား’ နဲ့ တစ်သားတည်း

သားလိုက်ရသာ။ သူက သုံးရက်တစ်ခေါက်တောင် မရောက်ဘူး"

ကြည်လှ၏ တိုင်တောသံ။

ကြည်လှပြောသော ကြီးတော်မှာ ဒေါ်ရွှေခက်၏အစ်မ ဒေါ်ဆယ် ဖြစ်သည်။ ခများမှာ အိပ်ရာထဲတွင် လဲနေပြား ဝမ်းမနာသားကိုကား တစ်နေ့မျှ မမေ့ရှာလေ။ သို့သော် ကိုရန်ကြီးအောင်သည် ကြည်လှစကားကို မကောက်ဘဲ သီးခြားစကားကို စတင်၏။

"မိမွေဘမွေကိုတော့ ငါတို့ ခံစားနေကြပြီ။ သလိုဆိုရင် မိမွေဖမွေ ဖြစ်သဲ့ မိဘဘိုးဘွားရဲ့ကောင်းမှုတွေလည်း စောင့်ရှောက်သင့်သယ်ထင်သကွ"

"ဟယ်" ခနဲ ကိုကောင်းစံ အော်သည်။ စားပွဲခုံကို ပုတ်သည်။ "ကြည့်စမ်း၊ မိုက်လိုက်သာ မေ့လိုက်သာ" ဟု မြည်တမ်းသည်။

"ဘာကိုပြောတာတုန်း ငါ့ညီ"

"ကျွန်တော်တို့ဘ သွေးသောက်ကြီးဦးမိုးကောင်း၊ ဒေါ်မင်းဘော်တို့ရဲ့ ကောင်းမှုဘုရားကြီးနဲ့ ကျောင်း ကျန်ခဲ့သာပါကလား"

"ကျုပ်တို့တော့ ဥပုသ်နေ့တိုင်း ဆွမ်းတော် သွားကပ်ပါသတော်"

မဖဲလှက မျက်စောင်းတချီချီဖြင့် ဝင့်ဝါ၏။ ဖွားခင်ကလည်း အားကျ မခံပါ။

"ကျုပ်တို့လည်း ဝါဝင်ဝါထွက် ဥပုသ်စောင့်နိုင်သဲ့အခါဆိုရင် ကျောင်းကိုသွားပြီး ဥပုသ်စောင့်ပါသယ်"

"သည်ကျောင်းမှာ ဥပုသ်မစောင့်လို့ ဘယ်သွားစောင့်မှာတုန်းဟင်။ ဦးလုံးရဲ့မြေးရယ်လို့ မပြောရဘူး"

"ကျွန်တော့်အတင်းကို ပြောနေကြသာလားဗျို့"

လှမ်းအော်ရင်း ဟင်းတစ်ခွက်ယူပြီး တိုင်းလုံးကျော် ပြန်ရောက် သာ၏။ ထမင်းပွဲတွင်ဝင်ထိုင်ရာက "မဖွားခင်၊ ဘာပြောနေသာတုန်း" မသုံမလဲ မေး၏။

"သားသမီး၊ မြေး၊ မြစ်တွေရဲ့ ဝတ္တရားကို ပြောနေသာပါ"

"အလကားပါ၊ ပဒေသရာဇ် အယူအဆတွေပါ"

ရှုံ့ရှုံ့မဲ့မဲ့ပြောရင်း ထမင်းခွဲ့သည်။ ကိုကောင်းစံမှာ ကိုရန်ကြီးအောင်အား အားကိုးတကြီးကြည့်သည်။ သို့သော် ကိုရန်ကြီးအောင် အရေးမထားပေ။

"သားသမီးဝတ်ငါးပါးထဲမှာ 'မွေခံထိုက်စေ၊ လှူမြှုဝေ၍၊ စောင့်လေမျိုးနွယ်'ဆိုသဲ့ အချက်သုံးချက်ကို ကနေ့ ငါတို့ ရင်ဆိုင်နေရပြီ ငါ့ညီတို့"

"ဟုတ်ပါသယ်အစ်ကို။ မိဘဘိုးဘွားရဲ့အမွေကို ခံယူရာမှာ ခံယူထိုက်သဲ့ အရည်အချင်းရှိဖို့ လိုသဗျ။ ဥပမာ– ကျွန်တော်တို့။ ဘနဲ့ အမေကြီးထားခဲ့သဲ့ မြေတွေ ခွဲယူသယ်။ ဘနဲ့အမေကြီး တည်ထားခဲ့သဲ့ ဘုရားနဲ့ ကျောင်းကို မပြုပြင်မမွမ်းမံ မစောင့်ရှောက်ဘဲထားရင် လယ်ထဲယာထဲကရသဲ့ အသီးအနှံတွေ မစားသင့်ဘူး"

"ဘုရားကြီး ရွှေသင်္ကန်းကပ်ဖို့ မတတ်နိုင်သေးလည်း ပေါ်တုန်းပေါ်ခါမှာ ဓာတ်မီးအင်ဂျင်စက်တစ်လုံး စုပေါင်းစပ်ပေါင်း ဝယ်လှူကြရအောင်"

ဖွားခင်၏အကြံကို "ရွာကလည်း ထည့်ကြမှာပါ။ နင်တို့ ခေါင်းခံဖို့ကောင်းသယ်၊ ကောင်းသယ်နဲ့ ပြောနေကြသယ်" ဟု မဖဲလှကလည်း ပြော၏။

ဘုန်းကြီးကျောင်းနှင့် ဘုရားကို လျှပ်စစ်ဓာတ်မီး ထွန်းညှိပူဇော်ရန် မီးစက်တစ်လုံး ရှိခဲ့ဖူးသည်။ လျှပ်စစ်မီးစက် ဒါယကာမှာ ဘုရားနှင့် ကျောင်း၏ မူလဒါယကာ သွေးသောက်ကြီး ဦးမိုးကောင်း၊ ဒေါ်မင်းဘော် ဖြစ်ပေသည်။

ထိုမီးစက်သည် ဖက်ဆစ်ခေတ်တွင် လေကြောင်းရန်ကာကွယ်ရေးအတွက် မကြာခဏ မှောင်ချထားရသည့်အတွက် ဖုန်တက်နေသည်။

**ပုဂံစာအုပ်တိုက်**

မကြာမီတွင်ကား မြန်မာပြည်တစ်ဝန်းလုံးရှိ အခြားဘုရားများမှ မီးစက်များနှင့်အတူ ဖက်ဆစ်စစ်တပ်က လာရောက်သိမ်းယူသွားတော့သည်။ ဤသို့လျှင် ဓာတ်သိမ်းခဲ့သော မီးစက်ကို အမွေခံမြေးများက ဦးဆောင်လှူဒါန်းရေးတွင် တိုင်းလုံးကျော် သဘောမတူပေ။

"ကျွန်တော်ကတော့ အလုပ်သမား၊ လယ်သမား ကျောက်ရုပ်ကြီးတွေ ထုလုပ်ပြီး မီးထွန်းမယ်ဆိုရင် ထည့်မယ်ဗျာ"

"သူငယ်နာရောဂါဆိုသာ အဲဒါပေါ့ကွ"

ကိုရန်ကြီးအောင်၏ စကားတစ်ခွန်းက ထိသည်။ တိုင်းလုံးကျော် တွန့်ခနဲဖြစ်သွားသည်။ ရန်ကြီးအောင် မမြင်ယောင်ဆောင်ကာ ဆက်ပြော၏။

"နောက်တစ်ချက်။ ဘိုးဘွားများရဲ့ အမွေအနှစ်ကိုစားပြီး ဘိုးဘွားကို ရည်စူးပြီး ကုသိုလ်ကောင်းမှု မလုပ်ဘူး၊ ကောင်းမှုအဖို့ကို အမျှအတန်း မဝေဘူးဆိုရင်လည်း ဝတ္တရား မကျေဘူး"

"အစ်ကိုကြီး၊ ကျွန်တော် မပြောချင်လို့ နားထောင်နေသာဗျ။ ဘတို့၊ အမေကြီးတို့ကိုရည်စူးပြီး အမျှအကန်းဝေရအောင် နောင်ဘဝဆိုသာ ရှိလို့လား။ အစ်ကိုကြီး မှတ်ထား။ နောင်ဘဝ မရှိဘူး။ သေရင် ပြီးပြီ။ ပြတ်ပြီ"

တိုင်းလုံးကျော် ခေါင်းခါခါ လည်ခါခါ ပြောသည်။ ထိုအခါ ကိုကောင်းစံလည်း မနေနိုင်တော့ပါ။

"ဘတို့ အမေကြီးတို့ဟာ ဗုဒ္ဓဘာသာတွေပဲ ညီညီ။ ခုဘဝ ကောင်းမှုပြုမှ ခုဘဝရော နောင်ဘဝပါကောင်းမယ်ဆိုပြီး ကောင်းမှုပြုခဲ့ကြသာပဲ။ ဒါကြောင့် ဘတို့ အမေကြီးတို့ကို ရည်စူးပြီး ကောင်းမှုကုသိုလ်ပြု၊ အမျှဆရမယ်"

"ခုဘဝမှာ ချမ်းသာအောင် လုပ်မပေးနိုင်လို့ မမြင်ရသဲ့ နောက်ဘဝနဲ့ နှပ်သိမ့်ထားသာ။ လှည့်ဖြားလိမ်လည်ထားသာ။ ရှေးဘုန်းရှေးကံရှိလို့ ဘုရင်ဖြစ်သာ၊ သူဌေးသူကြွယ်၊ မြေပိုင်ရှင်ဖြစ်သာလို့ ယုံကြည်တော့မှ မတော်လှန်ဘဲ

နေမှာမဟုတ်လား။ မရဘူး၊ ကျုပ်တို့ ဘော်လ်ရှီဗစ်တွေကတော့ လက်မခံဘူး"

ဖွားခင်နှင့် မဖဲလှမှာ မျက်လုံးအဝိုင်းသားဖြင့် ကိုကောင်းစံတို့အား သာ ကြည့်နေမိကြလေ၏။

"စကားလုံးသစ်၊ အကြောင်းအရာသစ်ကို အထူးအဆန်းလုပ်ပြီး ပြောနေသာပါကလားညီလေး။ ကလေးငယ်တစ်ယောက်ဟာ သူရလာတဲ့ ကစားစရာအဆန်းကို ထုတ်ကြွားသလို ကြွားနေတာပါကလား။ ငါ့ညီ ရှေ့လျှောက် နိုင်ငံရေးမလုပ်နဲ့၊ ကြာလေကြာလေ လူဆုရန်သူဖြစ်လာမယ်"

ကိုရန်ကြီးအောင်က စိန်းစိန်းကြည့်ပြီးပြောသည်။ "သည်ဘိုးဘွားရဲ့ အမွေအနှစ်ကိုတော့ စားနေပြီး သည်ဘိုးဘွားရဲ့ အမွေကို မထိန်းသိမ်း၊ သည်ဘိုးဘွားရဲ့ ဗုဒ္ဓဘာသာ အနွယ်အဆက်ကို ဖျက်မယ်ဆိုရင် ညီလေးဟာ မွေခံထိုက်စေ မဖြစ်တော့ဘူး" ဟု ဆက်ပြောပြီးမှ လက်ညှိုးငေါက်ငေါက် ထိုးသည်။

"ရတနာသုံးပါးနဲ့ ဆရာသမားမိဘကို မပြစ်မှားနဲ့၊ ဘေးဆိုးဒဏ်ဆိုး သင့်မယ်။ လက်ထဲမှာ သေနတ်ရှိသယ်ဆိုပြီး သွေးတကြွကြွနဲ့ ဟိုလူ့ သတ်မယ်၊ သည်လူ့သတ်မယ် ကြံရင် မှားမယ်။ မင့်သဘောတရားတွေကို မင်းယုံရင်၊ တစ်ဖက်သား လက်ခံလာအောင် စည်းရုံးပါတော့လား ညီလေး"

"အစ်ကိုကြီး၊ မဟုတ်သာ မစွပ်စွဲနဲ့ဗျ။ ကျွန်တော် ဘယ်သူ့ကိုမှ သတ်ဖို့မကြံဘူး။ မှန်ရာပြော သစ္စာ"

တိုင်းလုံးကျော် အထိတ်တလန့် ငြင်းသည်။

"သဘောတရားတွေလေ့လာရင် ကြေညက်အောင်လေ့လာပါ ညီလေး။ လူထုထုမှာ မီးရှူးမီးပန်းလွှတ်သလို လုပ်ကောင်းရုံလေး အဖျားဆွတ်ပြီး"

အလွန်ပြင်းထန်သော ပေါက်ကွဲသံကြီး ရုတ်တရက် ပေါ်လာသည်။ ညီအစ်ကို သုံးယောက်လုံး ခုန်ချသည်။ မြေပေါ်၌ ပြားပြားဝပ်သည်။

"တာလမ်းဆီက၊ တာလမ်းဆီက"

**ပုဂံစာအုပ်တိုက်**

ပြေးလွှားရင်း အော်ဟစ်သံများ တစ်ရွာလုံးညံသွားသည်။ ညီအစ်ကို သုံးယောက်လည်း ထမင်းပွဲတွင် ပြန်ထိုင်သည်။

"ဖက်ဆစ်တွေရဲ့ ရက်စက်ယုတ်မာမှုကို ကြုံရ၊ မဟာမိတ်အမည်ခံ နယ်ချဲ့သမားရဲ့ ဗုံးဒဏ်စက်သေနတ်ဒဏ်ကြောင့် ခေါင်းပြတ်၊ ခြေပြတ်၊ လက်ပြတ်တွေကို နေ့တိုင်းမြင်ခဲ့ရသဲ့ လူထုရဲ့စိတ်ဓာတ်ဟာ ခက်ထန်နေပြီ။ သည်အချိန်မှာ တိုက်ပွဲလက်ကျန် လက်နက်ခဲယမ်းမီးကျောက်တွေကို ရကြနဲ့။ ယဉ်ကျေးသဲ့အတွေးအခေါ် အယူအဆရှိသဲ့ ဗုဒ္ဓအဆုံးအမကို ပစ်ပယ်ကြရင် မီးခိုးမဆုံး မိုးမဆုံး သတ်ကြ ဖြတ်ကြ သေကြေကြတော့မှာပဲ။ သည်မယ်ညီလေး"

ဆူညံဆူညံအသံများကြောင့် ဝိုင်းဝသို့ လှမ်းကြည့်ကြ၏။ ဂုံနီအိတ် နှစ်လုံးအပြည့် အဖောင်းကို ပေါ့ပါးစွာ ထမ်းဝင်လာသော ကိုကျော်ညံ။

"စံမတူနဲ့ ငကြိုင်။ စံမတူနဲ့ ငကြိုင်"

အော်လျက်ဝင်လာရာက ဆူညံသွားအောင် ပစ်ချသည်။ ချွေး ကတက်တွင် မျက်စိပျက်မျက်နှာပျက် ထိုင်နေသည်။

ကိုကျော်ညံသည် လယ်ထဲယာထဲသို့ သွားရင်းသော်လည်းကောင်း၊ လယ်ထဲယာထဲမှ ပြန်ရင်းသော်လည်းကောင်း၊ အလုပ်ပိုလုပ်၏။ အလုပ် ပိုမှာ စစ်တပ် အမှိုက်ကျင်းများကို ဖော်ခြင်းဖြစ်၏။

ကုလားဖြူ ကုလားနက် စစ်တပ်များက တာလမ်းကို ဗဟိုပြုလျက် နေရာအနှံ့အပြား စခန်းချသွားကြသည်။ စခန်းချရာနေရာမှ ခွာခါနီးတွင် သူတို့ သုံးစွဲခဲ့သော ဘူးခွံ၊ ပုလင်းခွံ၊ စက္ကူ၊ ဂုံနီအိတ်၊ တောင်းပလုံး၊ ခြင်းများကို မြေမြှုပ်ပစ်ခဲ့သည်။ ထိုအထဲတွင် ရက်လွန်သည် ထင်ရသည့် စည်သွတ်ဘူးများလည်း ပါဝင်သည်။

တောသူတောင်သားများသည် စစ်တပ်ထွက်ခွာသွား၍ ဖုန်လုံးငြိမ်လျှင် ထိုကျင်းများကိုအလုအယက်ဖော်ကြတော့သည်။ရသမျှအမြတ်ချည်းဖြစ်၏။

ဂုဏ်နီအိတ်ပင် ရဦး၊ တစ်လုံး နှစ်ကျပ်ဖြစ်သည်။ ဘီယာပုလင်း ပုတိုတို တစ်ပုလင်းကိုရောင်းလျှင် တစ်ကျပ်ရသည်။ အခြားအခြားသော စည်သွတ်ဘူးခွံများမှာလည်း မြို့ပေါ်ရှိ သံဖြူဆိုင်က လက်ယပ်ခေါ်နေသော စွန့်ပစ်ပစ္စည်း ကုန်ကြမ်းများဖြစ်၏။

မွဲရာတွင် ထပ်ဆင့်ပြီး 'ပြာ'ဖြစ်နေသော လူများသည် မဖောက်ရသေးသော စည်သွတ်ဘူးများကိုတွေ့ရလျှင် ရတနာပုံဆိုက်သည်ထင်ကြ၏။ သို့ကြောင့် ကိုကျော်ညွှန့်သည် ယာသွားယာပြန် လယ်သွားလယ်ပြန်ရင်း ရှာဖွေမှတ်သားဖော်ယူခဲ့သည်မှာ ကြာပြီ။

ကိုကျော်ညွှန့်နည်းတူ စွန့်ပစ်ပစ္စည်း ကျင်းဟောင်းများကို အခြားသူများလည်း လိုက်လံရှာဖွေကြသည်။ တူးဖော်ကြသည်။ ဤအထဲ၌ စံမတူနှင့် ငကြိုင်လည်း အတွဲတစ်တွဲအဖြစ် ပါဝင်သည်။

ထိုအတွဲသည် ယနေ့လည်း ကျင်းဟောင်း လိုက်လံရှာဖွေရာ ကိုကျော်ညွှန့် အနီးသို့ ရောက်လာကြ၏။ "အရက်မကုန်သေးသဲ့ ပုလင်းများတွေ့ရင် တို့ကိုပေးပါကွာ" အော်သွားသေး၏။ သူတို့သည် ကံအားလျော်စွာပင် ကိုကျော်ညွှန့် တူးဖော်နေသောကျင်းမှ လှမ်းမြင်ရသောနေရာတွင် ကျင်းတစ်ကျင်းတွေ့သည်။

သို့သော် ကုလားဖြူ ကုလားနက်တို့ တူးခဲ့ ဖို့ခဲ့သော ကျင်းမဟုတ်။ ဖက်ဆစ်တွေတူးပြီး၊ ကုလားတွေ ဖို့ပစ်ခဲ့သော ကတုတ်ကျင်းဖြစ်၏။ ဤသည်ကို မသိ။ မြေမွသည်ကိုသာ သိသောကြောင့် စံမတူနှင့် ငကြိုင်အားတက်သရော ဖော်သည်။ ဘူးခွံ၊ ပုလင်းခွံ မတွေ့။ ဝါယာကြိုးတစ်စတွေ့သည်။

ဝါယာကြိုးမှာလည်း နီးထက်ခိုင်သည်၊ လျှော်ထက်ခိုင်သည်။ ထွန်သန်တုတ်မည်လော။ လှည်းတွေ တုတ်မည်လော၊ အလဟဿမဖြစ်။ စံမတူ ဆွဲသည်။ ရုတ်တရက် မပါ။ အားစိုက်ဆွဲမှ ပါသည်။ ပါလာသည်နှင့် တစ်ပြိုင်နက် အုန်းခနဲ ပြင်းထန်စွာ မြည်ဟီးပေါက်ကွဲသည်။

**ပုဂံစာအုပ်တိုက်**

ကိုကျော်ညွှန်သည် တူးဆဲကျင်းထဲတွင် ထိုင်ချလိုက်၏။ ထိုင်လျက်က မသိမသာ ခေါင်းပြုကြည့်သည်။ မီးခိုးလုံးကြီးသည် မိစ္ဆာကောင်ကြီး တစ်ကောင် မာန်ဖီသည်သို့ အုပ်မိုးနေ၏။ တဖြည်းဖြည်း ပြယ်၏။ ပိုးလိုး ပက်လက်လန်နေသော လူနှစ်ယောက်။

သို့အတွက် ကျော်ညွှန် ပြေးသွားသည်။ သွေးခဲသွေးတစ်များ၊ အသား စများ၊ သွေးလူးနေသည့် အရိုးများ။

"ဘာဖြစ်တာတုန်း"

မေးမြန်းသံများ ဆူညံလျက် လူအချို့ပြေးလာသည်။ ကိုကျော်ညွှန် ကား ဆက်မကြည့်ရဲသဖြင့် ပြန်ပြေးလာသည်။ တူးဖော်လက်စကျင်းကို ဆက်မဖော်နိုင်။ တဆတ်ဆတ်တုန်သော အသားစများက သူ့မျက်လုံးထဲမှ မထွက်။ ကယောင်ချောက်ချားဖြင့် ရမိသမျှ ထိုးထည့်ကာ ပြန်ပြေးလာခြင်း ဖြစ်ပေသတည်း။

"ဒါဟာ တမင်လုပ်ပစ်ခဲ့သာပဲ။ မြေမြှုပ် ဆွဲမိုင်းခေါ်သယ်။ နောက် ဆယ်နှစ်ကြာမှ အစကို သွားဆွဲလည်း ကွဲမှာပဲ၊ သေမှာပဲ"

ကိုကောင်းစံ တောက်ခေါက်ရင်း မြည်တမ်း၏။

"ယုန်ထောင် ကြောင်မိဆိုသာ အဲသာပေါ့ဗျ။ အင်္ဂလိပ်စစ်တပ်ကို ရည်မှန်းပြီး ထောင်ခဲ့ပေမယ့် ခံရသာက ကျုပ်တို့ လူထု"

ကိုကျော်ညွှန်က တုန်ယင်စွာပြောသဖြင့် "ဘယ်က ဟုတ်ရမှာတုန်း။ ကျုပ်တို့မြန်မာတွေကို တမင်သေစေချင်သဲ့ စေတနာဆိုးနဲ့ ထောင်ပစ်ခဲ့ သာဗျာ့" ဟု တိုင်းလုံးကျော် ဝင်ပြောသည်။

"ခင်ဗျားစဉ်းစားကြည့်။ ကုလားဖြူစစ်သား၊ ကုလားမည်းစစ်သားက သလိုဝါယာကြိုးစကလေး မြုပ်နေသာတွေ့ရင် မဆွဲရဘူးဆိုသာ သိသယ်၊ နားလည်သယ်။ အဲသာကြောင့် မဆွဲဘူး၊ မသေဘူး။ အဲ ကျုပ်တို့ မြန်မာ ဆာသူတောင်သားတွေကတော့ ဝါယာကြိုး တစ်ထွာပဲရရ၊ တစ်တောင်ပဲရရ

အသုံးတည့်သာပဲဆိုပြီး ဆွဲမယ်။ ဆွဲရင် သေမယ်ဆိုသာ ဖက်ဆစ်ဂျပန်တွေ ကြိုပြီးမြင်သယ်၊ သိသယ်။ အဲသာကြောင့် မြန်မာလူထုကို သေပါစေ၊ ဒုက္ခိတဖြစ်ပါစေဆိုသဲ့ စေတနာဆိုးနဲ့ ထောင်ထားခဲ့သာ"

တိုင်းလုံးကျော်မှာ ရှင်းပြအပြီး၌ တောက်ခေါက်နေပြန်ရာက "သာလောက်ယုတ်မာမှန်းသိရင်၊ သာလောက်မိုက်ရိုင်းမှန်းသိရင် စစ်တောင်း မြစ်ကူး တိုက်ပွဲမှာမိသဲ့အကောင်တွေကို ကျုပ် သတ်ပစ်ပါသယ်ဗျာ" ဟု နာကျည်းစွာ ပြော၏။

"အေး၊ ဂျပန်ထောင်ပစ်ခဲ့သဲ့မိုင်းတွေဟာ နောက်ထပ် ငါတို့ မြန်မာ ဘယ်လောက်ကို သတ်ဦးမယ် မသိဘူး။ မြေမြုပ်နေသဲ့ ဝါယာကြိုးတွေ့ရင် မကောက်နဲ့၊ မဆွဲနဲ့ သတိပေးမှ ဖြစ်တော့မှာပဲ"

ကိုကောင်းစံမှာ ရိဝေစွာ ငေးမောရင်း မြည်တမ်းမိသည်တွင် ကိုရန်ကြီးအောင်က ထမင်းလက်စသတ်ရင်း ဝင်ပြော၏။

"သည်ဟာမှာလည်း ဂျပန်ကောက်ကျစ်သလို အင်္ဂလိပ်လည်း ယုတ်မာသာပဲ ငါ့ညီရ။ သဘောပေါက်လား"

"တော်တို့မှာ တစ်ဆိတ်ရှိ အင်္ဂလိပ်မကောင်းကြောင်းပဲ ပြောနေ"

ထမင်းပွဲသိမ်းရန် ချဉ်းကပ်လာရင်း ရန်တွေ့သူမှာ ကြည်လှ။ ထိုအခါ တွင်မှ ကြည်လှကို ကိုရန်ကြီးအောင် သတိထားမိ၏။ လုံးကျစ်သော ပါးအို့ ကလေးများမှာ ဆေးမစွက်ဘဲလျက် နှုတ်ခမ်းနှစ်လွှာနှင့် ပြိုင်ဆိုင်နီစွေးနေ၏။ ကြည်လဲ့သော မျက်လုံးအစုံကလည်း နီစွေးရောင်နှင့် လိုက်လျော၏။

ကြည်လှ မျက်လွှာချသွားငြား ကိုရန်ကြီးအောင် ကြည့်မြဲကြည့်နေ ရင်းက "နင့်အင်္ဂလိပ်ကကော၊ ဘယ်မှာကောင်းသာရှိလို့တုန်း။ ဟိုဘက်ကမ်း ဆင်သေရွာမှာ ငါတို့ နင်တို့ သုံးအိမ်ထောင် လုပ်ကိုင်စားသောက်နေသာကို မနေရဘူးဆိုပြီး သည်ဘက်ကို နှင်လွှတ်သာ အင်္ဂလိပ်ဟာ သိရဲ့လား" ဟု ပြောသည်။

**ပုဂံစာအုပ်တိုက်**

ကြည်လှသည် နှုတ်ခမ်းစူပြီး ပြန်ကြည့်၏။

"သူကဖြင့် သည်မှာမရှိဘဲနဲ့ ရမ်းပြောနေသာ။ တကယ်သိသာက ကျုပ်"

"အေးပါ ဟုတ်ပါသယ်" အလျှော့ပေးလိုက်ရာက ."ငါ့စကား ဆက်ရဦးမယ်" ဆိုပြီး ကိုကောင်းစံဘက်သို့ ပြန်လှည့်၏။

"အင်္ဂလိပ်ဆီမှာ ဂျပန်လက်နက်ချတုန်းက 'မင်းတို့ ဘယ်မှာ မြေမြှုပ်မိုင်းတွေထောင်ထားခဲ့သတုန်း၊ မိုင်းမြေပုံပေးပါ' တောင်းရမယ်။ တောင်းပြီးရင် အဲသည်မြေပုံအတိုင်း လိုက်ရှာဖော်ထုတ်။ ဖောက်ခွဲသင့်သာ ဖောက်ခွဲပစ် လုပ်ရမယ့်တာဝန် သူ့မှာရှိပေမယ့် မလုပ်ဘူး။ အဲသာကြောင့် နှစ်ကောင်လုံး ကောက်ကျစ်ယုတ်ညံ့သယ်လို့ ပြောသာငါ့ညီ"

"သာနဲ့များ အရှေ့တောင်အာရှ သာတူညီမျှ ကောင်းစားရေးတဲ့။ မဟာမိတ်တဲ့၊ ရယ်ရသဗျာ၊ ထွီ"

တံတွေးမထွေးချင်ဘဲလျက် အသံထွက်အောင်ထွေးကာ ထရပ်သဖြင့် ကိုရန်ကြီးအောင်က မော့ကြည့်၏။

"ဘယ်ကို ကြွဦးမလို့တုန်း"

"အစ်ကိုနဲ့ ကြည်လှ၊ နှစ်ယောက်တည်း ထားခဲ့မလို့"

"မင့်ပါးစပ်ကြီးကကွာ"

"စံမတူနဲ့ ကိုကြိုင်တို့ အလောင်းတွေ သွားကြည့်ဦးမယ်အစ်ကို။ ကိုယ့်ရဲဘော် မဟုတ်ပေမယ့်၊ ကိုယ့်ရွာသားတွေ မဟုတ်လား"

# ၅

"လူထုအားကို အများကြီးလိုသည်။ မိုလ်ချုပ်အစိုးရ အချိုးကျကူညီ ဝိုင်းဝန်းကြရမည်။ ဝင်ငွေကောင်းအောင် အကြောင်းရင်းရှာမည်။ ငွေထွက်နည်းဖို့ အမြဲပဲကြံစည်။ ကိုင်းရင်းသားများသည် ဝိုင်းဝန်းကြရမည်။ နည်းနည်းတော့ အပျော်အပါး လျှော့စေချင်ပါသည်။ မြန်မာပြည်ထောင်စုကို ပြန်လည်ထူထောင်မှုနဲ့ ပြုပြင်မည်။

စည်းရုံးပါလို့ တို့တစ်တွေ ထူထောင်ပါမည်။ ပိုက်ဆံချွေတာကာ သုံးမဖြုန်းပါနဲ့အတည်။ တို့ငွေတွေ နိုင်ငံခြားကို မသွားရအောင် ကြံဆောင်ပါရမည်။ လူထုအားကို အများကြီးလိုသည်"

မယ်ဒလယ်သံက တိုးညင်သော်ငြား လက်ခုပ်သံက ကျယ်လောင်လွန်းသည်။ သံပြိုင်ပိုဒ်အရောက်တွင်ကား သံပြာ၊ သံဝါ၊ သံကြောင်များ တစ်ရွာလုံးကို ဖုံးတော့သည်။

အောက်အရပ်တွင် မိုးကောင်းနေချိန်ဖြစ်၏။ သည်သွေးသောက်စု တစ်လွှားတွင်ကား အပူသက်သာရုံမျှသာ ရှိသည်။ မိုးကားမရွာ။

လဝင်သွားသည်မှာ ကြာပြီ။

တိမ်ပုပ်များ မျောလာလျှင် မှောင်သွားလိုက်၊ တိမ်ပုပ်ရွေ့လျှင် လင်းလာလိုက်ဖြင့် မစို့မပို့ အလင်းရောင်အောက်တွင် ထိုင်လျက်တချို့၊ ရပ်လျက်တစ်သွယ် ကခုန်မြူးထူးနေကြခြင်းဖြစ်သည်။ ချောင်းဘက်မှ တစ်တီတူး အော်သံပေါ်လာသည်။

ဗိုလ်ချုပ်တို့ ဘိလပ်သွားအဖွဲ့သည် တစ်ယောက်နှစ်ယောက် ကန့်လန့်တိုက်သည်ကိုမမှု။ တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမည့်ကတိကို ရယူလျက် အောင်မြင်ပြုံးရွှင်စွာ ပြန်လာခဲ့သည်။ ကတိရခဲ့ပြီဖြစ်သဖြင့် ဗိုလ်ချုပ်သည် နိုင်ငံတော် ပြန်လည်ထူထောင်ရေးအတွက် စီးပွားရေးဘက်သို့ ဦးလှည့်လာသည်။

ဗိုလ်ချုပ်က စီးပွားရေးဟု ဆိုလိုက်သောအခါ ဖဆပလ အလံတော်အောက်ရှိ အဖွဲ့အသင်းများလည်း ပြန်လည်ထူထောင်ရေးနှင့် စီးပွားရေးဘက်သို့ ငဲ့စောင်းကြည့်ရမှန်း သိလာကြတော့သည်။

ဤအတောအတွင်း သမိုင်းဝင် ပင်လုံစာချုပ် ပေါ်ပေါက်လာသည်။ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ကျင်းပသည်။ လွှတ်တော်ကို ပြည်သူ့ရဲဘော်များနှင့် ပြည်သူ့အရေးတော်ပုံ ဆိုရှယ်လစ်ပါတီ ဖဆပလများ ဖုံးလွှမ်းသွားသည်။

နိုင်ငံတော်ကြီး၏ ရှေ့ရေးကား ဖြောင့်ဖြူးသာယာနေသည်။ တိုင်းပြည်ကို ပြာပုံဘဝမှ မည်သို့မည်ပုံ ထူထောင်မည်ဟု စီမံကိန်းများ ရေးဆွဲကြသည်။ ကိုကောင်းစံတို့ ပြည်သူ့ရဲဘော်များလည်း ပုလိပ်များနှင့်သူ့ ငါမယုံ၊ ငါ့ သူမယုံရှိရာမှ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းရေး အတွက် လက်တွဲကြသည်။ ကင်းဂတ် လက်လှမ်းမမီသော နေရာများရှိ ပြည်သူ့ရဲဘော်များသို့ သေနတ်များ ထုတ်ပေးသည်အထိ အခြေအနေကောင်းနေချေသည်။

**ပုဂံစာအုပ်တိုက်**

ထိုအခါတွင် ကိုကောင်းစံမှာ ဇနီးရှိရာ ပြည်သို့ လိုက်ရမည်လော။ ယာနှင့် လယ်ကို သီးစားချထားခဲ့ရမည်လော စဉ်းစားရပြီ။ သို့သော် လယ်လုပ်သူ လယ်ပိုင်ရေး၊ သီးစားခမပေးရေး၊ အမတော်ကြေး လျော်ပစ်ရေးကို ကွန်မြူနစ်များက ကြွေးကြော်လှုံ့ဆော်နေသည်။ လှုံ့ဆော်ကြငြား အကောင်အထည် မပေါ်။

ဗတာလစများမှ အာဏာရှိသည်။ သီးစားခကို တစ်ယောက်တစ်နှံစား၊ သုံးပုံနှစ်ပုံ စသည်များကို ပယ်ဖျက်လျက် "သီးစားခ၊ လယ်ခွန်တော် နှစ်ဆ" ပြဋ္ဌာန်းရန် ပြင်ဆင်နေပြီ။

မည်သို့လုပ်ရပါမည်နည်းဟု အတွေးထဲ၌ ကိုကောင်းစံ ချာလည်ဝေ့နေစဉ် "ကိုကိုရေ၊ကိုကို" အော်သံပေးလျက် တိုင်းလုံးကျော်ပြေးလာသည်။ သူ့နောက်မှလည်း လူတစ်ယောက် ပြေးလိုက်လာသည်။ ရန်ဖြစ်ပြီအထင်ဖြင့် ကိုကောင်းစံထသည်။

"ညီညီ၊ ငါတို့ သည်မှာဟေ့"

တိုင်းလုံးကျော် ပြေးလာသည်။

"ဗိုလ်ချုပ်.... ဗိုလ်ချုပ်.... လုပ်.... လုပ်.... လုပ်ကြံခံရှသတဲ့ဗျ"

အစ်ကို့ကို ဖက်ငိုချလိုက်လေ၏။

"ညီညီ ပြန်ပြောစမ်း။ ဘာဖြစ်သယ်၊ ဘာပြောသယ်"

"ဗိုလ်ချုပ် လုပ်ကြံခံရလို့ ကွယ်လွန်ပြီတဲ့ဗျ"

တိုင်းလုံးကျော်သည် ကလေးတစ်ယောက်နယ် အော်ငိုလျက် မြေကြီးကို လက်သီးဖြင့် ထုသည်။ ထိုးသည်။ ရွာပြင်ထွက်ကာ လွတ်လပ်စွာ သီဆိုကခုန်နေသူများမှာ "ဟယ်" ခနဲ အော်ကာ တိတ်ငြိမ်သွားကြသည်။ ခဏကြာမှ အော်ဟစ်ငိုယိုသံကြီး ပေါ်လာလေ၏။

နောက်မှပြေးလိုက်လာသူမှာ ရန်သူမဟုတ်။ ကိုရန်ကြီးအောင်ဖြစ်၏။

"ငါလည်း ကြားခဲ့သယ်ဟေ့။ ဘုရင်ခံက သခင်နုကိုခေါ်ပြီး ဗိုလ်ချုပ်

နေရာမှာ တာဝန်ပေးသတဲ့။ အဲသာလည်း အရေးကြီးသာမှန်ပေမယ့် အရေးကြီးဆုံးက ငါတို့ရဲဘော်တွေကို ငါတို့ ထိန်းဖို့ပဲဟေ့။ ဟိုလူ့ထင် သည်လူ့ထင်၊ ဟိုလူ့မဲ သည်လူ့မဲနဲ့ စိတ်လိုက်မာန်ပါလုပ်ကြရင် ရန်သူ့အကြိုက်ကျသွားလိမ့်မယ်”

ကိုရန်ကြီးအောင်၏အသံသည် ငိုသံမှန်တိုင်းကြား၌ မြုပ်ချေပေါ်ချေဖြစ်နေ၏။ ဟုတ်ပါသည်။ အခြားအင်အားစုများ၌ လက်နက်ရှိသည်သာ၊ သို့သော် လက်နက်ပုန်း။ ပြည်သူ့ရဲဘော်များတွင်ကား ပြောင်ပြောင်တင်းတင်း တရားဝင်ကိုင်ထားသော လက်နက်တွေ။

သေနတ်ကိုလွယ်ထားပြား ပစ်ခွင့်မရှိ။ မပစ်ရ မနေနိုင်လျှင် ခွလောက်လေးကိုသုံးစွဲကာ လောက်စာလုံးဖြင့်ပစ်ပါလေ။ ထိုသို့ ချုပ်တီးထားရသော ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်များသည် စိတ်နောက်ကိုပါ ဒေါသတကြီးထလုပ်ကြပါမူ ယခုထက်တိုင် ရုပ်သိမ်း၍ မကုန်သေးသော ကုလားဖြူကုလားနက်တပ်တွေ၏ အကြိုက်ကျသွားမည်။

ကြောင်နက်တပ်။ ပခုံးတံဆိပ်တွင် ကြောင်နက်ရုပ်ပါသဖြင့် ခေါ်သောအမည်။

မြန်မာတို့အား ဓားပြဘေး၊ သူခိုးဘေးမှ စိတ်မချသောကြောင့် ချရပ်ထားခြင်းမဟုတ်ချေ။ နတ်မောက်ဘက်တွင် ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်များ နိုင်ငံရေးနယ်ကျွံကာ ဂုတ်တွေစီး လက်နက်တွေ လုသည်။ ထိုသူများကို နှိမ်နင်းရန် ဆင်းလာသောကြောင်နက်တပ်သည် ပြည်သူ့ရဲဘော်များကို မတိုက်ခိုက်ပါ။ ကျေးရွာတွေသို့ ဝင်ရောက်ပြီး၊ မြန်မာမများကို စော်ကားသွားကြသည်။

လက်စားချေသောအားဖြင့် စော်ကားချင်စိတ် ပြင်းပြနေသော ထိုရန်သူများသည် သည်သတင်းဆိုးကိုကြားခါခဏတွင် ဝမ်းသာအားရ တပ်လှန့်သားလိမ့်မည်။ အမြောက်တွေ၊ သေနတ်တွေကို တိုက်ချတ်ထားကြလိမ့်မည်။

သို့အတွက် ကိုရန်ကြီးအောင် နောက်မှ ပြေးလိုက်လာခြင်းဖြစ်၏။

"မယုံဘူး၊ မယုံဘူး။ ဒါဟာ နယ်ချဲ့နောက်လိုက်တွေ ခြေထိုးသဲ့ သတင်းဖြစ်ရမယ်။ ငါတို့ ဗိုလ်ချုပ်ဟာ သေနတ်ပီးသယ်"

ငိုသံများ မိန်သွားချိန်တွင် ငိုသံပါကြီးဖြင့် ပြောလိုက်သံဖြစ်၏။

"သခင်မြ၊ မန်းဘခိုင်၊ ဒီးဒုတ်ဦးဘချိုတို့က အတွင်းဝန်ရုံး အစည်းအဝေးခန်းထဲမှာ ဆုံးကြသယ်တဲ့"

မဟုတ်တရုတ်စကားကို ကိုရန်ကြီးအောင် အရေးမစိုက်။ သူ ကြားခဲ့ရသမျှကို ဆက်လက်ပြောပြသည်။ ခပ်လှမ်းလှမ်းမှ မီးတန်းသုံးခု ပေါ်လာသဖြင့် ငိုသံများ တိတ်သွားသည်။ မြို့နယ်မှ ရဲဘော်များဖြစ်သည်။ သူတို့နှင့်အတူ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဌာနချုပ်မှ ပေးပို့သော ညွှန်ကြားလွှာဖြစ်သည်။

"မနေ့တုန်းက ကျဆုံးသာပါကလား"

ကိုကောင်းစံသည် ညွှန်ကြားလွှာကို ဖတ်အပြီး၌၊ "ဗိုလ်ချုပ်လည်း အွန်းသဲစပေါ့ပဲလား" ဟု မေး၏။

"ဗိုလ်ချုပ်က စားပွဲထိပ်မှာထိုင်သူပဲဗျာ၊ သူ့ကို မဲပစ်သာပေါ့။ စကာပေါက်ဖြစ်အောင် ဒဏ်ရာများပေမယ့် အသက်ပြင်းသယ်။ ဆေးရုံရောက်မှ ကျဆုံးသာ။ ခေါင်းဆောင်တွေ စိုးရိမ်သာက ဗမာ့တပ်မတော်ကို အထင်လွဲမှာ အစိုးရိမ်ဆုံးပဲ"

စာယူလာသူ သုံးယောက်အနက် အတွင်းရေးမှူးက ပြောခြင်းဖြစ်၏။

"ဗိုလ်ချုပ်တို့ကို ဝင်ပြီး လုပ်ကြသဲ့ အကောင်တွေ ဘယ်လောက်ယုတ်မာသတုန်းဆိုရင် ရိုးရိုးမလာဘူး။ ဘားမားရိုင်ဖယ်တပ်၊ ပခုံးဒေါက် ခြသေ့်တွေ တပ်လာသယ်။ အဲသာကြောင့် ဘားမားရိုင်ဖယ်နဲ့ ပဋိပက္ခဖြစ်မှာ သိပ်စိုးရိမ်နေကြသယ်"

တောက်ခေါက်သံများ ကျယ်လောင်စွာ ပေါ်လာသည်။ ဆဲရေးတိုင်းထွာကြသည်။

## ပုဂံစာအုပ်တိုက်

"ဗိုလ်ချုပ်က သူ့ကိုယ်သူ ယုံသယ်ဗျ။ ငါ့နိုင်ငံ ငါ့လူမျိုး ကောင်းစားဖို့ လုပ်နေသဲ့အတွက် ဘာရန်သူမှမရှိဘူး။ ဘာအစောင့်အရှောက်မှ မထားနဲ့၊ လွတ်လွတ်လပ်လပ် ဝင်ထွက်ပြီး ဘယ်သူမဆို တွေ့ပေစေ အမိန့်ပေးထားတော့ အတွင်းဝန်ရုံးမှာ ဘာအစောင့်အရှောက်မှ မရှိဘူး။ ရေတိမ်နစ်ရတာ၊ နစ်ရတာ"

ကြားဝင်ပြောပြသူ ရဲဘော်ကိုယ်တိုင် ကြူကြူပါအောင် ငိုသောအခါ မယ်ဒလင်ဝိုင်းမှ ရဲဘော်များ ထပ်မံငိုယိုကြပြန်သည်။

"ကဲ အစ်ကိုကြီး၊ ကျွန်တော် လိုက်သွားဦးမယ်။ ကျွန်တော့် ရဲဘော်တွေကို ဖျောင်းဖျထိန်းသိမ်းလိုက်ပါဗျာ"

ကိုကောင်းစံသည် အတွင်းရေးမှူး၏ ဘိုင်စကယ် ဘားတန်းပေါ် တက်လျက် လိုက်ပါသွားလေ၏။

ပြည်သူ့ရဲဘော်တပ်ဖွဲ့မှာ ဗိုလ်ချုပ်ကျဆုံးသည့်အတွက် ကံဇာတာ နိမ့်ပါးခဲ့ပြီ။ ဖဆပလမှ ဗမာပြည်ကွန်မြူနစ်ပါတီ ထုတ်ပယ်ခံရစဉ်က ပြည်သူ့ရဲဘော်မှာ အဖွဲ့ခံရငြား မသိသာလှ။ တပ်နီထဲသို့ အများအစားမပါ။ ပြည်သူ့အရေးတော်ပုံ ဆိုရှယ်လစ်ပါတီကလည်း ပြည်သူ့ရဲဘော်ကို သွားရည်ကျသဖြင့် 'ရှပ်နီ' တပ်ဖွဲ့ ဖွဲ့စည်းခဲ့ငြား စင်ပြိုင်လုပ်ရာကျသဖြင့် ဖျက်သိမ်းပေးခဲ့ရသည်။

ယခုသော်ကား ကြောက်ရွံ့ ရိုသေရသူ အရှိန်အဝါ ဩဇာကြီးမားသူ နေမင်းကြီးကွယ်ခဲ့ပြီ။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဖဲ့ရွဲ့ကြတော့မည်။

ဖဆပလနှင့် ပြည်သူ့ရဲဘော်တပ်ဖွဲ့ ခေါင်းဆောင်များသည် ပါးနပ်လိမ္မာစွာ ထိန်းသိမ်းနိုင်ခဲ့ကြသဖြင့် ဗိုလ်ချုပ်သတ်မှတ်ခဲ့သည့် လွတ်လပ်ရေးလမ်းမှ မျက်ခြည်မပြတ်ခဲ့ကြချေ။

မြို့နယ်လုံးကျွတ် ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်များ အစည်းအဝေး မတိုင်မီပင် ခြေရာလက်ရာ ပေါ်လာသည်။ စီအိုဒီလက်နက်ပျောက်မှုများနှင့်

ဆက်စပ်လျက် မြန်မာနိုင်ငံ စုံထောက်အဖွဲ့က ဂဠုန်ဦးစောနှင့် အပေါင်းပါများကို ဖမ်းဆီးနိုင်ခဲ့ပြီ။

စစ်တပ်တို့မည်သည် ကျည်ဆံတစ်တောင့်ပင် အတိမ်းအစောင်းမခံ။ စည်းကမ်းကြီးသည်။ ဗြိတိသျှစစ်တပ်၏ စီအိုဒီဝင်းအတွင်းရှိ လက်နက်ဂိုဒေါင်မှ ဘရင်းဂန်း အလက် ၂၀၀ ပျောက်ဆုံးသွားမှုကိုကား စစ်အရာရှိများသည် မသိကျိုးကျွံပြုနေခဲ့ကြ၏။ အပူတပြင်း စုံစမ်းဖော်ထုတ်ရန်နှင့် တာဝန်ရှိသူကို အရေးယူရန် မကြိုးပမ်းခဲ့ကြပေ။

ဖဆပလဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်နှင့် ဝန်ကြီးများ၊ အတွင်းဝန်တစ်ဦး သက်တော်စောင့်တစ်ယောက်၊ စုစုပေါင်းကိုးယောက် လုပ်ကြံခံရချိန်တွင် ထိုမသမာမှုကြီးမှာလည်း မလွှဲမရှောင်သာ ပေါ်ပေါက်လာရတော့သည်။ ဗြိတိသျှစစ်တပ်သည် ပြာပုံပေါ်မှ မြန်မာပြည်ကြီးကသောင်းကနင်းဖြစ်စေရန် ဂဠုန်ဦးစောအား ဘရင်းဂန်း ၂၀၀ သာမက အခြားလက်နက်များပါ အလိမ်ခံရဟန်ဖြင့် ထုတ်ပေးခဲ့သည်။

မျိုးချစ်ပါတီခေါင်းဆောင်၊ ၉၁ ဌာနအုပ်ချုပ်ရေးခေတ် နန်းရင်းဝန်ဟောင်း ဦးစောသည် တစ်နိုင်ငံလုံး အပြောင်းလွဲကြီး ပြောင်းလွဲနေသည်ကို မျက်ကွယ်ပြုသည်။ ၉၁ ဌာနခေတ်နည်းတူပင် ဆက်လက်တွင်ကျယ်လိုသည်။ တွင်ကျယ်ခွင့် မရတော့ပါ။

အလုပ်သမား၊ လယ်သမားကြားသို့ တိုးဝင်ပျံ့နှံ့လာသော ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒကို ဦးစော မသိပါ။ ထိုဝါဒဘက်သို့ အာရုံညွှတ်နေသည့် ပြည်သူလူထုအား မစည်းရုံးနိုင်ပါ။ ကြီးကျယ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ကျော်စောကိတ္တိကိုလည်း ဦးစော မတုပနိုင်ပါ။ သို့ကြောင့် ဖြတ်လမ်းနည်းကိုရှာသည်။ဖြတ်လမ်းနည်းကား အကြမ်းဖက်ခြင်းဖြစ်သည်။

ဤသို့ဖြင့် သူသည် ၁၃၀၉ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်နေ့ နေ့လယ်၊ မိုးဖွဲကလေး တစိမ့်စိမ့်ရွာနေစဉ်တွင် ပြည်သူ့အသည်း ပြည်သူ့

အသက်ဖြစ်သော ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်လိုက်သည်။ ရှင်ဘုရင်ကို သတ်သူ ရှင်ဘုရင်လုပ်ရသော ခေတ်မဟုတ်ပါ။

ပြည်သူ့ခေါင်းဆောင်၊ လူထုမျက်ရှုဖြစ်သော ဖဆပလခေါင်းဆောင်များကို သတ်လိုက်၍ ဂဠုန်ဦးစောသည် ဖဆပလခေါင်းဆောင် ဖြစ်မလာပါ။ ဖဆပလနှင့် ပြည်သူ့ရဲဘော်များ ဆိုရှယ်လစ်များကလည်း ဒေါသတကြီး မရမ်းကားသောအခါ ရောင်တော်ပြန်နှင့် သောင်းကျန်းရန် အရပ်ရပ်သို့ ကြိုတင်ဖြန့်ဝေထားသည့် ဘရင်းဂန်းများကို အသုံးမပြုလိုက်ရပါ။

ပြည်သူ့သစ္စာတော်ခံ စုံထောက်များသည် လက်တွေ့သတ်ဖြတ်သော လူသတ်သမားများကိုချည်း ကွက်ပြီး မဖမ်းဆီးပါ။ အသတ်ခိုင်းသော ဦးစောကိုသာမက လက်နက်ထုတ်ပေးသော စစ်အရာရှိယုတ်များကိုပါ အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သည်။

ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးသည် လက်ဝဲလက်ဖြင့် မျက်ရည်သုတ်လျက် လက်ယာလက်ဖြင့် ဆက်လက်အလုပ်လုပ်ရာ ဗိုလ်ချုပ်သတ်မှတ်ခဲ့သည့်အတိုင်း တစ်နှစ်အတွင်း လွတ်လပ်ရေးကြေညာနိုင်ပေတော့မည်။ လွတ်လပ်ရေး ကြေညာမည့်နေ့ကား ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်။

ထိုရက်မတိုင်မီပင် လယ်ခွန်တော်နှစ်ဆ သီးစားခအမိန့် ပေါ်ထွက်လာပြီ။ လယ်သမားတွေ တပြုံးပြုံး ဖြစ်သလောက် မြေပိုင်ရှင်တွေ နှုတ်ခမ်းဒုကြတော့သည်။

သို့ရာတွင် မြန်မာပြည် ကွန်မြူနစ်ပါတီကား သီးစားခ အမိန့်ကိုလည်း မထောက်ခံ၊ လွတ်လပ်ရေးကိုလည်း မကြိုဆိုပေ။

လျင်မြန်စွာ တိုးတပ်ဖြစ်ပေါ်လာသော ထိုအခြေအနေကြားတွင် ဒေါက်ယက်ခတ်နေသူမှာ တိုင်းလုံးကျော်ဖြစ်သည်။

“လယ်ခွန်တော်နှစ်ဆ သီးစားခဆိုသာဟာ တော်လှန်တဲ့ ပြည်သူ့

မျက်စိကို သဲနဲ့ပက်သာဗျာ့။ လယ်လုပ်သူ လယ်ပိုင်ရေး အညွန့်အညှောက်ကို ချိုးပစ်သာ"

သည်စကားကို သူ ပြောချိန်တွင် သူရှေ့၌ သူ့အစ်ကိုနှစ်ယောက်နှင့် စောမင်းဒင်၊ နိုင်ကျော်သောင်းတို့ ရှိနေသည့်အတွက် ကိုကောင်းစံ၏ မေးခွန်းနှင့် ရင်ဆိုင်ရတော့သည်။

"ညီညီ၊ ဖဆပလ အလံတော်အောက်မှာနေပြီး ဖဆပလကို ပုတ်ခတ်သာ မကောင်းဘူး။ ရွာထဲမှာ ငါတို့ချည်း နေသာမဟုတ်ဘူး။ တခြား ဖဆပလတွေ၊ ရဲဘော်တွေလည်းရှိသယ်"

"ဟုတ်သာပြောသာပဲဗျ"

"ဖဆပလကို ဆန့်ကျင်စကား ပြောချင်ရင်တော့ ပြည်သူ့ရဲဘော် တပ်ဖွဲ့ထဲက နုတ်ထွက်မှကောင်းမှာပေါ့"

"ဆန့်ကျင်သယ်ဗျာ၊ နုတ်ထွက်သယ်ဗျာ"

လက်သီးလက်မောင်းတန်းပြီး ဒေါသတကြီး အော်၏။ ကိုကောင်းစံကား မနုးမနပ်ကလေးပါကလားဟူသော အပြုံးဖြင့် ကြည့်နေ၏။ ကိုရန်ကြီးအောင်မှာမူ မပြောဘဲမနေနိုင်။

"နိုင်ငံရေးကို စိတ်ပျက်သွားပြီလားညီလေး"

"ဘာလို့ စိတ်ပျက်ရမှာတုန်း။ ကျွန်တော်ဟာ နိုင်ငံရေးသတ္တဝါဗျာ့။ ဖောက်ပြန်တွေဝေသဲ့ နယ်ချဲ့လက်ပါးစေ အရင်းရှင်သူလျှို၊ ကွန်ပရာဒိုတွေရဲ့ ဖဆပလထဲက ထွက်ပြီး ရဲရင့်တော်လှန်ပြတ်သားသဲ့ တောင်သူလယ်သမား သမဂ္ဂ ဖွဲ့စည်းမယ်။ ဖွဲ့စည်းဖို့တောင်းဆိုနေသဲ့ လယ်သမား၊ ယာသမားတွေ အားကြီး"

ကိုကောင်းစံမှာ ဆတ်ခနဲဖြစ်သွားရာက "တောင်သူလယ်သမား သမဂ္ဂဆိုတော့၊ ကွန်မြူနစ်ပေါ့"ဟု အော်လေ၏။

"ဟုတ်သယ်၊ ကျွန်တော် ကွန်မြူနစ်"

**ပုဂံစာအုပ်တိုက်**

တိုင်းလုံးကျော် ဝန်ခံလိုက်ပုံမှာ စစ်ပွဲကြီးတစ်ပွဲကို အောင်မြင်လိုက်သော သူ့ရဲကောင်းဟန်ဖြစ်သည်။

"အေး၊ အေး"

ကိုရန်ကြီးအောင်က ပြုံးပြီး ခေါင်းညိတ်လိုက်ရာက "ညီလေးက ကွန်မြူနစ်ဆိုရင် ဗိုလ်ချုပ်ကို ဘယ်လိုသဘောထားတုန်း"စိန်းစိန်းကြည့်လျက် မေး၏။

"ဗိုလ်ချုပ်ဟာ ကျွန်တော်တို့အဖေ၊ အမျိုးသားခေါင်းဆောင်ကြီး"

"သွားပြီ။ သည်တစ်သက် မင်း ကွန်မြူနစ်မဖြစ်ဘူး"

အသံထွက်အောင် ရယ်မောလျက် ကိုရန်ကြီးအောင် ခေါင်းခါ၏။ တိုင်းလုံးကျော် မရယ်မောပါ။ မျက်နှာထားဖြင့် ပြန်ကြည့်၏။

"အစ်ကိုကြီး ဘာဖြစ်လို့ ရယ်တာတုန်း၊ ရှင်းပါ"

"ကွန်မြူနစ် ဖြစ်ချင်ရင် ဗိုလ်ချုပ်ကို ဗိုလ်ချုပ်လို့ မခေါ်ရဘူး။ သခင်အောင်ဆန်းလို့ခေါ်ရမယ်"

"အို၊ ဗိုလ်ချုပ်မို့ ဗိုလ်ချုပ်ခေါ်သာနဲ့၊ ကွန်မြူနစ်နဲ့ ဘာဆိုင်သတုန်း"

"အေး၊ သခင်အောင်ဆန်းသည် အမျိုးသားသစ္စာဖောက်ဖြစ်၏လို့ ဒုပ်စွဲပုတ်ခတ်ရင် ဘာလုပ်မတုန်း"

"ဆွဲထိုးမှာပေါ့"

"အေး၊ အဲသာကြောင့် ဘယ်တော့မှ ကွန်မြူနစ်ပါတီဝင် မဖြစ်ဘူး။ ဘာကြောင့်တုန်းဆိုတော့ ဘယ်ကွန်မြူနစ်ကမှ ဗိုလ်ချုပ်ကို ဗိုလ်ချုပ် မခေါ်ဘူး။ အမျိုးသားသစ္စာဖောက်လို့လည်း အမြဲပုတ်ခတ်သယ်။ ကဲ"

တိုင်းလုံးကျော်မှာ ချေပရန် အခက်အခဲတွေ့ရသည်။

"ကွန်မြူနစ်ဝါဒကို လိုလားသူ၊ လက်ခံသူတော့ ဖြစ်ကောင်းဖြစ်မယ် ညီညီ။ မြန်မာပြည် ကွန်မြူနစ်ပါတီဝင်တော့ ညီညီ မဖြစ်ဘူး"

ကိုကောင်းစံ ပြောအပြီးတွင် ကိုရန်ကြီးအောင်က "ပဋိပက္ခရှိမှ

တိုးတက်မှုတွေရှိမယ်" ဆိုသဲ့ တေးချင်းကအစ ငါ မကြိုက်ဘူး" ဆို၏။

"ဟာ အစ်ကိုကြီးကလည်း၊ ပဋိပက္ခဖြစ်မှ ငြင်းကြခုံကြ ဆွေးနွေး ကြနဲ့ အမှန်တရားကိုတွေ့မှာပေါ့။ သာဟာ တိုးတက်သာ မဟုတ်ဖူးလား"

"တကယ်ဖြစ်နေသာက ညီလေးပြောသလို မဟုတ်ဘူးကွ။ သူ တစ်ပါးက သည်လိုမြင်ရင် ငါက ဟိုလိုမြင်မယ်ဆိုသဲ့ ကန့်လန့်တိုက်စိတ်၊ ခွစိတ်တွေမွေးပြီး ပဋိပက္ခ ဖန်တီးသာပဲ တွေ့တွေ့နေရသယ်"

ထိုအခါ ကိုကောင်းစံ ဥဒါဟရဏ်တစ်ခုထုတ်ပြ၏။

"တိတ်ဆိတ်နေချိန်မှာ ဖောင်းခနဲမြည်အောင်လုပ်ပြီး လူတွေ ခေါင်း ထောင်အောင် ကောင်းကင်ကို ရှူးခနဲ အစိမ်း၊ အနီ၊ အပြာ၊ အဝါရောင်တွေ ပွင့်ပေါက်သွားသဲ့ မီးပန်းကို လူတွေ အာရုံစိုက်သလို စိုက်အောင်လုပ်ရာ ရောက်သွားသပေါ့ကွာ"

"ကိုကို၊ ဒါ သက်သက် စော်ကားသာပဲ"

ကြမ်းကို လက်သီးဖြင့်ထုသည်။ "ကမ္ဘာ့ပစ္စည်းမဲ့တွေကို စော်ကား သာပဲ" ဟု ဒေါသသံဖြင့်ဆို၏။

"ညီလေးရာ၊ လေးလေးနက်နက် စဉ်းစားကွာ။ သေသေချာချာ စဉ်းစားကွာ။ ကားလ်မတ်က်စ် အိန်ဂျယ်လ်နင် အစရှိသဲ့ နာမည်စိမ်း နာမည် ဆန်းတွေကို ခံတွင်းတွေ့နေသာလား၊ ကွန်မြူနစ်ဝါဒကို သဘောကျသာ လား။ ဘော်လ်ရှီဗစ် မင်ရှီဗစ်လို့ပြောလိုက်သဲ့အခါ ကြားရသဲ့လူက ပါးစပ် အဟောင်းသားနဲ့ ကြည့်နေသာကို အရသာတွေ့သာလား။ ကွန်မြူနစ်ဝါဒ ကို နားလည်ယုံကြည်သာလား။ ကိုယ့်ကိုယ်ကို ပြန်ပြီး မေးဦး"

သူ့ဒေါသကို ကိုရန်ကြီးအောင် အသိအမှတ်မပြု။ သတိပေးစကားကို အလေးအနက်ပြောသည်။

"ကွန်မြူနစ်ဝါဒကို နကန်းတစ်လုံး မသိဘဲနဲ့ ဖက်ရှင်ထွင်သာ မျိုးတော့ မလုပ်ပါနဲ့ညီညီရာ။ သေသေချာချာ လေ့လာပါ။ အပေါ်ယံကြော

ကွန်မြူနစ်တွေကြောင့် ကွန်မြူနစ်အစစ်တွေ နာမည်ပျက်ရင် မကောင်းဘူး”

တိုင်းလုံးကျော် စိတ်ဆိုးရပြန်သည်။

“ကိုကို၊ ခင်ဗျား ကျွန်တော့်ကို စော်ကားသာ နှစ်ခါရှိပြီ”

ကွပ်ပျစ်ပေါ်မှ လှျောဆင်းသည်။ ရေနွေးကြမ်းတစ်ခွက်ပြီး တစ်ခွက် သောက်ရုံမှအပ ဘာတစ်ခွန်းမျှ ဝင်မမေး ဝင်မပြောသော စောမင်းဒင်နှင့် နိုင်ကျော်သောင်းတို့အား လှမ်းမေးသည်။

“တောင်သူလယ်သမား သမဂ္ဂထဲမှာ ခင်ဗျားတို့ပါမယ် မဟုတ်လား”

“ဒါတွေ ကျုပ် စိတ်မဝင်စားဘူးဗျာ”

စောမင်းဒင်က ခေါင်းခါခါ လည်ခါခါငြင်းသလို၊ နိုင်ကျော်သောင်း ကလည်း “ကျွန်တော်ကတော့ ပြည်သူ့ရဲဘော်ပါပဲဗျာ” ဟု ဖြေ၏။

“အလကားပဲ။ မျက်ကန်းမျိုးချစ်တွေနဲ့ ဆွေးနွေးရသာလေကုန်သယ်”

ကိုကောင်းစံ ရယ်မောသည်။

“ညီညီကတော့ နစ်နာစေချင်လို့ ကင်ပွန်းတပ်သာပဲ။ ကိုကို့မှာဖြင့် အဲသလို အခေါ်ခံရသာ ဂုဏ်ယူလို့မဆုံးဘူး။ ဝမ်းသာသယ်၊ ကျေးဇူး တင်သယ်”

ရယ်မောသံမှာ တိုးဆင့်ကျယ်လောင်သွားပြန်လေ၏။

## ၆

မီးခွက်ထွန်းချိန် ဖြစ်သည်။

မီးခွက်ထွန်းချိန်ဟု ဆိုသော်လည်း အိမ်တိုင်းတွင် မီးရောင်မလက်သေးပါ။ လယ်ထဲ၊ ချောင်းထဲ၊ ယာထဲ၊ ကိုင်းထဲ၊ ကျွန်းထဲမှ အချို့ပြန်လာဆဲ၊ အချို့ပြန်ရောက်စဖြစ်သည်။ ကိုရန်ကြီးအောင်နှင့် ကိုကောင်းစံလည်း ခြေလက် မျက်နှာ ဆေးပြီးနောက် ထမင်းပွဲသို့ တန်းဝင်ကြသည်။

သူတို့ထမင်းပွဲတွင် အသက်ဆိုင်ဆုံးလူများမှာ သင်းထုံနှင့် မဖဲလှ၊ ဖွားခင်တို့သာဖြစ်၏။ သင်းထုံနှင့် ဖွားခင်မှာ ကိုယ့်လယ်၊ ကိုယ့်ယာ သီးသန့်ရှိကြ၊ သည်ညီအစ်ကို၏ အကူအညီ အမအစမှ မလွတ်။ မဖဲလှမှာလည်း ယခင်ကတည်းက ချက်ပြုတ်ကျွေးမွေးနေခဲ့သူမို့ အထူးဆိုဖွယ်မရှိချေ။

သို့ရာတွင် ကြည်လှသည် ဟင်းခွက်နှစ်ခွက်လာပို့၏။ ရင်ပေါင်စာချက်နှင့် နှမ်းဖတ်ချည်သုပ်။

"ရင်ပေါင်စာငါးက မွှေးလှချည်လား ထင်နေသာ။ လက်စသတ်တော့ ကြည်လှပါကလားဟ။ ဩော်.... ပွဲသွားမလို့ ထင်ပါရဲ့"

ကြည်လှမျက်နှာတွင် သနပ်ခါးအဖွေးသား၊ ခေါင်းမှာ ပန်းတွေ အဝေသားဖြင့်။ သူသည် ခေါင်းငုံ့သွားရာက "ဟင်းနော်။ မစနဲ့" ဟု ဆိုသည်။ ဆိုသော်လည်း ထွက်မသွား။

"ငါ့အစ်ကိုမှာ သူ့အစုကို ရောင်းလို့ရရင်ရ၊ မရရင် ရသလောက်ရောင်းပြီး မန္တလေးသွားမယ်ပြောပြီး ရောက်လာသာ။အခု ရောက်နေသာ ဘယ်လောက်ကြာပြီတုန်း ကြည်လှ။ နင် စဉ်းစားစမ်း"

ကြည်လှမှာ ရှက်စနိုးဖြင့် တိုင်အကွယ်သို့ဆုတ်သွား၏။

"ကြိုက်မရှက် ဝော်မရှက်တဲ့ ငါ့နှမရေ့။ စာကလေး ဘာပြုလို့ အိမ်စွန်မှာ နားသတုန်း၊ စပါးလှန်းထားသမဟုတ်လား။ ကြည်လှ နင် စိတ်ကူးမလွဲနဲ့။ ငါ့အစ်ကိုက နင့်လိုပဲ ရှက်တတ်သာပဲ။ ဟောဟော အယောင်ယောင်အမှားမှားနဲ့ ရေတတ်သီးချက်ကို သောက်နေပြီ"

အမှန်မှာမူ ကိုရန်ကြီးအောင်သည် ကျီးအာရွက်ပြုတ်ကို ထမင်းထဲတွင် မြုပ်ပြီး ရေတတ်သီးချက်ဆမ်းရန် ခပ်ယူခြင်းသာဖြစ်၏။ သို့ပါလျက်နှင့် ဇွန်းဦးက ပါးစပ်နားသို့ မော့တက်သွား၏။

ကိုရန်ကြီးအောင် ရှက်ကိုးရှက်ကန်းဖြင့် ဇွန်းကို ထမင်းပန်းကန်ထဲသို့ ပစ်ချ၏။

"ကောင်းစံ၊ မင်း မင်း တော်တော်ရှုပ်သကွာ"

လက်သီးဖြင့် ရွယ်သည်။

သင်းထုံနှင့် မဖလှမှာ ကွပ်ပစ်ပေါ်တွင် တင်ပါးလွဲထိုင်နေရာက ရယ်မော၏။ ကြည်လှမှာကား မှောင်ရိပ်၌ တခစ်ခစ်ဖြစ်နေ၏။

"ကြည်လှနော်၊ နင် မူမနေနဲ့။ ကျန်ရစ်ဖြစ်သွားမယ်"

မှောင်ရိပ်သို့လှမ်းပြောရာက ကိုရန်ကြီးအောင်ကို လှည့်ကြည့်ပြန်သည်။

"အစ်ကိုကလည်း ခိုးချင်သာလည်းပျာလို့၊ လက်နှေးလိုက်တာလည်း

ချာလို့ လုပ်မနေနဲ့ဗျ။ ပြော ပြော၊ ညီပေမယ့် ကျွန်တော့်ကိုပဲ လူကြီး သဘောထား။ ဟဲ့၊ ကြည်လှ လာစမ်း။ နင်တို့ ကြိုက်နေပြီလား"

ကြည်လှ ပြေးလေပြီ။

"ငါ့ညီရာ၊ အားနာစရာကြီးကွာ။ ခမျာ ရှက်ရှာမှာပေါ့ဟ"

"ဘာဟင်းတွေနဲ့ စားနေကြသတုန်း"

မေးသံနှင့်အတူ တုတ်မီးရောင် တဝင်းဝင်းဖြင့် ရောက်လာသူမှာ လွန်းမောင်ဖြစ်သည်။ စားပါဦး၊ စားပါ၊ ပြီးခဲ့ပါပြီ စသည်တို့ ပြောနေဆဲတွင် စောမင်းဒင်နှင့် နိုင်ကျော်သောင်းတို့ ရောက်လာကြသည်။ ရွှံ့ရေစက်လက်ဖြင့် ငန်းပြားကိုယ်စီ ထမ်းလာကြသဖြင့် လယ်ပြင်မှအပြန်တွင် ဝင်လာကြခြင်း ဖြစ်ဟန်တူ၏။

အကြောင်းထူးရှိသဖြင့် တကူးတက ဝင်လာကြခြင်းဖြစ်မည်။ သို့တစေ လွန်းမောင့်ရှေ့တွင်ကား ပြောလိမ့်မည်မဟုတ်။

ထိုအချိန်တွင် တိုင်းလုံးကျော်လည်း သူ့အိမ်တွင် ထမင်းစားနေဆဲ ဖြစ်သည်။ ကလေးနှစ်ယောက်ကို စကားပြောလိုက်၊ သူ့ပါးစပ်ထဲသို့ ထမင်း တစ်လုတ်ခွံ့လိုက်၊ မီးခွက်ဟိုဘက်ရှိ ကြည်ကြည်ကို စလိုက်ဖြင့် ရယ်မော ရွှင်ပျနေသည်။

လူတစ်ယောက်သည် တိုင်းလုံးကျော်၏ အိမ်ဝိုင်းထဲသို့ ဖျပ်ခနဲ ဝင်ရောက်ပျောက်ကွယ်သည်။ ပျောက်ကွယ်သွားခြင်းမှာ ခြံတိုင်ကိုကပ်ပြီး ငြိမ်နေလိုက်သောကြောင့် ဖြစ်သည်။ မည်သူမည်ဝါ မသဲကွဲစေကာမူ ပုဆိုး တစ်ထည် ခြုံထားကြောင်းကား သိသာပေသည်။

ထိုသူသည် ဘေးဘီရှေ့နောက်ကြည့်သည်။ အိမ်ပေါ်သို့ လှမ်းကြည့် သည်။ လူ့ခါးသာသာမျှသာ မြင့်သောအိမ်မို့ ပြတင်းပေါက်မှ လှမ်းမြင် ရသည်။ ထမင်းစားနေသော တိုင်းလုံးကျော် မိသားစု။

ပုဆိုးခြုံထားသူသည် ထမင်းဝိုင်းနှင့်နီးသော ခြေရင်းဘက် နွားတင်း

ကုပ်ထဲသို့ ရွေ့သွားသည်။ ထိုနေရာ၌ ပြတင်းပေါက်မရှိငြား နေစား၊ မိုးစားသဖြင့် ဝါးထရံမှာ ပါးနေပြီ။ သို့အတွက် ထရံကို မျက်လုံးဖြင့် ကပ်ကြည့်သည်။ ထို့နောက် ထရံကို မသိမသာ ဟလာအောင် လုပ်ပေးသည်။ ပုဆိုးခြုံထဲမှအရာကို အသာထုတ်သည်။ ဂျပန်ရိုင်ဖယ်တစ်လက်။

ထိုသူသည် မောင်းထိန်းခလုတ်ကိုဖြုတ်သည်။ ပြောင်းဝကို ထရံကြားသို့သွင်းသည်။ ပခုံးတွင် ထောက်သည်။ မောင်းကို အသာအယာဆွဲညှစ်သည်။

"အဖေ၊ ဟိုမှာ ဟိုမှာ"

အကြီးကောင် ရန်ရှင်း အော်သံမဆုံးမီ ထရံကြားမှ မီးပွင့်၏။ ထိုအချိန်တွင် တိုင်းလုံးကျော်သည် ကြည်ကြည့်ကို ပခုံးမှဆောင့်တွန်း၏။ သူလည်း တဲပေါက်ဝသို့ ဝမ်းလျားထိုးချသည်။ တစ်ဆက်တည်း တဲရှေ့သို့ ပြေးထွက်သည်။ နွားတင်းကုပ်ထဲ ပြေးဝင်သည်။ လူသတ်သမားကို ရှာမတွေ့။

သေနတ်သံပေါ်လာသည်။ကိုရန်ကြီးအောင်ညီနောင် အိမ်ရှေ့ဘက်သို့ ပြေးထွက်လာ၏။ နားစွင့်၏။ မျှော်ကြည့်၏။ ထူးထူးခြားခြား မမြင်ရ။

"ရှာ့ပြင်က ထင်ပါသယ်အစ်ကိုရာ"

အိမ်အောက်တွင် စောမင်းဒင်နှင့် နိုင်ကျော်သောင်း လွန်းမောင်တို့ မတ်တတ်ရပ်ကာ နားစွင့်နေကြ၏။ ပြောပြောဆိုဆို အိမ်အောက်သို့ဝင်လာပြီး၊ ကိုကောင်းစံက ထမင်းပန်းကန်ကို ဆွဲယူ ရေဆေးသည်။

"ရွာထဲက ဖြစ်ဖို့များတယ်ဗျာ၊ အသံနီးတယ်"

နိုင်ကျော်သောင်းကို ကိုကောင်းစံ ပြန်မဖြေနိုင်။ ဝိုင်းဝမှ မည်းမည်းမည်းမည်းနှင့် လူတစ်ယောက်ပြေးဝင်လာ၏။ "အစ်ကို အစ်ကို" ဟူသည့် မောကြီးပန်းကြီးခေါ်သော အသံရှင်မှာ တိုင်းလုံးကျော်။

"ညီလေး ဘာတုန်းဟေ့"

မှောင်ထဲမှ ကိုရန်ကြီးအောင့်အသံ။

"ကျွန်တော် သေနတ်ပစ်ခံရသယ်"

"ဟင်၊ ဘာဖြစ်သွားသေးတုန်း"

"လူတော့ ဘာမှမဖြစ်ပါဘူး။ ဘုရားကား မှန်ပေါင်တော့ ကြေမွသွားသယ်"

ကိုကောင်းစံလည်း ညီ့အသံကြားသဖြင့် ပြေးလာသည်။ "ညီညီ ဘာတုန်း" ဟု ပျာပျာသလဲမေးသည်။

"ကျွန်တော်တို့ သားအမိသားအဖတစ်တွေ ထမင်းစားနေတုန်း ထရံကြားက သေနတ်နဲ့ပစ်သွားသယ်"

ဖြေအပြီးတွင် တောက်ခေါက်သည်။ "ချက်ချင်းပြေးဆင်းသာ မမိလိုက်ဘူးဗျာ" ဟု ရေရွတ်သည်။

"ညီညီ့အိမ်က အစွန်ကျပါသကွာ။ သည်ပဲ ရွှေ့ခဲ့ပါ"

"ကြောက်လို့ ပြောင်းပြေးသယ် ဖြစ်မှာပေါ့ဗျာ။ သည်ကောင် ဘယ်သူတုန်း မကြာခင် သိရမှာပေါ့"

ပြောပြောဆိုဆို ထွက်သွားသဖြင့် ကိုရန်ကြီးအောင်က လှမ်းဆွဲ၏။

"ထင်ကြေးနဲ့ ဟိုလူ့စွပ်စွဲ၊ သည်လူ့စွပ်စွဲ လုပ်မနေနဲ့နော်"

"မစွပ်စွဲပါဘူး။ လွန်းမောင်ဆိုသာ မကြာမီ လက်ပူးလက်ကြပ်ဖော်ထုတ်ပြပါမယ်"

"ဟာ သေတော့မှာပဲ။ လွန်းမောင်က ငါတို့နဲ့ စကားပြောနေသာ ညီလေးရ။ အဲသာကြောင့် ဟိုလူ့စွပ်စွဲ သည်လူ့စွပ်စွဲ လုပ်မနေနဲ့ ပြောသာ ပေါ့ကွာ"

တိုင်းလုံးကျော် အသံထွက်မလာတော့ပါ။ သို့သော် သူ့စိတ်ထဲတွင် တရားခံတစ်ယောက်ပေါ်လာသည်။ သာဒွန်းအေး။

သာဒွန်းအေးသည် ဖဆပလ ပြည်သူ့ရဲဘော် ဗတာလစတွင် မပါဝင်။

**ပုဂံစာအုပ်တိုက်**

တိုင်းလုံးကျော် တောင်သူလယ်သမား သမဂ္ဂ ဖွဲ့စည်းစဉ်က အစည်းအဝေးသို့ ရောက်လာ၏။ သမဂ္ဂသို့ကား မဝင်။ သူ့ဝဲယာရှေ့နောက်ရှိ လူအချို့ကိုကား ပြောသွားသည်။

"တောင်သူလယ်သမား သမဂ္ဂ အမည်ခံကာမျှဖြင့် တိုးတက်သော အဖွဲ့အစည်းလို့ အထင်မမှားကြနဲ့။ ရေလိုက်လွဲမယ်နော်"

ထိုစကားကို တိုင်းလုံးကျော် သရုပ်ခွဲကြည့်သည်။

'တောင်သူလယ်သမားသမဂ္ဂ အမည်ခံကာမျှဖြင့် တိုးတက်သော အဖွဲ့အစည်းလို့ အထင်မမှားကြနဲ့။ ဘာစကားတုန်း။ တိုးတက်သော တောင်သူလယ်သမားသမဂ္ဂရှိသေးတယ် ပြောရာရောက်သာပေါ့။ သည်တော့ သည်တော့ သာဒွန်းအေး ဘာကောင်တုန်း။ အလံနီ'

တိုင်းလုံးကျော် လက်ဖျောက်တီးသည်။

'ဟုတ်သယ်။သာဒွန်းအေးဟာ လွန်ချိကျွန်းဘက်မှာ ကိုင်းလုပ်သယ်။ အဲ သည်ဘက်မှာ အလံနီအင်အား မသေးဘူး။ သူ တောင်သူလယ်သမား သမဂ္ဂမဖွဲ့ခင် ငါက ဦးသွားလို့ဖြစ်ရမယ်'

ထင်ကြေးဖြင့် ဟိုလူ့စွပ်စွဲ သည်လူ့စွပ်စွဲ မလုပ်လင့်ဟု ကိုရန်ကြီးအောင် သတိပေးနေပါလျက်က တိုင်းလုံးကျော်သည် သာဒွန်းအေးအား တစ်ထစ်ချ သတ်မှတ်စွပ်စွဲထားပြီးပြီ။

သို့သော် ကိုကောင်းစံကမူ လွန်းမောင်အား သူ့ညီ အဘယ်ကြောင့် စွပ်စွဲရသနည်း တွေးသည်။ တမြန်နေ့က ညောင်ပင်စောက်ရွာတွင် လူ တစ်ယောက် သေနတ်ပစ်ခံရသည်။ ထိုသူသည် တိုင်းလုံးကျော်လော။ သို့မဟုတ် တိုင်းလုံးကျော့်လူလော။ ထိုသေနတ်ပစ်ခံရသူနှင့် လွန်းမောင် မည်သို့ဆက်သွယ်နေသနည်း။

စဉ်းစားရ မလွယ်သော အချက်တစ်ချက် ရှိသေး၏။

လွန်းမောင်သည် တိုင်းလုံးကျော်နှင့် အလွန် အလွမ်းသင့်၏။

ကိုရန်ကြီးအောင်နှင့် ကိုကောင်းစံထက် တိုင်းလုံးကျော်နှင့်ပိုပြီး ရင်းနှီးသည်။ သို့ပါလျက်နှင့် တိုင်းလုံးကျော်သည် မည်သည့်အတွက် လွှန်းမောင်အား စွပ်စွဲရသနည်း။

'ဟုတ်ပြီ။ သူနဲ့လွှန်းမောင်ဟာ ငါတို့မသိသဲ့ အကြိတ်အခဲရှိရမယ်'

ထိုသို့ အတွေးဝင်လာသဖြင့် "လွှန်းမောင်နဲ့ ညီညီက ငါတို့ထက် ရင်းနှီးသာပဲ" အနားကပ်ပြီး ပြော၏။

"ကိုကို မသိဘူး။ အဲသည်ကောင်က ဖောက်ပြန်ရေးသမားဗျ"

ကိုကောင်းစံ စိတ်ပျက်သည်။ သူ့ညီသည် အစ်ကိုရင်းကိုပင် မရှောင်ဘဲ လူတကာအား ထိုစကားလုံးဖြင့် တိုက်ခိုက်နေသူပါတကား။ သို့ရာတွင် စိတ်ကို ထိန်းထားလိုက်သည်။

"သူက ဘာတွေလုပ်လို့ ဖောက်ပြန်ရေးသမား ခေါ်ရသတုန်းညီညီ"

"ဆိုရှယ်လစ်ဗျ ကိုကိုရ"

"ဆိုရှယ်လစ်တော့ ဘာဖြစ်သတုန်း။ ညီညီလည်း ညီညီ ယုံကြည် ရာကို လွတ်လွတ်လပ်လပ် ယုံကြည်လုပ်ဆောင်သလို၊ သူလည်း သူ ယုံကြည်ရာကို လုပ်မှာပေါ့။ အဲသာနဲ့ ဖောက်ပြန်ရေး ဖြစ်ရရောလား"

"သူ ကျွန်တော့်ကို ပလူးပလဲလုပ်နေသာ အကောင်းမဟုတ်ဘူး ကိုကို။ ကျွန်တော့်လူတွေကို ဖဲ့စည်းရုံးချင်လို့"

"သူ ဖဲ့စည်းရုံးသာ အောင်မြင်သလား"

"အခြေအနေ လျော့ရဲရဲဖြစ်သာ ဘယ်ကောင်းမတုန်း ကိုကိုရာ"

"ညီညီလည်း ကိုကိုတို့ပရတဖကို တပ်နီထဲပါအောင် ဖဲ့စည်းရုံးသာပဲ မဟုတ်လား။ သာပေမယ့် ကိုကိုဟာ ညီညီ့ကို ဖောက်ပြန်ရေးသမားလို့ တစ်ခါမှ မစွပ်စွဲဖူးပါကလား။ ညီညီ့ကို ယုံကြည်နေကြမှ တခြားသူ ဖဲ့စည်းရုံး သာကို တောင့်ခံနိုင်မှာပေါ့။ ညီညီ့ဘက်မှာ သဘောတရားတွေ ပြည့်ဝနေရင် ဘယ်သူ့ကို အရေးစိုက်ရမှာတုန်း"

**ပုဂံစာအုပ်တိုက်**

စောမင်းဒင်နှင့် နိုင်ကျော်သောင်း၊ လွန်းမောင်တို့မှာမူ ညီအစ်ကို သုံးယောက် အိမ်အောက်မီးရောင်ထဲသို့ ဝင်လာမည့်အချိန်ကို စောင့်ဆိုင်းရင်း ၁ကားစမြည် ပြောနေကြလေသည်။

“တိုတိုပြောကြစို့ဆိုရင် သဘောတရားချင်း မယှဉ်ပြိုင်ဘဲ ပုတ်ခတ်မှု၊ ဆဲရေးမှု ပြိုင်ကြသယ်။ နစ်နစ်နာနာ ပုဂ္ဂိုလ်ရေး စွပ်စွဲပုတ်ခတ်မှုတွေ ဆဲရေးမှုတွေလုပ်သဲ့အခါ ကိုယ့်လူကတော့ လက်ခုပ်တဖြောင်းဖြောင်းပေါ့။ ကြားလူက နှာခေါင်းရှုံ့သယ်။ မိန်းမယုတ်တွေ အရပ်ထဲမှာ ဆဲသလိုပါပဲကလား ပေါ့။ အဲ သူ့ဘက်သားက ဆတ်ဆတ်ခါအောင် နာသယ်။ သမယ်ညီလေး၊ မင်းတို့ဟာ ပါတီဆိုင်းဘုတ်ချိတ်ပြီး အဆဲပြိုင်ကြသာလား”

ကိုရန်ကြီးအောင်၏မေးခွန်းတွင် ဆဲဆိုသံမပါငြား တိုင်းလုံးကျော်အား များစွာထိ၏။ ဆဲရေးပုတ်ခတ်မှု၊ သားပုပ်လေလွင့်ပြောမှုကို တရားဟော သည် ထင်နေသည် မဟုတ်တုံလော။

“ရှင်းရှင်းမေးမယ်။ နိုင်ငံရေးလုပ်သာလား၊ လူသတ်သာလား”

တိုင်းလုံးကျော်မှာ တုန်လှုပ်ရသည်။ မတုံ့ပြန်၍ မဖြစ်တော့ပါ။

“အစ်ကိုကြီး စွပ်စွဲသာတွေ တစ်ခုမှမဟုတ်ဘူးခင်ဗျာ”

“အေး၊ မင်းက မဟုတ်ဘူးပြောပေမယ့် ညောင်ပင်စောက်က သော်တာကို ဘယ်သူ သေနတ်နဲ့ ချောင်းပစ်သတုန်း”

“ဘယ်မှာ ကျွန်တော် သိပါမတုန်း အစ်ကိုကြီးရ”

“မင်း မဟုတ်ဖူးလား”

တိုင်းလုံးကျော်မှာ ဆားတွေ့သော တီကောင်အလား တွန့်ခနဲ နောက်သို့ ဆုတ်သွားမိ၏။

“မဟုတ်ဘူး အစ်ကိုကြီး၊ မဟုတ်ဘူး”

“မင်း မဟုတ်ရင် မင့်လူတစ်ယောက်ယောက်ကော မဟုတ်ဖူးလား”

“မဟုတ်ဘူးခင်ဗျာ၊ မဟုတ်ဘူး” အလျင်အမြန် ငြင်းပြီးမှ

တိုင်းလုံးကျော်က တုံ့ပြန်မေးခွန်းထုတ်၏။

“သလိုမေးသာက အစ်ကိုကြီးက ကျွန်တော့်ကို ထင်နေလို့လား”

“ညောင်ပင်စောက်က သော်တာ လုပ်ကြံခံရပြီး တစ်ညခြားမှာ မင်းခံရသာ ထောက်ချင့်ပြီး သော်တာ့ဆွေမျိုးသာချင်း၊ သော်တာ့ဘက်သား တွေက လက်စားချေသာလား တွေးမိလို့ကွ”

“လူတစ်ယောက်တည်းက သော်တာ့ကို လုပ်ကြံအပြီးမှာ ယုန်ထင် ကြောင်ထင်ဖြစ်အောင် ကျွန်တော့်ကိုလာပြီး လုပ်ကြံသာကော မဖြစ်နိုင်ဖူးလား”

“ဒါလည်း ဖြစ်နိုင်သာပဲ”

သို့စဉ်တွင် တိုင်းလုံးကျော် သေနတ်ပစ်ခံရသည် ကြားသောကြောင့် လိုက်လံသတင်းမေးသူများမှာ ဟိုမေးသည်မေးလုပ်ရင်းရောက်လာကြသည်။ ထိုလူအုပ်ကြီးနှင့် မှောင်ထဲတွင် ဆက်လက်ရပ်နေရန် မသင့်ဟု ကို ကောင်းစုံ တွေးမိသဖြင့် “လာကြကွာ။ အိမ်အောက်မှာ အေးအေးဆေးဆေး ပြောကြစို့” ဆိုကာ အိမ်အောက်သို့ ဦးဆောင်ခေါ်ခဲ့လေ၏။

တိုင်းလုံးကျော်မှာလည်း ကိုရန်ကြီးအောင် ဆွဲခေါ်သဖြင့် တရွတ် ဆွဲလျက် ပါလာလေ၏။

အိမ်အောက်တွင် ထိုင်မိကြသောအခါ မဖလှက ရေနွေးကြမ်းတစ်ပွဲ အသစ်လုပ်ပေး၏။ လူများကို ကိုရန်ကြီးအောင် ဝေ့ကြည့်၏။ ဖဆပလ၊ ဗတလစနှင့် ပြည်သူ့ရဲဘော်၊ တောင်သူလယ်သမားသမဂ္ဂ လူစုံပါသည်ကို မြင်ရ၏။ တမင်စုလျှင် ရနိုင်သည်ထား၊ သည်နှယ်ကား စုံမည်မထင်။ သို့ကြောင့် ကိုရန်ကြီးအောင် စကားစ၏။

“လွတ်လပ်ရေးလမ်းကြောင်းအတိုင်း ချီတက်နေကြချိန်မှာ လွတ်လပ် ရေးလမ်းကြောင်းက တိမ်းစောင်းသွေဖီသွားစရာကိစ္စတွေ ပေါ်လာပြီဗျာ။ အဲသာကတော့ နိုင်ငံရေး လုပ်သလိုလိုနဲ့ လူသတ်သမားဖြစ်နေကြသာပဲ”

“လွတ်လပ်ရေးအစစ်မဟုတ်ဘူးလို့ ကွန်မြူနစ်တွေက ပြောနေပါ့ကော”

တောင်ပိုင်းမှာ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင် သာဆောင်ဖြစ်၏။

"အချုပ်အချာအာဏာပိုင်သဲ့ ပြည်ထောင်စုသမ္မတနိုင်ငံ တည်ထောင်မယ်လို့ ကြေငြာထားသာပဲဗျာ။ လွတ်လပ်ရေး မစခ်ဘူးဆိုလည်း တိတိကျကျ ထောက်ပြကြပေါ့။ အခုလိုပြောလို့ ကျုပ်ကို ဖဆပလ မထင်နဲ့နော်။ ကျုပ်က ဘယ်ပါတီရဲ့ သြဇာခံမှမဟုတ်ဘူး။ မြန်မာပြည်သား၊ မြန်မာနိုင်ငံရဲ့ သြဇာကိုပဲခံသယ်"

"ကွန်မြူနစ်တွေက မင်းသားကြီး မလုပ်ရလို့ ပတ်မကြီး ထိုးဖောက်နေသာပါ"

ကိုရန်ကြီးအောင် ခါးဆန့်လျက် ချက်ချင်း လက်ဝါးကာ၏။

"သလိုမပြောဖို့ မေတ္တာရပ်ခံပါသယ်ခင်ဗျာ။ သူ့သေငါပို့ တစ်ရွာတည်းနေ တစ်ရေတည်းသောက် သွေးသောက်စုရွာသားတွေ ဆုံကြတုန်းမှာ ညီညွတ်ရေး ချစ်ခင်စည်းလုံးရေးစကား ပြောကြရအောင်ဗျာ။ တစ်ဖက်သား မခံချင်မယ့်စကားကို ရှောင်ရှားကြစို့"

"ခင်ဗျားပြောသဲ့ ညီညွတ်ရေးက အပြောလွယ်သလောက် အလုပ်ခက်သယ်ဗျာ။ ခင်ဗျာ့ တောင်သူလယ်သမားသမဂ္ဂ ကျွန်တော် မယုံဘူးဗျာ"

"အမယ်လေးဗျာ၊ ကျွန်တော့်သမဂ္ဂ မဟုတ်ပါဘူး"

အရှေ့ပိုင်းမှ ဗတလစ တစ်ဦးဖြစ်သော ကိုထွန်းဦးအား ကိုရန်ကြီးအောင်က ပျာပျာသလဲ လက်ဝါးကာပြ၏။

"မယုံသာကို အတင်းညီညွတ်ရမယ်ဆိုသာ မဖြစ်နိုင်ဘူးဗျာ"

"ကျွန်တော်ပြောသဲ့ ညီညွတ်ရေးက သည်လိုပါ။ ရွာတစ်ရွာမှာ မီးလောင်သယ်ဆိုပါစို့။ သည်အိမ်က အလံနီအိမ်ပဲ၊ သည်အိမ်က ဗတလစအိမ်ပဲဆိုပြီး ရပ်ကြည့်မနေဘဲ ငါတို့ရွာကို ဖျက်ဆီးမယ့် ရန်သူကြီးဆိုပြီး ဘစ်ယောက်တစ်လက် ညီညီညွတ်ညွတ်နဲ့ ဝိုင်းငြိမ်းဝိုင်းသတ်သာမျိုးကို ပြောသာပါ"

"ဒါဟာ အပေါ်ယံညီညွတ်ရေးပဲဗျ။ အနှစ်မပါဘူး"

ပြောသူမှာ ကြွက်သိုးဖြစ်သည်။

"ဟုတ်ပါသယ်။ အဲသည် ညီညွတ်ရေးလောက်တောင်မှ မဖြစ်ဘဲ နေမှာစိုးလို့ ညီညွတ်ရေးလို့ ပြောနေသာပါ။ ဘာကြောင့် ညီညွတ်ချစ်ခင်စည်းလုံးရေးကို ပြောနေရသတုန်းဆိုရင် လက်နက်မာန် တက်နေကြလို့ပဲဗျို့။ သည်ကောင် ငါ့ကို ကဖျက်ယဖျက်လုပ်ရင် ချမယ်၊ ငါ့မှာ သေနတ်ရှိသယ်။ သည်တော့ သူ့မှာကော သေနတ်မရှိကြဖူးလား။ နိုင်ငံရေးသမားမဟုတ်ဘဲ လူသတ်သမားတွေ ဖြစ်ကုန်မှာစိုးလို့ အခုလို ဆုံတုန်းဆုံခိုက် ပြောသာပါ"

"မတူဘဲနဲ့တော့ ဟန်ဆောင် မပြုံးနိုင်ဘူး။ ဟန်ဆောင်တာဟာ လိမ်တာဗျ"

သာဒွန်းအေး၏စကားဖြစ်သည်။ထိုအခါကိုကောင်းစံက ဝင်ပြော၏။

"ခင်ဗျားက ဝက်သားကြိုက်တယ်၊ ခင်ဗျာ့မိန်းမက ဝက်သားမကြိုက်ဘူး။ အမဲသားပဲကြိုက်သယ်။ သာပေမယ့် ခင်ဗျာ့သမီးကျတော့ အဲသာတွေ မစားဘူး၊ ပဲကိုမှကြိုက်သယ်။ ဒါပေမယ့် မိသားစုထမင်းဝိုင်းဟာ ဖြစ်နေသာပဲ မဟုတ်လား။ မတူခါမျှနဲ့တော့ ရန်သူမဖြစ်သင့်ဘူး။ ကိုယ်ကြိုက်သာကို သူလည်း လိုက်ကြိုက်ရမယ် အတင်းခိုင်းသာဟာ လူ့အခွင့်အရေး ဖျက်ဆီးမှု ဖြစ်သွားမှာပေါ့"

"နိုင်ငံရေးနဲ့ သည်ဥပမာ မတူဘူးထင်သဗျာ"ဟု သာဒွန်းအေးကပင် တုံ့ပြန်ချေပသည်။

"မတူခါမျှနဲ့ ရန်သူမဖြစ်သင့်ကြောင်း ပြောသာပါဗျာ။ မတူသဲ့အတွက် ရန်သူသတ်မှတ်ရင်တော့ မီးခိုးမဆုံး မိုးမဆုံး ဖြစ်ကုန်တော့မှာမို့ သည်စကားနဲ့ သည်ဥပမာကို ပြောရတာပါ"

"ပါတီချင်း မတူပေမယ့် သူငယ်ချင်းဟာ သူငယ်ချင်း၊ ဆွေမျိုးဟာ ဆွေမျိုးပဲဗျာ့"

စောမင်းဒင်ကလည်း ဝင်ပြောသည်။ ထိုအခါ ကိုရန်ကြီးအောင်က "ဟုတ်ပါသယ်။ ကျွန်တော်ပြောချင်သာရဲ့ အတိုချုပ်က ဒါပါပဲ"ဟု ဆိုသည်။

"ခင်ဗျားဟာ အရင်တုန်းက သတင်းထောက်မဟုတ်လား"

မဆီမဆိုင် ထမေးသူမှာ သာဒွန်းအေးနှင့် တွဲဖက် စံမြဖြစ်သည်။

"ဟုတ်ပါသယ်။ အခုကိစ္စနဲ့ ဘယ်လိုများ ပတ်သက်သတုန်းဗျာ"

"ခင်ဗျား ခုနကပြောသဲ့အထဲမှာ ကျုပ်ဟာ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတို့ရဲ့ သစ္စာကလွဲလို့ ဘယ်ပါတီရဲ့ သစ္စာခံမှမဟုတ်ဘူး ပြောသွားလို့ပါ။ ကျုပ် ဖတ်မိသလောက်တော့ တစ်ဖက်ဖက်ကိုပါသဲ့ သတင်းစာချည်းပဲ"

"သမာဓိသတင်းစာကရှင်းရှင်းပဲ၊ ကွန်မြူနစ်ဆန့်ကျင်သယ်။ ဟာစ်တိုင်က ကွန်မြူနစ်ပဲ။ မြန်မာ့အလင်းက ဖဆပလပဲ။ သို့သော် ဟံသာဝတီက ဘက်မလိုက်ဘူး။ မလိုက်ပေမယ့် ကွန်မြူနစ်မှန်သယ် သူ ထင်သဲ့အခါ ထောက်ခံသလို ဖဆပလ မှားသယ် မြင်သဲ့အခါမှာလည်း မှားသယ် ထောက်ပြလိမ့်မယ်။ တစ်ခါတစ်ရံ ဖတ်ရုံနဲ့ မပေါ်လွင်ဘူး။ ဒါက တစ်ပိုင်း"

"ဘေးထွက်သွားပြီ အစ်ကို"

ကိုကောင်းစံက သတိပေးသဖြင့် လှည့်ပြီး လက်ဝါးကာပြရာက "ခဏနေပါဦးလေ" ဆိုကာ ဆက်ပြောသည်။

"သတင်းစာပိုင်ရှင် သို့မဟုတ် အယ်ဒီတာမှာ ပါတီစွဲရှိသဲ့ သတင်းစာရှိသလို ပါတီစွဲကင်းသဲ့ သတင်းစာလည်း ရှိကြောင်း ပြောပြီးပြီနော်။ သတင်းထောက် ကျွန်တော်ဆိုပါတော့။ တိုက်ကခန့်သဲ့ နယ်လှည့် သတင်းထောက်။ ကျွန်တော့်သတင်းစာက ဖဆပလ ဖြစ်ပေမယ့် ကျွန်တော် တွေ့သဲ့အတိုင်း မြင်သဲ့အတိုင်းပဲသတင်းရေးသယ်။ ဖဆပလသတင်းစာမို့ ကွန်မြူနစ်ကို ပုတ်ခတ်ပြီး မရေးနိုင်ဘူး။ တစ်ခုတော့ ရှိရဲ့၊ ကျွန်တော်ရေးပေးတဲ့ သတင်းကို အယ်ဒီတာက ဟိုနားနည်းနည်း သည်နားနည်းနည်း ပညာသားပါပါနဲ့ သူလိုရာရောက်အောင် ပြင်သာက တစ်မျိုးဗျ"

"ခင်ဗျား သတင်းထောက်ပြန်လုပ်ရင် ဘယ်ပါတီကို ထောက်ခံမတုန်း"

"ဘယ်ပါတီကိုမှ မထောက်ခံပါဘူးခင်ဗျာ။ ရန်ကြီးအောင်ဆိုသဲ့လူဟာ သေသည်အထိ ဗိုလ်ချုပ်ကို ထောက်ခံသယ်။ အဲ သတင်းထောက် ရန်ကြီးအောင်ကတော့ ဘယ်သူ့ကိုမှ မထောက်ခံဘူး။ ဘက်မလိုက်သော မျိုးချစ်ပြည်ချစ် ကြားနေရေးသမားပါပဲ"

"ဒါဟာ မှန်သောဘက်ကို မထောက်ခံ၊ မှားသောဘက်ကို မဆန့်ကျင်ရဲသဲ့ အချောင်သမားလမ်းစဉ်ပဲ"

ပြောသူကား အခြားသူမဟုတ်။ တိုင်းလုံးကျော်။ အခြားသူများမှာ ဟယ်ခနဲ မြည်ကာ လှည့်ကြည့်။ အားတုံ့အားနာဖြင့် ရန်ကြီးအောင်အား မော့ကြည့်၏။ ကိုရန်ကြီးအောင် အပြုံးမပျက်ပါ။

"ကလောင်သမားကို ပြည်သူလူထုကပဲ ပိုင်ပါသယ်။ ပါတီတစ်ခုရဲ့ ဩဇာခံ၊ ပါတီတစ်ခုရဲ့ သစ္စာခံဖြစ်နေရင် ပါတီစည်းမျဉ်းစည်းကမ်းအရ ပါတီ ကောင်းကြောင်းပဲ ရေးရပါတော့မပေါ့။ ပါတီမှားနေသာမြင်လည်း ပါတီ တွင်းမှာ ပြောခွင့်ရှိရင်ပြော၊ ပြောခွင့်မရှိရင် မပြောနဲ့။ အပြင်ထုတ်ရေးခွင့် လုံးဝ မရှိဘူး။ အဲသာကြောင့် ဘက်မလိုက်သဲ့ သတင်းထောက်ဟာ အချောင် သမားမဟုတ်ဘဲ အမှန်တရားကို ထိန်းသိမ်းပေးသူသာ ဖြစ်ပါတယ်"

"အစ်ကို၊ မူရင်းစကား ပြန်ကောက်ဦးလေ"

"လွတ်လပ်ရေးကို နယ်ချဲ့သမားဟာ စေတနာရှိလို့ ပေးသာမဟုတ်ဘူး။ ကြောက်လို့ပေးသာ။ အဲသည်အခြေအနေမှာ နိုင်ငံရေးလုပ်ချင်ယောင် ဆောင်ပြီး လူသတ်သမားအဖြစ် ခံယူနေကြရင် သူ့ ငါသတ်၊ ငါ့ သူသတ်နဲ့ ထိန်းမနိုင် သိမ်းမရ ဖြစ်ကုန်ကြသဲ့အတွက် အောင်ဆန်းအက်တလီစာချုပ်၊ နုအက်တလီစာချုပ်ကို ဖျက်ပစ်လိုက်ရင် ဘယ့်နှယ်လုပ်မတုန်း"

"ချမှာပေါ့"

**ပုဂံစာအုပ်တိုက်**

"လွတ်လပ်ရေးနဲ့ မတန်လို့ စာချုပ်ဖျက်ရပါသယ် ကြေညာရင် ဘယ်လောက် ရှက်စရာကောင်းသတုန်း"

"ခင်ဗျားဟာ အင်္ဂလိပ်ကို အထင်ကြီးသလား"

ဗလာခွပ်နေသူမှာ အနောက်ပိုင်းနေ ချစ်မောင်ဖြစ်သည်။

"အင်္ဂလိပ်လူမျိုး အများစုကို အထင်ကြီးသယ်။ သူခိုး၊ ဓားပြ နယ်ချဲ့သမား အင်္ဂလိပ်တွေနဲ့ ဝါဒကိုတော့ မုန်းသယ်"

ကိုရန်ကြီးအောင် ရှင်းသဖြင့် ပြေတန်သမျှ ပြေစေကာမူ ကိုကောင်းစံ မကျေနပ်ချေ။

"ကျွန်တော်တို့ဟာ ဖက်ဆစ်ကိုနိုင်လိုက်သာနဲ့ စစ်သွေးကြွပြီး "ချမယ်" ချည်းပြောနေသာ။ အင်္ဂလိပ်ကိုချပါပြီတဲ့၊ အင်္ဂလန်မှာ ဖွတ်ဖွတ်ညက်ညက် ကျေနေပေမယ့် သူ့မှာ လေယာဉ်ပျံတွေ၊ စစ်သင်္ဘောတွေ၊ ရှားမင်းတင့်လို သံချပ်ကာကားကြီးတွေ ရှိသေးသယ်။ ကျုပ်တို့မှာ ဘယ်မတုန်း တုံကင်း၊ ဘယ်မတုန်း လှည်းကြမ်း"

"ပြောက်ကျားစစ်နဲ့ လှလှကြီးတွေ့သွားမှာပေါ့"

"တွေ့တော့ ဘာဖြစ်တုန်း။ စစ်ဖြစ်သာဟာ အင်္ဂလန်ပြည်မှာ မဟုတ်သဲ့အတွက် ကျွန်တော်တို့မှာ မိအေး သုံးခါနာပြီ။ ဗြိတိသျှနယ်ချဲ့သမားဟာ ယုတ်မာသာမှန်ပေမယ့် လူလည်ဗျ။ လူလည်ဆိုတော့ ဈေးတွက် တွက်သယ်။ မြန်မာတွေကို ရှိသမျှ လေယာဉ်ပျံတွေ၊ တင့်ကားတွေ၊ စစ်သားတွေ ပုံပြီး ချေမှုန်းမယ်၊ နိုင်မယ်။ အဲသည်ကုန်ကျစားရိတ်တွေ ဘယ်လောက်ကြာရင် ကျေမတုန်း။ လောလောဆယ်မှာလည်း ကြွေးတွင်းနစ်နေသာ မျက်ခုံးကို ရောက်နေပြီ။ သူနိုင်ပေမယ့် သူ့ဘက်က သေမှာလည်း သောက်သောက်လဲ။ အဲသာကြောင့် တစ်နှစ်အတွင်း လွတ်လပ်ရေးပေးဖို့ သဘောတူသာ"

"အဲသည်တော့၊ နိဂုံးချုပ်ကြစို့"

ကိုရန်ကြီးအောင်က လက်နှစ်ဖက် ဆန့်တန်းပြသည်။

## ပုဂံစာအုပ်တိုက်

"လိုရင်းကိုပြောရရင်တော့ ကျွန်တော့်ဘနဲ့ အမေကြီး ခေါင်းချသွားသဲ့ရွာ။ ကျွန်တော့်ဆွေမျိုးသားချင်းတွေ အေးချမ်းစွာ နေထိုင်သဲ့ရွာ။ ကျွန်တော်လည်း နေဖို့ စိတ်မကူးပေမယ့် နေကောင်းနေရမယ်။ သည်သွေးသောက်စုရွာမှာ လူသတ်ဝါဒ မထွန်းကားစေချင်ဘူး။ အေးချမ်းစွာ သဘောတရားတွေချပြကြပါ။ သို့သော် မဆဲပါနဲ့။ အေးချမ်းစွာ ငြင်းခုံကြပါ။ သို့သော် မပုတ်ခတ်ပါနဲ့။ ပုတ်ခတ်ဆဲရေးရင် သေနတ်ရှိသဲ့လူချည်း ဖြစ်သဲ့အတွက် ကိုယ်ကစ အကြမ်းဖက်ရင် သူကလည်း အလားတူ တုံ့ပြန်လိမ့်မယ်။ သွေးသောက်စုရွာဟာ လူနေသဲ့ရွာပါ။ လူသတ်ကုန်း၊ သင်္ချိုင်းကုန်း မဟုတ်ကြောင်းပါပဲ"

သဘောပေါက်ကြသည် မပေါက်ကြသည်ကို ကိုရန်ကြီးအောင် မသိပါ။ အာခြောက်လှုန်းသဖြင့် ရေနွေးကြမ်းအအေးကို ခွက်ဆင့် သောက်လိုက်ရသည်ကား သုံးခွက်ဖြစ်သည်။ တစ်ရွာလုံးတွင် သူတို့ချည်း ရှိဘိသည်သို့ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေပြီ။ အိမ်အောက်တွင် မဖဲလှနှင့် သင်းထုံ၊ ဖွားခင်တို့ မရှိတော့ပါ။ သို့ပါလျက်နှင့် မိန်းမသားတစ်ယောက် ရှိနေသည်။

သူကား ကြည်လှ။

ကြည်လှသည် အုတ်ခဲတစ်ချပ်ကို ခုထိုင်လျက်၊ အိမ်တိုင်ကို နောက်စေ့နှင့် မှေးကာ ထိုင်နေသည်။ စင်စစ် အိပ်ပျော်နေခြင်းဖြစ်သည်။

"အစ်ကိုတော့ ကျဆုံးခန်းရောက်နေပါပြီကော"

ကိုကောင်းစံက ကြည်လှအား ငုံ့ကြည့်ပြီး ပြုံးသည်။ ထို့နောက် သူ့အစ်ကိုအား လှမ်းကြည့်ပြီး သရော်သည်။ တစ်ဆက်တည်း ကြည်လှကို မထိတထိ လှမ်းကန်သည်။

"ကြည်လှ။ ဒါ နင့်အိမ်မှတ်နေသလားဟင်"

ကြည်လှ မျက်လုံးဖွင့်ကြည့်သည်။

## ပုဂံစာအုပ်တိုက်

"သောကြာသားတွေ ပြီးသွားကြပြီလား။တော်တို့က ရေနွေးသောက်၊ အမြီးစားရုံနဲ့ ပြီးသာမဟုတ်ဘူး။ ပန်းကန်ခိုး၊ ဇွန်းခိုးနဲ့။ အဲသာကြောင့် စောင့်ကြည့်နေသာ"

"အပိုတွေ ပြောမနေနဲ့။ အစ်ကိုရန်ကြီးအောင် ဘယ်မှမပြေးဘူး"

ရေနွေးဗန်းသိမ်းမည့် ကြည်လှ ရှေ့မတိုးရဲတော့ပါ။ ကိုကောင်းစံအား လှည့်ပြီး မျက်စောင်းထိုးသည်။ "အမေကြီးနဲ့ တိုင်ပြောမယ်" ဆိုလျက် နှုတ်ခမ်းစူ ခြေဆောင့်ကာ ထွက်ခွာသွားလေသည်။

# ၇

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။

ထူးမြတ်သော မင်္ဂလာနံနက်ချိန်ခါတွင် အပြာအနီ ကန့်လန့်ဖြတ် ယူနီယံဂျက်အလံပြုတ်ကျကာ အနီတွင် အပြာခံ၍ ကြယ်ကြီးတစ်လုံးအား ကြယ်ဖြူငါးပွင့်ခြံရံသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံသည် လေဝယ် စွင့်စွင့်ငွားငွား မားမားဝင့်ဝင့် တက်ရောက်လွင့်ပျံလေ၏။

တစ်နိုင်ငံလုံးတွင် အိုးစည်ဗုံမောင်းသံညံ၏။ မီးရှူးမီးပန်း၊ ဗျောက်အိုး၊ သေနတ်များ ပစ်ဖောက်ကြ၏။ တစ်နိုင်ငံလုံး ပျော်မဆုံး မော်မဆုံးရှိကြ၏။ မြို့များပေါ်တွင် လွတ်လပ်ရေးအောင်ပွဲသဘင် ကျင်းပအပြီး၌ ပျော်ပွဲရွှင်ပွဲများ ဆက်လက်ကျင်းပကြ၏။

နိုင်ငံတော်၏ ပထမဆုံးသမ္မတကြီး စပ်ရွှေသိုက်သည် လွတ်လပ်ရေး ကြေညာကာ ဘုရားကျွန်များအား ကျွန်အဖြစ်မှ လွတ်ငြိမ်းခွင့်ပြုသည်။ ဗြိတိသျှတို့၏ မြန်မာနိုင်ငံဆိုင်ရာ နောက်ဆုံးဘုရင်ခံ ဆားဟူးဘတ်ရန့်စ်လည်း ထိုနေ့မှာပင် ရေကြောင်းခရီးဖြင့် ထွက်ခွာသွားလေ၏။

## ပုဂံစာအုပ်တိုက်

ပြည်သူ့ရဲဘော်တပ်ဖွဲ့လည်း တပ်မတော်နှင့် ပုလိပ်အဖွဲ့မှအပ စစ်ဝတ်စုံ မဝတ်ရသော ဥပဒေအရ စစ်ဝတ်စုံကို ချွတ်ခွာကြရပြီ။ ပြည်သူ့ရဲဘော် 'တပ်ဖွဲ့' ကိုလည်း 'ပြည်သူ့ရဲဘော်အဖွဲ့' အမည်သို့ ပြောင်းသည်။

လွတ်လပ်သော မြန်မာနိုင်ငံအစိုးရ၏ ပထမဆုံးဝန်ကြီးချုပ် သခင်နုနှင့် ဖဆပလအစိုးရအဖွဲ့သည် နယ်ချဲ့သမားထံမှ ပြာပုံဖြစ်နေသော မြန်မာနိုင်ငံကို လက်ခံရရှိလိုက်၏။ အင်္ဂလိပ်တို့ မီးရှို့ဖျက်ဆီးသွားသည့်ဒဏ်၊ အင်္ဂလိပ်လေယာဉ်ပျံများ ဗုံးကြဲဖျက်ဆီးသည့်ဒဏ်၊ဖက်ဆစ်တို့ မီးရှို့ဖောက်ခွဲ ဖျက်ဆီးသွားသည့်ဒဏ်နှင့် စစ်မြေပြင်ဖြစ်သောဒဏ်တို့ကို ခံခဲ့ရသဖြင့် အကောင်းကျန်သော မြို့ကြီးဟူ၍ မရှိတော့ပါ။

ဗိုလ်ချုပ်ကလည်း ပြီအောင် လန်အောင် လုပ်မှ တန်ကာကျမည် မှာကြားသွား၏။

ဝန်ကြီးချုပ်ကလည်း ခါးတောင်းကျိုက်ပြီး အလုပ်လုပ်ကြရန် ဆော်ဩ၏။ လွတ်လပ်သော ကိုယ့်တိုင်းပြည်ကို ကိုယ်ထူထောင် ကြရတော့မည်။

လမ်းတွေ၊ တံတားတွေ မတည်ဆောက်နိုင်သေးပါ။ အပျက်တွေကို ပြင်ဆင်ကြရပါမည်။ စာသင်ကျောင်းတွေ၊ ဆေးရုံတွေကို ပြင်ဆင်ကြရပါမည်။ မြို့ရွာတွေကို ပြန်လည်တည်ဆောက်ကြရမည်။ တောဖြစ်နေသည့် လယ်ယာတွေကို ခုတ်ထွင်းရှင်းလင်းရပါမည်။

သို့သော် လက်နက်တွေ အပ်နှံကြပါ။ ကျည်ဆန်တစ်တောင့် ဘယ်ရွေ့၊ သေနတ်တစ်လက် ဘယ်မျှ ဆုတော်ငွေချီးမြှင့်မည်ဟု နိုင်ငံတော်အစိုးရက ကြေညာချက်ထုတ်ပြန်ငြား ဟုတ်ဟုတ်ညားညား မအပ်ကြပါ။ လက်နက်ကိုင်သော အလုပ်မှလွဲ၍ အခြားအလုပ်ကို မလုပ်တတ်သကဲ့သို့ နှံနေစဉ်တွင် ကေအင်ဒီအို ထကြွပုန်ကန်မှုနှင့် မြန်မာပြည် ကွန်မြူနစ်ပါတီ၏ ဆောခိုပုန်ကန်မှု ရှေ့ဆင့်နောက်ဆင့် ပေါ်ပေါက်လာလေ၏။

အစိုးရ၏ လက်နက်ကိုင်တပ်များတွင် ကေအင်ဒီအို ညွှာခံတပ်များ

ရှိနေရာ ထိုတပ်များက အစိုးရငွေတိုက်တွေ ဖောက်၊ မြို့တွေ သိမ်းသောအခါ အစိုးရမှာ အရှိက်ကို အထိုးခံရဘိသို့ ရှိသည်။ ကွန်မြူနစ်ပါတီ တောခိုသော အခါတွင်လည်း တစ်မီးအပြင် နှစ်မီးဖြစ်လာသည်။ မြေအောက်မှ တက်မလာသော ကွန်မြူနစ်ပါတီ (မြန်မာပြည်) အလံနီနှင့်သော် သုံးမီးဝိုင်းနေပြီ။

ပြည်သူ့ရဲဘော်အဖွဲ့သည် ဖဆပလနှင့် ကွန်မြူနစ်ပါတီကို စေ့စပ်ပေးရင်းက သူပါ အက်သံပါလာသည်။ မကွဲပါဘူးဆိုသည့်ကြားမှ ရဲဘော်ဖြူ ရဲဘော်ဝါ ကွဲသည်။ ရဲဘော်ဖြူတွင်လည်း ကွန်မြူနစ်ယိမ်းသော ရဲဘော်ဖြူနှင့် ရိုးရိုးရဲဘော်ဖြူ ကွဲပြန်သည်။

သူ့အမြော်အမြင်ဖြင့် သူ ဗိုလ်ချုပ် ဖွဲ့စည်းထားခဲ့သော ပြည်သူ့ရဲဘော်အဖွဲ့အား ကွန်မြူနစ်နှင့် ဆိုရှယ်လစ်များ၊ ဖဆပလများက ခုတ်စဉ်းခွဲဖဲ့ပြီး ယူလိုက်ကြခြင်းဖြစ်သည်။ ဤသို့ဖြင့် ပြည်သူ့ရဲဘော် အဖွဲ့မှာ ဖဆပလမှ အထုတ်ပယ်ခံရပြီးနောက် တောခိုသွားပြန်လေ၏။

ပြည်သူ့ရဲဘော်များ တောခိုသည့်အတွက် အစိုးရမှာ ထပ်မံ အထိနာရပြန်သည်။ အကြောင်းမူ အစိုးရဘဏ္ဍာငွေများ ထပ်မံဆုံးရှုံးရသောကြောင့် ဖြစ်ပေသည်။

တပ်မတော်သည် မရှိမဲ့ရှိမဲ့ အင်အားကလေးဖြင့် မြို့ကြီးများကို ကာကွယ်နေရသည်။ စစ်ပုလိပ်ဟု ရှေးကခေါ်သော ယူအမ်ပီတပ်များလည်း တပ်မတော်နှင့် လက်တွဲတိုက်ခိုက်သည်။ အရေးထဲတွင် ဘားမားရိုင်ဖယ်တပ်ရင်း (၁) နှင့် အချို့တပ်ရင်း အစိတ်အပိုင်းများက ကွန်မြူနစ်ပါတီနောက်သို့ လိုက်သွားပြန်သည်။

ဖဆပလအစိုးရကား အရှုးမီးဝိုင်း ဖြစ်နေသော အချိန်ပေတည်း။

အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် နယ်မြေအနည်းငယ်သာရှိပြီး ဝန်ကြီးချုပ် သခင်နုသည် တောခိုအင်အားစုများ၏ အလိုကျ အစိုးရအဖွဲ့မှ ဆိုရှယ်လစ်တွေနုတ်ထွက်ပေးသည်ကို လက်မခံပေ။ လွတ်လပ်ရေးစာချုပ်အရ

ထားရှိရသော ဗြိတိသျှစစ်မစ်ရှင်မှာလည်း ကေအင်ဒီအိုဘက်ပါလေဟန် မသက်ာဖွယ်ရာများ လုပ်နေသည်မှအပ အသုံးမတည့်ချေ။

နိုင်ငံတော်အစိုးရ၏ သစ္စာတော်ခံ တပ်အင်အားနှင့် အစိုးရဆန့်ကျင်ရေး တောတွင်းလက်နက်ကိုင်စုစုပေါင်း၏အင်အားမှာ အပြတ်အသတ်ကွာနေချိန် ဖြစ်ရာ စစ်ဝန်ထမ်းတပ်များကို ဖြစ်သလို ဖွဲ့စည်းရတော့သည်။ စစ်ဝန်ထမ်း တပ်တွင် ရဲဘော်ဟောင်းများနှင့် ကွန်မြူနစ် ဆန့်ကျင်ရေးသမားတွေ ပါဝင်သည်။ ရောကျော်ဖြစ်သောကြောင့် လျှော့ရဲသော်ငြား တပ်မတော် အတွက် အနည်းအကျဉ်း အထောက်အပံ့ရသည်။

ထိုအချိန်တွင် သွေးသောက်စုရှာဒ္ဓ ကိုကောင်းစံမရှိ။ ကလေး နေမကောင်းဟု သတင်းရသဖြင့် ပြည်မြို့သို့ ရောက်နေသည်။ ပြည်မြို့သို့ ရောက်နေသော်လည်း သူ မတွေ့မြင်လိုသော ပြည်တွင်းစစ် အနိဋ္ဌာရုံကို သူ ရှောင်လွှဲ၍ မရပါ။ သူပုန်နှင့် မတူ၊ စစ်သားဟန်မပေါက်၊ ရုပ်ရှင်မင်းသား ဟန်ဖမ်းနေသော ပြည်သူ့ရဲဘော်များကို သူ နှာခေါင်းရှုံ့သည်။

ခေါင်းမှာ အမောက်၊ လည်မှာခလောက်၊ ခါးမှာဂျောက်။

မိန်းမများ၏နဖူးအထက်တွင် ဆံပင်ကိုအိုက်ထား၏။ သည်အရာကို အမောက်ဟု လွယ်လွယ်ခေါ်သည်။ စစ်မဖြစ်မီကပေါ်ငြား စစ်ပြီးမှ တွင်ကျယ် လာသော ဖက်ရှင်ဖြစ်သည်။ ယခု မိန်းမတွေ၏ခေါင်းပေါ်မှ ပြည်သူ့ ရဲဘော်တွေ၏ ခေါင်းပေါ်သို့ရောက်နေပြီ။

ပြည်သူ့ရဲဘော်ဖြစ်ငြား မလုမည် စိုးရိမ်သဖြင့် ယူနီဖောင်းမဝတ်။ သို့သော် ဘောင်းဘီဝတ်သည်၊ စပို့ရှပ်ဝတ်သည်။ ဗလင်တီနိုဆံပင်ကို ပြောင် နေအောင်ဖြီးသင်ပြီး နဖူး၏ ဝဲတွင်ဖြစ်စေ ယာတွင်ဖြစ်စေ ဖွထားသည်။ ရင်ဘတ်ဟထားသော အင်္ကျီကြားတွင် လော့ကတ်သီးပါသော ရွှေဆွဲကြိုး။ ယူနီဖောင်းမဝတ်ငြား ခါးတွင် ခြောက်လုံးပြူးကို အိတ်မပါဘဲ ကြိုးဖြင့် ချည်ပြီး ချိတ်သည်။

ကိုကောင်းစံ ကြည့်၍မရ။

ကြည့်၍မရသောကြောင့် တိုက်ခန်းအောင်းနေပါလျက်က တော့တော့ဆိုင်ဆိုင် မြင်ရသည်။ အိမ်ရှိလူစာရင်း လာကောက်ခြင်းဖြစ်သည်။

"သူပုန်ဆိုလို့ ကြောက်စရာကောင်းမလား မှတ်ပါ။ ဖက်နမ်းချင်စရာကောင်းလိုက်သာ မြင့်ရာ"

"မောင်ဟာလေ၊ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကျေသတဲ့"

ခင်ခင်မြင့် ပြေးလာပြီး ပါးစပ်ကိုပိတ်သည်။ တိုက်ရှေ့သို့ စိုးရိမ်တကြီးလှမ်းကြည့်သည်။

"မစိုးရိမ်ပါနဲ့မြင့်ရာ။ သူ့သေနတ်မှာ ကျည်ဆန်မပါပါဘူး။ကျည်ဆန်ပါသယ်ပဲထား။ မတိုက်မချွတ်ဘဲထားသဲ့ သေနတ်ထဲက ဘယ်လိုလုပ်ပြီးကျည်ဆန်ထွက်မှာတုန်း"

"မြင့်တို့သားအမိကို မောင် မချစ်ဖူးလား"

"မေးရက်ပလေမြင့်ရာ။ ငုံထားချင်လောက်အောင် ချစ်ပါသဗျာ"

"ဒါဖြင့် ငုံထား၊ စကားမပြောနဲ့"

ခင်ခင်မြင့်သည် ကလေးကို ကိုကောင်းစံလက်ထဲသို့ ထိုးပေးသည်။ ကလေးမနေလျှင် ထလျှောက်ရမည်။ ထလျှောက်ရင်းက တိုက်နောက်ဖေးသို့ ရောက်သွားလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ကလေးကို ထိုးပေးခြင်းဖြစ်၏။

ကလေးက ဖအေ၏နှာခေါင်းကို ပါးစပ်ဖြင့်ကုန်းကိုက်နေစဉ် လူလေးယောက် တိုက်ရှေ့ ဝင်းခြံတံခါးကို တွန်းပြီး ဝင်လာကြ၏။ နောက်မှနှစ်ယောက်သည် ရိုင်ဖယ်သေနတ်တစ်လက်စီကို လွယ်ထား၏။ အလယ်မှလူသည် စတင်းဂန်းနှင့် လွယ်အိတ်တစ်လုံး လွယ်ထားပြီး ဗလာစာအုပ်တစ်အုပ်ကိုလည်းကိုင်ထား၏။ သူတို့၏ရှေ့ဆုံးကလူမှာသော် ဘန်ကောက်ပုဆိုးဝတ်လျက် ခြောက်လုံးပြူးအိတ်ပါသော ခါးပတ်ကို ပတ်ထားသည်။

**ပုဂံစာအုပ်တိုက်**

ခေါင်းမှာ ဂေါ်ရခါးဟက်၊ ရင်ဘတ်မှာ တီရှပ်အဖြူ။ ခြေမှာသော် စစ်ဖိနပ်။

"အိမ်ထောင်ဦးစီး ဘယ်သူတုန်း"

"ဒေါ်မြညွန့်ပါရှင့်"

"အလုပ်အကိုင်"

"ကုန်သည်ပါရှင့်"

"ကုန်သည်ဆိုရင် တစ်ရာထည့်ပါ"

စတင်းဂန်းနှင့် လူသည် ဗလာစာအုပ်ဖြန့်ကာ ရှေ့သို့တိုးလာ၏။

"ဘာလုပ်ဖို့၊ ဘာအတွက်ပါလိမ့်ရှင်"

"မြန်မာပြည် ကွန်မြူနစ်ပါတီ စစ်အောင်နိုင်ရေး ရန်ပုံငွေဖြစ်တယ်"

"ခဏနေဦးနော်၊ အို အထဲကြွပါရှင်။ ထိုင်ပါဦး။ အိမ်ထောင်ဦးစီးကို သွားခေါ်ပေးပါမယ်"

ကုလားထိုင်များ ထိုးပေးပြီးလျှင် ခင်ခင်မြင့်သည် အတွင်းဘက်သို့ သွက်သွက်လှမ်းဝင်၏။

"လုပ်ပိုင်ခွင့်မရှိဘဲ မေးလိုက်စမ်းလိုက်တာ။ ဖြေရတဲ့လူမှာ အာကို ပေါက်လို့၊ ပြီးတော့ အိမ်ထောင်ဦးစီးတဲ့"

စတင်းဂန်းနှင့်လူက မကျေမနပ်ပြောသည်။ ခြောက်လုံးပြူးပတ်ထား သူကား ချိတ်ထားသော ဓာတ်ပုံများကိုသာ စေ့စပ်စွာ မော့ကြည့်နေ၏။ တစ်ခဏအတွင်း ဒေါ်မြညွန့် အပြေးကလေးရောက်လာသည်။ ပြေးထွက် လာရင်း လက်ကို လက်သုတ်ပဝါဖြင့် သုတ်လာသည်။

"မောင်ရယ်၊ အဒေါ်တို့မှာ အရောင်းအဝယ် မကောင်းပါဘူးကွယ်။ ငါးဆယ်ပဲ လှူပါရစေ"

"ပစ္စည်းမဲ့ တော်လှန်ရေးစစ် ဆင်နွှဲနေချိန်မှာ ကျုပ်တို့က အသက် စွန့်ပြီး တိုက်ရတာဗျာ့။ ခင်ဗျားတို့က ငွေကလေးတစ်ရာတောင် မထည့် ချင်ဘူး။ ဒါ ဟင်းရွက်ရောင်းတာ မဟုတ်ဘူး"

ထိုအခါ ခင်ခင်မြင့်သည် ခြောက်လုံးပြူးနှင့် ပုဂ္ဂိုလ်၏ရှေ့ သမံတလင်းပေါ်တွင် ဒူးထောက်သည်။

"ဗိုလ်ကြီးရယ်၊အဝင်နည်းပြီး အထွက်များနေလို့ အမေက တောင်းပန်တာပါဗိုလ်ကြီးရယ်။ ဈေးဆစ်တာ မဟုတ်ပါဘူးဗိုလ်ကြီး။ အပြောအဆိုအသုံးအနှုန်းမှားရင် ခွင့်လွှတ်ပါဗိုလ်ကြီး"

"ကောင်းပြီ။ ဟော့ ရေးလိုက် ငါးဆယ်။ သွားမယ်"

ရွှေသုံးမူးသားမက တန်ဖိုးရှိသော တစ်ဆယ်ကျပ်တန် စက္ကူ ငါးရွက်သည် ဒေါ်မြညွန့်၏ တုန်ယင်နေသော လက်ထဲမှ ကူးပြောင်းထွက်ခွာသွားလေ၏။

ဒေါ်မြညွန့်သည် ထွက်ခွာသွားသူများ လမ်းပေါ်သို့ရောက်သွားသည်အထိ မျှော်ကြည့်နေပြီးမှ ခင်ခင်မြင့်အား ပြော၏။

"သမီးရယ်၊ သေနတ်တွေမြင်ရတာ အမေ ရင်တုန်လွန်းလို့ပါလို့ ဘယ်နှစ်ခါပြောရမှာလဲကွယ်။ ကိုယ့်ဘာသာကိုယ် ပြေပြစ်အောင်ပြောပါ"

"တစ်ရာကြီးတောင် အမေရဲ့"

"အဒေါ်က မောင်ရင်ခေါ်သာကိုး။ ဟော ဗိုလ်ကြီးခေါ်တော့ အဆင်ပြေသွားသမှတ်လား။ မှတ်ထား မြင့်၊ နောက်ကို ဗိုလ်မှူးခေါ်"

ကျောက်ရုပ်လိုငြိမ်နေခဲ့ရာက ကိုကောင်းစံ ပြောသည်။

"မေမေ့သားမက်ကလည်း တစ်မျောင့်ပဲ။ ပြောပါဦးမေမေရယ်"

"မောင်ကောင်းစံပြောတာ ဟုတ်တုတ်တုတ်ပဲ။ အင်း၊ ပွဲရုံမှာလည်းကောက်၊ မော်တော်အဝင်အထွက်လည်းကောက်၊ အိမ်မှာလည်း ကောက်။ ပျက်နေတဲ့ လမ်းတွေကျတော့ တစ်ထွာတောင် မပြင်ဘူး"

ပြောပြောဆိုဆို တိုက်နောက်ဖေးဘက်သို့ လှည့်ထွက်သွားရာ "ဘန်ကောက်လုံချည်တော့ ကြိုက်ကြသားပဲ" ဟု ကိုကောင်းစံ ရေရွတ်၏။ ကလေးကို လှမ်းပေး၏။ ခင်ခင်မြင့်သည် ကလေးကို လက်မကမ်း။

**ပုဂံစာအုပ်တိုက်**

"နေသားပဲမောင်ရယ်။ ချီထားစမ်းပါဦး။ နောက်ဖေးမှာ လျှော်စရာ အဝတ်နည်းနည်း ကျန်သေးလို့ပါ၊ ဟော"

ပြောပြောဆိုဆို သားနှင့် လင့်ဘေးမှ ခွာမည်ပြုရင်း တိုက်ရှေ့သို့ လှမ်းကြည့်လိုက်ရာ လူတစ်ယောက် တံခါးဖွင့်နေသည်ကို မြင်သဖြင့် "ဟော" ဆိုရင်း တန့်သွား၏။ ကိုကောင်းစံကလည်း "သည်တစ်ခါလာသာ အလံနီဖြစ်ရမယ်" ဟု ငဲ့စောင်းကြည့်ရင်း ထင်မြင်ချက်ပေး၏။

ခင်ခင်မြင့် ပြန်မပြော။ ၄က်ပျောတစ်ခိုင်ထမ်းကာ ပိန္နဲသီးနှစ်လုံး ကြိုးသိုင်းဆွဲလျက် ဝင်လာသူအား စိုက်ကြည့်နေ၏။ သည်မျက်နှာကို မြင်ဖူးပါသည် ဟူသည့်စိတ် ဝင်လာသဖြင့်ဖြစ်၏။

"နေကောင်းကြနော။ ဆရာလေးရဲ့ ခြံထဲက လမ်းကြုံတာနဲ့ ခုတ်လာဘာပါ။ ဒါနဲ့ ဗိုလ်ကြီးကော"

ထိုအခါတွင်မှ သွေးသောက်စုမှ လာသူဖြစ်ရမည်။ သူ့လင်နှင့် ပတ်သက်သော ရဲဘော်ဟောင်းဖြစ်ရမည်ဟု ခင်ခင်မြင့် သဘောပေါက်၏။ ကိုကောင်းစံကား ချက်ချင်းထရပ်ကာ "ဟော့ ဟော့ ဟာ စောမင်းဒင်၊ ဗိုလ်ကြီး ဆွ ဗက်ကြီးတွေ မခေါ်ပါနဲ့ဟ၊ အဖမ်းခံနေရပါမယ်" ဟုဟုသလဲတား၏။ ကုလားထိုင်ပေါ်သို့ အထိုင်ခိုင်း၏။

"ဘယ်က လာသာတုန်း"

"ရွာကပဲ ဆိုပါတော့ဗိုလ်.... အဲ.... ခင်ဗျာ့"

"လမ်းပန်း အခြေအနေကော"

"တစ်ခေါ်လောက်သွားလိုက်၊ ကမ်းကိုတစ်ခါကပ်လိုက်နဲ့ ခရီးမတွင် ပါဘူးခင်ဗျာ။ မနေ့မနက်ကလာခဲ့တဲ့ ရေစုန်ခရီး၊ ကနေ့မှ ရောက်တာကြည့်"

စောမင်းဒင်သည် ခေါင်းပေါင်းတဘက်ဖြေပြီး မျက်နှာသုတ်၏။ ခင်ခင်မြင့်က ရေတစ်ခွက် ခပ်လာပြီး ပေးသဖြင့် အမောတကောသောက်၏။

ကိုကောင်းစံမှာ သည်မြို့ကို တောတွင်းလက်နက်ကိုင်များ မသိမ်းမီ

ကလေးတွင် ရောက်လာခဲ့သည့်အတွက် စောမင်းဒင်၏အပြောကို သဘောမပေါက်ပေ။

"ဘယ်လိုကြောင့်တုန်းကွာ၊ ရှင်းပြစမ်းပါဦး"

"ဂိတ်တွေလေ ဂိတ်တွေ။ အလံနီဂိတ်ကခွာရင် ရဲဘော်ဖြူဂိတ်။ ရဲဘော်ဖြူဂိတ်ပြီးရင် ကွန်မြူနစ်ဂိတ်။ တစ်ယောက်ဖွင့်တာမြင်ရင် နောက်လူတွေကလည်း အားကျမခံ လိုက်ဖွင့်တာပါ"

"ပစ္စည်းစစ်သာလား၊ လူစစ်သာလား"

"ဘာမှ မစစ်ဘူးဗိုလ်ကြီး။ ဂိတ်ကြေးကောက်တာ။ မြစ်ရဲ့သည်ဘက်ကမ်းရောက်နေပေမယ့် ရေကြောင်း ကြပ်ကြပ်ချောင်ချောင် ဟိုဘက်ကမ်းမှာဂိတ်ရှိရင် ရောက်အောင်သွားရတယ်။ မသွားရင် လှမ်းပစ်တယ်။ မထိလို့လွတ်သွားလည်း လွတ်ပြီမထင်နဲ့။ တစ်နေ့နေ့ ကြုံတာပဲ။ ကြုံတဲ့အခါကျတော့မှ အတိုးရောအရင်းပါ ဆပ်ပေတော့"

"အင်း၊ တိုင်းပြည်ကတော့"

ကိုခင်မောင်တင့်ရောက်လာသဖြင့် "ဟောဟော လာပါပြီဗျား" ဟုယောက်ဖအား မေးငေါ့ပြ၏။

"ပိန္နဲသီးတွေနဲ့ ငှက်ပျောခိုင် ပင်ပင်ပန်းပန်း သယ်လာတာ ကျေးဇူးတင်ပါတယ်ဗျာ"

"သီးလိုက်တာမှ အများကြီးဗျာ။ ဒါလောက်ပဲနိုင်လို့ ဒါလောက်ပဲ သယ်လာရတာ"

"မြစ်ဝကျွန်းပေါ်မှာတော့ ကေအင်ဒီအိုပဲနော်"

"ဟုတ်ပါတယ် ဆရာလေး။ ဟုတ်ပေမယ့် မဟုတ်ဘူးဗျ။ ဘာကြောင့်မဟုတ်သလဲဆိုတော့ ကေအင်ဒီအိုဟာ ဖဆပလအစိုးရကို တိုက်တာမဟုတ်ဘဲ မြန်မာတွေ၊ မွန်တွေ၊ စာမည်းကရင်တွေကို သတ်တဲ့အလုပ်လုပ်နေလို့ပဲ"

**ပုဂံစာအုပ်တိုက်**

"သည်လိုဆိုရင်တော့ မှားပြီပေါ့ဗျာ"

"မှားတာကတော့ တက်တက်စင်အောင် မှားနေတာပဲ ဆရာရေ့။ ကရင်ရွာကို မြန်မာနဲ့ မွန်တွေ ဝင်ထွက်စားသောက်။ မြန်မာရွာ၊ မွန်ရွာကို ကရင် စာမည်း စာဖြူမရွေး ဝင်ထွက်စားသောက်နေခဲ့ကြတာ။ တစ်ဦး အလုပ်ကို တစ်ဦးကကူလို့။ သူ့အင်းမှာ ကိုယ်ဝင်ပြီး ငါးခြောက်ခွဲ၊ ကိုယ့် လယ်ကို သူဝင်ပြီး ကောက်စိုက်နဲ့ သူက ကရင်၊ ငါက မွန်၊ သူက မြန်မာလို့ မမြင်ခဲ့ပါဘူးဗျာ။ နှမပေး နှမယူ၊ သမီးပေး သမီးယူပြီး ချစ်ချစ်ခင်ခင် နေခဲ့ကြတာ၊ အခုတော့ အချစ်ပျက်ပြီ၊ ပျက်ပြီဗျာ"

"ရန်သူအင်္ဂလိပ်ရဲ့စကားကို နားယောင်ပြီး ညီအစ်ကိုနောင်ရင်း သွေးသားချင်းကို သတ်တာကဖြင့် ကမ္ဘာတွင်မယ့်အမှားပဲ"

စောမင်းဒင်က ညည်းတွားသံဖြင့် အဆုံးသတ်သည့်နည်းတူ ကိုခင်မောင်တင့်ကလည်း ဝမ်းနည်းပက်လက် ရေရွတ်၏။

"လွန်ခဲ့တဲ့လတုန်းက ဇာတိရွာကို ကျွန်တော် ပြန်ခဲ့သေးတယ်ဆရာ။ အမွေဆိုင်မြေကလေး၊ အိမ်ကလေး ရောင်းချင်လို့။ အခု သွေးသောက်စုကို ရောက်ရောက်ချင်း သည်ကို ပြေးလာရတာခင်ဗျာ့"

"ဩ ဩ၊ ဘယ်ရွာပါလိမ့်"

"ပုသိမ်အရှေ့က စာဖြူစုခင်ဗျာ့။ သုံးရက်ခရီးကို ကိုးရက်သွားရတယ် ဆရာလေးရဲ့။ ဂိတ်တွေ၊ ကင်းတွေကလည်း တစ်ခေါ်မှာ တစ်ခု။ သေနတ် ရှိရင် ဂိတ်ဖွင့်လို့ ရနေတော့တာကိုး။ စိတ်မထင်ရင် ဖမ်းချုပ်သေးတယ်။ သူတို့ဟာက ဖဆပလကို ရှာသတ်တာလည်း မဟုတ်ဘူး၊ အစိုးရလူကို ရှာသတ်တာလည်း မဟုတ်ဘူး။ စိတ်မထင်ရင် ရွာကိုမီးရှို့၊ လွတ်ရာပြေးတဲ့ သူတွေဆီက လု"

"သည်တရား လက်လွတ်၊ နိုင်ငံသားချင်းအပေါ် စော်ကားမှုအတွက် ခေါင်းဆောင်အမည်ခံတွေမှာ တာဝန်ရှိတယ်"

"ရှိပြီလားဆရာလေးရာ။ မြန်မာရွာ၊ မွန်ရွာမှန်သမျှ ပြာပုံပဲကျန်တော့လို့ မမှတ်မိတော့ဘူး။ ဒါတွင်လားဆိုတော့ မဟုတ်ဘူးခင်ဗျာ့။ သစ်ပင်တွေပါ ခုတ်ယူကြတာ။ အဲသည်လို စိတ်မကောင်းစရာတွေချည်းတွေ့လို့ ပြန်လှည့်ချင်စိတ်ပေါက်နေတုန်းမှာ ဘုရားညီရွာကအသိတွေလည်းတွေ့ရော ကျွန်တော် ပြန်လာခဲ့တော့တယ် ဆရာလေး"

"ဘာဖြစ်လို့ပါလိမ့်ဗျာ"

ကိုခင်မောင်တင့် စိတ်ဝင်စားသလို ကိုကောင်းစံကလည်း မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။

"ဂုံမင်းရှိုးလို့လည်း ခေါ်တဲ့ ဓားကတဲ့တားက နည်းနည်းလှမ်းတဲ့နေရာမှာ 'ဘုရားညီ' ရွာဆိုတာရှိတယ်။ ကေအင်ဒီအိုတွေ ဝင်ထွက်သွားလာနေတဲ့ စားအိမ်သောက်အိမ် ရွာတစ်ရွာပါပဲ။ အဲ ပုသိမ်မှာ တိုင်တစ်ရာကျောင်းကို ခံတပ်ကြီးလုပ်ထားတဲ့ ကေအင်ဒီအိုတွေ အကျအဆုံး မချိမဆံ့နဲ့ဆုတ်လာရတဲ့နေ့ကတော့ စားအိမ်သောက်အိမ် ဘုရားညီရွာကို ဝင်ရမ်းတော့တယ်"

"လက်စားချေတာများလား"

"လက်စားချေရအောင် ဗမာတွေချည်း နေတာမှ မဟုတ်ဘဲခင်ဗျာ။ ဗမာ၊ မွန်၊ ကရင် ရောနှောနေတာပါ။ ရွာသူရွာသားတွေကလည်း ခါတိုင်းလိုပဲ အမှတ်မဲ့နေကြတာ။ တစ်ခါတည်းဆဲဆိုပြီး ဓားနဲ့လိုက်ခုတ်၊ လှံစွပ်နဲ့လိုက်ထိုးတော့တာပဲ။ အပိုင်းပိုင်း အတစ်တစ် အတုံးအရုံးပေါ့။ အော်သံဟစ်သံတွေကြားလို့ ထွက်ပြေးသူတွေလည်း အင်းစပ်မှာ၊ ချောင်းစပ်မှာ၊ ရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်း မရှုမလှ အသက်ပျောက်တာ၊ တစ်ချောင်းလုံးတစ်ရွာလုံး သွေးချင်းချင်းနီတော့တာပါပဲဆရာလေးရယ်"

ကိုခင်မောင်တင့်သည် ခေါင်းကိုခါယမ်းနေသည်။ ကိုကောင်းစံမှာ ကလေးကိုချီလျက် တောက်ခေါက်ပြီး ထရပ်သည်။

**ပုဂံစာအုပ်တိုက်**

"ဒါဟာ ကရင် မဟုတ်ဘူး။ ကေအင်ဒီအို မဟုတ်ဘူး။ အင်္ဂလိပ် အင်္ဂလိပ်။ သူတို့ကို ၁၉၄၂ ခုနှစ်တုန်းက သူတို့ကို တော်လှန်လွှတ်လိုက်သဲ့ အတွက် လက်စားချေသာ။ တရားခံ လူသတ်သမားဟာ အင်္ဂလိပ်"

"သည်ဘုရားညီရွာတွင် ကပ်ပါမလား စောမင်းဒင်ရာ။ သူတို့သိမ်းပိုက် မိတဲ့ ရွာတွေ၊ မြို့တွေမှာ စိတ်မထင်ရင် မထင်သလို သတ်နေမှာပါ"

"ဒါပေါ့ ဆရာလေးရာ။ တစ်ယောက်ချင်း နှစ်ယောက်ချင်း သတ်ကာ တွေကတော့ ကေအင်ဒီအိုအတွက် ရေနွေးကြမ်းနဲ့ ကြံသကာ မြည်း သလောက်ပဲရှိမယ်။ သုံးလေးယောက်တစ်စု၊ ငါးယောက်ခြောက်ယောက် ဘစ်စု သတ်တာက အပျင်းပြေနေမှာပဲ။ ကျွန်တော် ရှက်တယ်ဗျာ"

စောမင်းဒင်သည် ပြောရင်းက မျက်နှာအောက်ချ၏။

"ရှက်မနေနဲ့ စောမင်းဒင်။ ကရင်ဆိုးရှိရင် ကရင်ကောင်းရှိသယ်။ ကရင်ကောင်းက ကရင်ဆိုး ကေအင်ဒီအိုကို ရှုတ်ချသယ်"

"ဒါမှာတော့ အမှန်ပဲဗိုလ်ကြီးခင်ဗျာ။ ကရင်ကောင်းက ကေအင်ဒီအို ကို တိုက်လွှတ်ရုံမကဘူး၊ ရဲဘော်ဖြူနဲ့ အလံဖြူ အလံနီတွေလည်း အကြပ် ရိုက်နေပြီ။

"ဘာပြုလို့တုန်း၊ သိပါရစေဗျာ။ ခင်ဗျားက သူပုန်တောကို ရောက်ခဲ့ ဘော့"

ကိုခင်မောင်တင့်၏ အဘိယာစက စကားဖြစ်သည်။

"ကွန်မြူနစ်နဲ့ ရဲဘော်ဖြူ အလံနီက ကေအင်ဒီအိုကို မဟာမိတ် ဖွဲ့ဘယ်ခင်ဗျာ။ သူတို့ရဲ့ရန်သူ ဖဆပလအစိုးရကို တိုက်တဲ့ရန်သူမို့ပေါ့လေ။ ဒါပေမယ့် သူတို့ချည်းကပ်ပြီး ရုံပွဲငွေ ထမင်းထုပ် အကောက်ခံရတဲ့ ကျေးရွာ တွေက ကေအင်ဒီအိုကို တိုက်စေချင်တယ်။ သူတို့က မတိုက်ဘူး။ နောက်ဆုံး ကျတော့ ခင်ဗျားတို့ သတ်ချင်သတ်ပါ ဆက်ကြေးမပေးဘူး။ ဆက်ကြေး ပေးချင်ရင် ကေအင်ဒီအိုကို တိုက်ပါ။ အကြပ်ကိုင် ခံနေရပြီခင်ဗျာ"

"နာပြီကိုးကွ။ နာလာတော့လည်း အကြပ်ကိုင်ပြီပေါ့။ အင်း၊ ဘယ်ဘက်က လှည့်တွေးလို့မှ မကောင်းပါကလား"

"အင်း ခေါင်းဆောင် ခေါင်းဆောင်။ လူတွေဟာ ကိုယ့်မှာ ခေါင်းဆောင်အင်္ဂါ၊ ခေါင်းဆောင်အရည်အချင်း ရှိ မရှိ မဝေဖန်ဘဲ ခေါင်းဆောင်လုပ်ချင်ကြတယ်။ လူတွေကလည်း လူတစ်ယောက်မှာ ခေါင်းဆောင်အင်္ဂါ ခေါင်းဆောင်အရည်အချင်း ရှိ မရှိ၊ တော် မတော်၊ ရာ မရာ မစဉ်းစား မသုံးသပ်ဘဲ တွေ့ရာလူကို ခေါင်းဆောင်တင်ကြတယ်။ အေး ခေါင်းဆောင်မကောင်းတော့ လူမျိုးနဲ့ချီတဲ့ အမည်းကွက်ကြီးထင်ပြီ။ ပြာပုံထဲက လက်ကျန်ကျေးရွာ မြို့ပြ ကုန်ပြီ။ ငှက်ဖျားရောဂါ၊ ဝဲရောဂါနဲ့ မသေလို့ ကျန်တဲ့လူတွေ သောက်သောက်လဲ သေကြရပြီ"

ကိုခင်မောင်တင့် နာကျည်းစွာ ရေရွတ်သည်။

သူ့အာရုံဝယ် မီးဟုန်းဟုန်း တောက်လောင်နေသော အဆောက်အအုံများ ထင်လာသည်။ မီးသတ်ရန် ကြိုးစားသော မီးသတ်ရဲဘော်တွေ ကျည်သင့်ကျဆုံးပုံကို မြင်ယောင်သည်။ ပြာပုံတဲမှ တလူလူထနေသော မီးခိုးတန်း၊ အားကိုးမဲ့သဖြင့် အူနေသော အိမ်ခွေးများ။လင်းတ တရန်းရန်းနှင့် အလောင်းများ။

"သည်တော့ ကွန်မြူနစ်၊ ရဲဘော်ဖြူ အလံနီက ကေအင်ဒီအိုကို တိုက်ရောလား"

ကိုကောင်းစံ၏အမေး။

"တိုက်ရပြီပေါ့ ဗိုလ်ကြီးရာ။သူတို့မှာလည်း နာကျည်းချက်အသီးသီး ရှိကြတာကလား။ ကေအင်ဒီအိုနဲ့ 'နားလည်မှု' ရှိထားတာပဲဆိုပြီး အမှတ်မဲ့နေတုန်းမှာ ကေအင်ဒီအိုက ဝင်တိုက်၊ လက်နက်ယူ လူသတ် လုပ်တာ မခံရဖူးသူ နည်းတယ်ခင်ဗျာ။ လူထုကလည်းမုန်း၊ သူတို့မှာလည်း အနာက ရှိတော့ တိုက်ပွဲ တချိန်းချိန်းပါပဲ"

**ပုဂံစာအုပ်တိုက်**

"စည်းကမ်းလည်းမဲ့၊ သစ္စာလည်းမရှိ"

"ရယ်တော့ ရယ်ရတယ်ခင်ဗျာ။ သည်နားမှာ ရဲဘော်ဖြူနဲ့ ကွန်မြူနစ် ပခုံးဖက်နေကြပေမယ့် ဟိုနယ်မှာကျတော့ အသေအကျေ တိုက်နေပြန်ရော။ ဟိုနယ်မှာ ကွန်မြူနစ်နဲ့ အလံနီ တည့်ပြီး သူ့နယ်ထဲကိုယ်ဝင်၊ ကိုယ့်နယ်ထဲ သူလာလုပ်နေပေမယ့် ဟောသည်ဘက်မှာ ချချင်ချနေပြန်ရော။ တစ်ခါ တလေကျတော့ ကေအင်ဒီအိုကို သုံးပါတီ ဝိုင်းတိုက်ပေမယ့် သုံးပါတီ ကလည်း တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဆော်နေကြပြန်ရော"

"ရှုပ်ပါတယ်ဗျာ။ ဖဆပလအစိုးရ အမြန်ဆုံးပြုတ်ပြီး သူတို့ပဲ မြန်မြန် တက်ပြီး အစိုးရလုပ်ကြစမ်းပါစေ"

ကိုခင်မောင်တင့်မှာ စိတ်ပေါက်ပေါက်နှင့် ပြောမိပြောရာ ပြောတော့သည်။ ထိုစကားကို ကိုကောင်းစံ လက်မခံ။

"သည်လိုဆိုတော့ တိုင်းပြည်ကြီး ငြိမ်းချမ်းသွားမယ်ထင်သလား။ ဝေးပါသေးရဲ့ဗျာ။ သူတို့ အချင်းချင်း တိုက်မယ်၊ အစိုးရအဖွဲ့ သုံးဖွဲ့ဖြစ်မယ်။ လူတွေ အခုထက်ပိုပြီး သေဦးမယ်"

"သည်အရပ်မှာ သုံးပါတီညီညွတ်ရေး လုပ်နေတယ်မဟုတ်လားဗျာ။ လွန်ခဲ့တဲ့အပတ်ကပဲ ညီလာခံစရိတ် ထည့်လိုက်ရ မဟုတ်လား"

"ကိုစောမင်းဒင်၊ ထမင်းသုံးဆောင်ဖို့ ကြွပါရှင်"

ခင်ခင်မြင့်ရောက်လာပြီး ကလေးကို လှမ်းယူရာက "မောင်နဲ့ ကိုကို လည်း တစ်ခါတည်းသာ ဝင်စားပေတော့" ဟု ပြောသည်။

"မောင်မင်းဒင်၊ သည်တွင်ပဲလားကွယ့်"

ထမင်းပွဲကို ယပ်ခပ်ရင်း စောင့်ဆိုင်းနေသော ဒေါ်မြညွန့်၏အမေး။ စောမင်းဒင်သည် သူ့နဖူးကို လက်ဝါးဖြင့်ရိုက်၏။

"ကြည့်စမ်း။ စကားကောင်းနေလိုက်တာ၊ လာရင်းကိစ္စကို အန်တီ မေးမှပဲ သတိရတော့တယ်ခင်ဗျာ"

**ပုဂံစာအုပ်တိုက်**

"ငါ့သားရဲ့ ကျောင်းနေရာနဲ့ အိမ်ကလေးကို စောင့်ရှောက်လိုက်ပါ ဆိုပြီး တိုင်းလုံးကျော်ကို အပ်ထားခဲ့တာ။ ဗရုတ်ဗရက် ကာလကြီးမှာတော့ ဝယ်သူရှိမယ် မထင်ပါဘူးလေ"

"ကွန်မြူနစ်ပါတီ တိုက်နယ်ရုံး ဖြစ်နေလေရဲ့ အန်တီရေ့"

စောမင်းဒင်သည် ထမင်းသုံးလေးလုတ်ခွဲ့မိပြီးမှ သူ့စကားကို မဆက်ရသေးကြောင်း သတိရသည်။

"ကျွန်တော်လာတဲ့အကြောင်းက ဖွားဆယ် ဆုံးတဲ့အကြောင်းရယ်"

"ဖြစ်ရလေကွာ။ အဒေါ်ပေမယ့် ငါ့ညီရဲ့အမေရင်းပဲ။ ငါ့အပေါ်မှာလည်း အလွန်ဂရုစိုက်ရှာသယ်။ ဘာရောဂါတုန်း"

ကိုကောင်းစံမှာ ထမင်းလုတ်ကို လွှတ်ချမိသည်။ ဤသည်ကို မြင်သောအခါ "ထမင်းပွဲရောက်မှ ပြောမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ" တောင်းပန်၏။ သို့ကြောင့် ကိုကောင်းစံ ထမင်းတစ်လုတ် ကောက်လွေးသည်။

"ကိစ္စမရှိပါဘူး၊ ပြောမှသာ ပြောပါကွာ"

"အဘွားဆယ်ဆုံးတာက ဝမ်းကိုက်ရာက စတာခင်ဗျာ။ နောက်တော့ အစာကောင်းကောင်း မဝင်တော့ဘဲ တရှောင်ရှောင်နေရာက ဆုံးတာပါပဲ။ နောက်တစ်ချက်က"

သို့သော် "စိတ်မကောင်းပါဘူးကွယ်။ မောင်ကောင်းစံတို့ညီအစ်ကိုနဲ့ စပ်လိုက်ပြန်တော့ တို့အမျိုးပါပဲ" ဒေါ်မြညွန့် ဝင်ပြောသဖြင့် ခဏဆိုင်းနေပြီးမှ စကားဆက်၏။

"နောက်တစ်ချက်က ဦးရန်ကြီးအောင်က အဖမ်းခံနေရတယ်ခင်ဗျာ"

"ဟေ၊ အစ်ကိုကြီးကိုဖမ်းသယ်။ ဘယ်သူက ဘာမှုနဲ့ဖမ်းသာတုန်း"

ကိုကောင်းစံ လှုပ်လှုပ်ရှားရှားဖြစ်ရပြီ။

"ရဲဘော်ဖြူကခင်ဗျာ"

ကိုကောင်းစံမှာ "ဘာ" တစ်ခွန်းသာ အော်နိုင်တော့သည်။

**ပုဂံစာအုပ်တိုက်**

ရဲဘော်ဖြူမှာ သူ့အဖွဲ့ဖြစ်ကာ ရဲဘော်အေးမောင်အား လွှဲထားခဲ့သည်။ သူ ပြည်မြို့သို့ရောက်ပြီး မကြာမီပင် တောခိုရဲဘော်ဖြူများနှင့် ပေါင်းသွားသည်။ သည်သတင်းကို ကြားလျှင်ကြားချင်း ကိုကောင်းစံ ပြန်ရန်ပြင်သည်။ ကလေးကတစ်လှည့် ဇနီးကတစ်လှည့် ဖျားနာနေသည်။ ထိုသူများ သက်သာချိန်တွင် သွားရန်ဟန်ပြင်သောအခါ ယောက်ဖက မသွားစေချင်။ ယောက်ကမကမှု အတိအလင်း တားမြစ်သည်။

သေနတ်ကိုယ်စီကိုင်ကာ လူတိုင်း လက်တယားယားဖြစ်နေကြချိန်ဝယ် ဒေါ်မြညွန့် အစိုးရိမ်ဆုံးမှာ ကိုကောင်းစံကို သူ့ညီတိုင်းလုံးကျော် သတ်ပစ်မည်ကို ဖြစ်၏။ ဒေါ်မြညွန့်သည် တိုင်းလုံးကျော်အား နည်းနည်းမျှမယုံ။

မယားသံယောဇဉ်ကြောင့် သွေးသောက်စုတွင် မနေချင်ဘဲ နေရသော ကိုရန်ကြီးအောင်အား တိုင်းလုံးကျော်က ရန်မပြု။ မထင်မှတ်သော ကိုကောင်းစံ၏တပ်က ဖမ်းသည်ဆိုသောအခါ အားလုံး အံ့သြကြရ၏။ ကိုကောင်းစံလည်း "ရဲဘော်အေးမောင်ရဲ့ အမိန့်နဲ့ ဖမ်းတာလား" ဟု လှုပ်လှုပ်ရှားရှား မေး၏။

"ရဲဘော်အေးမောင် ကျသွားပြီခင်ဗျာ့"

သည်သတင်းကို ကိုကောင်းစံမရ "ဟေ" ဟုအော်မိပြီးမှ "ဘယ်တုန်းကတုန်း" ဟု ဆက်၍ မေးမိသည်။

"သုံးလကျော်ပြီခင်ဗျာ့။ ဗိုလ်ကြီးသွားပြီး သူတို့တောခိုတယ်။ နောက်နှစ်လလောက်အကြာမှာ တပ်စုသုံးစုပါတဲ့ တပ်တစ်တပ်။ ယူအမ်ပီခင်ဗျာ့၊ တပ်မတော် မပေါ်တတ်သေးဘူး။ သင်္ဘောတစ်စင်းနဲ့ သပြေသာဆိပ်ကို လာပြီး ကပ်တယ်ခင်ဗျာ့။ ဘာမှ အဆင်သင့်မရှိတော့ ကမ်းပေါ်တက်ပြီး တပ်စွဲရာက နောက်တစ်နေ့မှာ သုံးမိုင်ဝေးတဲ့ သွေးသောက်စုကို တပ်စုနှစ်စုတည်း တက်လာတာ မတားနိုင်ဘူးခင်ဗျာ့"

ကိုကောင်းစံ မအံ့သြပါ။ ကောင်းစွာလေ့ကျင့်ထားသော တပ်စု

နှင်စုကို ဘောင်းဘီဝတ်သေနတ်လွယ်ပြီး ဟန်ဓားခုတ်ရာတွင်သာ ကျွမ်းကျင်သော လူတစ်ရာက ချေမှုန်းရန်ဝေးစွ။ တားသော်မျှ မတားနိုင်သည်ကို ကိုကောင်းစံ မအံ့ဩပါ။ သို့အတွက် ခေါင်းညိတ်၏။

"သွေးသောက်စုတိုက်နယ် ရဲဘော်ဖြူက တစ်ရာနီးပါးခင်ဗျာ့။ မိုးနတ်ကုန်းက လာပြီး တပ်စွဲနေတာက တစ်ရာကျော်ခင်ဗျာ့။ ရေနံမကို လုမ်းပြီး သတင်းပို့လိုက်လာတာက တစ်ရာခင်ဗျာ့။ သရီးအိတ်မော်တာရော ရံပုံခွင်း အမြောက်တွေတောင်ပါသေး"

"သေကုန်ရော မဟုတ်လား"

"သေ သမှ မြင်မကောင်းဘူး။ ယူအမ်ပီတွေ ညံ့တယ် ညံ့တယ်နဲ့ ဘုရင်းဂန်းကိုဝပ် မပစ်ဘူးခင်ဗျာ့။ မတ်တတ်ရပ်ပြီး ဆွဲမှတော့ မသေ ခံနိုင်ရိုးလား။ သွေးသောက်စုမှာ တစ်ညအိပ်ပြီးမှ ပြန်ဆုတ်သွားတယ်ခင်ဗျာ့။ ညအိပ်တုန်းမှာ ပစ်လိုက်တဲ့မော်တာရော၊ ရန်ပုံခွင်းအမြောက်တွေရော တစ်ညလုံးပစ်တာ ယူအမ်ပီက တစ်ချက်မှ ပြန်မပစ်ဘူး။ ဘယ်ပစ်ပါ့မလဲ။ တစ်ချက်မှ မထိဘဲကိုး"

"ပြောရရင် မကောင်းဘူးကွ။ အစိုးရတပ်တွေက ယုံကြည်လို့ အပ်တားသဲ့ မြို့တွေရွာတွေ သိမ်းနိုင်ရုံနဲ့ ပိုပြီး အရေးကြီးသဲ့နေရာကို အစိုးရတပ်တွေ ဆုတ်သွားလို့ သိမ်းနိုင်သာနဲ့ပဲ သည်စစ်တပ်ကို ငါတို့နိုင်ပြီ ထင်သကွာ။ လေ့ကျင့်မှု မရှိဘူးကွာ။ စည်းကမ်းမရှိဘူးကွာ။ သေမှာပေါ့"

"ဗိုလ်ကြီး တပ်လွှဲခဲ့တဲ့ ရဲဘော်အေးမောင် အပါအဝင် တစ်ရာကျော် ကျသွားတဲ့နောက်မှာ တိုက်နယ်တာဝန်ခံအဖြစ် နောက်တက်လာတဲ့လူက ဦးရန်ကြီးအောင်ကို ဖမ်းတာပါပဲခင်ဗျား"

"ဘာမှုတဲ့တုန်းကွ ယော"

"ကျွန်တော်ပြောဖို့ နည်းနည်းကျန်သွားတယ်ခင်ဗျာ့။ အဲသည် ယူအမ်ပီတပ်စုနှစ်စု ထိုးဖောက်ချီတက်လာတာဟာ ဗိုလ်ကြီးတို့ ညီအစ်ကိုနဲ့

ရဲတွေကို လာခေါ်တာ။ အခုတော့ ရဲမိသားစုတွေပဲ မိုးနတ်ကုန်းက သတင်းကြားနဲ့ ပြေးလာတဲ့ လေးငါးယောက်ပဲ ပါသွားနိုင်ပါတယ်ခင်ဗျာ"

ထိုစကားအရ ကိုကောင်းစံ တွေခနဲဖြစ်၏။

ထိုစကားကြောင့် ခင်ခင်မြင့် မျက်ကလဲဆန်ပျာ ဖြစ်ရ၏။ လင့်မျက်နှာကို စိုးရိမ်စွာ အကဲခတ်၏။ သူသည် သူ့လင် တပ်ထဲသို့ စိတ်လည်သွားမည် စိုးရိမ်လှ၏။

စောမင်းဒင်ကား ထိုလင်မယား၏ မျက်နှာရိပ်မျက်နှာကဲကိုမကြည့်။ သူ့တာဝန်ကို သူ ဆက်လုပ်၏။

"လူတွေက တွေးကြတာပေါ့။ သည် ယူအမ်ပီ စစ်ပုလိပ် စစ်ရဲတပ်ဟာ ဘာလာလုပ်တာတုန်း။ တပ်လည်း စွဲမထားပါကလား"

"ရန်သူ့အခြေအနေပျက်အောင် လုပ်သာရှိသယ်။ ဘယ်လောက်ခိုင်မာသတုန်း စမ်းသပ်တာရှိသကွ"

"ဒီလို တွေးမိတဲ့လူ မရှိဘူးထင်ပါရဲ့။ ဟိုမေးသည်စမ်းလုပ်ရင်းက သုံးလကြာမှ သည်သတင်းထွက်လာတာကိုး။ အဲ ထွက်လည်းထွက်လာရော ဦးရန်ကြီးအောင် စပိုင်လုပ်လို့ အခုလိုလာနိုင်တာဆိုပြီး ဖမ်းတော့တာပါပဲ"

"တိုက်နယ်တာဝန်ခံ ဘယ်သူတုန်းကွ၊ ဟေ"

ရဲဘော်အေးမောင့်နေရာတွင် ရောက်လာသူသည် မည်သူနည်း။ ယခုအထိ ကိုကောင်းစံ မသိရသေး။

"ကိုချစ်ဖေပါခင်ဗျား"

"မောင်၊ လိုက်သွား လိုက်သွား။ ရင်ဘတ်ကို ဆောင့်ကန်ပစ်ခဲ့"

သူ့လင် ရွာသို့ပြန်သွားမည်ကို မလိုလားခဲ့သော ခင်ခင်မြင့်။ ယခု ဒိတ်လိုက်မာန်ပါပြောသည်။ ကိုချစ်ဖေအား ကလေကဝ လူယုတ်မာအဖြစ် မြင်နေသော စိတ်တံခါး ပွင့်သွားခြင်းဖြစ်သည်။

✻

**ပုဂံစာအုပ်တိုက်**

ပြာပုံထဲက မြန်မာပြည်မှာ ပြန်လည်ထူထောင်ခွင့်မရ။ ပြာပုံကို ယမ်းခိုးတွေ၊ အလောင်းတွေ ဖုံးနေသည်။

ဧရာဝတီမြစ်ထဲတွင် ပြည်သူပိုင် ဧရာဝတီသင်္ဘောများ မရှိ။ ရှိပြန်ပါလည်း သဲအိတ်တွေကာထားသော စစ်သုံးသင်္ဘောတွေသာဖြစ်သည်။ ပြည်သူလူထုမှာ ရရာကြုံရာ ပုဂ္ဂလိကမော်တော်များဖြင့် ဂိတ်အတန်တန်ကို ဖြတ်သန်းလျက် ဖြစ်သလို သွားလာနေကြရ၏။

ဖဆပလနှင့် အစိုးရမှာ မရှုနိုင်မကယ်နိုင် အခြေအနေမှ မလွတ်သေး။ သို့စဉ်တွင် သိန်းလေးဆယ် ဦးကိုကိုကြီးအမှု ပေါ်ပေါက်လာ၏။ ဖဆပလ၏ အမာခံပါတီကြီးမှ ပုဂ္ဂိုလ်ကြီးဖြစ်သဖြင့် သွက်သွက်ခါသည်။

မင်းလှမကျင်စိန် မီးခွက်မှုတ်မှု ဆင့်ကဲလာပြန်သည်။ ဤကိစ္စကို အကြောင်းပြုပြီး သတင်းစာတိုက်တွေ ဖျက်ဆီးခံရမှု ဖြစ်ပွားပြန်သည်။ ဖဆပလမှာ ဂုဏ်သတင်းညှိုးရာတွင် သိက္ခာပါကျရပြန်ပြီ။

သတင်းစာမရှိ၊ ရေဒီယိုမရှိသော တောသူတောင်သားများမှာ အစိုးရ

ဆန့်ကျင်ရေး လက်နက်ကိုင်များပြောသမျှကိုသာ ကြားနေကြရ၏။ တောသူ တောင်သားတွေ အများဆုံးကြားနေရသော အသံများမှာ

"ဖိနှိပ်ချုပ်ချယ်မှုတွေ များပြားလို့ရယ် သူပုန်ထတယ်။ ပျဉ်းမနား နတ်မောက်အရေးကို တစ်တိုင်းတစ်ပြည်လုံးက ထောက်ခံစေဖွယ်။ သူပုန် ဘာကြောင့်ထရတယ်၊ ဖိနှိပ်ခဲ့တဲ့ လယ်မဲ့ယာမဲ့ ပစ္စည်းမဲ့ကို ချုပ်ချယ်လို့ရယ် သူပုန်ထတယ်၊ ရာဇဝင်မှော်တွေး သွေးနဲ့ရေးရမယ်"

စသည်ဖြင့်လည်းကောင်း။

"ငနေဆိုတာ သစ္စာဖောက်တဲ့ ကြောင်သူတော်ကြီးဟော့။ စိတ်ပုတီးကိုင် ကား အမှန်စင်စစ်တော့ ကြောင်သူတော်ကြီးဟော့။ ဒီမိုကရေစီဆိုတာဟာလေ ချိုနဲ့လား မေးစမ်းပါရစေ၊ ချိုနဲ့လား မေးစမ်းပါရစေ။ ပုဒ်မငါးတွေ၊ ဥပဒေ ဆိုးတွေ၊ သစ္စာဖောက်တွေ ထုတ်ပြန်လို့သာ ညှဉ်းဆဲနှိပ်စက်သလေ"

ဟူသည်ဖြင့်လည်းကောင်း....၊ ဖွဲ့နွဲ့သီဆိုသော တေးချင်းများနှင့်

"ရေနံချောင်းကို အစိုးရတပ်က သိမ်းလိုက်ပတဲ့။ မင်းဘူး၊ မကွေး လည်း အစိုးရလက်ထဲ ကျသွားပြီတဲ့" စသော ပါးစပ်သကင်း၊ တီးတိုး သတင်းများသာဖြစ်သည်။

ကိုကောင်းစံနှင့် စောမင်းဒင်တို့ လိုက်ပါလာသော မော်တော်သည် သွေးသောက်စုချောင်းထိပ် ဂိတ်တွင် ဝင်ကပ်၏။ မော်တော်ထိပ်တွင် ကိုကောင်းစံ ထွက်ရပ်သည်နှင့် "ငါတို့ စစ်ရေးတာဝန်ခံ ပြန်လာပြီဟော့" ဝမ်းသာအားရ အော်သံများကြားရ၏။ သက်ငယ်မိုး သက်ငယ်ကာ ယာယီ တဲများထဲမှ သေနတ်ကို တောသူကြီးထမ်း ထမ်းလျက် တစ်သွယ်၊ အသင့် ပြင်လျက် တစ်ဖုံဖြင့် ရဲဘော်များ အော်ဟစ်ပြေးထွက်လာကြ၏။

"မင်းတို့ ကင်းတာဝန်ခံ ဘယ်သူတုန်းကွ"

"ရဲဘော်အောင်ဘပါ"

"ဘယ်မတုန်း အဲသည် အောင်ဘ"

**ပုဂံစာအုပ်တိုက်**

ကိုကောင်းစံတွင် ပစ္စည်းပစ္စယ အများအစား မပါပါ။ အဝတ်အစား သုံးလေးစုံနှင့် မုန့်ပဲသားရေစာ ငါးခြောက်ငါးခြမ်း လက်ဆောင်များသာ ပါ၏။ သူသည် မေးမြန်းရင်း ကမ်းပေါ်သို့ ခုန်တက်၏။

ရဲဘော်များ အဖြေရခက်နေစဉ် အလံထူထားသော တဲတွင်းသို့ ဝင်လာသည်။ လူကိုမတွေ့၊ အရက်နံ့သာရသည်။ လူမှာ စားပွဲတစ်လုံး ပေါ်တွင် ခေါင်းတင်လျက် အိပ်ပျော်နေ၏။

"မင်းတို့လို ရဲဘော်တွေကြောင့် ပရတဖ နာမည်ပျက်သာပဲ"

ရဲဘော်အောင်ဘ ပြူးကြောင်ကြောင် မော့ကြည့်ပြီး ထလာသည်။ ကိုကောင်းစံကို ဖက်ငိုသည်။

"ချစ်ဖေကို ကျွန်တော် မကျေနပ်ဘူး တပ်ဖွဲ့မှူး"

"သူက ဘာလုပ်လို့တုန်း"

"ဂိတ်ကြေးတွေကို သူတစ်ယောက်တည်း အုပ်စားသယ်"

ကိုကောင်းစံ ပြုံးမိသည်။

"နေပါဦး၊သူ့ကို ဘယ်သူက တိုက်နယ်တာဝန်ခံ တာဝန်ပေးသာတုန်း"

"သူ့ဘာသာသူ ပေးသာခင်ဗျာ"

သဘောသွားကို ကိုကောင်းစံ ရိပ်မိသလိုရှိပြီ။ ရွာသို့မရောက်မီ ကင်းတစ်ခု၊ ရွာဝတွင် ကင်းတစ်ခု ထပ်မံတွေ့ရသောအခါ သွေးသောက်စု တိုက်နယ် ပရတဖ၏ အခြေအနေသည် ကိုကောင်းစံ၏ အသိအမြင်ဝယ် ရုပ်လုံးပေါ်လာပြီ။ သို့အတွက် သူသည် "ကိုကောင်းစံ ပြန်လာပြီ" သတင်း မပြန့်မီ ချစ်ဖေ၏ အိမ်တွင်ဖွင့်ထားသော ရုံးသို့ လာခဲ့သည်။

"ဘာကိစ္စတုန်း"

ရုံးဝတွင် သေနတ်ကိုင်ပြီး ရပ်နေသော ရဲဘော်သည် သွေးသောက်စု တိုက်နယ်မှ ဟုတ်ဟန်မတူ။ သူသည် ကိုကောင်းစံအား မသိ။

"ချစ်ဖေကို တွေ့ချင်လို့"

ပြောပြောဆိုဆို ဝင်လာသည်။ ရဲဘော်က လိုက်ဆွဲသည်။ အတွင်းခန်း အဝသို့ရောက်သောအခါ အရက်နံ့ရသည်။ ကိုကောင်းစံ နှာခေါင်းရှုံ့လိုက်ရင်း "မင်းတို့ သည်အလုပ်ပဲ လုပ်နေသလား" လှည့်မေးသည်။ လိုက်ဆွဲသော ရဲဘော် တွန့်သွားရာက ရုံးဝသို့ ဆုတ်ခွာသွားသည်။

ကိုချစ်ဖေသည် စားပွဲပေါ်မှ ပုလင်းနှင့် ဖန်ခွက်ကို အောက်သို့ချကာ ရေနွေးကြမ်းအိုးကိုတင်သည်။ အိုးဘေးတွင် ပစ္စတိုတစ်လက်ပါလာသည်။

"အစ်ကိုကောင်းစံ ဘာကိစ္စရှိလို့တုန်း"

"ငါ့အစ်ကို ကိုရန်ကြီးအောင် ဘယ်မှာတုန်း၊ ဘာမှုနဲ့ ဖမ်းတာတုန်း"

မေးလည်းမေးသည်။ ပစ္စတိုကိုလည်း ကောက်ယူသည်။ ကိုချစ်ဖေ လှမ်းဆွဲရာ ပြောင်းဝကို သူ့ဘက်လှည့်ပေးလိုက်မှ အဆွဲရပ်သည်။

"ဟော့ မေးနေသယ်လကွာ"

မေးရင်းက ပြောင်းရင်းရှိကျည်ကို ထုတ်သည်။ ကျည်ကပ်ကိုဖြုတ်ပြီး ကျည်ဆန်ထည့်သည်။ ကျည်ကပ်ကိုပြန်တပ်ရာ မဝင်။ ဆောင့်ထည့်ရသည်။

ကိုကောင်းစံသည် ပစ္စတိုကို ပစ်ချလိုက်သည်။ ရေနွေးအိုးဘေးမှ ဝဲပျံလာသော လက်သည် ကိုကောင်းစံထံသို့ ပြန်မသွား။ ကိုချစ်ဖေ၏ ဆံပင်ကို စုကိုင်၏။ ဆောင့်ဆွဲ၏။

"ငါ့အစ်ကို ဘယ်မှာတုန်း၊ ဘာမှုနဲ့ဖမ်းမှာတုန်း"

"ခင်ဗျားက ကျုပ်ကို သလိုလုပ်ရအောင် ကျုပ်ကို ဘာမှတ်လို့တုန်း"

ကိုချစ်ဖေ၏လက်သည် ရေနွေးအိုးဘေးသို့ လျင်မြန်စွာရောက်၏။ လက်ထဲတွင် ပစ္စတိုသေနတ် ပါလာသည်။ ပြောင်းဝသည် ကိုကောင်းစံ၏ ရင်ဝတွင် တေ့၏။ သေနတ်ဖြင့် တေ့ထားပါလျက် ဆံပင်ကို အစုအဆွဲမပျက် ခါယမ်းသည်။

"ငါမေးသာ မဖြေသဲ့အပြင် ငါ့ကိုတောင် သေနတ်နဲ့ပစ်မလို့ ဟုတ်လား။ ပစ်ကွာ၊ ပစ်ကွာ"

**ပုဂံစာအုပ်တိုက်**

ကိုချစ်ဖေ ပစ်ပါသည်။ မောင်းကို ဆွဲညှစ်ပါသည်။ ကျည်ဆန် မထွက်ပါ။

"ဟော့၊ ရဲဘော်တွေ၊ ရန်သူ ရန်သူ"

ထိုအချိန်တွင် ကိုကောင်းစံသည် ကိုချစ်ဖေ၏ ကျောဘက်သို့ ရောက်ပြီ။ လက်ကို လိမ်ချိုးကာ သေနတ်ကို လုယူသည်။ ကျည်အိမ်ကို ဆွဲဖြုတ်သည်။ အတည့် ပြန်တပ်သည်။ မျက်နှာချင်းဆိုင်တွင် ချိတ်ဆွဲထားသည့် ဦးထုပ်တစ်လုံးကို ပစ်ချလိုက်သည်။

ကိုချစ်ဖေ၏လည်ပင်းကို ထောက်ထားသည်။ သေနတ်ကိုယ်စီဖြင့် ပြေးလာသူများ ရှေ့မတိုးရဲ။ ထိုသူများထဲတွင် ကိုကောင်းစံ၏ မျက်နှာသိမည်မှုပါသနည်း။

"ဟိုရဲဘော် မင်းပြေးရှာက သံခဲမဟုတ်လား လာစမ်း။ နောက်ဘယ်သူရှိသေးတုန်း"

"ကျွန်တော် ဆင်မာန်က ရဲဘော်အေးထွန်းပါ ဗိုလ်ကြီး"

"ကျွန်တော် ဓားမကောက်က ညွန့်မောင်ပါ ဗိုလ်ကြီး"

တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြရာ သွေးသောက်စုတိုက်နယ်သား ငါးယောက်ရသည်။ ထိုငါးယောက်၏ အကူအညီဖြင့် ကိုချစ်ဖေကို လက်ပြန်ကြိုးတုပ်သည်။ ထို့နောက် ကိုရန်ကြီးအောင်ကို ချုပ်နှောင်ထားသည့် အခန်းထဲမှ ခေါ်ထုတ်လာကြသည်။

ကိုရန်ကြီးအောင်မှာ အခန်းကျဉ်းထဲတွင် လက်ပြန်ကြိုးတုပ်လျက် ချုပ်နှောင်ထားခံရသဖြင့် 'ကွ' နေသည်။ ကြိုးဖြေပေးလိုက်သောအခါ လက်ခြေ လှုပ်ရှားဆန့်တန်းသည်။ အတန်ကြာအောင် လှုပ်ရှားအပြီး၌ ကိုချစ်ဖေထံပြေးသွားကာ လက်သီးတစ်လုံး ပစ်သွင်း၏။

ရဲဘော်များ တားဆီးချိန်မရ။ ကိုချစ်ဖေလည်း အားတင်းထားရန် ပြင်ဆင်ချိန်မရလိုက်။ ဒိုင်းခနဲ ပုံကျသွား၏။

## ပုဂံစာအုပ်တိုက်

"တပ်မတော်နဲ့ အဆက်အသွယ်မရှိဘူး။ သတင်းစာတိုက်တွေနဲ့ သည်ရွာရောက်ကတည်းက အဆက်အသွယ်ပြတ်နေသယ်ပြောသာ မရဘူး။ တော်တော်မိုက်ရိုင်းသဲ့အကောင်"

မကျေမချမ်းပြောပြီး ကိုရန်ကြီးအောင် ဝင်ထိုင်သည်။

"ဟေးဟိုးယူနီဖောင်းဝတ်ပြီး ပြည်သူကို စော်ကားခဲ့သဲ့အကောင်ကများ ငါ့ကို သတ်ပစ်မယ်တဲ့ ကြိမ်းသေးသယ်"

"ဟော့ကောင် ဟုတ်လား"

ကိုချစ်ဖေ ခေါင်းငုံ့ထားရုံမှအပ ဖြေစရာမရှိ။

"ကျွန်တော်တို့အမေကြီးရဲ့ ညီမက ပေါက်ဖွားလာသဲ့မြေးဗျ အစ်ကိုရ"

"သည်အကောင်မျိုးနဲ့ ညီအစ်ကိုတော်ရသာထက် ခွေးနဲ့ ညီအစ်ကိုတော်ရသာကမှ ဂုဏ်ရှိပါသေးသကွာ။ မင်း ကြိုက်သလိုလုပ်၊ ငါမတားဘူး"

သို့အတွက် ကိုကောင်းစံသည် ကိုချစ်ဖေအား ရဲဘော်ငါးယောက်၏ လက်ထဲသို့ အပ်နှံလိုက်သည်။

"ကြံ့ရာမော်တော်ငွေ တင်ပေးလိုက်။ သည်အနောက်ဘက်ကမ်းက လွဲရင် အရှေ့ဘက်ကမ်း ဘယ်နေရာမှာပဲချချ၊ ကြိုက်သဲ့နေရာမှာ ချထားခဲ့လို့ မှာလိုက်ဟေ့။ မြန်မြန်ပြန်လာခဲ့"

ထိုသူတွေ ထွက်သွားလျှင် ကိုကောင်းစံသည် သူမသိသော မျက်နှာစိမ်းများကို တန်းအစီခိုင်းသည်။ သူ ခန့်မှန်းထားသည်ထက် များပြားသည်။ ဌာနချုပ်မှ ပို့လိုက်သူများဖြစ်သည်။

သပြေသာဆိပ်မှ သွေးသောက်စုအရောက် သုံးမိုင်ခရီးကြမ်းကို အစိုးရ တပ်စုနှစ်စု ထိုးဖောက်ချီတက်သွားပြီးကတည်းက ရေနံမရှိ ဌာနချုပ်သည် သပြေသာကို ဂရုစိုက်လာသည်။ သပြေသာတွင် တပ်ခွဲတစ်ခွဲ ပို့ထားသည်။ သွေးသောက်စုတပ်ကိုကား လက်ဖြစ် အမ်းမတ်ကားတစ်စင်းပင် ဖြည့်တင်းထားသည်။

## ပုဂံစာအုပ်တိုက်

ထိုအခြေအနေအရပ်ရပ်ကို ခြုံငုံမိချိန်တွင် ကိုကောင်းစံမှာ လေပူကြီး မှုတ်ထုတ်မိတော့သည်။ အခြေအနေ အချိန်မရွေး ဆိုးရွားလာနိုင်သော နေရာတွင် ဝင်ထိုင်မိပါတကား။

"အစ်ကို ဘယ်လို သဘောရသတုန်း"

အိမ်သို့ပြန်လာစဉ် ကိုကောင်းစံမေးခြင်းဖြစ်သည်။

"ငါလည်း ဘာပြောရမှန်းတောင် မသိတော့ပါဘူးကွာ။ ရန်ကုန်ကို သွားဖို့လည်း မလွယ်ဘူး။ လမ်းမှာ ကင်းအထပ်ထပ်၊ ဂိတ်အမျိုးမျိုးနဲ့"

"အစ်ကို သွားချင်ရင် မင်းဘူးဆို အစိုးရတပ်ရှိသားပဲ"

"သာလည်း သိပ်မသေချာဘူးကွ။ မကွေးလို အချက်အချာကျသဲ့ နေရာတောင် မသေချာဘူး။ သေချာသာက ရေနံချောင်း"

"ဩော်.... ဒါ့ထက် အစ်ကို၊ ညီလေးကော သည်မှာရှိလား"

အစ်ကို့အရေး၊ မိမိအရေးများကို အတွေးအာရုံချာပေါက်နေရာက လက်ကိုလှမ်းဆွဲပြီး မေးသည်။

"အာဘောင်နီလား။ အာဘောင်နီ သင်တန်းသွားနေလေရဲ့"

"အစ်ကို့ကို ချစ်ဖေဖမ်းတော့၊ သည်အာဘောင်နီကလေးက ဘာပြောသတုန်းအစ်ကို"

"လွှတ်ပေးပါလာပြောသယ်။မပြောရင် တိုက်မယ်လည်းကြိမ်းသယ်။ ကြိမ်းပေမယ့် သူ့မှာ လူအင်အား လက်နက်အင်အား မရှိမှန်းသိတော့ ဟိုကောင်က ဟားလွှတ်သာပေါ့ကွာ"

ကိုကောင်းစံ ပြန်လာမှန်း သိကြသဖြင့် ဆွေမျိုးများ စောင့်ဆိုင်းနေကြသည်။ ဘရွှေကျိုင်း နေသွားသော ကွပ်ပျစ်ပေါ်တွင် ကိုကောင်းစံ၏ပစ္စည်းတွေကို ပုံထားကြသည်။ ပစ္စည်းပစ္စယပုံကို ဝိုင်းအုံနေသူများထဲ၌ ကြည်ကြည်တို့သားအမိသုံးယောက်နှင့် သင်းထုံ၏ ကလေးနှစ်ယောက် လည်းပါသည်။

**ပုဂံစာအုပ်တိုက်**

"ဟာ—— လူအုပ်ကြောင့် နေ့နည်းပါလာလားဟော့။ ငါ့မှာပါသဲ့ လက်ဆောင်က နည်းနည်းကလေးရယ်"

"အမယ်လေးတော်၊ လက်ဆောင်ယူခွင့်လို့ မဟုတ်ပါဘူး၊ ဖေါက်တောင် ကရလေးဆယ် ပြောသံမကြားရသော ကြောင့်"

ကြည်လှက ပြောင်းမှုမတော်ဆေးဆိုပြီး ဘာသာသာကြောင့် ဆေးအိပ် ပြာတားနေရသော ခွန်းတုံ့ပြန်၏။

"အမယ်။ ငါ့မှာ လူတွေတာတွေမှားလို့။ ဗိုပြည်သမြားနေလိုက်သော။ ဘာဆေးဘာဝါးတွေ"

"ပါးစပ်ကြီးက မတော်မတည့်တွေ သိပ်ပြောသာပဲ"

မျက်စောင်းထိုးလိုက်ရသော ကြည်လှသည် ဘွတ်ဘွတ်နီမြန်းသော မျက်နှာကို အောက်ချလိုက်လေ၏။

"ညည်းပဲမျှော်၊ ညည်းပဲ အပြောခံရပြီ မဟုတ်လား"

မစံလှက ပြုံးပြီးပြောသဖြင့် ကြည်လှမှာလည်း ရှက်ပြုံးကလေးဖြင့် ပြုံးနေရလေ၏။

"လယ်တွေကော တော်တော်မှ ကသိကအောက် ဖြစ်ကြရဲ့လား"

မစံလှအပါအဝင် သင်းထုံ၊ ဖွားခင်တို့ကို သိမ်းကျုံးကြည့်ပြီး မေး၏။ ရွှင်နေသော မျက်နှာများသည် လယ်ဟု ပြောသံကြားခါမျှဖြင့် ပျက်သွားကြ၏။ ကိုကောင်းစံကား သတိမထားမိ။

"တစ်အိမ် နည်းနည်းပဲ ရရပေါ့ဟာ။ သူ မရဘူး ငါ မရဘူး မ... ရအောင် ခွဲပေးလိုက်ပါဟာ။ မစိန်ချစ်ကို မမေ့နဲ့နော်၊ ကြားလား ဖွားခင်"

"ကိုယ့်ယောက္ခမပဲ၊ ချန်ထားပါ့မလား"

"သာဒွန်းအေး၊ သာမြတ်၊ ချစ်ရွှေတို့လည်း မကျန်ပေစေနဲ့"

"အိမ်ပေါက်စေ့ လည်ပြီး ပြ။ အဲသာ ကိုရင်ကောင်းရဲ့ လက်ဆောင် ဟော့၊ နမ်းကြည့်ကြဆိုပြီး အနမ်းခိုင်း။ ပြန်ယူလာရ မကောင်းဖူးလား"

"အကောင်းဆုံးပေါ့ဟာ၊ အကုန်အကျ အလွန်သက်သာမှာပဲ"

ထိုသို့ လက်ဆောင်ကိစ္စတွင် အာရုံရောက်သွားငြား ကိုကောင်းစံသည် သူ့အမေးကို မမေ့ပေ။

"လယ်တွေ ဘယ်လိုတုန်း။ တော်တော်မှ စိတ်ညစ်ရရဲ့လား"

အစိုးရ၏ လယ်ယာဝါဒမှာ လယ်လုပ်သူ လယ် လက်မလွတ်စေရသော လယ်ခွန်တော်နှစ်ဆ သီးစားခဖြစ်သည်။ သို့ရာတွင် နယ်မြေများကို ထိန်းချုပ်မထားနိုင်သဖြင့်၊ မူအမျိုးမျိုး ကွဲနေတော့သည်။ ရဲဘော်ဖြူနယ်မြေတွင် အချို့က သီးစားခ သုံးပုံတစ်ပုံ၊ အချို့က လယ်ခွန်တော်နှစ်ဆ။ အလံနီနှင့် ကွန်မြူနစ်ကား သီးစားခ တစ်စေ့မျှမပေးရ။

သီးစားခပြဿနာမှာ အစိုးရလာလျှင် အစိုးရမူ၊ သူပုန်လာလျှင် သူပုန့်မူအတိုင်း ပုတ်သင်ညိုကဲ့သို့ အရောင်ပြောင်းပါက ပြီးစီးတော့သည်။ ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက်လုပ်ကာ နီးရာစား၏အလိုကျ လိမ်လည်တတ်သောအကျင့်ကို လူထုသည် တတ်နေပြီ။

သို့သော် မြေယာမဲ့ ပပျောက်ရေး လုပ်လာသောအခါ လယ်သမားအစ လယ်ကူလီအဆုံးရှိသော ကျေးလက်လူထု ဒုက္ခရောက်တော့သည်။ ကိုကောင်းစံမှာ ထိုလယ်မဲ့ယာမဲ့ ပစ္စည်းမဲ့ပပျောက်ရေးကို ကြားထားသဖြင့် မေးခြင်းဖြစ်၏။

"ငါ့ယာ ရှစ်ဧကမှာ ငါးဧကက သွေးသောက်စုကွင်းထဲပါသကွ။ သုံးဧကကျတော့ ရေဘွက်တိုက်နယ်ထဲ ပါသကိုးကွ။ ယာခရီးဖျက်ပေးပါ။ ဘောင်အသစ်ဖို့ပေးပါ လာပြောတော့ ဘာလုပ်မှာတုန်း မေးသာပေါ့။ မြေမဲ့ယာမဲ့တွေကို ဝေပေးမလို့တဲ့။ သည်တော့ သုံးဧကကို ဘယ်နှစ်ဦး ဝေပေးမတုန်းမေးတော့ ဆယ်ဦးတဲ့။ လာရမှာက ရေဘွက်ကတဲ့။ သူတို့မှာ သေနတ်ပါတော့ ဟုတ်ကဲ့ပေါ့။ နောက်တစ်နေ့မှာ ယာခရီးအသစ်လုပ်ဖို့ ကန်သင်းဘောင်ဖော်နေတုန်း ရောက်လာပြန်ရောဟော့။ ခင်ဗျား တောင်သူလယ်သမား

သမဂ္ဂ ဥက္ကဋ္ဌ တိုင်းလုံးကျော်ရဲ့ အစ်ကိုဆိုတဲ့။ ဟုတ်သယ်ပြောတော့ ဒါဖြင့် ကင်းလွတ်ခွင့်ပေးသယ်တဲ့။ သွားရောမောင်ရေ့"

"တော်သာပေါ့အစ်ကိုရာ၊ အာဘောင်နီတို့ဘုန်း မိုးသို့ချုန်းသာပဲ"

"မင်းကသာ မင့်ညီရဲ့ဘုန်းတော်ကို ချီးကျူးနေ။ ငါက အဲသည်ကတည်းက လုပ်ချင်သူလုပ်၊ ယူချင်သူယူဆိုပြီး ပေးထားခဲ့ပြီး ပြေးချင်သာကွာ။ တောသူမက ဘယ်လိုမှ ပြောမရဘူး"

တောသူမမှာ ကြည်လှကိုဆိုခြင်းဖြစ်ရာ "ကျုပ်ကို ဆွဲဆွဲမထည့်နဲ့။ တော်မနေနိုင်ရင် သွားလို့ ပြောသားပဲ" ဟု ကြည်လှက လှမ်းပက်၏။

"ငါ့အစ်ကိုကို အထင်မသေးနဲ့နော် ကြည်လှ။ သွားလေရာ အိမ်ထောင်ကျရစေရဲ့ဆုနဲ့ ပြည့်သာဗျား"

ကိုကောင်းစံကိုကား ကြည်လှ မပက်ချေ။ သို့အတွက် မဖဲလှက ဝင်ပြော၏။

"ငါ့လယ်လေး တစ်ဧကေ မရှိတရှိလည်း သူတို့ကွင်းထဲပါနေသာ၊ ဝေခြမ်းရေးလုပ်မယ် ကြုံကြသေးသတော့။ စံသာဦးဆိုသာ စစ်ဗိုလ်တဲ့၊ သိမ်းရမယ်တဲ့။ တစ်ယောက်ကတော့ 'ဟ အဲသာ တိုင်းလုံးကျော်ရဲ့ ခယ်မဟ' ဆိုပြီး ထွက်သွားရောတော့"

ဖွားခင့်စကားဆုံးလျှင် သင်းထုံက ပြောပြန်၏။

"ကျွန်မယာနဲ့ ခရိုးချင်းကပ်နေသဲ့ မဗေဒါက ရေဘုက်က။ သူတို့ရွာမှာ လယ်ယာမြေဝေခြမ်းရေးလုပ်တာ ကေတစ်မတ်စီရသတဲ့။ တိုက်နယ်ထဲမှာရှိတဲ့ အိမ်ထောင်ကုန်ဝေတာကိုး။ လှည်းနွားရှိတဲ့ လယ်သမားလည်း ပါတယ်။ နွားမရှိတဲ့လူလည်း ပါတယ်။ သူများကို မပေးရ၊ မရောင်းရ ဆိုထားလေတော့ ဘယ်လိုလုပ်ရမှန်း မသိ ူး ညည်းနေကြသတဲ့"

"မြေကြီးကို ပေါက်ပြားနဲ့ပေါက်။ မိုးရွာရင် ခြေထောက်နဲ့လိုက်နင်း။ တမန်းရတာပေါ့"

**ပုဂံစာအုပ်တိုက်**

"ပါးစပ်ကြီးဟာ ပေါက်ကရပြောရမယ်ဆိုရင် ကြဲဖန်ပြီး"

ပြောပြောဆိုဆိုဖြင့် ကြည်လှ တခွိခွိရယ်သည်။

"ယာတွေကော မဝေဖူးလား"

"ယာတွင် ဘယ်ကမတုန်း။ ဘာမှ စိုက်မရလို့ ဘယ်သူမှ မလုပ်တဲ့ မြေတွေကို ဝေခြမ်းရေးလုပ်လို့ ဒုက္ခရောက်လိုက်ကြတာ။ ခရီးလုပ်ရမယ် ဆိုလို့ လုပ်တော့ လှည်းလမ်းတွေ ပိတ်ကုန်တာပေါ့"

ကိုကောင်းစံမှာ ကိုယ့်ရပ်ရွာနှင့် တစ်နှစ်မျှ ကင်းကွာနေရုံဖြင့် သူစိမ်း ဖြစ်သွားကာ အရာရာကို မေးမြန်းနေရလေ၏။

"ဟဲ့ ဟိုကလေးတွေ၊ အခါကြီးရက်ကြီး မဟုတ်ဘဲနဲ့"

တင်မောင်ဆွေ၊ သင်းသင်း မောင်နှမနှင့် ဖိုးသူတော်၊ ကြဲတိုင်းအောင် တို့ ရေခပ်နေကြသည်။ ဤသည်ကို သတိထားမိသဖြင့် ကိုကောင်းစံ မေးသည်။ မေးပြီးမှ 'သြော်၊ ကျောင်းတွေပိတ်ထားတာ ကြာပြီပဲ' ဟု သတိ ရသဖြင့် ပါးစပ်ပိတ်လိုက်ရသည်။

မှန်ပေသည်။

အစိုးရ ထိန်းချုပ်မထားနိုင်သော မြို့ရွာများသည် လက်နက်ကိုင် ဂိုဏ်းအသီးသီး၏ အာဏာစက်အောက်သို့ ကျရောက်သွားသည်။ အစိုးရ နေရာတွင် ရောက်ရှိလာသော လက်နက်ကိုင်များသည် ပထမတွင် ကျောင်းတွေ မပိတ်စေရန် ကြိုးစားသေးငြား ရေရှည်မတတ်နိုင်ပေ။

မတတ်နိုင်သည့်ကြားမှာပင် ဖဆပလဆန့်ကျင်ရေး ကျောင်းသင်ခန်း စာများ၊ လက်ဝဲဝါဒ ကျောင်းသင်ခန်းစာများ ပြဋ္ဌာန်းကာ ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားရေးကို ကြိုးစားကြသေး၏။ မရပါ။ ပီပြင်သော အကောင်အထည်သည် ပေါ်ပေါက်မလာခဲ့ပေ။

ကွန်မြူနစ်တို့ ပြဋ္ဌာန်းသော သင်ခန်းစာများကို အလံနီနှင့် ရဲဘော် ဖြူက လက်မခံ။ ကေအင်ဒီအို၏ အယူအဆကိုလည်း အခြားအင်အားစုများ

ကလည်း လက်မခံချေ။ သို့ပါလျက်နှင့် အချို့မြို့ရွာ နယ်ပယ်ဒေသများကို သုံးပါတီ၊ လေးပါတီ ပူးတွဲအုပ်ချုပ်နေကြ၏။

ကွန်မြူနစ်နှင့် ရဲဘော်ဖြူ၊ အလံနီတို့၏ သုံးပါတီ ညီညွတ်ရေးမှာ ပျက်သွားလိုက်၊ ပြန်လည်တည်ဆောက်လိုက်နှင့် လုံးလည်ချာလည်လိုက်နေဆဲရှိသေး၏။ ကေအင်ဒီအိုတို့မှာလည်း အင်းစိန်ကဲ့သို့သော အမာခံ ခြေကုပ်စခန်းများကို လက်လွှတ်လိုက်ရပါလျက်နှင့် မီးရထားလမ်းတစ်လျှောက် တက်ရောက်သိမ်းပိုက်သည်။

ကွန်မြူနစ်နှင့် ရဲဘော်ဖြူ၊ အလံနီများသည် ကေအင်ဒီအိုအတွက် စိတ်ချရသော မဟာမိတ်များမဟုတ်ချေ။ ပူးတုံခွာတုံဖြစ်နေကြသည်။ သို့ပါလျက်နှင့် စစ်ကြောင်းရှည်ကြီး ဖွင့်သောအခါ ခါးရိုးကျိုးတော့သည်။ အစိုးရတပ်ပေါင်းစုက အချက်အချာကျသော မြို့တွေကို သိမ်းသည်။ အသက်ရှူချိန်၊ ပြင်ဆင်ချိန် မပေးဘဲ တရစပ် ထိုးစစ်ဆင်သည်။ ကေအင်ဒီအိုတို့၏ အောင်မြင်သောနေ့များသည် ဒိုင်ယာယီစာမျက်နှာများထဲသို့ ရောက်သွားရှာလေပြီ။

★

# ၉

နေ့လယ် တစ်နာရီခန့် အချိန်ဖြစ်သည်။

မင်းပြေးရွာထဲသို့ သေနတ်ကိုင်သုံးဦး ဝင်ရောက်လာသည်။ သူတို့သည် မည်သူတွေနည်း။ ယူနီဖောင်း ဝတ်မထားပါ။ ဦးထုပ်ပါလျှင် ဦးထုပ်တံဆိပ်ကို ကြည့်၍ သိနိုင်၏။ လက်ပတ်ပါလျှင်လည်း သိနိုင်သေး၏။ ယခုသော် ဘာမျှမပါ။

အမျိုးအမည် မသိသော သေနတ်ကိုင်တွေ မကြာခဏ ဝင်လာလေ့ရှိသဖြင့် ရွာသူရွာသားများမှာ အမှတ်မဲ့နေကြ၏။ သေနတ်ကိုင်များသည် မိန်းကလေးချောချောရှိသည့်အိမ်သို့မသွားပါ။ ရွာခေါင်း၏အိမ်သို့ ဝင်လာ၏။

"ရွာခေါင်း ဘယ်မတုန်း"

ကွပ်ပျစ်ပေါ်တွင် တုံးလုံးလှဲလျက် ကလေးနို့တိုက်ရင်း ကလေး၏တင်ပါးကို ညင်သာစွာပုတ်ကာ တေးညည်းနေသော မိန်းမသည် အလန့်တကြားထ၏။ အင်္ကျီကို ဆွဲချ၏။ "တော်" ဟု မေး၏။

"ရွာခေါင်းနဲ့ တွေ့ချင်သယ်"

"အဖေရေ အဖေ။ ဟောသမှာ ဧည့်သည်"

အသက်ငါးဆယ်ရွယ် ရှာခေါင်းသည် နွားတင်းကုပ်ထဲမှ ပြေးထွက်လာ၏။ "ဟုတ်ကဲ့ဗိုလ်ကြီး၊ အမိန့်ရှိပါခင်ဗျား" ဟု သေနတ်ကိုင်များရှေ့ အရောက်၌ ရိုသေစွာပြော၏။ တောအရပ်၌ ဗိုလ်ကြီးခေါ်၍မမှား။ ဗိုလ်ကြီး မခေါ်လျှင်သာ မှားတတ်သောကြောင့် ရမ်းသမ်းပြီး ဗိုလ်ကြီးခေါ်ခြင်း ဖြစ်ပေသည်။ စင်စစ်မူ မည်သည့်အရာမှ ဗိုလ်ကြီးဟု ရှာခေါင်းမသိပါ။

"ကျုပ်တို့ တောင်သူလယ်သမား သမဂ္ဂကပဲ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"ရေဘွက်ကွင်းမှာ လယ်လုပ်သဲ့ သည်ရှာသား ဦးစံထိုက်နဲ့ တွေ့ချင်သယ်"

"ခေါ်ပေးပါမယ်ဗိုလ်ကြီး၊ ခဏဆိုင်းတော်မူပါခင်ဗျာ"

ရှာခေါင်းသည် သမီးနှင့် ဇနီးအား လှမ်းခေါ်ကာ မုန့်ပဲသားရေစာနှင့် ရေနွေးကြမ်းများဖြင့် ဧည့်ခံရန် မှာကြားသည်။ အိမ်ပြင်သို့ ပြေးထွက်သွားသည်။

၁၅ မိနစ်ခန့်အကြာတွင် ရှာခေါင်းနှင့်အတူ ကိုစံထိုက်ပါလာသည်။ ကိုစံထိုက်မှာလည်း "တောင်သူလယ်သမား သမဂ္ဂရုံးမှာ ဆွေးနွေးစရာရှိလို့ ခဏလိုက်ခဲ့ပါ" ပြောရုံဖြင့်၊ ဟုတ်ကဲ့ပြီးသားဖြစ်၏။ မည်သည့်ကိစ္စနည်း တစ်ခွန်းမမေးပေ။

သို့သော် ကိုစံထိုက်အား အလယ်တွင်ထားလျက် သေနတ်နှစ်လက်ဖြင့် ချိန်ကာ ထွက်လာကြ၍ ရှာတံခါးအရောက်တွင် နောက်မှလူသုံးယောက် အပြေးလိုက်လာကြသည်။ သူတို့တွင် သေနတ်လည်းပါသည်။ ယူနီဖောင်း တစ်ဝက်တစ်ပြက်လည်း ဝတ်ထားကြသဖြင့် ပြည်သူ့ရဲဘော်မှန်း သိသာသည်။

" ရဲဘော်တို့၊ သည်လူကို ဘယ်သူ့ခွင့်ပြုချက်နဲ့ခေါ်သာတုန်း"

အဖြေကား သေနတ်ဖြင့် ထိုးချိန်ခြင်းဖြစ်သည်။

"အားလုံးလာတင်ပြောတယ်။ လာတဲ့နတ်တွေ မြေပေါ်ချ။ နေ့ခတ်လှည့်"

လွှတ်ထားသောသာသောနတ်တို့ ယနေ့ပေါ်မှ ဖြတ်လိုက်သည်နှင့် တချည် ဆန့်ဖုရားတ ပြောလာတယ်မှုမည်။ ရဲဘော်ဖြူမှုရားမှာ လာတင်ပြောတယ်၊ နေ့ခတ်လှည့်ပြီး သေနတ်တွေဖြတ်ချလိုက်ရတယ်။ လာတဲ့နတ်တိုင်းမှုရားတ သေနတ်တွေ သိမ်းယူသည်။

"တောင်းသူလာယ်ထားဖွား သာမန္တတ ကိုယ်ဖင်းလွှင့်တို့ ကြားဖူးသယ် မယုတ်လား၊ မတော်နှယ်ရှင် လူကြီးချင်း မြေရှင်းကြ"

နားနှင့်သိသိမ်း လှေ့ဖင်းသူမှုရား ရွာတံခါးသို့ ရောက်လျှင်ရောက်ချင်း ရောဒုမ်းသူမုရားပေါ်လာသည်။ ရဲဘော်ဖြူမှုရားသည် ချက်ချင်း ဖြတ်လမ်း အမြန်ကျော်သွားသည်၊ သေနတ်သိမ်း လူမ သွားသူမှုရားအား ဆီးကြို တိုက် ခိုက်လေသည်။ သိုးလေးကန်တနတ် နှမ်းတောက်လောသည်။ တင်ပယောက်မှာ အတိရာဖြင့် လွှတ်ပြေးသွားသည်၊

တာသယောက်ရှင် လည်းထိုးတယ်၊

သာနှုံ သားကျီးလှ မသေးရှုပ်တဲ့လျှက် ကြားတ အနှောင့်အရှာသည်။

သူသည် ရဲဘော်ဖြူမှုရား၏ နိုင်ငံနတ်တွင်း၌ တုံ့ရောက်သော မင်းပြေး ရွာသား ကြံကာသည်းအတွက် ရဲဘော်ဖြူမှုရား ဖွဲ့စည်းထားသော "ငြိမ်းချမ်းရေးတော်လှ လေးသိတာအဖွဲ့" တွင် ဝင်ထား၏။ သို့ရာတွင် သူ၏ယောင်မြတ်ချို့မှာ ဖရုဖွတ်ထိုးတိန္တယ်တဲ့ဖွဲ့ပါတင်၏။ ရောဖွတ်တိုက်နှယ်တွင် မြေယာပေါ်ကြမ်းရေး လှုပ်ဆောသနေ၏၊ လိုက်တိုက်တ်၏ ယောင်မြတ်တပါသွားလေသည်။

တိုက်ထိုက်မှာ ယောင်မြတ်တတို့ ဆရိုးအောင်မြင်သို့ ထုတ်ပေးရသော မည်။ သို့သော် ငြိမ်းချမ်းရေးတော်အဖွဲ့ သို့ တင်ပြပါရသော်လည်း ဆရိုးမဖြတ်တဲ့ ထားသည်။ တိုက်နှယ်မှုတပ်တယ် ဆရိုးသို့တင်ထားသောကြောင့် အထောက်အဖွဲ့ချင်း မည်သို့မြေ ကြားမည်နည်း အမြတ်ကို စောင့်နေတည် ယာရုတဲ့သို့ လာခေါ်ခြင်း ဖြစ်၏။

ဖူးဂီတဘောလှုပ်တိုက်တယ်

တောင်သူလယ်သမားသမဂ္ဂ သို့မဟုတ် ရေဘွက်တိုက်နယ် ကွန်မြူနစ်များသည် ကိုစံထိုက်ကို အလိုရှိပါက သွေးသောက်စုတိုက်နယ် ရဲဘော်ဖြူများထံ အကြောင်းကြားရမည်။ ထိုသို့မလုပ်ဘဲ သူ့ပိုင်နက်ထဲဝင် သူ့လူကို ဘမ်း။ သူ့ကိုစော်ကားသောအခါ အမှိုက်ကစသော ပြာသာဒ်မီးကြီး လောင်တော့သည်။

ခရိုင်အချင်းချင်း၊ မြို့နယ်အချင်းချင်း နောက်မှရှင်းကြ။ လောလောသတ်ထတ်တွင်မူ ရဲဘော်ဖြူများသည် သွေးသောက်စုရွာရှိ တောင်သူလယ်သမား သမဂ္ဂရုံးကို သိမ်းပိုက်သည်။ ဌာနချုပ်မှပို့ထားသော ရဲဘော်ဖြူများကိုခေါ်ကာ ရေဘွက်ရွာကိုဝိုင်းထားသည်။ တောင်းဆိုချက်မှာ ကွယ်လွန်သူ ရဲဘော်စံထိုက်အတွက် လျော်ကြေးပေးပါ။ တောင်းပန်ပါ။

တောင်သူလယ်သမားသမဂ္ဂက မတောင်းပန်ပါ။ ရွာတွင်းမှ ခုခံရင်းအရှေ့ဘက်ကမ်းသို့ စစ်ကူတောင်းသည်။ လွန်ချိကျွန်းရှိ အလံနီများသို့လည်း စစ်ကူတောင်းပြန်သည်။ ထိုအခါ ရဲဘော်ဖြူများကလည်း မင်းလှ၊ ခင်ဘုအထိ စစ်ကူတောင်းသည်။

နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် ရေဘွက်ရွာကို မီးလောင်တော့သည်။

ရဲဘော်ဖြူများ အရုဏ်ဦး ထိုးစစ်ဆင်လာသည်ကို မြင်နိုင်ရန်အတွက် ဘယ်နှီကထင်ရှို့သလော။ တပ်နီတွေ ထွက်တိုက်လျှင် မြင်ရရန်အတွက် ရဲဘော်ဖြူကထင် ရှို့သလော၊ မသိပါ။ တစ်ယောက်စီ ခေါ်ယူစစ်မေးလျှင် ဘစ်ဦးကိုတစ်ဦး လွှဲချမည်မှာ သေချာသည်။

ရေဘွက်ရွာကို ဝိုင်းထားသော ရဲဘော်ဖြူများထံသို့ အမိန့်တစ်ခု ရောက်လာသည်။ မင်းပြေးရွာသို့ဆုတ်ပြီး အခိုင်အလုံနေရန်ဖြစ်သည်။ အကြောင်းမူ လွန်ချိကျွန်းရှိ အလံနီတပ်များသည် သပြေသာရှိ ရဲဘော်ဖြူများကိုတွင်းကာ တက်လာကြသောကြောင့်ဖြစ်သည်။ ရဲဘော်ဖြူများ

ဆုတ်လာကာ မင်းပြေးရွာပတ်လည်တွင် ကတုတ်ကျင်းများဆောက်ကြလေတော့သည်။

ကိုရန်ကြီးအောင်မှာ သူ့ညီ ကိုကောင်းစံ ပျောက်သွားသည်ကိုမသိ။ ရေဘွက်ရွာကို မီးလောင်သည့်သတင်း ကြားတော့မှသာ စုံစမ်းမိသည်။ တိုက်ကြ သတ်ကြတော့မည်။ ဘိုင်စကယ်တစ်စီးစီဖြင့် စောမင်းဒင်၊ နိုင်ကျော်သောင်းတို့ကိုခေါ်ကာ ကိုကောင်းစံကိုရှာသည်။ တိုင်းလုံးကျော်ကို ရှာသည်။

တပ်နီများ၊အလံနီများမှာ တောင်သူလယ်သမားသမဂ္ဂကို အကြောင်းပြုပြီး တက်လာကြခြင်းဖြစ်ရာ သည်မြို့နယ်၏ စစ်ရေးတာဝန်ခံ တောင်သူလယ်သမားသမဂ္ဂ ဥက္ကဋ္ဌက လက်ခံလျှင် မတိုက်ဖြစ်။ ဗဟိုချင်းဖြစ်စေ၊ ခရိုင်ချင်းဖြစ်စေ စကားပြောနေခိုက်၌ တပ်တွေဆုတ်သွားလျှင် ပို၍ မတိုက်ဖြစ်ဘဲရှိမည်။

တိုင်းလုံးကျော်ကို မတွေ့သောကြောင့် မင်းပြေးရွာဘက်သို့ ကိုရန်ကြီးအောင်တို့ လာခဲ့ကြသည်။ ထိုအခါတွင်မှ မင်းပြေးရွာနှင့် သွေးသောက်စုကြား၌ တိုင်းလုံးကျော်ကို တွေ့ရတော့သည်။

"ဟေ့ ညီလေး၊ မင့်ကို ရှာလိုက်ရသာကွာ"

တိုင်းလုံးကျော်သည် စစ်ကျောပိုးအိတ်တစ်လုံးကို ပိုးထား၏။ ခြောက်လုံးပြူးနှစ်လက်ချိတ်ထား၏။ အစ်ကိုဟူ၍ ဟက်ဟက်ပက်ပက်မရှိ။ ခါးထောက်လျက် ကြည့်၏။

"ဘာကိစ္စတုန်း။ ဆာဦးသွင်ရဲ့ ရွှေပြည်အေး ငြိမ်းချမ်းရေးအဖွဲ့လား"

"မင်းတို့ဗဟိုမှာ သုံးပါတီ ငြိမ်းချမ်းရေး၊ သုံးပါတီ ညီညွတ်ရေး လုပ်နေသယ်ဆို။ ဘာပြုလို့တိုက်မှာတုန်း"

"ပျက်သွားပြီ။ ထားပါလေ၊ ပျက်ပျက် မပျက်ပျက် အစ်ကိုနဲ့ဘာဆိုင်သတုန်း။ ကျွန်တော်တို့တပ်နီတော် ရဲဘော်နှစ်ယောက်ကို သတ်လိုက်

တာဟာ ကမ္ဘာ့ပစ္စည်းမဲ့ လောကကြီးကို စော်ကားလိုက်သာနဲ့ အတူတူပဲ။ ဘယ်နည်းနဲ့မှ ခွင့်မလွတ်နိုင်ဘူး"

"အပြစ်မဲ့သဲ့ မြေစာပင်လူထုကို သနားပါဦးကွာ။ မင်းပြေးရှာနားမှာ မတိုက်ကြပါနဲ့ကွာ။ လွတ်ရာကျွတ်ရာမှာ သွားတိုက်ကြပါ"

ခင်ဗျား နားမလည်ပါဘူး ပြောလိုဟန်ဖြင့် မျက်နှာရှုံ့မဲ့ လက်မြှောက်ပြကာ တိုင်းလုံးကျော်သည် လျှိုတစ်ခုတွင်းသို့ ဆင်းသွားလေ၏။

ကိုရန်ကြီးအောင် လက်လျှော့လိုက်ကာ မင်းပြေးရှာသို့ လာခဲ့သည်။ ကိုကောင်းစံအား ရုတ်တရက် ရှာမတွေ့။ တွေ့ချိန်ဝယ် သေနတ်သံများ ခပ်လှမ်းလှမ်းမှ ကြားနေရသည်။ ကိုကောင်းစံမှာ ပြေးလွှားနေရာက "အစ်ကို ပြန်တော့လေ။ စနေပြီ" ဟု အော်ပြော၏။

"မင်းတို့ဟာက မတိုက်လို့မဖြစ်ဖူးလား။ ကြားထဲက ရွာသူ ရွာသားတွေ သေကုန်တော့မှာပဲ"

ကိုရန်ကြီးအောင် အပြေးသွားပြီး ပြောသည်။

"ကျွန်တော်တို့နယ်မြေကို ကျွန်တော်တို့ ကာကွယ်ရမှာပဲ အစ်ကို။ ရွာကို မထိခိုက်ရအောင် အခု စတိုက်တာ"

ပြောပြောဆိုဆို ပြေးထွက်သွားသည်။ ကိုရန်ကြီးအောင်မှာ အငေးသား ကျန်နေခဲ့သည်။ ရေဘွက်မှလာသော လှည်းလမ်းကြောင်းတွင် ပစ်ခတ်နေကြပြီ။ သေနတ်သံများစဲသွားလျှင် အပြန်အလှန်ဆဲဆိုသံများ ပေါ်လာ၏။

လှည်းလမ်းကြောင်းဘေးရှိ ဇရပ်ကတုံးတွင် ရဲဘော်ဖြူအချို့ရှိသည်။ ဤနေရာမှစတင်သော တိုက်ပွဲသည် လက်ဝဲဘက်ရှိ ယာများကုန်းများနှင့် မြောင်ချပ်များ ရိုးများအတွင်းသို့ ချက်ချင်းပြန့်နှံ့သွားသည်။ ဘရင်းဂန်းသံများ၊ လက်ပစ်ဗုံးပေါက်ကွဲသံများ၊ သေနတ်သံများသည် ဆူညံနေ၏။ မြက်ခြောက်နံ့၊ နွားချေးနံ့၏ သင်းပြေသောအလှသည် ယမ်းခိုးအောက်တွင် ခြေးကွယ်ပြီ။

## ပုဂံစာအုပ်တိုက်

ရဲဘော်ဖြူများသည် တပ်နီများ ရွာအနီးသို့ ကပ်မလာမီ ဆီးကြိုတိုက်ခိုက်ခြင်းဖြစ်၏။ ကိုရန်ကြီးအောင်သည် ရဲဘော်ဖြူများ အောင်နိုင်သည်ကို မမြင်လိုပေ၊ ရဲဘော်ဖြူတွေ ရှုံးနိမ့်သည်ဟုလည်း မကြားလိုပေ။ သို့အတွက် သူ့လူများနှင့်အတူ စစ်မျက်နှာမကျသော လမ်းအတိုင်း ပြန်လည်ထွက်ခွာလာလေ၏။

ယာကြိုယာကြား၊ ချုံကြိုချုံကြား၌ လူများ လှုပ်ရှားသွားလာနေကြသည်။ သေနတ်တွေလည်း ပါသည်။ လယ်ထဲယာထဲမှ ပြန်လာသူများ မဟုတ်။ သူတို့သည် မင်းပြေးရွာဘက်မှ ထွက်ပေါ်လာသော ပေါက်ကွဲသံများကို စိတ်ဝင်စားဟန်မရှိ။ သွေးသောက်စုရွာဘက်သို့ ဦးတည်သွားနေကြခြင်းဖြစ်သည်။

'မင်းပြေးရွာကို ဟန်ပြတိုက်ပြီး သွေးသောက်စုကို တိုက်ဖို့များလား'

ကိုရန်ကြီးအောင် တုံ့ခနဲရပ်၏။

'မောင်ကောင်းစံဆီ လူလွှတ်ပြီး သတင်းပို့ရကောင်းမလား'

သို့ရာတွင် မပါဝင် မပတ်သက်လိုသောစိတ်က သူ့ခြေထောက်ကို တွန်းသည်။ သွေးသောက်စုရွာတွင် သူ့အကျိုးစီးပွားရှိသည်။ သူ့ဆွေ သူ့မျိုးတွေရှိသည်။ ထိုရွာအတိုက်ခံရလျှင် သူနှင့် သူ့ဆွေမျိုးသားချင်းများ ထိခိုက်နစ်နာလိမ့်မည်။

သူ နောက်ကြောင်းပြန်လှည့်မည်ပြုသည်။ နှစ်ဘက်တပ်များကြားတွင် ညပ်နေပါက ချစ်ဖေကဲ့သို့သော လူမျိုး၏ လက်တည့်စမ်းခြင်း မခံရဟု မည်သူမျှ အာမ မခံ။ လက်နက်အားကိုးဖြင့် လက်ယားနေသူချည်းဖြစ်သည်။ ဖျောင်ပစ်လိုက်ရန်၊ သတ်ပစ်လိုက်ရန် ဆန္ဒစောနေသူချည်းဖြစ်သည်။ ထိုသတိ ဝင်လာသောအခါ ကိုရန်ကြီးအောင်သည် ရွာသို့ရောက်ရန် စက်ဘီးကို အားသွန်နင်းတော့သည်။

ရွာထဲတွင်လည်း လူအများ ကျိုးလန့်စာစားဖြစ်နေကြ၏။

**ပုဂံစာအုပ်တိုက်**

"ဖွားခင်၊ သင်းထုံ၊ မဖဲလှ၊ ကြည်လှ လုပ်၊ လုပ်။ မြန်မြန်လုပ်ကြ။ ပစ္စည်းပစ္စယတွေကို အိမ်နဲ့ဝေးသဲ့နေရာကို သယ်ကြ။ ၄က်ပျောတောထဲမှာ တချို့ထား။ တိုက်ပွဲ မလွဲမသွေဖြစ်တော့မယ်"

အိမ်ဝိုင်းထဲသို့ ရောက်လျှင်ရောက်ချင်း ကိုရန်ကြီးအောင် အော်သည်။

"ဘယ်သူနဲ့ ဘယ်သူတုန်း ကိုရင်"

ဖွားခင်မှာ ဟိုဟာကိုင်ရမလို သည်ဟာကိုင်ရမလိုဖြစ်နေ၏။

"ကွန်မြူနစ်နဲ့ ရဲဘော်ဖြူဟေ့။ လူကြီးချင်း စကားပြောပြီးအောင် စောင့်ပါဦး တောင်းပန်သာ မရဘူးဟေ့။ မင်းပြေးရွာဘက်မှာ ချနေကြပြီ"

ကြည်လှမှာ မွေးလုဖွားလု အခြေအနေဖြစ်၏။ သူ့ကိုယ်ကိုပင် အနိုင်နိုင် သယ်နေရသည်။ သို့ကြောင့် သူ့ကို သပြေပင်ကြီးခြေရင်းသို့ အဝတ် ထုပ်ဆေးဝါးများနှင့်အတူ ပို့ထားပြီးလျှင် အိမ်ရှိပစ္စည်း အကုန်သယ်သည်။ စပါး၊ ပဲ၊ ပြောင်း၊ နွား၊ မြင်း စာအုပ်စည်းများပါမကျန် သယ်သည်။

ဖိုးသူတော်၊ ကြံတိုင်းအောင်နှင့် တင်မောင်ဆွေမောင်နှမမှာ ပစ္စည်း များကို ပျော်ရွှင်စွာ သယ်ကြ၏။

"ရေအိုးတွေမမေ့နဲ့။ တကယ့်အရေးဆိုရင် ရေဟာအသက်ပဲ။ ကျော်ညို တိုက်ပွဲဖြစ်ရင် နွားတွေ၊ မြင်းတွေ ဝပ်နေပေစေဟေ့။ 'နှာချ' ပြီး ချည်ထား"

ကိုရန်ကြီးအောင်သည် ဖြစ်နိုင်လျှင် အိမ်တွေကိုပါ ဖျက်ထားချင်၏။ သို့ရာတွင် စိတ်သာရှိ၏။ ကိုယ်က မလှုပ်နိုင်တော့ပါ။

"ဖိုးသူတော်နဲ့ တင်မောင်ဆွေ၊ ကြည်ကြည့်ကို သွားပြောစမ်း။တိုက်ပွဲ ဖြစ်လိမ့်မယ်။ လုံခြုံမယ့်နေရာမှာ ကလေးတွေနဲ့ ပစ္စည်းနိုင်သလောက် ရွှေ့ထားလို့။ အေး မြန်မြန်လည်း ပြန်ခဲ့ကြ"

ညအမှောင်ပြင်ကြီးသည် တိတ်ဆိတ်နေ၏။ အဝေးမှ သေနတ်သံ များကို ဖြိုးဖြိုးဖြောက်ဖြောက်ကြားရ၏။ သို့သော် ရွာပြင်သို့ထွက်ကြည့်ပါမူ မှောင်ထဲ၌ လှုပ်ရှားနေသော လူအုပ်များကို မြင်ရပေလိမ့်မည်။ မီးကျည်ပစ်သံ

ပေါ်လာလျှင် တစ်ခွင်တစ်ပြင်လုံး လင်းထိန်သွား၏။ သစ်ပင်ချုံပုတ်များလည်း မခုတ်တတ်သည့်ကြောင်သဖွယ် ရှိ၏။ မီးကျည်ငြိမ်းသွားလျှင် အမှောင်ထုအောက်၌ အမျိုးအမည်မသိသူများ ဆက်လက်ရွေ့လျားနေကြပြန်၏။

ကိုရန်ကြီးအောင်သည် သပြေပင်ရိပ်ရှိ ဖျာလိပ်ပေါ်တွင် အိပ်ပျော်နေပြီ။

"ကိုရင် ထမင်းစားဦးလေ၊ ကိုရင်"

ကြည်လှမှာ မိမိကိုယ်ကို သေားဖယ်ထားပြီး လင်ကိုလှုပ်နှိုး၏။ ပုတ်နှိုး၍ မရ၊ လှုပ်နှိုး၍မရ။ ခြေသလုံးမွေးကို ဆွဲနုတ်မှ ရှီးရှဲမြည်ကာ ထထိုင်၏။

"ထမင်းစားဦးလေ။ အချိန်မဟုတ်ပေမယ့် ထမင်းရှိတုန်း စားထားဦး"

ဟုတ်သည်။ နက်ဖြန်တွင် ထမင်းစားခွင့်ရရန် မသေချာ။ ရှိတုန်းရှိခိုက်၊ စားချိန်ရတုန်းရခိုက် စားထားမှဖြစ်မည်။ ကိုရန်ကြီးအောင် လူးလဲထပြီး ထမင်းစား၏။ ထမင်းသုံးပန်းကန်ကုန်တော့မှ "မင်းကော၊ စားပြီးပြီလား" မေးရန် သတိရ၏။

"မစားချင်ပေမယ့် တစ်လုတ်တစ်ဆုပ် ဖျစ်ညှစ်ပြီး၊ အမယ်လေး"

ကြည်လှ ရှူးရှူးဝါးဝါး အော်သည်။ ခါးကို လက်ခွဖြင့်ဖိလျက် ဖျာလိပ်ကို ကုတ်ခြစ်ထားသည်။

"မဖလှတို့ မဖလှတို့၊ သည်မှာ ကြည်လှ"

ကိုရန်ကြီးအောင် မျက်ကလဲဆန်ပျာ အော်သည်။ မဖလှတို့သည် အမောဖြေနေကြ၊ နားစွင့်နေသဖြင့် ချက်ချင်းရောက်လာကြသည်။ ကိုကျော်ညွှန့်လည်း တုတ်မီးတဝင်းဝင်းဖြင့် ပြေးထွက်သွားသည်။

မကြာမီ လက်သည်ဒေါ်တုတ် ပါလာသည်။

တစ်ရွာလုံးသည် တစ်စုံတစ်ရာဖြစ်တော့မည့် ရှေ့ပြေးအခြေအနေအဖြစ် လုံးဝတိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်လောကလုံးတွင် ကြည်လှတစ်ယောက်တည်းရှိဘိသို့ သူ၏ အော်ဟစ်ညည်းတွားသံသာ မြိုင်နေချေသည်။

## ပုဂံစာအုပ်တိုက်

"ဒေါက်တာ၊ မနိုပ်နဲ့နော်၊ ခြေနဲ့ မကန်နဲ့နော်"

အညစ်အကြေး ကိုင်တတ်ကာမျှဖြင့် ဝမ်းဆွဲလုပ်စားသော အရပ်လက်သည်များ သတ်သဖြင့် ကျေးရွာများတွင် ကလေးအမေတွေ သေပေါင်းများလှပြီ။ သည်အကြောင်းကိုသိသည့်အတွက် ခပ်လှမ်းလှမ်းမှ ကိုရန်ကြီးအောင် လှမ်းလင့်၍ သတိပေးသည်။

"စိတ်ချ စိတ်ချ၊ အဖျိုဗိုက်မို့ နည်းနည်းခက်သာပါ"

အရဏ်ကြက်တွန်သံ ပေါ်လာသည်။

တစ်ပြိုင်နက်တည်းပေါ်လာသော အူဝဲသံကလည်း လောကကြီးကို ခါးစောင်းတင်လိုက်သည်။

"ယောက်ျားလေးဟဲ့၊ ယောက်ျားလေး"

ဖောက်၊ ဒိုင်း။

ဖက်ဆစ်တို့ ထားပစ်ခဲ့သောသေနတ်သည် အချင်းချင်း သတ်ဖြတ်ရေးအတွက် အချက်ပေးရာတွင် တန်ဖိုးရှိ၏။ သည်အသံပေါ်လာလျှင် ဘယ်နေရာကိုစီးနင်း၊ဘယ်နေရာကိုတိုက်ဟု သတ်မှတ်ပေးထားပြီးဖြစ်သည်။ ကိုယ့်မှာသာ သေနတ်ရှိသည်၊ သူ့မှာ ဘာမျှမရှိဟုထင်နေသည့်အလားသေနတ် သံများ တရစပ်ပေါ်လာသည်။

"ငနှောက်လိုက်တွေ၊ နယ်ချဲ့သူလျှိုတွေ လက်နက်ချကြ"

"လက်နက်တော့ မချဘူး၊ ဟောသာပဲရမယ်။ ဘာသာမဲ့ မိစ္ဆာဒိဋ္ဌိတွေရေ့"

မော်တာကျည်ဆန် ပျံဝဲသွားသည်။ အုန်းခနဲ ထပေါက်သည်။

"ဗျို့ ကိုရန်ကြီးအောင်၊ ရဲဘော် ရန်ကြီးအောင်"

အရဏ်ပေါ်စ ဝိုးတဝါးတွင် လက်နှိပ်ဓာတ်မီး တဝင်းဝင်းဖြင့် ခြံထဲသို့ သူတစ်စုဝင်လာ၏။

"ဟေ့ ဘယ်သူတွေတုန်း၊ ငါသည်မှာ"

သည်မှာဆိုပြား ကိုရန်ကြီးအောင် လူလုံးမပြရဲပေ။ သည်နည်းဖြင့် အသတ်ခံရသူတွေ မနည်းပြီ။

"ကျုပ်တို့ သာဒွန်းအေးနဲ့ သာမြတ်ပါ"

အမည်ကို ထုတ်ဖော်စေကာမူ ကိုရန်ကြီးအောင် ချောင်းကြည့်ရ သေးသည်။

"အချိန်မတော်ကွာ၊ ဘာကိစ္စတုန်းဟ"

သာဒွန်းအေးနှင့် သာမြတ်သည် ကိုရန်ကြီးအောင်နှင့်ကား မစပ်ချေ။ ကိုကောင်းစံ၊ တိုင်းလုံးကျော်၊ ကြံတိုင်းအောင်တို့နှင့်မူ အမျိုးတော်၏။ ကွယ်လွန်ပြီးသူ ဒေါ်ရိုး၏ခဲအို ဦးဝင်းမှပေါက်သော မြေးများဖြစ်၏။

"နယ်ချဲ့ဆန့်ကျင်ရေးအတွက် အမှန်တရားဘက်က ဝင်တိုက်ပေး စမ်းပါ။ ခင်ဗျားကို မြို့နယ်စစ်ရေးတာဝန်ခံ ခန့်ပါ့မယ်"

"နယ်ချဲ့ဆန့်ကျင်ရေးသမားချည်းပါကလား။ လုပ်တော့လည်း နယ်ချဲ့ သမား အကြိုက်တွေပါကလားကွ၊ ဟေ"

"သာတွေ ပြောမနေစမ်းပါနဲ့ဗျာ။ အခု အရေးကြီးလို့ပါ"

"ကြည်လှ မီးဖွားနေသယ်ကွာတို့ရ"

သာဒွန်းအေး တောက်တက်ခေါက်သည်။ "မိကြည်လှကလည်း ငါတို့ အောင်ပွဲခံပြီးမှ မွေးပြီးရော" ညည်းသည်။ သည်မျှဖြင့် ပြီးနိုင်သည်။ သာဒွန်းအေးတို့ ထွက်သွားရုံသာရှိတော့သည်။

သို့သော် ကိုရန်ကြီးအောင် မမေးဘဲမနေနိုင်။

"နေပါဦးကွ။ မင်းတို့ အခု ဘယ်သူ့ကိုတိုက်မှာတုန်း"

"နယ်ချဲ့သူလျှို ငနေရဲ့ဘက်တော်သား ရဲဘော်ဖြူတွေကို"

ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကိုရန်ကြီးအောင်ပြောသည်။

"လက်စသတ်တော့ သခင်နဟာ နယ်ချဲ့သူလျှိုကိုး။ သူက သူ့ ဘက်တော်သားရဲဘော်ဖြူတွေကို ဘာပြုလို့များ တိုက်နေရပါလိမ့်"

**ပုဂံစာအုပ်တိုက်**

"သည်ကောင်တွေမှာ သဘောတရားလည်းမရှိ၊ တရားသဘောလည်း မသိနဲ့ အပြုတ်နဲ့ပစ်ရမယ်ဗျာ"

"ရဲဘော်ဖြူက မင်းတို့ကို ဘာလုပ်လို့တုန်း"

"ကျုပ်တို့ရဲ့ မဟာမိတ်ပါတီ၊ ကွန်မြူနစ်ပါတီကို စော်ကားသယ်လေ။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ ပစ္စည်းမဲ့ပါတီကြီးနှစ်ရပ်ဟာ အရေးကြီးတော့ သွေးနီးရသာပေါ့ဗျာ။ ကျုပ်တို့ အလံနီပါတီကို အကူအညီ လာတောင်းနေသယ် မဟုတ်လား"

"ဟိုကောင်တွေရော၊ မင်းတို့ရော ငါ့အမျိုးချည်းပဲ။ ဖြစ်နိုင်ရင် သောင်ပြင်မှာ သွားတိုက်ကြ၊ ရွာထဲမှာ လာမတိုက်နဲ့။ ငါပြောချင်သာ ဒါပဲ"

ပြော၍ ရမည်မဟုတ်မှန်း ကိုရန်ကြီးအောင် သိသည်။ သိသည့်အလျောက် မတိုက်ကြပါနှင့်၊ မသတ်ကြပါနှင့် မပြောတော့ပေ။

အလင်းရောင်သည် တဖြည်းဖြည်း ပေါ်လာပြီ။

တေးသိငှက်ကလေးများသည် မရဏာတေးကို စိတ်မချမ်းမြေ့စွာ သီဆိုဖွဲ့ကြသည်။ ကျီးကန်းတစ်အုပ်သည် ဆူညံစွာ အော်မြည်ပျံသန်းလာရာက လန့်ဖျပ်ပြီး တကွဲတပြားဖြစ်လျက် နောက်ကြောင်းသို့ ပြန်ပြေးကြသော၏။

ကျီးကန်းအုပ် လန့်ပျံခြင်းမှာ မော်တာကျည်ဆန်တစ်လုံး ဒဟတ်သောထဲသို့ ကျရောက်ပေါက်ကွဲသောကြောင့် ဖြစ်သည်။ ဒဟတ်တောထဲမှ ဘရင်းဂန်သံ ရပ်သွားသည်။ တာလမ်းဘေးမှ ရဲဘော်ဖြူများ ပြေးတက်လာကြပြီ။

တိုင်းလုံးကျော်သည် ကုပ်ပေါ်ရောက်နေသော လွယ်အိတ်ကို ဘေးနှံ့ပစ်ရင်း ဘရင်းသမားကို လှမ်းကြည့်၏။ သွေးအလိမ်းလိမ်းဖြင့် လူးလိမ့်နေ၏။

"ဆေးရဲဘော်၊ ဆေးရဲဘော်"

**ပုဂံစာအုပ်တိုက်**

ရှိစေ။ ဆေးတပ်သား လာ မလာထက် ဟိုကောင်တွေက ပိုပြီး အရေးကြီး၏။ ဘရင်းဂန်းကို တိုင်းလုံးကျော် ပြေးကိုင်၏။ "သေပေတော့" ဟု ကြုံးဝါးကာ တာလမ်းဘက်သို့ မွှေ့ယမ်းပစ်ခတ်၏။

တိုင်းလုံးကျော်ကသာ ငါပစ်လျှင် သေရမည်ထင်သော်လည်း အပစ်ခံရသူများမှာ တစ်ယောက်မျှမထိ။ ချက်ချင်း ပြားပြားဝပ်သည်။ နေရာကောင်း ရှိရာသို့ တရွေ့ရွေ့တွားသွားသည်။ တိုင်းလုံးကျော်၏ ရှေ့နှင့် ဘေးသို့ ကျည်ဆန်တွေရောက်လာ၏။

တိုင်းလုံးကျော်သည် ရုတ်တရက်နောက်သို့ဆုတ်ကာ နေရာပြောင်း လိုက်သည်။ ဥနဲပင်ကလေးဘေးတွင် ခြေထောက်များကို ကျကျနနချပြီးမှ သေနတ်မောင်းကိုဆွဲသည်။ ကျည်ဆန်များ ပျံထွက်သွားသည်။ သို့သော် ချက်ချင်းရပ်၏။

သူ့ဘေးသို့ အောင်စိန်နှင့် သာဝ ရောက်လာသည်။ တစ်ဖက်သို့ တစ်ချက်ချင်းပစ်ရင်းက ကျည်ကပ်လဲနေသော တိုင်းလုံးကျော်အားပြောသည်။

"ဗိုလ်စိန်ကြီးတပ်က ကျည်ဆန်နှစ်မျိုး အမြန်ပို့ပါတဲ့"

ဗိုလ်စိန်ကြီးမှာ ညာဘက်တောင်ပံရှိ တပ်စုမှ တပ်စုမှူးဖြစ်သည်။ ထိုတပ်စုသည် တာလမ်းဘက်သို့ တရွေ့ရွေ့တက်နေသည်။

"ရွှေသောင်းဆီသွားကြ၊ သွား သွား"

အောင်စိန်ကုန်းအထတွင် လက်ပစ်ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲသည်။ တိုင်းလုံးကျော် လှည့်မကြည့်ရဲ။ လှည်းလမ်းကြောင်းမှ တက်လာသူများအား အဆက်မပြတ် ပစ်ခတ်နှိမ်နင်းနေရသည်။

ထိုအချိန်တွင် ကိုကောင်းစံမှာ တာလမ်း၏ဟိုဘက် တစ်ဖာလုံခန့် အကွာတွင် ရောက်ရှိနေသည်။ သူသည် တာလမ်းဟိုဘက်ရှိ စစ်မြေပြင်ကို ရှားစောင်းလက်ညှိုးအောက်မှ မှန်ပြောင်းဖြင့်ကြည့်နေသည်။

ငြိမ်းချမ်းသောအချိန်တွင် ယုန်ကလေးတွေ ရှိနေတတ်သော ချုံပုတ်

များမှ ယခုအချိန်တွင် မီးပွင့်တွေပြေးထွက်နေသည်။ မီးပွင့်များသည် ရိုးထဲမှလည်း ထွက်၏။ လျှိုထဲမှလည်း ထွက်၏။

လက်ဝဲဘက် တစ်မိုင်ခန့်ဝေးသောနေရာတွင် မိမိဘက်မှ လူများ အပြေးတက်သွားကြသည်။ ပစ်ခတ်သံ ပေါက်ကွဲသံများကား မည်သည့် နေရာမှဟု အသေမရှိ။ နေရာအနှံ့ဖြစ်သည်။ လက်ယာဘက် တစ်မိုင်ခန့် အဝေးတွင်ကား ရန်သူများ ပြေးတက်နေကြသည်။ သို့သော် ကုန်းတစ်ခု အရောက်တွင် ကော့ခနဲ ကားခနဲဖြစ်ကာ ပုံကျသွားကြသည်။ ထိုနေရာ၏ သည်ဘက်တွင်ကား မိမိလူများ ရှေ့မတိုးနိုင်၊ တဖြည်းဖြည်း ဆုတ်နေကြ သည်ကို မြင်ရ၏။

"စံထွန်းသွားစမ်း။ ဗိုလ်အေးရဲ့တပ်စုကို ဗိုလ်ကျော်သာရဲ့တပ်နဲ့ ပေါင်းပြီး လှည်းလမ်းဆုံကို ရအောင်သိမ်းပါလို့"

ရေစီးကြောင်း ချိုင့်ထဲတွင် ဝပ်နေသော သူ့လူတစ်ယောက် နောက်သို့ ဆုတ်သွားပြီး ကုန်းကုန်းကွကွ ထွက်ခွာသွားသည်။ ချက်ချင်းပင် နာနတ် ချုံများအောက်မှ လူတစ်ယောက်ပြေးလာ၏။

"ဗိုလ်ထွေးတပ်နဲ့ ဗိုလ်သောင်းတပ်က ကျည်ဆန်တောင်းနေသယ်"

"ပေးလိုက်၊ ပေးလိုက်။ နှစ်ပုံးစီပေးလိုက်"

"ရဲဘော်ကြာဇံ လာစမ်း။ ဟောဟိုလျှိုထိပ်ကတပ်ကို နောက်က ပတ်ပြီး တက်သိမ်းဖို့ ဗိုလ်ချစ်မောင်ကိုပြောချေ"

တိုင်းလုံးကျော်သည် လက်ယာဘက်သို့ မှန်ပြောင်းဖြင့် ကြည့်ပြန် သည်။ ယမ်းခိုးတွေ အမျှင်တန်းကာ ပြေးလွှားနေသည်။ ခေါင်းမဖော်နိုင်သော ဗိုလ်အေး၏တပ်သည် ပြေးတက်သွားလိုက်၊ အကာအကွယ်ယူကာပစ်လိုက်၊ ပြေးခုန်တက်သွားလိုက်ဖြင့် အခြေအနေကောင်းနေသည်ကို မြင်ရ၏။

မိမိ၏တပ်စုခြောက်စုလုံး လျင်မြန်စွာတက်နေပြီ။ တိုင်းလုံးကျော် မှန်ပြောင်းနှင့် မျက်နှာခွာမည်အပြုတွင် လက်ဝဲဘက် တစ်မိုင်ကျော်တွင်

တစ်စုံတစ်ရာမြင်ရ၏။ ချက်ချင်း မှန်ပြောင်းနှင့် မျက်နှာ ပြန်ကပ်သည်။ ထိတ်ခနဲ ဖြစ်သွား၏။

'ဘရင်းကယ်ရီယာ တစ်စင်းပါတကား'

'သည်ကောင်တွေမှာ ဘရင်းကယ်ရီယာရှိသယ် မကြားဖူးပါဘူး။ အရှေ့ဘက်ကများ ကူးလာရော့သလား'

တိုင်းလုံးကျော်၏တစ်ခေါင်းလုံး ထူပူသွားသည်။ ဘရင်းကယ်ရီယာ ပေါ်မှ ဘရင်းဂန်းသည် ဝဲယာမွှေနှောက်လျက် တာလမ်းအတိုင်း တက်လာသည်။ ယင်း၏နောက်တွင် သုံးဆယ်ခန့် ပါလာသည်။

မော်တာကျည်တစ်လုံး ပျံဝဲလာသည်။ သို့သော် ယာဉ်ပေါ်သို့မကျ။ ကျော်ကျပြီး ပေါက်ကွဲသည်။ ထနောင်းပင်ပုကလေး သုံးပင်အောက်မှ ရဲဘော်ဖြူသုံးယောက် ပြေးထွက်လာကာ လက်ပစ်ဗုံးဖြင့်ပစ်သည်။ လက်ပစ်ဗုံးများ လိုရာသို့မရောက်ဘဲ ပစ်သူများသာ ကားခနဲကျ၏။

"ရဲဘော်တစ်ယောက် လာစမ်းဟေ့"

ဆက်သား ဘယ်သူဘယ်ဝါဟု သူ ခေါ်မနေနိုင်တော့ပါ။ တရွေ့ရွေ့ ဆုတ်ခွာသွားသူများ တန့်သွားပြီ။ ဘရင်းကယ်ရီယာသည် မိမိနှင့် တည့်တည့်နေရာသို့ ရောက်ရန် နှစ်ဖာလုံမျှသာ လိုတော့သည်။

"ဟိုစောင်ခြမ်းပင်အောက်က အမ်းမတ်ကားကို စက်နှိုးထားလို့ သွားပြောချေ။ မြန်မြန်ပြေး"

ဆက်သားရဲဘော် ပြေးသွားသည်။ ကိုကောင်းစံ တောနာနတ်အုပ် ရှိရာသို့ ကုန်းကွဆုတ်ပြေးလာကာ တပ်စိတ်နှစ်စိတ်ကို လက်ဖြစ် အမ်းမတ်ကားရှိရာသို့ လွှတ်လိုက်ပြန်သည်။

တပ်နီဘရင်းကယ်ရီယာသည် ဆီးဆို့သူတိုင်းအား ဖယ်ရှားပစ်သည်။ နောက်မှကပ်လျက် ပါလာသူများကလည်း လက်တစ်ကမ်းအတွင်း ပစ်ခတ် ရှင်းလင်းသည်။ ကယ်ရီယာသည် မှန်မှန်မောင်းလာ၏။ ဘရင်းသမားသည်

ချုံပုတ်များ၊ ချိုင့်ဝှမ်းများကို မွှေ့ယမ်းနေရာက အပေါ်သို့ ထောင်လိုက်၏။

ဘရင်းကယ်ရီယာရန် ဝါးနှစ်ရိုက်ခန့်အကွာတွင် ထနောင်းပင်တစ်ပင်။ အကိုင်းကြီးတစ်ကိုင်း တာလမ်းပေါ်မိုးနေ၏။ သစ်ကိုင်းများကြားမှ သေနတ်နှင့် လူတစ်ယောက် ကားကားကြီးကျလာ၏။

ကိုကောင်းစံသည် သူရပ်နေခဲ့သည့် ရှားစောင်းလက်ညှိုးအုပ်နောက်သို့ တွားတက်ခဲ့သည်။ ဘေးရှိသစ်ငုတ်နောက်မှ မှန်ပြောင်းဖြင့် လှမ်းကြည့်သည်။ ဘရင်းကယ်ရီယာ တက်လာပြီ။ သစ်ညိုခက်တွေ ဖုံးထားသော အမ်းမတ်ကား ပြေးထွက်သွားပြီ။ ဘရင်းကယ်ရီယာ၏ ဦးပိုင်းကို ဝင်ဆောင့်သည်။ လူတွေ စင်ထွက်သည်။ တစ်ပတ်လည်ပြီး တိမ်းမှောက်သွားလေ၏။

ကယ်ရီယာနောက်မှ ပါလာသူများမှာ မုဆိုးဘဝမှ သားကောင်ဘဝသို့ ချက်ချင်းပြောင်းသွားသည်။ ခုခံရင်း သေသည်။ ထွက်ပြေးရင်း သေသည်။ အမ်းမတ်ကားသည် တာလမ်းဘေးသို့ အလုအယက် တက်လာသူများကို လိုက်လံပစ်ခတ်တော့သည်။ အရှေ့ဘက် မြစ်ကမ်းဆီသို့ ကိုကောင်းစံ မှန်ပြောင်းဖြင့်ကြည့်၏။ တန့်သွားသူများ အပြေးအလွှား ဆုတ်ခွာနေကြပြီ။

စံထွန်း အမောတကော ပြန်ရောက်လာသည်။

"ဗိုလ်အေးက ဗိုလ်ကျော်သာရဲ့ တပ်နဲ့ပေါင်းပြီး ရန်သူ့နောက်ကို လိုက်တိုက်ပါရစေတဲ့"

"အေး၊ သွေးသောက်စုကို မျက်ခြည်မပြတ်နဲ့လို့ပြော"

စံထွန်း ထွက်သွားလျှင်သွားချင်း ဆက်သားရဲဘော် ကြာဖံ ရောက်လာ၏။

"အလံနီတွေ သွေးသောက်စုချောင်းဝကို ရောက်လာသတဲ့ နယ်မြေမှူး"

"အင်အား ဘယ်လောက်ရှိတုန်း"

"ငါးဆယ်"

"ဗိုလ်ပြောင်းကိုပြော။ သွေးသောက်စု မြောက်မျက်နှာကို ကာကွယ်ပါ"

နေသည် ပူသည်ထက် ပူလာပြီ။

မှောက်သွားသော ဘရင်းကယ်ရီယာကို ဝိုင်းထူကြသည်။ စက်နှိုး၍ ရသွားသဖြင့် ရဲဘော်ဖြူများ ဆူညံစွာ အော်ဟစ်ကခုန်ကြသည်။

ဖက်ဆစ်ခေတ်ကတည်းက လူသား၏ အရသာကို သိနေခဲ့သော လင်းတများသည် အမြင့်ပျံနေရာက တဝေါဝေါ ထိုးဆင်းလာကြပြီ။ သစ်ပင်မြင့်မြင့်များတွင် လင်းတတွေ ခဲနေပြီ။ သူတို့သည် ဝမ်းသာအားရ ဖြစ်နေကြဟန်တူ၏။ မီးခိုးတန်းကလေးတွေ ထွက်လာတိုင်း ဂီးခနဲ အော်သည်။ အုန်းခနဲ ပေါက်ကွဲသံပေါ်လာတိုင်း ကောင်းချီးပေးနေကြသည်။

မင်းပြေးရွာကို ဖျက်ဆီးခွင့်မရသော တပ်များသည် ဆုတ်ခံ ခံရင်း သွေးသောက်စုဘက်သို့ ရွှေ့သွားကြသည်။သွေးသောက်စုကို အကာအကွယ်ပေးနေသော တပ်များက ဆီးဆို့ မောင်းနှင်သည်။ သွေးသောက်ကြီးဦးမိုးကောင်း၏ ကောင်းမှုမြေစိုက်စေတီကြီးနှင့် အုတ်တံတိုင်းများမှာ တစ်ခဏအတွင်း ခံတပ်ဖြစ်သွားသည်။ တိုင်းလုံးကျော်တို့သည် ထိုနေရာကို အင်အားစုပြုတိုက်ခိုက်ကာ အရအမိ သိမ်းပိုက်လိုက်တော့သည်။

သာဒွန်းအေးထံသို့ ဆက်သားတစ်ယောက် ရောက်လာ၏။ သူသည် သွေးသောက်စုမြောက်မျက်နှာမှ မလာနိုင်။ မြစ်ဘက်မှ ကွင်းပြီး ရောက်လာခြင်းဖြစ်၏။

"ဗိုလ်ကြီး၊ ကျွန်တော်တို့ ဘုရားတံတိုင်းကို သိမ်းမိပြီ။ နေ့လယ်တစ်နာရီမှာ တိုက်မယ်"

"အေး၊ စိတ်ချလို့ပြောလိုက်"

ပြောသာ ပြောရသည်။ သွေးသောက်စု မြောက်မျက်နှာတွင် ကိုကောင်းစံ၏လူတွေ ရောက်နေနှင့်ပြီ။ အကာအကွယ်ဟောင်းများကို ပြင်ဆင်နေကြသည်။ သာဒွန်းအေးတို့မှာ ဟိုနားတစ်စု သည်နားတစ်စုခွဲကာ

ပုဂံစာအုပ်တိုက်

လူယောင်ဖျောက်နေရ၏။ အလုံးအရင်းဖြင့် တိုက်ရန် မဖြစ်နိုင်။

မည်သို့ဖြစ်စေ နေ့လယ်တစ်နာရီတွင် ဖောက်ဒိုင်းသံပေါ်လာပြီး ဘုရားဘက်မှ စတင်တိုက်ခိုက်တော့သည်။ ကိုကောင်းစံ၏လူများသည် ဘုရားပရိဝုဏ်တွင်းသို့ မော်တာဖြင့် စုပြုပစ်ခတ်ကာ စီးနင်းတိုက်ခိုက်တော့သည်။ တိုင်းလုံးကျော်၏တပ်သည် ပြန်လှန်ပစ်ခတ်ရင်း ထန်းတောထဲသို့ ဆုတ်ခွာသည်။

ထန်းတောထဲသို့ ဆုတ်ခွာသွားသူများသည် ဘုရားပရိဝုဏ်ကို အယောင်ပြတိုက်ခိုက်ရာက ရွာကို အနောက်မျက်နှာမှ ဝင်ရောက်စီးနင်းသည်။ သို့သော် ဆဲရေးသံ တည်ညံဖြင့် ချက်ချင်းဆုတ်ခွာရသည်။ သို့တစေ မပြုမပြင်ဘဲထားသော ကိုခင်မောင်တင့်၏ကျောင်းမှ စတင်ပြီး မီးလောင်တော့သည်။

ပေါက်ကွဲသံများ၊ ဆဲရေးသံများတွင် အော်ဟစ်ပြေးလွှားသံများပါ ဆင့်ပိုးလာလေ၏။ ကိုရန်ကြီးအောင် ဦးဆောင်သော ရွာသားတစ်သိုက်သည် မီးလောင်ရာသို့ ပြေးလာကြသည်။ သို့ရာတွင် ကျည်ဆန်များ တဖျောက်ဖျောက်ကျနေသည်။ မီးသတ်သမားတစ်ယောက် ကျဆုံးသွားသောအခါ မည်သူမျှ မတက်ရဲတော့ပါ။

"ဟေ့ ကြောက်နေကြရင် တစ်ရွာလုံး ကုန်မယ်။ တက်ကြပါ"

ကိုရန်ကြီးအောင် အော်နေဆဲတွင် သူ့လက်ထဲမှ ရေပုံးကြီး လွတ်ကျ၏။ ကျည်တစ်တောင့် လာမှန်သောကြောင့်ဖြစ်သည်။ ကိုရန်ကြီးအောင် ဝပ်ချလိုက်ရသည်။ မီးဟုန်းဟုန်းတောက်နေသော ကျီးအက်ကြီး သူ့အပေါ်သို့ ပြုတ်ကျလာ၏။

"အပေါ်မှာ၊ အပေါ်မှာ"

ကိုကျော်ညွှန့်အော်သည်။ ကိုရန်ကြီးအောင် လိမ့်ပြီးရှောင်ရာက "တိုက်ကြကွ၊ တိုက်ကြ။ ရောမ သတ္တိခဲကြီးတွေ။ ကိုယ့်အိုးကိုယ့်အိမ်

ပြာကျသည်အထိ သတ္တိကောင်းကြဟော့”ဟု အရှုးသဖွယ် အော်ဟစ်နေသည်။

မီးလွတ်ရာသို့ ကြောက်အားလန့်အားဖြင့် ပြေးလာသူများထဲတွင် ကြည်ကြည်လည်း ပါဝင်၏။ သူသည် အထုပ်တစ်ထုပ်ကို လက်မောင်းတွင် ချိတ်ထားပြီး ကလေးနှစ်ယောက် ဘယ်ညာဆွဲထားသည်။ ကလေးတွေလည်း လွယ်အိတ်ကိုယ်စီ အထုပ်ကိုယ်စီဖြင့်။ သူ့ခေါင်းပေါ်တွင်လည်း စောင်မြိတ်တွေ၊ ခြင်ထောင်ကြိုးတွေ ထွက်ကျနေသောအထုပ်ကြီး။

မီးသည် ရေနှင့်ပက်၊ မီးချိတ်မီးကပ်ဖြင့် ရိုက်နှက်ဖျက်ချ လုပ်နေပါလျက်က အင်အားကောင်းတတ်မြဲ။ ယခု အတားအဆီးမဲ့ လောင်ကျွမ်းရသောအခါ လေက ကူလာပြီ။ လေပြင်းတစ်ချက်တိုက်လိုက်ရာ တောင်ပိုင်းတစ်ပိုင်းလုံး မီးလွင်ပြင်ကြီးဖြစ်သွားတော့သည်။ အန္တာပိတ်ထားသော ဆီအိုးတွေ ထပေါက်သည်။ ဝါပုတ်တွေ ပွင့်ထွက်ပြီး မီးပလူပျံသည်။

ကိုကျော်ညံသည် ကိုရန်ကြီးအောင်ကို ဆွဲခေါ်ခဲ့သည်။ “စိတ်လျှော့ပါဗျာ၊ ကိုယ်မှ မတတ်နိုင်သာ”ဟု ဖျောင်းဖျသည်။ ကိုရန်ကြီးအောင်ကား အော်ဟစ်လျက် ကုန်းကုန်းကွကွတစ်သွယ်၊ ဝပ်လျက်တစ်နည်း လိုက်ပါလာသည်။

“အစွမ်းပြကြဟော့၊ အစွမ်းပြကြဟ။ တွင်းတူးပြီး မိုက်သဲ့ သူရဲကောင်းကြီးတွေရေ့၊ အစွမ်းပြကြဟ”

ကိုရန်ကြီးအောင် မည်မျှပင် အော်စေကာမူ သူ့အသံကို မီးအော်သံကြီးက လွှမ်းမိုးထားသည်။ တောင်ပိုင်းတွင် လောင်စရာဟူ၍ ရွာခရိုးပင် မကျန်တော့။ ထိုအချိန်တွင် ရွာအရှေ့ပိုင်းမှ မီးထတော့က်သည်။ လေပြင်းတစ်ချက်ဇော့လိုက်သောအခါ အရှေ့ပိုင်းတွင် သုံးလေးလုံးသာကျန်တော့သည်။

အိမ်တွေ၊ စည်းရိုးတွေ ရှုပ်ထွေးနေခဲ့သော သွေးသောက်စုရွာကြီး ဟင်းလင်းပွင့်သွားပြီ။ အရပ်လေးမျက်နှာနှင့် ဆက်စပ်မိသွားပြီ။ ဟင်းလင်းပြင်ကြီး၏အလယ်တွင်မူ ရဲရဲညီသော မီးသမုဒ္ဒရာ။

## ပုဂံစာအုပ်တိုက်

ရွာကိုလောင်သောမီးသည် အရှဏ်လာမှ မီးစွယ်ကျိုးသွား၏။ နေထွက်တစ်ပြုတွင်ကား ပစ်ခတ်သံများ ကြိုကြားသာ ကြားရရာက တဖြည်းဖြည်း တိတ်ဆိတ်သွားပြီ။ ကိုကောင်းစံတို့တပ် အမိန့်တစ်စုံတစ်ရာကြောင့် ဆုတ်ခွာသွားသည်။

မီးလောက်ပြင်ထဲသို့ နီရဲသောအလံကြီး ဝင်ရောက်လာသည်။

ကိုရန်ကြီးအောင်သည် တောင့်စန့်နေသော အရာတစ်ခုကို ချီပွေ့လျက် ထိုအလံကြီးရှိရာသို့ နှေးကွေးစွာ လာခဲ့သည်။ အလံကိုင်နောက်မှ ခြောက်လုံးပြူးနှစ်လက် ခါးချိတ်ကာ၊ ကာဘိုင်သေနတ်ကို လွယ်ထားသော လူတစ်ယောက်ပြေးလာသည်။

မျက်နှာနှင့် ရင်ဘတ်တွင် ကျည်ဆံရာများ ပွားအုံဖြစ်နေသော ကြည်ကြည်။ ကိုရန်ကြီးအောင်သည် ခယ်မ၏အလောင်းကို ညီ့လက်ထဲသို့ ထည့်ပေးခဲ့ပြီးနောက် ညီကို ကြည့်လည်းမကြည့်၊ စကားလည်းမပြောဘဲ ထွက်ခွာသွားလေ၏။

# အပိုင်း ၈

# ၁

ထောင်ဘူး ပွင့်သွားသည်။

ကျယ်ဝန်းသော လောကကြီး။ လောကကြီးထဲကလူတွေ။

တိုင်းလုံးကျော်သည် အပလေကို အားရပါးရ ရှူလိုက်ရသဖြင့် ဝမ်းသာသွားငြား အားငယ်စိတ် ချက်ချင်းဝင်လာ၏။

လွတ်ငြိမ်းချမ်းသာခွင့်အရ တစ်သုတ်တည်း လွတ်လိုက်သူများအနက် အများစုမှာ သားမယားဆွေမျိုးများက လာရောက်ကြိုဆိုကြ၏။ ရဲဘော် ရဲဘက်များက လာရောက်ကြိုဆိုကြ၏။ ကားဖြင့်၊ မြင်းလှည်းဖြင့် ပါသွားကြပြီ။ ထိုသူများ၏ ရယ်မောသံသည် တိုင်းလုံးကျော်အား သရော် စော်ကား လျက် ဝေးပျောက်သွားကြလေ၏။ ထိုအခါ ခိုးကိုးရာမဲ့သောအသိ အားငယ် စိတ်သည် တစ်ကိုယ်လုံးခြုံ၏။

"ရဲဘော်မင်းနိုင်၊ ဘယ်ကိုပြန်ရမှာတုန်း"

သိဖူး၊ ကြားဖူးသောအသံ။ ဝမ်းသာအားရ လှည့်ကြည့်သည်။

ကြည့်စဉ်က ဝမ်းသာအားရ အားကိုးတကြီး။ မျက်နှာကိုမြင်လိုက်ရသောအခါ ဝမ်းသာသမျှ ပြယ်လွင့်၏။ ထိုသူမှာ မိမိနှင့် ယခုကလေးတွင် ထောင်ထဲမှ ထွက်လာသူဖြစ်၏။

"ဟုတ်ကဲ့ ရဲဘော်မင်းလွင်၊ ကျုပ်ပြန်ရမှာက ဆင်ပေါင်ဝဲ။ ပေးလိုက်သဲ့ ခရီးစရိတ်က နှစ်ကျပ်တစ်မတ်၊ ဘယ်လိုလုပ် ပြန်မှာတုန်း"

"ဗျူရိုကရက်တွေ ကြားက ဖြတ်အုပ်တာဗျ။ သက်ဆိုင်ရာက အလုံအလောက် ထုတ်ပေးတာဖြစ်မှာပါ"

"အင်း၊ ထောင်ထဲမှာနေရတာကမှ အိပ်ဖို့မပူရ၊ စားဖို့မပူရ။ အို ရှုပ်ပါသယ်ဗျာ။ ထောင်ဘူးဝကို သွားဆဲရအောင်။ သလိုဆို ထောင်ပြန်ကျမှာပဲ"

ရဲဘော်မင်းလွင်သည် မချိသွားဖြဲ ရယ်မောရ၏။

"ကဲပါလေ။ တစ်ညတလေတော့ ကျွန်တော်နဲ့ လိုက်အိပ်ပေါ့။ ကျွန်တော့်အသိတစ်ယောက် ရဲဘော်ဈေးမှာ ရှိသဗျ"

တိုင်းလုံးကျော် ဝမ်းသာသွား၏။ ထိုအခါ မိမိနင်းလျှောက်နေသော ပလက်ဖောင်းကို သတိရ၏။ အင်္ဂတေပြားတွေ။

ကားတွေ၊ မြင်းလှည်းတွေ၊ ဆိုက်ကားတွေ မကြာခဏ နင်းဖြတ်သွားသော လမ်းကိုလည်း သတိတရကြည့်မိပြန်၏။ ဖုန်မရှိသော ကတ္တရာလမ်း ပြောင်ချောချောကြီး။ ထိုအခါ ဤအရာသည် ရန်ကုန်ပါတကားဟု သတိရပြန်၏။

'ငါ ရောက်ဖူးချင်၊ မြင်ဖူးချင်သဲ့ ရန်ကုန်မြို့ကြီးကို ဖဆပလအစိုးရကောင်းမှုနဲ့ ရောက်လာရပါပေါ့လား'

ဘေးဘီသို့ကြည့်သည်။ အုတ်တိုက်နီနီတွေ။ သို့သော် သရက်တောကျောင်းတိုက်အနီးသို့ရောက်သောအခါ အံ့လည်းအံ့သြ၏။ ရန်ကုန်ကိုလည်း အထင်သေး၏။ အကြောင်းသော်ကား ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားသောတဲများကို မြင်ရသောကြောင့်တည်း။

## ပုဂံစာအုပ်တိုက်

ပလက်ဖောင်းပေါ်တွင် လူလျှောက်စရာ နေရာမရှိ။ ကလေးအချို့သည် လမ်းဘက်သို့ ဖင်ပေးလျက် မစင်စွန့်နေကြ၏။ မစင်ရှိရာနေရာသို့ အငွေ့တထောင်းထောင်းဖြင့် ထမင်းရည်တွေ စီးလာ၏။

ထမင်းရည်နံ့သည် တိုင်းလုံးကျော်၏နှာဝမှတစ်ဆင့် အစာအိမ်ထဲသို့ ဆင်း၏။ အူတကြုတ်ကြုတ်မြည်လာ၏။ ထိုအခါ ဝမ်းသာသောကြောင့် ထမင်းမစားနိုင်ခဲ့သော မိမိကိုယ်ကို ပြန်လည် အပြစ်တင်မိ၏။ သို့ကြောင့် စားစရာကို တဲကြိုတဲကြားတွင် ရှာမိသည်။

တွေ့ပြီ၊ ငှက်ပျောသီး။

ငမောင်စိမ်း၊ ရွှေနီ၊ ဖီးကြမ်း။ အဖီးလိုက်၊ အခိုင်လိုက်၊ အလုံးလိုက် ကြိုက်ရာ ဝယ်စားနိုင်သည်။

"တစ်လုံး ဘယ်လောက်တုန်း"

ငှက်ပျောသီးများနောက်၌ အသက် ၂၀ ရွယ် မိန်းမတစ်ယောက် ထိုင်နေသည်။ တိုင်းလုံးကျော်ထပ်မေးမှ "တစ်ပြား" ဟု လှည့်မကြည့်ဘဲ ဖြေ၏။ ထိုမိန်းမ၏ အမူအယာကြောင့် တိုင်းလုံးကျော့်စိတ်ထဲ၌ ဖျဉ်းခနဲ ဖြစ်သွား၏။ ငှက်ပျောသီးကို ချထားခဲ့၏။

ခါးဆန့်ပြီး ခြေလှမ်းတစ်လှမ်း လှမ်းမိချိန်ဝယ် ထိုမိန်းမထံမှ အသံ ထွက်လာ၏။

"ဒီဘက်က နှစ်ပြားဖိုးသုံးလုံး"

တိုင်းလုံးကျော် ငဲ့စောင်းမကြည့်တော့ပါ။

'တို့ရွာ၊ သပြေသာဆိပ်က အဘွားကြီးအိုများ သဘောကောင်းသိုက်သာ။ သူ့ငါးပေါင်းကြော်ကို ဝယ်ဝယ် မဝယ်ဝယ်၊ စားစားမစားစား အဖန်သောက်ပါဦး၊ နားပါဦးနဲ့ ဖော်ရွေလိုက်သာ။ သည်မှာတော့ နားမပါ၊ ဒါးစပ်မပါသဲ့အတိုင်းပဲ။ ဟင်း၊ လမ်းဘေးမှာ နေရပေလို့။ အိုးနဲ့ အိမ်နဲ့များ နေရရင် ဘယ်လောက်များ ဘဝင်မြင့်လိုက်မတုန်း'

ဖရေဇာလမ်း (ယခု အနော်ရထာလမ်း) အရောက်တွင် ဘယ်ဘက်သို့ ချိုးကွေ့လိုက်ကြသည်။ တောင်ဘက်ပလက်ဖောင်းတွင် လမ်းပေါ်သို့ အပြင် စွန်းထုတ်ထားသော ဆိုင်တန်းများ။ သည်ဘက် ပလက်ဖောင်းတွင်လည်း ဆိုင်တွေ၊ တဲကြီးတွေ၊ ထို့ပြင် အပုပ်နံ့။

ဆေးရုံနှင့် နီးသောကြောင့် လူသေနံ့ပေလောဟု တိုင်းလုံးကျော် အသက်ရှုကြည့်၏။ သေသေချာချာ ရှုကြည့်သောအခါ လူသေကောင် ပုပ်နံ့မဟုတ်၊ လူသေထက်ဆိုးရွားသော ခါးအန်အန်အနံ့ဖြစ်သည်။

"ဘာနံ့တုန်း ရဲဘော်။ ဆိုးလိုက်သာ"

"မြောင်းပုပ်နံ့ဗျ။ သည်ကျောက်ပြားတွေအောက်မှာ ရေမြောင်း ရှိတယ်"

ဆက်လျှောက်လာရာ အနံ့ပြောင်းသွားပြန်၏။ သူလည်း တစ်မျိုး ဆိုးသောအနံ့ပင်။ ထိုအနံ့လာရာအရပ်ကိုကား စူးစမ်းရန်မလို။ဟီးထနေသော အမှိုက်ပုံကြီးက ဆီးကြိုနေသည်။ ခြင်းစုတ်၊ တောင်းစုတ်၊ အင်ဖတ်များ၊ ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ ခွေးသေ၊ အဝတ်စုတ်၊ ထင်းရှူးပုံး၊ စက္ကူပုံး၊ သစ်ကိုင်းသစ်ခက်တို့ပြွမ်းသော အမှိုက်ပုံကြီးသည် လမ်းပေါ်အထိဆင်းပြီး မင်းမူနေ၏။

ယင်စိမ်းများ၊ ယင်မမဲရိုင်းများသည် အုန်းခနဲ အသံပေးလျက် ထပျံ ကြ၏။ အနယ်နယ်အရပ်ရပ်မှလာသော ခြံထွက်သီးနှံများသည် သည်ဈေး၌ လာရောက်စုပုံကြ၏။ ဆွဲထွက်သွားသော ချယ်ဂါလီများ၊ နင်းထွက်သွား သော မောင်းထွက်သွားသော ဆိုက်ကားများ၊ မြင်းလှည်းများ။ ဟိုးထား၊ ခေါက်ခေါက် အသံတည်ည်ဖြင့် ဖင်ထိုးလာသော ကားများ။

ဆိုင်းဘုတ်ရော အဆောက်အအုံပါ ဟိန်းနေသောပွဲရုံကြီး တစ်ရုံ ရှေ့သို့အရောက်တွင် "သည်ပွဲရုံပဲဗျ" ဆိုကာ ရဲဘော်မင်းလွင် ရပ်သည်။ ကျောပြောင်ပြောင်ကို နဖူးမှကျလာသော ပုဆိုးဖြင့်ဖုံးထားသူများသည်

ပန်းခြင်းများ၊ သေတ္တာများ၊ လက်ဖက်တင် သနပ်ဖက်ပိုများကို အပြေးအလွှား ထမ်းသွင်းနေကြ၏။

ပွဲရုံ၏မျက်နှာစာ အလယ်ပိုင်းတွင် စားပွဲတစ်လုံးရှိ၏။ စားပွဲတွင် ထိုင်နေသော လူဝကြီး၏လည်ပင်းတွင် ခလောက်ပါသော ရွှေဆွဲကြိုးတစ်ကုံးကို ထုံးပြီး ဆင်ထား၏။ သည်အရာကို တိုင်းလုံးကျော် အလွန်အမြင်ကတ်ပြား သည်လူကိုကား တိုင်းလုံးကျော် အမြင်မကတ်။ ပြည့်ဝန်းသော မျက်နှာကြီးမှာ ကြည်ညိုစရာကောင်း၏။ မဝလွန်းသော အသားလတ်လတ် ကိုယ်တွင် စွပ်ကျယ်ချိုင်းပြတ်ဝတ်ထားသဖြင့် နှစ်သက်ဖွယ်ရှိ၏။

သို့ရာတွင် ထိုသူ၏ပါးစပ် အဟာတွင်ကား တိုင်းလုံးကျော်သည် ထိုသူအား ထပ်မကြည့်ချင်လောက်အောင် စက်ဆုပ်ရွံရှာသွားလေ၏။ အကြောင်းမူ ပင်ပန်းတကြီး ထမ်းပိုးသယ်မနေသော အလုပ်သမားများအား ရိုင်းစိုင်းပက်စက်စွာ ဆဲရေးသောကြောင့်တည်း။

'ဟင်၊ ရိုင်းလိုက်သာ၊ ရိုင်းလိုက်သာ"

တိုင်းလုံးကျော်သည် ဖြတ်လျှောက်သွားသည့် ဘုန်းကြီးတစ်ပါးနှင့် သီလရှင်သုံးပါး၊ အဘိုးကြီးအို နှစ်ယောက်၊ အမယ်ကြီးအိုနှစ်ယောက်အား လှမ်းကြည့်လိုက်၊ ရွှေဆွဲကြိုးနှင့် လူဝလူခန့်ကြီးကို လှည့်ကြည့်လိုက်ဖြင့် ထိတ်လန့်နေ၏။ လူခန့်ကြီးကား တောသားတစ်ယောက် ထိတ်လန့်သွားအောင် ပက်ပက်စက်စက် ရိုင်းရိုင်းပျပျ ဆဲလိုက်ရသည်ကို ပဲလှော်တစ်စေ့ ဝါးသည်လောက်မှ အရေးတကြီးမရှိချေ။

"မင်းလွင် ဘယ်တုန်းက လွတ်လာသလဲငါ့ညီ"

အထမ်းသမားတစ်ယောက်သည် ငှက်ပျောခိုင် ကားတစ်စီးစာ ချအပြီးတွင် တိုင်းလုံးကျော်နှင့် ရဲဘော်မင်းလွင်ရှေ့သို့ရောက်လာသည်။ ခေါင်းစွပ်ပုဆိုးကိုဖြုတ်ကာ မျက်နှာသုတ်ရာက မေးသည်။

"အခုတွင် လွတ်လာတာပဲအစ်ကို"

"ငါ ထင်တော့ထင်သားပဲ။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်တဲ့လူတွေထဲမှာ မင်းတော့ ပါကောင်းရဲ့လို့။ အမှုက အမြင်ကတ်လို့ဆွဲတဲ့ ပုဒ်မ ၅ မဟုတ်လားကွ"

တိုင်းလုံးကျော် အလွန်စိတ်ဝင်စား၏။ အမြင်ကတ်လျှင် ဤပုဒ်မနှင့် ငြိစွန်းသည်ဟု အတိအလင်းပြဋ္ဌာန်းထားလေသလော။

"သူက ဘာလုပ်လို့တုန်းဗျ"

"ဩော် အစ်ကို၊ သူက ရဲဘော်မင်းနိုင်။ မတရားသင်းပုဒ်မနဲ့ ကျလာတာ။ အခု ကျွန်တော်နဲ့အတူ လွတ်လာတာ။ ပြန်စရိတ်လည်းမရှိ၊ နေစရာလည်း မရှိ။ အလုပ်ကလေးများ"

"အလုပ်ကတော့ ဒီပွဲရုံမှာ မရနိုင်ဘူး။ နေစရာကတော့ ပွဲရုံပိတ်ချိန်မှာ ရနိုင်ပါတယ်"

"အဲ ပြောပါဦးဗျ။ ရဲဘော်မင်းလွင်က ဘာသွားလုပ်လို့တုန်း"

"ဖဆပလလူကြီးကို ဝွသွားပြောလို့ဗျာ့။ အမှန်က သူလျှာချောင်တာပါဗျာ။ ဖဆပလလူကြီးက 'ဦးတင်မောင်ကြည်။ ခင်ဗျာ့ကုန်တွေကလည်း လမ်းပေါ်ရောက်နေပါကလား' တဲ့။ ဒါ ဘာမှ အရေးကြီးတာမဟုတ်ဘူး။ စကားမရှိ စကားရှာပြောတာ။ အဲဒါကို သူကဝင်ပြီး 'တခြားပွဲရုံတွေလည်း ဒီအတိုင်းထားတာပဲ မဟုတ်လား' လို့ ကုန်ထမ်းရာက ဝင်ပြောတယ်။ ဟားခုနစ်ရက်လား ကြာတယ်၊ လာဆွဲသွားပါလေရော"

တိုင်းလုံးကျော်မှာ ကျေးလက်တွင် ပစ်ခတ်သတ်ဖြတ် တိုက်ခိုက်နေရသဖြင့် ဤသည်တို့ကို မသိ။ ထောင်ထဲရောက်မှ ရေးရေးသိသည်။ ယခုပို၍ သိလာပြီ။

"လာကြကွာ၊ ငါ ထမင်းမစားရသေးဘူး။ ထမင်းစားရင်း ပြောကြတာပေါ့"

အချိန်အခါကား ဖဆပလအစိုးရသည် တစ်နှစ်အတွင်း ငြိမ်းချမ်းရေး

ခေါ်ပြီးနောက် ပြောက်ကျားရွေးကောက်ပွဲများ ကျင်းပကာ ဖဆဆိုရှယ် ဆိုရှယ်အစိုးရ တက်လာပြီးချိန်ဖြစ်၏။ နယ်မြေများစွာမှာ ဆန့်ကျင်ရေး အင်အားစုများ လက်ထဲတွင်ရှိသေးငြား နေ့သွားရထားများ ပြေးဆွဲနေပြီ။ သံပြားကာ သင်္ဘောများလည်း ပြေးဆွဲနေပြီ။

လုံခြုံရေးကား မရှိသေးပါ။

သူပုန်။ အစိုးရ အလိုအရ သောင်းကျန်းသူ။

ဗြိတိသျှနယ်ချဲ့စားပြများ မြန်မာပြည်တွင်းသို့ ဝင်ရောက်တိုက်ခိုက် လုယက်စဉ်ကလည်း ဆီးဆို့ခုခံသော ပြည်ချစ်သားကောင်းများမှာ သူပုန် အခေါ်မခံခဲ့ရ၊ နာမ်နိမ်သောအားဖြင့် ဓားပြအခေါ်ခံခဲ့ရ၏။

ယခုလည်း ဖဆပလအစိုးရအား ပုန်ကန်ခြားနားတိုက်ခိုက်နေသော သူများအား သူပုန်ဟုမခေါ်။ သောင်းကျန်းသူဟု ဖဆပလ အစိုးရက သမုတ်၏။

ထိုသောင်းကျန်းသူခေါ် သူပုန်များသည် မြို့ရွာများကို အလစ် ဝင်စီး၏။ မီးရထားများမှာလည်း မကြာခဏ မိုင်းခွဲခံရသည်။ မိုင်းဗုံး အစစ်များ ဝယ်ယူနိုင်ရန် အဆက်အသွယ်ကောင်း မရသေးသဖြင့် လက်ဖြစ် ဒန်အိုးမိုင်း ကွမ်းအစ်မိုင်းများ တီထွင်ကြ၏။ နောင်သောအခါ ဝါးဆစ်မိုင်း သို့ပါ တိုးတက်လာ၏။

တိုက်ကြီးမြို့ ချိုးဖြူကန်မှ ရန်ကုန်မြို့သို့ ရေပို့ပေးသော ရေပြွန်ကြီး မှာကား သောင်းကျန်းသူခေါ် သူပုန်တို့ အပျင်းပြေ မိုင်းစမ်းစရာ ပစ္စည်း ဖြစ်နေ၏။ ပြာပုံနိုင်ငံကြီးမှာ ထိုသို့လျှင် အသစ် မတည်ဆောက်နိုင်။ လောလောဆယ် အဖျက်ခံရသည်များကို အစားထိုးခြင်းဖြင့် ချာချာ လည်နေစဉ် ဆိုရှယ်လစ်ပါတီ ကွဲတော့သည်။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ စစ်ဖြစ်ကြရာ အမေရိကန် ပြည်ထောင်စု ဦးဆောင်သော တပ်များက ကုလသမဂ္ဂအလံတပ်ကာ တောင်

ကိုရီးယားဘက်မှ ဝင်ရောက်တိုက်ခိုက်၏။ ဤသည်ကို အကြောင်းပြု၍ အာဏာရပါတီ တစ်စိတ်တစ်ဒေသကွဲသည်။ သို့သော် သည်စစ်ကိုအကြောင်းပြုပြီး မြန်မာနိုင်ငံမှဆန်များ နိုင်ငံခြားသို့ ဈေးကောင်းဖြင့် ရောက်ခဲ့ရ၏။

ဖဆပလအစိုးရသည် ထိုငွေများဖြင့် ကမ္ဘာအေးစေတီကို ရေကူးရွာအနီး၌တည်၏။ ထိုမျှဖြင့် အားမရမတင်းတိမ်သဖြင့် ထိုစေတီ၏ မြောက်ဘက်တွင် မဟာပါသာဏလိုဏ်ဂူကြီးကို ဘိလပ်မြေနှင့် ကျောက်စရစ်ရောလျက် တည်ဆောက်ပြန်သည်။ လိုဏ်ဂူကြီးကား သင်္ဂါယနာတင်ရန်အဆောက်အအုံပေတည်း။ ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီး ကျင်းပရန်ပေတည်း။

ဖဆပလလူကြီးများ၊ ဆိုရှယ်လစ်လူကြီးများ အလွန်ခေါင်းခဲခဲ့ရသော ကိစ္စဖြစ်၏။ မလုပ်ပါနှင့် တားရန်ခက်၏။ သာသနာရေး ကိစ္စမို့။ တစ်ဖက်တွင်လည်း ပြာပုံအောက်သို့ နိမ့်ကျနေသော တိုင်းပြည်။ မည်သို့ဖြစ်စေ ဆဋ္ဌသင်္ဂါယနာတင် ပွဲတော်ကြီးကို ခြိမ့်ခြိမ့်မွှမ်းအောင် ကျင်းပကြပြီ။

ရန်ကုန်မြို့မှာ သင်္ဂါယနာတင်ပွဲတော်က ပရိသတ်ဖြင့် ပြည့်ညပ်နေ၏။ အိမ်တိုင်း၊ ဘုန်းကြီးကျောင်းတိုင်း၌ ဧည့်သည်ချည်း။ စားသူများသလောက် စားစရာက မများသောအခါ ကုန်ဈေးနှုန်းတက်တော့သည်။ ဓနရှင် စီးပွားရေးစနစ်သည် လာမည့်ဧည့်ပရိတ်သတ်ကိုမျှော်ပြီး ကုန်ပစ္စည်းမဖြည့်တင်းပေ။ နည်းပါးသွားသောပစ္စည်းပေါ်တွင်သာ ဈေးနှုန်း အဆမတန်တင်လေ့ရှိသည်။

တိုင်းလုံးကျော် ထောင်မှလွတ်လာချိန်တွင် ဆဋ္ဌသင်္ဂါယနာတင် ပွဲတော်ကြီး ကျင်းပနေပြီ။

သူတို့သည် လှည်းရှေ့တွင် ခုံကလေးတွေစီထားသော တရုတ်ဆိုင်၌ ဝင်ထိုင်၏။ တန်းလန်းဆွဲထားသော ဝက်သားသုံးထပ်သားနှင့် နံနံပင်ကြက်သွန်မြိတ်၊ ပါးစပ်ဟနေသော ဘဲကင်ကိုမြင်ကတည်းက တိုင်းလုံးကျော်

သွားရည်ယိုပြီ။ ရဲဘော်မင်းလွင်၏အစ်ကိုသည် စားကြဦးမလား မမေးပါ။ ထမင်းသုံးလုံးမှာသည်။ အခေါက်ကင် နှစ်ပွဲမှာသည်။

တိုင်းလုံးကျော်မှာ တူဖြင့်မစားတတ်။ လက်ဖြင့်စားလျှင် တောသား မှန်းသိမည်စိုးသဖြင့် ပန်းကန်ကိုစောင်း ပါးစပ်ဟလျက် တူဖြင့် ယက်ချ၏။ ထိုထမင်းဝိုင်းတွင် ပြောဖြစ်သောစကားမှာ ရဲဘော်မင်းလွင်နှင့် တိုင်းလုံးကျော် တို့ အလုပ်ရရေးသာဖြစ်ပေသည်။

"ဟော့ စားကြကွ၊ အားမနာနဲ့။ ငါ့ပိုက်ဆံနဲ့ ကျွေးတာ မဟုတ်ဘူး"

ရဲဘော်မင်းလွင်၏အစ်ကို ကိုစိန်လေးက လိုက်ပွဲထမင်းတစ်လုံးကို တိုင်းလုံးကျော်ဘက်သို့ တိုးပေးရင်း ပြော၏။ တိုင်းလုံးကျော် တအံ့တသြ ဖြစ်သွားငြား၊ မမေးနိုင်သေး။ အခေါက်တစ်ဖတ်ကို ညက်အောင် ဝါးနေရ သဖြင့် ဖြစ်သည်။

သို့သော် ကိုစိန်လေးကပင် ဆက်ပြော၏။

"ဆဋ္ဌသင်္ဂါယနာတင် ပွဲတော်ကို နိုင်ငံခြားက ဧည့်သည်တွေပါ လာမှာကွ။ သည်ဈေးကြီးဟာ အမြင်မတော်ဘူး၊ ဖျက်ရမယ်ဆိုလို့ ဆန္ဒသွား ပြရမယ်။ ဆန္ဒပြတဲ့အခါ မင်းတို့လိုက်ရမယ်။ အဲဒါကြောင့် မင်းတို့ကို ထမင်း ကျွေးဖို့ သူဌေးက ငွေတစ်ကျပ်ပေးလိုက်တယ်"

တိုင်းလုံးကျော်မှာ အံ့သြမှု ပြေပျောက်သွားစေကာမူ နားမလည်မှု ကား ကျန်ရှိနေသေးသည်။

"ဆန္ဒပြသယ်ဆိုသာက ဘာတုန်းဗျ"

"ငါတို့ဈေးသူဈေးသားတွေက ကားတွေနဲ့သွားမယ်ကွာ။ ဝန်ကြီးချုပ် အိမ်ကို ဝိုင်းမယ်ကွာ။ သည်ဈေးကိုဖျက်လိုက်ရင် လူတွေ အများကြီး စားဝတ် နေရေးခက်မယ် ဘာညာပေါ့ကွာ။ လျှောက်လွှာသွားပေးသူက ပေးနေ ဘုန်းမှာ မင်းတို့၊ ငါတို့က သူဌေးတွေ သဘောကျအောင် အော်ရမယ်။ နေ့တွက်လည်း ရဦးမယ်"

"အေးကွ၊ သဘော်ဆိပ်ဆင်းပြီး ကူလီထမ်းဦး၊ သူ့ဂိုဏ်းနဲ့သူကွ။ ပိုက်ဆံပေးမှဖြစ်တာ"

ကိုစိန်လေးက အလုပ်ရရာရကြောင်း လမ်းများကို တွေးတောရင်း မြည်တမ်း၏။ သူ့စကားကို တိုင်းလုံးကျော် နားမလည်ပါ။

"ကူလီထမ်းတာ ပိုက်ဆံမရတဲ့အပြင် ကိုယ်ကတောင် ပိုက်ဆံ ပေးရသေးတယ် ဟုတ်လား။ ခင်ဗျားတို့ ရန်ကုန်က အဆန်းပါကလား။

"ကူလီထမ်းသာက ပိုက်ဆံရပါသယ်ဗျာ။ ကူလီထမ်းခွင့်ရဖို့အတွက် အလုပ်သမားခေါင်းကို ပိုက်ဆံပေးရတာကို ပြောတာပါဗျာ"

"ဒါဖြင့် ခေါင်းပုံဖြတ်သာ၊ သွေးစုပ်သာပေါ့။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ခွင့်ပြုလို့လားဗျ"

ကိုစိန်လေးက ရယ်မောသည်။ တိုင်းလုံးကျော်အား သနားစရာ သတ္တဝါတစ်ကောင်အဖြစ် ကြည့်သည်။

"အဲဒါတွေက စာထဲမှာရှိတာဗျ၊ ရဲဘော်မင်းနိုင်ရ။ ပြီးတော့ ဒီပွဲရုံမှာ နေတဲ့အခိုက်မှာ အဲဒါတွေ မပြောနဲ့၊ မဏိကွမ်းစားသွားမယ်"

"ဗျာ၊ မဏိ ဟုတ်လား"

ထိုအခါတွင် ရဲဘော်မင်းလွင်က ရယ်မောလျက် ဝင်ရောက်ရှင်းပြ၏။

"ထူပေါ့ ရဲဘော်ရာ။ တောသားလည်း ဆိုသေးရဲ့ ဗိုက်မှာလည်း ရွှံ့တွေနဲ့။ မဏိကွမ်းစားမယ်ဆိုတာ ဘယ်သူ့လက်ချက်မှန်းမသိဘဲ ခေါင်းကွဲမယ်လို့ပြောတာ၊ အဆင်မသင့်ရင် ခေါင်းကွဲရုံမဟုတ်ဘူး။ အူပွင့်သွားမယ်"

"ရဲဘော်မင်းလွင်ရာ၊ မင်းမဲ့တိုင်းပြည်မှမဟုတ်သာ။ အစိုးရရုံးစိုက်သဲ့ မြို့တော်ကြီးပါဗျာ့"

တိုင်းလုံးကျော်ကား ကိုစိန်လေးတို့ ညီအစ်ကိုအတွက် ရယ်စရာ သတ္တဝါဖြစ်နေပေသည်။ ကိုစိန်လေးက အားနာသဖြင့် ပြုံးရုံပြုံးငြား ရဲဘော် မင်းလွင်ကား ဝါးလုံးကွဲရယ်ချသည်။

**ပုဂံစာအုပ်တိုက်**

"ရဲဘော်မင်းနိုင်ရာ၊ ရဲဘော်တို့ တောထဲမှာသာ သေနတ်ကို ကြောက်နေရတာ မဟုတ်ပါဘူး။ ရန်ကုန်မြို့ကြီးမှာလည်း နိုင်ငံရေး ခေါင်းဆောင်တွေ မွေးထားတဲ့ လူမိုက်ကို ကြောက်နေရတာပါပဲ"

"ဒါတွေ တီမှာ မိပြောလဲ့၊ တီမင်း အေးအေးစား။ မစားချင် စွား"

လက်တွန်းလှည်း ထမင်းဆိုင်ပိုင်ရှင် တရုတ်က ဘိန်းငိုက်နေရာမှ ထပြောသည်။

"တွေ့တယ်မဟုတ်လား။ သူ တစ်ခွန်းမှ ဝင်ပြောတာ မဟုတ်ဘဲနဲ့ တောင် ကြောက်တယ်။ အဲဒီတော့ကွာ၊ သင်္ဂါယနာပွဲတော် မပြီးမချင်းတော့ နေစရာ၊ စားစရာ မခက်ပါဘူး"

သည်စကားကိုလည်း တိုင်းလုံးကျော် နားမလည်ပေ။ သို့ကြောင့် ကိုစိန်လေးက ပိဋကတ္တနည်းဖြင့် ရှင်းပြ၏။

"ဆန္ဒပြပွဲကပြန်ရင် ရေကျူးဘက်ကို ဆင်ဖြူကားစီးပြီး သွားကြည့်လိုက်ရင် တွေ့ပါလိမ့်မယ်။ စတုဒီသာကျွေးနေတာတွေ ဝင်စား။ ဇာတ်ရုံထဲဝင်၊ ပွဲကြည့်ချင်ကြည့်၊ အိပ်ချင်အိပ်"

ကိုစိန်လေးက ဆင်ဖြူကားဆိုကာ လက်ညှိုးထိုးပြသောဘက်တွင် ကားတွေ အစီအရီရပ်ထား၏။ အရှေ့မှအနောက်သို့သွားသော ကားများနှင့် အနောက်မှအရှေ့သို့ ပြန်သောကားများသည် ထိုနေရာ၌ ဟွန်းသံတညံညံဖြင့် ရှုပ်ထွေးနေ၏။ ကားသမားချင်း ဆဲဆိုသံများကြားတွင် လက်ပြရဲ၏ ဆဲရေးတိုင်းထွာသံများလည်း ကြားညပ်လျက်ပါလာ၏။

အရှေ့အနောက် သွားနေသော ကားများအပြင် တောင်မြောက်သွားသောကားများပါ ကန့်လန့်ဖြတ်နေပြန်သောအခါ တိုင်းလုံးကျော်မှာ ကြည့်ရင်း ကြည့်ရင်း စိတ်ရှုပ်လာသည်။ မျက်နှာလွှဲလိုက်ရတော့သည်။ မြင်းချေးနံ့နှင့် မြောင်းပုပ်နံ့၊ အသီးအရွက်ပုပ်နံ့များ ဝေ့ဝဲလာသဖြင့် စားပြီးသမင်းတွေ အန်ထွက်မတတ်ခံစားရ၏။

**ပုဂံစာအုပ်တိုက်**

"အဲ၊ ပွဲတော်ကြီး မပြီးခင်မှာ အလုပ်ရအောင် ရှာကြပေတော့"

"ကျုပ်ကလည်း ခုနစ်တန်း၊ ရှစ်တန်းအထိပဲ သင်ဖူးတော့ ရုံးအလုပ်လည်း ရဖို့ မလွယ်ပါဘူးဗျာ"

"အမယ်လေးကိုယ့်လူ ရဲဘော်မင်းနိုင်၊ တစ်တန်းမှမအောင်လည်း အကပ်ကောင်းရင် ရတယ်။ အကပ်မကောင်း 'ကော်ခွက်' မရှိလို့ကတော့ ဆယ်တန်းသမားလည်း မရဘူး"

ကိုစိန်လေးသည် ရုံးလောက၏ အမူအကျင့်ကို ပြောပြရာက တစ်စုံတစ်ရာ သတိရဟန်ဖြင့် "ဩော်" ဟုဆို၏။ သို့အတွက် တိုင်းလုံးကျော်မှာ မျှော်လင့်တကြီး ငဲ့ကြည့်ရ၏။

"ပြန်လည်ထူထောင်ရေးတပ်ဆိုတာ ရှိတယ်တဲ့"

"တန်ပါဗျာ။ တပ်ဆိုရင် စိတ်နာလွန်းလို့"

"ဟာ ကိုယ့်လူကလည်း စစ်တပ်မဟုတ်ဘူးဗျ။ အလုပ်သမားတပ်၊ တိုတိုပြောရရင် ချွေးတပ်ဗျာ"

အလုပ်သမားတပ်ဟု ဆိုခါမှဖြင့်ပင် တိုင်းလုံးကျော် အာရုံငြိတော့သည်။ သေနတ်ကိုင်ရသောအလုပ်ကို သူ မုန်းတီးပြီ။ သေနတ်အားကိုးဖြင့် သွေးကြွမာနတက်ခဲ့မိသဖြင့် ဘိုးဘွားမိဘ ဦးခေါင်းချရာ အမိမြေ သွေးသောက်စုရွာကြီးမှာ ပြာပုံအတိဖြစ်ခဲ့ရပြီ။ ချစ်၍မဝ၊ ကြင်နာ၍မပြီးသော ချစ်ဇနီးကြည်ကြည်မှာ အသေဆိုးဖြင့် သေခဲ့ရသည်။

သွေးသောက်စုတိုက်ပွဲကား ကောင်းကျိုးမပေးပါ။ ထိုတိုက်ပွဲအပြီးတွင် အစ်ကိုရင်းဖြစ်သော ကိုကောင်းစံမှာ အဖမ်းခံရသယောင်ယောင်၊ ပစ်သတ်ခံရသလိုလို ကြားရသည်။ အစ်ကိုဝမ်းကွဲ အစ်ကိုကြီး ရန်ကြီးအောင်မှာသော် ဆွေမျိုးများကို စိတ်နာပြီး ထွက်သွားသည် ကြားရပြန်သည်။ မိမိမှာလည်း သွေးသောက်စု ပြာပုံပေါ်တွင် ကြာရှည်တပ်မစွဲနိုင်သောကြောင့် ပြန်ဆုတ်ခွာလာစဉ် စစ်ဝန်ထမ်းတပ်ခွဲတစ်ခွဲ၏ ပိတ်ဆို့တိုက်ခိုက်မှုခံရသည်။

**ပုဂံစာအုပ်တိုက်**

လဲဗျိုးတပ်ဟု သရော်မောကားပြောကာ မိမိတို့ အထင်သေးခဲ့သော စစ်ဝန်ထမ်းတပ်ကိုပင် မိမိတို့ နိုင်အောင် မတိုက်နိုင်ပါ။ တိုင်းလုံးကျော်တို့ ဖရိုဖရဲဆုတ်ခွာလာစဉ် အရှေ့ဘက်ကမ်းအရောက်၌ ပြည်ထောင်စုစစ်ရဲတပ် တစ်တပ်နှင့် တိုက်ပွဲဖြစ်ပြန်သည်။ တိုင်းလုံးကျော်သည် သေနတ်တွေနှင့် လွယ်အိတ်ပါ ဝှက်ပြီးပြေးသဖြင့် လူလုံးချည်း အဖမ်းခံရ၏။ လက်နက်နှင့် တကွ အဖမ်းမခံရသဖြင့် လက်နက်မှုဖြင့် အစွဲမခံရ။ ခိုင်လုံသော အထောက် အထား စာရွက်စာတမ်းများ မိမိနှင့်အတူ မပါသဖြင့် သစ္စာဖောက် ဥပဒေ နှင့်လည်း မငြိ။ မိမိ၏အစစ်ခံချက်အရသာ မတရားအသင်းပုဒ်မဖြင့် တရားစွဲ ခံရ၊ အပြစ်ပေးခံရခြင်းဖြစ်သည်။

ထောင်ထဲသို့ရောက်ခါမှ တိုင်းလုံးကျော်မှာ အေးဆေးစွာ စဉ်းစား တွေးခေါ်ချိန်ရသည်။ ထိုအခါတွင် သွေးသောက်စုရှာပေါ်မှ မီးတောက်မီးလျှံ ကြီးပေါ်လာသည်။ မီးတောက်ကြီး၏ တဝုန်းဝုန်းတဝေါဝေါ အော်မြည်သံ များကို ကြားယောင်လာသည်။ အိမ်တွေ ပြိုက်ခနဲ ပြိုက်ခနဲ၊ စပါးစည်တွေ ဝေါခနဲ ဝေါခနဲ ပျောက်ကွယ်သွားပုံများသည် အသစ်ဖြစ်လာသည်။ ကယ်ပါ ယူပါ တစာစာပြေးရင်း မီးတောက်ကြီးများ ပြိုဆင်းလာသဖြင့် အရှင် လတ်လတ် မီးလောင်တိုက် အသွင်းခံရသူများ၊ သေနတ်မှန်ပြီး သေသူများ၊ ဒဏ်ရာရရုံရပါလျက် ကူညီပြုစုမည့်သူ မရှိသည့်အတွက် သေသွားရသူများ။

သည်အရာတွေ တရိပ်ရိပ် ထင်လာချိန်ဝယ် တိုင်းလုံးကျော် စိတ် ဆင်းရဲ၍ မဆုံးတော့ပါ။ အပြင်မှ တသဲသဲဝင်လာသည့် ထောင်ကျအမျိုးမျိုး တို့ထံမှ ကြားရသည့်သတင်းကလည်း အားတက်စရာမရှိ။ သုံးပါတီမှာ ညီညွတ်ရေးမျှော်လင့်ချက်ဝေးခဲ့ရုံမက စစ်ရေးအရလည်း တစ်ဆုတ်တည်း ဆုတ်နေရပြီ။

ထိုအချိန်တွင် အသံတစ်သံပေါ်လာ၏။

"ဓားဆိုသာ ကုလားကိုခုတ်ဖို့၊ ကုလားဆိုသာ ငါတို့ ဓားကစားဖို့"

**ပုဂံစာအုပ်တိုက်**

သို့သော် မိမိတို့သည် ဘ မှာခဲ့သော၊ အဖေပြောခဲ့သော ဩဝါဒများနှင့် ညီအောင် အဘယ်မျှဆောင်ရွက်ခဲ့ကြပါသနည်း။ ကုလားဟုဆိုသော နယ်ချဲ့ သမားအား အပြုးဆေး တိုက်ကျွေးသောအားဖြင့် အချင်းချင်း သတ်နေ ကြသည် မဟုတ်တုံလော။

သို့ကြောင့် တိုင်းလုံးကျော်သည် သေနတ်ကို စိတ်ပျက်သည်။ သို့သော် အလုပ်သမားတပ်ဟု ဆိုလာသဖြင့် "ဘယ်လိုတပ်တုန်းဗျာ့" ဟု မေးမိတော့သည်။

"တိုက်တွေဆောက်၊ လမ်းဖောက်လမ်းပြင်တာတွေ လုပ်ရတယ် ဆိုတာပဲဗျာ့။ သေသေချာချာ သိချင်ရင်တော့"

ကိုစိန်လေးသည် ထမင်းဖိုးရှင်းအပြီး၌ ထရပ်သည်။ ရပ်သော်ငြား မသွားသေးဘဲ စဉ်းစားသည်။

"အင်းစိန်၊ ဟုတ်တယ်။ ဘေးမှာ နတ်ရုပ်ရေးထားတဲ့ ကားအနီ ကြီးတွေ စီးသွား။ သံလမ်းမကျော်ခင်"

"သံလမ်းဆိုသာ ဘာတုန်းဗျ။ မှတ်တိုင်နာမည်လား"

"ဟုတ်တော့ ဟုတ်တယ်။ ဒါပေမယ့် မီးရထားလမ်းကို ပြောတာပါ။ အဲဒီမှာဆင်းပြီး တညင်းကုန်းဘက်သွားတဲ့ မြင်းလှည်းကိုစီး။ မြင်းလှည်း မစီးချင်လည်း ခြေကျင်ပေါ့ဗျာ။ ဒါပေမယ့်"

ဒါပေမယ့်ဆိုသဖြင့် ကိုစိန်လေး စကားဆက်လိမ့်ဦးမည်။ သို့သော် မဆက်နိုင်။ ပွဲရုံဘက်သို့ လှမ်းကြည့်သောအခါ ကားအလွတ်တွေ တစ်စီးပြီး တစ်စင်း လာရပ်သည်ကို မြင်ရသည်။ သို့ကြောင့် စကားမဆက်နိုင်တော့ဘဲ "ကဲ သွားကြစို့" ဆိုကာ သုတ်ခြေတင်တော့သည်။

ရဲဘော်မင်းလွင်နှင့် တိုင်းလုံးကျော်တို့သည် ကိုစိန်လေး ညွှန်ပြသော ကားတစ်စင်းပေါ်တက်ပြီး ထိုင်ကြသည်။ ဖဆပလအလံများသည် အသင့် ရောက်လာ၏။ အသင့်ရေးထားသော ပိုစတာများကို ကပ်ကြသည်။ အလုပ်

သမတွေ အလုပ်သမားတွေ တရုန်းရုန်း တက်ထိုင်ကြသည်။ လှပသေသပ် တောက်ပြောင်သော ယောက်ျား၊ မိန်းမများကား အနည်းစုမျှသာ။

တိုင်းလုံးကျော်တို့ကားဘေးသို့ ဂျစ်ကားတစ်စင်း ဝင်ရပ်၏။ ထိုအပေါ်မှ တိုက်ပုံအဖြူ အချိတ်ပုဆိုး ရွှေဖလားရောင်နှင့် လူတစ်ယောက် ဆင်းလာသည်။ တိုင်းလုံးကျော် နှစ်လိုခင်မင်ရာက တစ်ချက်တည်း အော့ကြောလန်သွားသော ပွဲရုံပိုင်ရှင်သည် ပွဲရုံရှေ့သို့ ပျာပျာသလဲထွက်လာ၏။

"အားလုံး အဆင်သင့်ပါပဲ ဥက္ကဋ္ဌကြီး။ အထဲဝင်ထိုင်ပါဦး"

"အဆင်သင့်ဖြစ်ရင် မထိုင်တော့ဘူးလေ။ သွားကြစို့"

ဥက္ကဋ္ဌကြီးသည် ပြောပြောဆိုဆို ကားများတွင်ကပ်ထားသည့် ပိုစတာများကို လှည့်ကြည့်သည်။

"ခဏလေး အမောပြေ အပန်းပြေကလေးပေါ့ဥက္ကဋ္ဌကြီးရယ်"

"ဌာနချုပ်ဥက္ကဋ္ဌကြီးက ဒါမျိုးတွေ မကြိုက်ဘူးဆိုတာ ခင်ဗျားလည်း သိလျက်သားနဲ့ဗျာ"

ငြင်းဆန်စကားပြောသော်ငြား ဥက္ကဋ္ဌကြီးသည် တဟဲဟဲ ရယ်မောလျက် ပွဲရုံတွင်းသို့ လိုက်ပါသွားသည်။ သို့တစေ တိုင်းလုံးကျော်မှာကား ဤသည်တို့ကို မကြားတော့ပါ။ သူသည် ပါးစပ်ဟ မျက်လုံးပြူးလျက် အအံ့သြကြီး အံ့သြလျက်နေသည်။

အကြောင်းမှုကား သူမြင်လိုက်ရသော ဥက္ကဋ္ဌကြီးဆိုသူမှာ တိုင်းလုံးကျော်၏ အဘွားဘက်မှ ညီအစ်ကိုတော်စပ်သော ချစ်ဖေဖြစ်နေသောကြောင့်ပေတည်း။

ထိုချစ်ဖေကို ကိုကောင်းစံ မသတ်ချင်ပေ။ သို့အတွက် ကြံ့ရာမော်တော်ပေါ်တင်ကာ အရှေ့ဘက်ကမ်း တစ်နေရာရာတွင် ချပစ်ခဲ့ဖို့ မှာကြား တင်ပို့ပေးရန် ရဲဘော်များ၏လက်ထဲသို့ အပ်နှံလိုက်သည်။ သည်အကြောင်းကို တိုင်းလုံးကျော် သိပြီးဖြစ်သည်။

**ပုဂံစာအုပ်တိုက်**

'သွေးသောက်စုက နှင်လွှတ်လိုက်သဲ့ သည်လူဟာ သည်အရပ်မှာ လာပြီး ဥက္ကဋ္ဌ ဖြစ်နေပါကလား။ ဖဆပလ ဥက္ကဋ္ဌလား၊ ဈေးဥက္ကဋ္ဌလား'

"ရဲဘော်မင်းနိုင် အော်လေဗျာ။ တော်တော်ကြာ နေ့တွက်မရလိုက်ဘဲ ဖြစ်နေမယ်နော်၊ အော်ဗျာ့"

ရဲဘော်မင်းလွင်က တံတောင်ဖြင့်တွက်ပြီး သတိပေးမှ ကားထွက်လာပါပြီတကားဟု တိုင်းလုံးကျော် သိသည်။

"ဖဆပလအစိုးရ၊ တို့အစိုးရ"

"ဝန်ကြီးချုပ်ဦးနု သက်တော်ရှည်ပါစေ"

"အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်ရေး၊ တို့အရေး"

"ဖဆပလအစိုးရ၊ တို့အစိုးရ"

"ဝန်ကြီးချုပ်ဦးနု အသက်ရာကျော်ရှည်ပါစေ"

ကြွေးကြော်သံမှာ သုံးခုသာဖြစ်သဖြင့် တိုင်းလုံးကျော်မှာ တစ်ခေါက်အော်ရုံဖြင့် အလွတ်ရသွားပြီ။ သူသည် အော်ရုံသာမက လက်သီးလက်မောင်းလည်း တန်းသေးသည်။

လက်ဝဲဘက်ဘေးတွင် ရှေ့ပေါက်နောက်ပေါက် နှစ်ပေါက်စီ ဖောက်ထားသော ကားအစီးနှစ်ဆယ်သည် ဝင်ဒါမီယာဘက်သို့နီးလေလေ အော်သံများ ပိုမိုကျယ်လောင်လာလေလေဖြစ်၏။ ကားတစ်စီးလျှင် တစ်ယောက်ကျပါလာသော တိုက်ပုံအကျႌနှင့် လူက လက်ဝါးကို အပေါ်သို့ ပင့်ပင့်ပြနေသည်မဟုတ်တုံလော။

သို့ရာတွင် ကားတွေ ရပ်တန့်သွားချိန်တွင် တိုက်ပုံအကျႌနှင့်လူက လက်ဝါးကာပြသဖြင့် အအော်ရပ်လိုက်ကြရ၏။ ကိုယ့်အသံ တိတ်သွားတော့မှ ပြင်ပအသံများကို ကြားခွင့်ရတော့၏။

"ဖဆပလအစိုးရ ကယ်တော်မူပါ"

"ဝန်ကြီးချုပ်ဦးနု ကယ်တော်မူပါ"

**ပုဂံစာအုပ်တိုက်**

"သာသနာ့ဒါယကာကြီး သနားတော်မူပါ"

"ကျွန်တော်တို့မှာ ဒုက္ခရောက်ရပါတော့မည်"

"ကျွန်တော်မတို့မှာ အိုးအိမ်မဲ့ရပါတော့မည်"

"ဖဆပလအစိုးရ ကယ်တော်မူပါ"

"ဝန်ကြီးချုပ်ဦးနု သနားတော်မူပါ"

တိုင်းလုံးကျော်သည် ကားပြတင်းပေါက်မှ ခေါင်းထုတ်ကြည့်၏။ ရပ်ထားသော ဘတ်စ်ကားများ၏ရှေ့တွင် စုရုံးအော်ဟစ်နေသော လူများ။ ကလေးတွဲလောင်းနှင့် မိန်းမတွေ၊ ကလေးတွေမှာ ရှေ့ဆုံးက။

"အဲသာ ဘာလုပ်သာတုန်းဗျ၊ ရဲဘော်မင်းလွင်"

"ကျုပ်တို့လိုပဲ ဆန္ဒပြတာပေါ့ဗျာ။ ဟိုမှာ ကြည့်ပါလား ဝေဠုဝန်ကွက်သစ် အိမ်ငှား၊ မြေငှားများ အစည်းအရုံးတဲ့၊ ပါသားပဲ။ သူတို့ရပ်ကွက် အဖျက်မခံရအောင် လာပြီး ဆန္ဒပြတာ"

ရဲဘော်မင်းလွင်ကမူ တစ်ချက်သာ ခေါင်းထုတ်ပြီး ကြည့်၏။

"ဆိုရှယ်နီတွေ ထင်သဗျာ"

"ဘာပြုလို့လဲ ရဲဘော်မင်းနိုင်ရ"

"သူတို့ အော်သာက ငေါ်တော့တော့ သရော်တော်တော်ဗျ"

ရဲဘော်မင်းလွင်က "ဟွန်း" ခနဲ နှာခေါင်းမှုတ်သံ ပြုလိုက်ရာက "ဆိုရှယ်နီသာဆိုရင်တော့ ဘယ်လောက်အော်အော် အာပေါက်ရုံပဲရှိမယ်။ ဒါပေမယ့် ဟုတ် မထင်ပါဘူးလေ" ဟု ဆို၏။

"ဝေး" ခနဲ အသံကြီးပေါ်လာသည်။

"အရေးတော်ပုံ အောင်ပြီ အောင်ပြီ"

"ဖဆပလအစိုးရ တို့အစိုးရ"

"ဝန်ကြီးချုပ်ဦးနု သက်တော်ရာကျော်ရှည်ပါစေ"

ထိုအသံများ တစ်စတစ်စ ဝေးကွာပျောက်ကွယ်သွားသည်အထိ

စောင့်နေကြပြီးမှ တိုင်းလုံးကျော်တို့၏ ကားတွေက တစ်စခန်းထသည်။ တိုက်ပုံအင်္ကျီနှင့်လူက လက်ဝါးမြှောက်ပြလျှင် ကုန်းအော်သည်။ ထိုသူက အောက်သို့ အဆင်းခိုင်းလျှင် ဆင်းသည်။

ရှေ့ဆုံးဂျစ်ကားပေါ်မှ လူဝဝတစ်ယောက် စက္ကူလိပ်တစ်လိပ်ကိုင်ပြီး ဆင်းသွားသည်။ ထိုသူပြန်လာပြီး လက်မြှောက်ပြသောအခါ ဟေးခနဲ အော်ကြကာ ကားပေါ်ပြန်တက်ကြသည်။

အလာက ကဲ့သို့ပင် ကြွေးကြော်သံများ ဟစ်ညာလျက် ပြန်လာခဲ့ကြရာ တစ်ဖက်ကားများကို ရပ်စောင့်ပေးရသည့်နေရာသို့ အရောက်၌ တိုင်းလုံးကျော်က ရဲဘော်မင်းလွင်၏ နားနားသို့ကပ်ပြီး တီးတိုးပြော၏။

"သလိုသာ ဝန်ကြီးချုပ်အိမ်ကို လာလာဝိုင်းပြီး အော်တိုင်းသာ မဖျက်ဘဲ ထားရရင် လမ်းဘေးမှာ အိမ်တွေ တစ်သက်လုံး ရှိနေတော့မှာပေါ့"

"ရွေးကောက်ပွဲက ဝေးသေးတယ်ရဲဘော်။ ဖျက်ချင်လည်း အဖျက်ခံရနိုင်တယ်။ မသေချာဘူး။ ဟာဗျာ မပြောတာဘဲ ကောင်းပါတယ်"

## ၂

တိုင်းလုံးကျော်သည် ကိုစိန်လေး လမ်းညွှန်သည့်အတိုင်း သင်္ဂါယနာတင်ပွဲတော်သို့ သွားကြည့်သည်။ အမှန်ပင် စားရေးအတွက် မကြောင့်ကြရပါ။ ပိုက်ဆံပေးကြည့်မှ ကြည့်ခွင့်ရသော ဇာတ်ကြီးဇာတ်ကောင်းတွေလည်း ပရိသတ်ရော ကသူပါ မိုးလွတ်စေရန် ရုံထိုးပြီး ကနေကြ၏။ သည်ဇာတ်ရုံထဲ၌ နေ့တွင်အိပ်ပြီး၊ ညတွင် ပွဲထကြည့်သူများလည်း များစွာရှိသဖြင့် တိုင်းလုံးကျော်မှာ အိပ်စရာလည်း မခက်ပါ။

သို့သော် ခက်သည်မှာ လူ့ခန္ဓာဖြစ်၏။

တိုင်းလုံးကျော်၏ကိုယ်မှာ တစ်နေ့တခြား နံစော်လာသည်။ လဲလှယ်စရာ အဝတ်ပိုမရှိသဖြင့် ရေလည်း မချိုးရ။ လူခြေတိတ်တွင် ဘုံပိုင်တစ်ခုသို့ ကပျာကယာဝင်ပြီး ရေချိုးကြည့်၏။ နံသောအဝတ်က မွှေးမလာပါ။ ထိုအဝတ်ကို ချွတ်ပြီး လျှော်လိုက်ပါက မည်သည့်နေရာသို့ သွားရောက်ပုန်းအောင်းနေရပါမည်နည်း။ သို့အတွက် ပွဲရုံသို့ပြန်လာပြီး ကုန်ထမ်းသည်။

ပွဲရုံပိုင်ရှင်သည် တိုင်းလုံးကျော်အား မလိုလားပေ။ ကိုစိန်လေး မည်မျှပင် အသနားခံစေကာမူ မရချေ။ ထိုအခါ တိုင်းလုံးကျော်မှာ သူ၏ နံ့စော်သောအဝတ်ကို ရဲဘော်မင်းလွင်၏ အဝတ်များနှင့် လဲဝတ်ပြီး ပွဲရုံမှ ထွက်ခွာခဲ့ရလေ၏။

ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်သို့ တိုင်းလုံးကျော် ရောက်ချိန် သည် စတုတ္ထ နှစ်ပတ်လည်အခမ်းအနား ကျင်းပနေချိန်ဖြစ်၏။ ထိုတပ်မှာ လွတ်ငြိမ်းချမ်းသာခွင့်ရပြီးသော လက်နက်ချများ၊ အလုပ်လက်မဲ့များ စုဝေး ခိုကိုးရာအရပ်ဖြစ်၏။

အမည်နှင့် လိုက်လျောညီစွာ နိုင်ငံတော် ပြန်လည်ထူထောင်ရေးတွင် အသုံးချ၍လည်း ရစေ၊ အလုပ်လက်မဲ့လည်း ပပျောက်စေဟူသော ရည်ရွက် ချက်ဖြင့် တည်ထောင်သော တပ်ဖြစ်၏။ တိုင်းလုံးကျော်အတွက်ကား စားဝတ်နေရေး မပူရပြီ။ အုပ်ချုပ်ရေးစရိတ်နှင့် စားစရိတ် နုတ်ထားသော လစာငွေလည်း တစ်လတစ်ကြိမ် ရသေး၏။

ဖဆပလအစိုးရအား တစ်အားကျုံးပြီး ဆဲရေးခဲ့မိသော တိုင်းလုံး ကျော်သည် ယခုအခါတွင် ဖဆပလအစိုးရအား ကျေးဇူးတင်နေပြီ။ ပန်းပဲ၊ လက်သမား၊ ပန်းရံ၊ စာပုံနှိပ်၊ စာအုပ်ချုပ်၊ သားရေနယ်စသည့် သင်တန်းများ လည်း ရှိသည်။ ပုံနှိပ်၊ စာအုပ်ချုပ်၊ ပန်းရံနှင့် လက်သမားမှာ လက်တွေ့ သင်တန်းဖြစ်သည်။

သူသည် နေစရာနှင့် စားစရာ ဝတ်စရာအရေး စိတ်အေးတော့မှ သား နှစ်ယောက်ကို သတိရသည်။ သားတွေကို သတိရသောအခါ သွေးသောက်စု ရွာကို တမ်းရော်မှန်းမျှော်မိသည်။ အိုးတွေ၊ အိမ်တွေ ပြန်လည်တည်ဆောက် ကြပြီလော။ သားနှစ်ယောက် မည်သူ့လက်သို့ ပါသွားသနည်း။

သင်းထုံသည် ရွာတွင် ဆက်လက်နေထိုင်ကာ လယ်တွေယာတွေကို တစ်ယောက်တည်းလုပ်နေသလော။ မစိန်ချစ်၊ မဖဲလှ၊ မဖွားခင်တို့နှင့်ပင်

ပူးတွဲလုပ်ကိုင်နေသလော။ ဒေးဗစ်သာထွန်း လာခေါ်သောကြောင့် ရေနံချောင်းသို့ပင် ပါသွားပြီလော။ ထိုမှတစ်ပါး အစ်ကိုကြီး ရန်ကြီးအောင်၊ အစ်ကို ကိုကောင်းစံ။

ရှာသို့ မည်သို့ ဆက်ဆံရပါမည်နည်း။ အသိမတွေ့၊ လူကြုံမတွေ့။

တိုင်းလုံးကျော်သည် စာပုံနှိပ်သင်တန်း တက်ခွင့်ရရန် စောင့်ဆိုင်းရင်းဖြင့်ပင် တပ်သားအဆင့်မှ တပ်စိတ်မှူးအဆင့်သို့ တိုးမြှင့်ပေးခြင်းခံရသည်။ မိမိထက် အမှုထမ်းသက်ရင့်သော ကိုယ်ပိုင်အမှတ်စဉ် ဝါရင့်သောရဲဘော်တွေ ရာထူးမတက်။ မည်သည့်အတွက် မိမိတက်ရသနည်း။ တိုင်းလုံးကျော် ဆဖန်၏။

မိမိသည် တပ်ရင်းစာကြည့်တိုက်မှ စာအုပ်တွေကို မပြတ်တမ်း ငှားဖတ်၏။ မိမိနှင့် တပ်စုတစ်စုတည်းကျသော ရဲဘော်များမှာ တစ်ယောက်မျှ မဖတ်။ ဤအချက်သည် အဓိကကျသလော။ မဟုတ်သေး။

မိမိကား ထမင်းရှင်၊ အဝတ်ရှင်၊ အရိပ်အာဝါသရှင် တပ်၏ကျေးဇူးကို သိသည်။ တောရှင်း၊ မြေတူးမြေဖို့၊ အုတ်သယ်၊ အင်္ဂတေဖျော် ခိုင်းချင်ရာခိုင်း။ ညည်းမညူ မခိုမကပ်လုပ်သည်။ ရဲဘော်အများစုကား ခိုကပ်သည်။ ထမင်းရှင်၊ အဝတ်ရှင် တပ် မကောင်းကြောင်းကို ရှာကြံပြောနေသည်။

ဖဆပလအစိုးရသည် သည်ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်ကို ရည်ရွယ်ချက်ကောင်းဖြင့် ဖွဲ့စည်းထားသည်။ ကချင်တပ်စု၊ ရှမ်းတပ်စု၊ ရခိုင်တပ်စု၊ ချင်းနည်းပြဆရာများဖြင့် အဓိပ္ပာယ်လေးနက်အောင်လည်း စီမံထားသည်။ သို့သော် အကျိုးမရှိ ရည်ရွယ်ချက်မပေါက်ချေ။

ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်သည် စဥ့်ကူနှင့် တညင်းကုန်းကြားတွင် တည်ရှိ၏။ ထိုမြေနေရာကို 'အောင်ဆန်းမြို့' ဟု သမုတ်သည်။ ထားလမ်းဘေးမျက်နှာစာတန်းတွင် ဆယ်ပေပတ်လည် တိုက်ကလေးတွေ တည်ဆောက်သည်။ ကန်ထရိုက်ပေးပါက တစ်လဖြင့်ပြီးနိုင်ငြား အရပ်သား

နည်းပြဆရာများ ဦးစီးပြီး ရဲဘော်တွေ ဆောက်သောအခါ ခြောက်လဖြင့် မပြီးချေ။

မော်လမြိုင်မြို့နှင့် ပြည်မြို့သို့ ပို့ထားသော တပ်ခွဲများသည် လမ်းပြင်ကြ၏။ စီးပွားရေးတွက် တွက်သောအခါ ဇယားမကိုက်။ ဖဆပလအစိုးရ၏ ပြည်တော်သာ စီမံကိန်းတွင် အထောက်အကူရရန် စမ်းသပ်ကြည့်၏။ မှန်းတိုင်း မပေါက်ပေ။ ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်သား အများစုကား ခိုကိုးရာမဲ့ဖြစ်တော့မည့် ရှေ့ရေးကို ကြိုမတွေးမိကြပေ။ တာဝန်မကျေ၊ စည်းကမ်းမရှိ၊ မိမိတပ်၏ ကျေးဇူးမဲ့ကိုသာ မြိန်ရေရှက်ရေပြောခြင်းဖြင့် အချိန်ဖြုန်းနေကြ၏။ ပေါက်တူးပေါက်ချွန်းနှင့် လွှ၊ တူ၊ ကျင်တွယ်၊ သံလက်၊ ဂေါ်ပြားတို့၏ လက်ငင်းကျေးဇူးကို မချီးကျူး၊ ဘဝဟောင်းကိုသာ ဟန်ရေးဝါရေးပြကာ ပြောနေကြ၏။

တပ်တွင် ချွတ်ယွင်းချက် မရှိ မဟုတ်၊ ရှိသည်။

ရှိသမျှ တပ်ရင်းတွေ တစ်နေရာတည်းတွင် စုပြုံရေချိုးရသောကြောင့် ရဲဘော်တိုင်း၏ပေါင်ခြံတွင် 'ဂျွတ်' ယားနာ စွဲနေသည်။ အချို့တပ်ခွဲမှူးများသည် ရဲဘော်များအား အလေနတော ခွေးလှေးကြမ်းပိုးများအဖြစ် သဘောထားကာ ဆက်ဆံကြသည်။ ရဲဘော်စိတ်မရှိ။

ရဲဘော်များသို့ထုတ်ပေးသော ယူနီဖောင်း အချို့အဝက်မှာ တစ်ခြမ်းဖြူ တစ်ခြမ်းညိုနေသည်။ စားသောက်စရိတ်ကို လခထဲမှ ဖြတ်ယူငြား စားသောက်မှု၌ အဆင်မပြေ။ တပ်ခွဲရုံးအဖွဲ့ ဖြတ်စားလျှပ်စားလုပ်သမျှ ခံနေကြရ၏။ တပ်ဘက်မှ ချွတ်ယွင်းချက်မှာ ဤမျှသာဖြစ်ငြား အကျယ်ချဲ့ကာ ခိုကပ်ကြသည်။ ပြန်လည်ထူထောင်ရေးဝန်ထမ်းတပ်ကား မည်သည့်အပိုင်းတွင်မျှ မျက်နှာကောင်း မရချေ။

တပ်၏ကျေးဇူးကိုမသိသူများ၏ အငွေ့အသက်သည် တိုင်းလုံးကျော်အား ရိုက်ခတ်သည်။ သူသည် စိတ်ဓာတ်မကျအောင် တင်းထားသည်။

**ပုဂံစာအုပ်တိုက်**

ကျောင်းသားဘဝတွင် ဝါသနာပါခဲ့သော စာပေနှင့် ဘီအိုင်အေထဲ ရောက်သွားကတည်းက ဝေးခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအပြီးတွင်လည်း စာပေဘက်သို့ တိုင်းလုံးကျော် ဦးမလှည့်မိ။ ယခုမှ မွေ့လျော်ဖြစ်တော့သည်။

တိုင်းလုံးကျော်သည် ညနေပိုင်း တန်းစီလူစစ်အပြီး၌ အင်္ကျီကလေးတစ်ထည်ယူပြီး တပ်ပြင်သို့ ထွက်လာခဲ့သည်။ သူ့လက်ထဲမှ အင်္ကျီမှာ ဘယောစွပ်ကျယ်စက်မှ လှျုဒါန်းသော လေထီးပိတ် ရှပ်အင်္ကျီလက်တိုဖြစ်၏။ အဝါရောင်ကြီးဖြစ်နေသောကြောင့် မဝတ်ဖြစ်။ ငွေကြေး ပြတ်လပ်ချိန်တွင် လမ်းတစ်ဖက်ရှိ လက်ဖက်ရည်ဆိုင်တွင် အပေါင်ထားကာ မုန့်ပဲသားရေစာများ ဝယ်ယူရန်အတွက်သာ အသုံးချလေ့ရှိသည်။

လမ်းပေါ်တွင် ခြုံသံတလွင်လွင်၊ ခွာသံတညံညံဖြင့် မြင်းလှည်းများပြေးလွှားနေကြ၏။ တိုင်းလုံးကျော်သည် မြင်းလှည်းအရှင်းကို ရပ်စောင့်နေ၏။ စစ်ကား အလတ်စားတစ်စီးသည် တညင်းကုန်းဘက်မှ မနှေးမမြန်မောင်းနှင်လာ၏။ တိုင်းလုံးကျော်၏ရှေ့သို့ အရောက်တွင် မြင်းလှည်းတစ်စီးကို ကျော်တက်သည်။ အကျော်ခံရသော မြင်းလှည်းမှ မြင်းသည်ဒယ်ရမ်းဖယ်ရမ်းသွားနေရာက ကြိတ်တစ်ချက်အသွင်းတွင် ပုတာတ်ထရပ်၏။

စစ်ကားသည် ဘေးသို့ဆွဲချ၏။ တိုင်းလုံးကျော်ကို ဝင်တိုက်၏။ တိုင်းလုံးကျော် ခုန်ရှောင်၏။ ချက်ချင်း အုတ်ခဲတစ်ခဲကို ပြေးကောက်၏။

ကားပေါ်မှ အရပ်ဝတ်နှင့် လူငယ်တစ်ယောက် ပြေးဆင်းလာ၏။ လက်နှစ်ဖက်ကို နဖူးပေါ်တင်လျက် အပြုံးဖြင့်တောင်းပန်၏။

"ဆောရီး အစ်ကိုကြီး ဆောရီး။ မြင်းလှည်းကို သတိထားနေရသာနဲ့ လမ်းဘေးကို သတိလွတ်သွားပါသယ်ခင်ဗျာ။ ကျွန်တော့်အားနည်းမှုအတွက် အနူးအညွတ် တောင်းပန်ပါသယ်ခင်ဗျာ"

'တ' နေရာတွင် 'သ' သုံးသော စကားပြောသံကြောင့် အညာသည်သည့်အရပ်က သတ္တဝါပါလိမ့်ဟု တိုင်းလုံးကျော် စူးစိုက်ကြည့်၏။

သိဟောင်းကျွမ်းဟောင်းထဲကလိုလို ဇဝေဇဝါ။

"ကျွန်တော် စံသာဦးပါ။ အစ်ကိုက အစ်ကိုတိုင်းလုံးကျော် မဟုတ်လားခင်ဗျာ့"

"ဟာ ဟေ့ကောင်"

တိုင်းလုံးကျော် ပြေးဖက်မိသည်။

"သွေးသောက်ကြီး ဦးမိုးကောင်းရဲ့ အဆက်အနွယ်တွေဟာ ဘယ်နေရာရောက်ရောက် ဦးမိုးကောင်းရဲ့အသွင်က ထင်းနေသာပဲခင်ဗျာ့"

"မင်းကွာ၊ ဘိအင်အေနဲ့ပါသွားသယ် ကြားရုံပဲကြားရပြီး တစ်ခေါက်တစ်ကျင်းမှ ရွာကိုပြန်မရောက်တော့ပါကလားဟ။တော်သေးသာပေါ့ မင်းကမှတ်မိပေလို့။ ငါကတော့ မြင်ဖူးပါသယ်၊ ဘယ်သူပါလိမ့် စဉ်းစားနေသာ"

"ရွာကို ဘယ်လိုလုပ်ပြီး ပြန်နိုင်မတုန်း အစ်ကိုရာ။ လွတ်လပ်ရေးရကတည်းက ထကြွဆူပူ သောင်းကျန်းလိုက်ကြသာ။ ကျွန်တော်တို့တပ်ဆိုဘူးသီးတောင်ဘက်မှာ ဂန့်ဂျာမူးနေသဲ့ ဓားပြတွေကို တိုက်နေရာက ပြန်လာပြီးတိုက်ရသာ။ အခြေအနေကောင်းလာလို့ အသက်ဝဝရှူခွင့်ရလို့ ရွာပြန်ပြီးသားမယားခေါ်မယ် စိတ်ကူးရုံရှိသေး၊ ဘိန်းစားတွေ အရှေ့မြောက်နယ်စပ်ထဲဝင်ရောက်ကျူးကျော်လာလို့ တိုက်လိုက်ရသာ၊ နေ့မှန်းညမှန်း မသိဘူး"

"တရုတ်ဖြူ ကျူးကျော်မှုကို ပြောသာ မဟုတ်လား။ ငါ ထောင်ထဲရောက်နေလို့ နားစွန်နားဖျားပဲ ကြားရသကွ"

"အစစ်ပေါ့ဗျာ။ တစ်ဖက်မှာ မိတ်ဆွေယောင်ဆောင်ပြီး အီးစီအေစီမံကိန်းနဲ့ ကူညီသလိုလိုလုပ်ပြီး၊ တစ်ဖက်မှာ ချန်ကေရှိတ်ရဲ့ စစ်ရှုံးတပ်တွေကို အကျူးကျော်ခိုင်းသယ်။ ကျွန်တော်တို့အစိုးရ ဘေးကျပ်နံကျပ်ဖြစ်ရင် သူတို့လက်ခုပ်ထဲကရေ ဖြစ်ကရောဆိုပြီး လုပ်သာလေ"

တိုင်းလုံးကျော် ပြုံးလိုက်ကာ "အမေရိကန်ဟာ အမေရိကန် နာမည်ပျောက်ပြီး ငပွကြီးနာမည် ရောက်နေသာဟာ အဲသာကြောင့်ပေါ့" ဟု

မှတ်ချက်ချ၏။

"ယုတ်မာပုံကတော့ ရက်စက်သယ်ဗျာ။ ကျွန်တော်တို့နိုင်ငံကို ကျူးကျော်သူဟာ တရုတ်ဖြူဖြစ်ပါလျက်နဲ့ပဲ ကုလသမဂ္ဂမှာ ချန်ကေရှိတ်ရဲ့ ဘရုတ်ဖြူတပ်တွေ ကျူးကျော်နေပါသယ် မတင်ရဲဘူး။ အစ်ကိုပြောသဲ့ ငပွကြီးနဲ့ တပည့်တွေဝိုင်းပြီး ကန့်ကွက်မှာစိုးလို့ ပြည်ပကျူးကျော်တပ်လို့ ဘင်ရသဗျာ။ ဒါဟာ ကျွန်တော်တို့ မညီညွတ်ဘဲ အင်အားချိနဲ့နေလို့ပေါ့"

"မှန်သာပေါ့ကွာ။ ဟေ့၊ ညီအစ်ကိုချင်းတွေ့သဲ့အခါ ဆွေကြောင်း၊ မျိုးကြောင်း၊ ရပ်ကြောင်း ရွာကြောင်းလည်း ပြောကြဦးစို့ကွာ"

စံသာဦးမှာ ထိုအခါတွင်မှ ဟက်ဟက်ပက်ပက် ရယ်မောမိတော့၏။ သူတို့သည် လမ်းဘေးမှ မရွေ့ဘဲ စကားကောင်းနေခဲ့ကြ၏။

"အင်းစိန်လိုက်ခဲ့ အစ်ကိုရာ။ ခေါက်ဆွဲဝယ်ပြီးရင် တပ်ထဲပြန်မယ်။ ဘပ်ထဲရောက်မှ အေးအေးဆေးဆေး ပြောရအောင်"

တိုင်းလုံးကျော်သည် ကားပေါ်သို့တက်ရောက် လိုက်ပါလာပြီးမှ "ညအိပ်လို့လည်းမရဘူး။ ညဥ့်နက်အောင်နေလို့လည်းမရဘူးဟ။အင်းစိန်က အပြန်မှာ ဆင်းနေခဲ့မယ်" ဟု စကားခံပြီးမှ "ဖွားခင်ကို ခေါ်ပြီးပြီလား" ခမေးသည်။ ထိုမှတစ်ဖန် ကြံတိုင်းအောင်ကို သတိရသည်။

"ဟိုကောင်၊ မင့်သားအကြီးဆုံးကော ဘယ်နှစ်တန်းရောက်ပတုန်း"

"ကြံတိုင်းအောင်က ရှစ်တန်းရောက်နေပြီ။ ဖွားခင်ကဖြင့် သည် ရောက်ကာမှ မွေးသာ နှစ်ယောက်တောင်ရှိပြီ"

"မင်းဟာက မလွန်ဖူးလား"

တိုင်းလုံးကျော်က ထိတ်လန့်ဟန်ပြုပြီး မေးသဖြင့် စံသာဦး ရယ်မော နေ၏။ ခေါက်ဆွဲဆိုင်သို့ရောက်သော်လည်း မေးစရာတွေများပြားသဖြင့် စကားအမျှင်မပြတ်နိုင်။ မှာစရာများကို ကားမောင်းသော ရဲဘော်သာ မှာကြားနေသည်။

**ပုဂံစာအုပ်တိုက်**

"မသင်းထုံတို့၊ မဖဲလှတို့ကတော့ ရှာမှပဲဗျ။ ကိုရန်ကြီးအောင်က သတင်းစာမှာ အယ်ဒီတာလုပ်နေရာက နောက်ထုတ်မယ့် သတင်းစာအသစ် တစ်စောင်ကို ကူးမလို့တဲ့"

"သူ့မိန်းမ ဘယ်သူ။ အဲ အဲ မကြည်လှ။ သူကောပါလား"

"ပါပါသဗျား။ စမ်းချောင်းဘက်မှာ နေပါသယ်။ နောက် ဘာသိချင် သေးတုန်း"

ရိုးရိုးမမေး။ ပြုံးစေ့စေ့မေးသည်။

"ဟ ကျန်သေးသာပေါ့။ ငါ့အစ်ကိုရင်းနဲ့ ငါ့ကလေးတွေသတင်းကို ငါ ဘာမှ မသိရသေးဘူး"

"အစ်ကိုသိချင်ရင် အိမ်လိုက်ခဲ့မှဖြစ်မယ်။ ဖွားခင်လည်း အစ်ကို့ တွေ့ရင် ဝမ်းသာမှာ"

"မဖြစ်လို့ပေါ့ကွ။ ဖြစ်ရင် လိုက်မှာပေါ့။ လိပ်စာပေးခဲ့၊ တနင်္ဂနွေနေ့ ကျမှ လာခဲ့မယ်ကွာ"

"အစ်ကို မလာနဲ့။ ကျွန်တော်ကား လွှတ်လိုက်မယ်။ အစ်ကို့ လိပ်စာသာ"

သို့ဖြင့် တိုင်းလုံးကျော်သည် သူ့အမည် အမှတ်စဉ်နှင့် တပ်ခွဲတပ်ရင်း အမည်ကိုပေးသည်။ စံသာဦး၏ကားဖြင့် ပြန်လိုက်လာကာ ရေစင်ဂိတ်တွင် ဆင်းသည်တွင် စံသာဦးသည် ခေါက်ဆွဲထုပ်ဆွဲလျက် အဝင်ပေါက်အထိ လိုက်လာ၏။

"အစ်ကို ခေါက်ဆွဲတစ်ထုပ် ယူသွားပါဦး"

လှမ်းပေးပြီး တစ်စုံတစ်ရာ ပြောသင့်မပြောသင့် ချိန်ဆသည်။ တိုင်းလုံးကျော်က ရိပ်မိဟန်ရှိသည်။

"ဟော့ကောင်၊ ပြောစရာရှိသာ ပြောကွနော်။ ချန်ထားသာ ဘာရှိ သတုန်း"

"တနင်္ဂနွေနေ့ကျရင် စောင့်ဖြစ်အောင် စောင့်နော်အစ်ကို"

"ဟာ မစောင့်မှာ မပူနဲ့"

"တကယ်လို့ ကိုရန်ကြီးအောင်ရောက်လာရင် လိုက်သာသွား။ ကျွန်တော်ကို စောင့်မနေနဲ့။ သူမအားမှ ကျွန်တော့်ကားလာမှာ"

"သူမှ ငါ့လိပ်စာကို မသိသာ"

"ဩော်၊ အစ်ကို့နှယ်၊ ကျွန်တော် ဖုန်းဆက်ပြီး ပြောလိုက်မှာပေါ့ဗျ"

တိုင်းလုံးကျော်သည် "အေး၊ ကောင်းပြီ" ဆိုကာ လှည့်ထွက်လာခဲ့လေ၏။ သူသည် အကြိုမပေါင်ရဘဲ တစ်ကျပ်တန် ခေါက်ဆွဲတစ်ထုပ် စားရတော့မည်ဖြစ်သဖြင့် ဝမ်းသာနေသည်။ ထို့ထက်တိုး၍ မည်သို့မျှ စမ်းသပ်ရှာဖွေ၍မရ၊ မည်သို့ ဆက်သွယ်ရမည်မသိသော သားချင်းများ၏ သတင်းအစအနကို ရသဖြင့် ပို၍ ဝမ်းသာ၏။ ပို၍ ပို၍ ဝမ်းသာရသည်မှာ ရန်ကြီးအောင် ရန်ကုန်ရောက်နေသည် သိရသည့်အတွက်ပေတည်း။

ကိုကောင်းစံနှင့် ကိုရန်ကြီးအောင်တို့ကား စာပေဝါသနာ အရင်းခံရှိကြ၏။ တိုင်းလုံးကျော်မှာကား ထိုသူများ၏ စာအုပ်တွေကို လက်အငြိမ်မနေနိုင်၍ ဆွဲကြည့်ရာမှ စာဖတ်ရကောင်းမှန်း သိလာ၏။ ယခု စာကြည့်တိုက်ရှိနေသောနေရာသို့ ရောက်လာကာ စာဖတ်မိသောအခါ အထုံပါရင်းစွဲနှင့် ဆက်မိ၏။

စာဖတ်အား ကြီးမားလာသောအခါ ထုံးစံအတိုင်း ရောဂါရလာတော့သည်။ ထိုရောဂါမှာ လက်ယားခြင်း ဖြစ်သည်။

သို့ဖြစ်သဖြင့် တိုင်းလုံးကျော်သည် ဟံသာဝတီ သတင်းစာ၏ တနင်္လာအထူးထုတ်သို့ ဝတ္ထုတိုများ ရေးသားပေးပို့သည်။ တစ်ပုဒ်မျှ ဖော်ပြမခံရပါ။ သို့သော် ရယ်ရွှင်ဖွယ်ရာများ ရေးပို့သောအခါတွင်မူ ငါးပုဒ် အရွေးခံရ၏။ သူ့အမည်မှာ တပ်တွင်း၌ ရဲဘော်မင်းနိုင်။ ကလောင်အမည်ကား 'တိုင်းလုံးကျော် (ပြန်လည်ထူထောင်ရေးတပ်)' ပေတည်း။

**ပုဂံစာအုပ်တိုက်**

ထိုရောဂါအခံရှိသူသည် အယ်ဒီတာဟု ကြားရသည်တွင် အားထား မျှော်လင့်မိ၏။ အယ်ဒီတာကားမှန်၏။ မည်သည့် အယ်ဒီတာနည်း။ တိုင်းလုံးကျော် မသိပါ။ သူသိသည်မှာ အယ်ဒီတာ ရန်ကြီးအောင်နှင့်သာ တွေ့ရလျှင် သူ့စာတွေ ယခုထက် ပိုမို ပုံနှိပ်ခံရလိမ့်မည်ဟူ၍သာ။ သို့အတွက် တိုင်းလုံးကျော်မှာ ရွှင်လန်းသွက်လက်လျက် မျှော်လင့်အားထားမှုများ ရွှန်းမြိုင်နေလေ၏။

## ၃

တညင်းကုန်းနှင့် အင်းစိန် ဆက်သွယ်သောလမ်းတွင် ခြေကျင်လျှောက်သော ရဲဘော်များဖြင့် ပြည့်နေသော တနင်္ဂနွေနေ့ဖြစ်၏။ အချို့သည် ယောင်မှားပြီး ရပ်ပေးသော ကားတစ်စီးတလေရနိုးဖြင့် လော်ရီကားများကို တားကြ၏။ ရပ်ပေးသောကား မရှိပါ။

တိုင်းလုံးကျော်သည် တန်းလျားစောင့် တာဝန်ကျသော ရဲဘော်နှစ်ယောက်အား သေချာစွာမှာကြားပြီးမှ အဝင်ဝဘက်သို့ ထွက်လာ၏။ မျက်မှန်နက်တပ်ထားသော လူတစ်ယောက် စီးလာသည့် ဆိုင်ကယ်တစ်စင်း ဂိတ်မှ ဝင်လာသည်။ ထန်းဖူးဦးထုပ်ကြီး ဆောင်းထားသော မျက်မှန်မည်းနှင့် ထိုသူသည် တိုင်းလုံးကျော်ရှောင်သည့်ဘက်သို့ တိုးဝင်၏။

ကျယ်လောင်သောရယ်မောသံနှင့်အတူ ထန်းဖူးဦးထုပ်ကြီး ပြုတ်ထွက်သွား၏။ တိုင်းလုံးကျော် စိုက်ကြည့်၏။ နေကာမျက်မှန်ကြီး ပြုတ်သွားပြန်၏။

"အစ်ကိုကြီး၊ ခင်ဗျား တော်တော်နောက်ပါကလား"

တိုင်းလုံးကျော်သည် ရန်ကြီးအောင်ကို ပြေးဖက်၏။ ရန်ကြီးအောင်ကလည်း လက်တစ်ဖက်ဖြင့် ပြန်ဖက်၏။

"သွေးသောက်စုရှာကို မီးလောင်တိုက်သွင်းသဲ့ ငမိုက်သားကို ဆိုင်ကယ်နဲ့ တိုက်သတ်မယ် စိတ်ကူးသာကွ။ ငါညီပါကလားဆိုသဲ့စိတ်က ဘယ်လိုက ဘယ်လို ဝင်နောက်မှန်း မသိဘူးကွာ။ လာ တက်"

တိုင်းလုံးကျော်သည် ဆိုင်ကယ်နောက်ပိုင်းကို ခွထိုင်၏။

"ဘယ်သွားမှာတုန်းအစ်ကို။ မိုးချုပ်အောင်လည်း မနေနိုင်ဘူး။ ထမင်းချိန်လွန်ရင် ငတ်မှာ"

"ဘယ်သွားသွားပေါ့ကွာ။ အိပ်ချိန်အမီပြန်ရောက်ရင် တော်ရောပေါ့"

ပြောပြောဆိုဆို ခြေဖြင့်ထိန်းပြီးကွေ့သည်။ ထို့နောက် ထွက်ပေါက်အရောက်တွင် ညာဘက်သို့ကွေ့လျက် စက်ကုန်ဖွင့်လေသည်။

"အစ်ကို ဟံသာဝတီသတင်းစာ အယ်ဒီတာဆိုဗျ"

"လက်ထောက် အယ်ဒီတာပါကွာ။ မင်းပို့သဲ့ ဝတ္ထုတွေ ထည့်ပေးစေဆုံးဖြတ်နိုင်သဲ့ အယ်ဒီတာ မဟုတ်သေးဘူး"

"ဗျာ၊ ဘာပြောတယ်"

တိုင်းလုံးကျော် တအံ့တသြမေးမိ၏။

"အံ့သြနေသလား ငါညီ။ စစ်ကြိုခေတ်က အိုးလ်ဆားဗစ် သတင်းထောက်ပဲကွ။ သာလောက်တော့ လျှင်သာပေါ့။ တိုင်းလုံးကျော် (ပြန်လည်ထူထောင်ရေးတပ်)လို့ တွေ့ရကတည်းက ငါ့ညီပဲလို့ အတပ်တွေးသယ်။ တပ်မှူးကို မေးကြည့်တော့ ခင်ဗျားပြောသဲ့ နာမည်နဲ့ ရဲဘော် တစ်ယောက်မှ မရှိဘူးဆိုလို့ ငါ လက်လျှော့ထားရသာ"

"ဩော်၊ သာ့ထက် အစ်ကို၊ ချစ်ဖေကို တွေ့မိလား"

"တွေ့ပါဗျား။ ရဲဘော်ဈေးမှာ ဥက္ကဋ္ဌယောင်ယောင်ကွ။ ဈေးဖျက်ပြီး

ညောင်ပင်လေးဆိပ်ကိုရွှေ့လိုက်တော့ ပါပဲသွားသလား၊မရှိသေးသဲ့ လဟာပြင်ဈေးမှာပဲ ဘာဆက်လုပ်နေသယ် မသိဘူး"

"ရပ်ကွက် ဥက္ကဋ္ဌ ထင်သယ်ဗျ။ ဈေးမဟုတ်ဘူး"

"မင်းနဲ့ ဘယ့်မှာတွေ့သာတုန်း။ ကြဲကြဲဖန်ဖန်ကွာ"

"သူတို့ ဈေးမဖျက်ရအောင် ဝန်ကြီးချုပ်အိမ် သွားဝိုင်းတုန်းက ပါသွားသာလေ။ ကျွန်တော် ထောင်ကလွတ်သဲ့နေ့ပေါ့။ သာပေမယ့် ကျွန်တော်ကသာ မြင်သာပါ။ သူက မြင်ပုံ မရပါဘူး"

"သည်ကောင် သည်တစ်သက် မဆင်းရဲတော့ဘူးကွ"

"နည်းနည်းမှ သစ္စာမရှိသဲ့ကောင်"

ရန်ကြီးအောင် ရယ်မောသည်။

"အဲသာကြောင့် မဆင်းရဲဘူး ပြောသာပေါ့ဟ အေရ။ တို့ဗမာ အစည်းအရုံးခေတ်တုန်းကတောင် လုပ်စားလာသေးသာ။ အခုလို ရန်ကုန် ရောက်လာချိန်မှာ ပိုပြီး နိုင်ငံရေးလုပ်စားတော့မယ်။ ကနေ့ နုတင် ဖြစ်နေပေမယ့် နက်ဖြန်ကျရင် ဆွေငြိမ်း ဖြစ်ဖို့ မခဲယဉ်းသဲ့ကောင်"

ထိုစကားကို တိုင်းလုံးကျော် နားလည်သယောင်ရှိငြား မသိချေ။ နုတင်ဟူသည် ဦးနုနှင့် သခင်တင်။ ဆွေငြိမ်းဟူသည် ဦးဗဆွေနှင့် ဦးကျော်ငြိမ်း။ ထင်ရှားသော ဌာနချုပ်ခေါင်းဆောင်ကြီးတွေ။ သို့ရာတွင် မည်သည့်ရည်ရွယ်ချက်ဖြင့် နှစ်တွဲတွဲပြီး ခေါ်ရသနည်း။

"အစ်ကိုကြီး ဘာသဘောနဲ့ သလိုပြောသာတုန်းဗျ"

"ဖဆပလမှာ ချစ်ဖေလို အချောင်သမားတွေ၊ အပုပ်နဲ့ တထောင်းထောင်းနဲ့ လူမိုက်တွေ လွှမ်းမိုးနေလို့ နာမည်ပျက်နေပြီဆိုပြီး ဦးနုက လူရှုပ်တွေ၊ လူပုပ်တွေကို ဖယ်ချင်သယ်။ သလိုမှ မဟုတ်ရင် နောက်တစ်ကြိမ်ရွေးကောက်ပွဲမှာ ပမညတ အာဏာရသွားမှာ စိုးရိမ်သယ်။ အဲသာကို...."

ခြံစည်းရိုးပင်များ သပ်ရပ်စွာပြုပြင်ထားသော အိမ်ကလေးတစ်လုံး

ရှေ့သို့ ဆိုင်ကယ်ဝင်ရပ်သဖြင့် စကားပြတ်သွားကြ၏။ သစ်သားအိမ်ကလေး၏ လှေကားထိပ်တွင် သူငယ်တစ်ယောက်ပေါ်လာ၏။

"ဘကြီး၊ စောလှချေကလား"

ရန်ကြီးအောင်သည် သူငယ်အား ပြန်မဖြေဘဲ "အဲသာကြဲတိုင်းအောင်ပဲကွ" ဟု တီးတိုးပြောရင်း လှေကားကိုတက်သည်။

"ဟာ သည်ကောင်တောင် တော်တော်ကြီးနေပါ့ပကော"

တိုင်းလုံးကျော်သည် ကြဲတိုင်းအောင်၏ ဦးခေါင်းကို ဆဆကလေး ပုတ်၏။ ကြဲတိုင်းအောင်မှာ သိသလို မသိသလို ဖြစ်နေရာက လက်ညှိုး ထိုး၏။ "ဘဒွေး၊ ဘဒွေးတိုင်းလုံးကျော်" ဟု အော်ကာ ခါးကို ခုန်ဖက်၏။ တိုင်းလုံးကျော်ကလည်း ပခုံးကိုပြန်ဖက်ရင်း ငယ်ထိပ်ကိုနမ်း၏။

"တောသူမ ဒေါ်ဖွားခင် ဈေးက မပြန်သေးဖူးလား"

"ရှိပါ့တော် ရှိပါ့။ ဈေးမသွားနိုင်ပါဘူး"

လက်ဖက်ရည်ဗန်းကိုင်လျက် ထွက်လာသော ဖွားခင်သည် ရှေးမူ မပျက် ကပိုကရိုပင်။

"ကျုပ်တို့ သွေးသောက်စုရှာကို ပြာချပစ်သာတော်။ တော့်ကို ကျုပ် တစ်သက်မကျေဘူး။ ကြည်ကြည် အသေဆိုးနဲ့သေရသာလည်းတော့်စံနက်"

ကြည်ကြည်ဆိုသောကြောင့် တိုင်းလုံးကျော် မျက်နှာပျက်သည်။ ချက်ချင်းငိုင်ကျသွားသည်။

ဟုတ်သည်။ မိမိအား အလွန်ချစ်သော မယား။ အလွန် အလိုလိုက်သော မယား။ သည်းညည်းလည်း ခံနိုင်လွန်းသောမယား။ လင်ကို မျက်စိအောက်မှ အပျောက်မခံလိုငြား မကန့်ကွက် မတားဆီးသော မယား မြတ်၊ မယားအလိမ္မာ။ သို့သော် ဆို့တက်လာသော ရင်ထဲက အလုံးကို ရန်ကြီးအောင်က ချေဖျက်၏။

"ငါတို့ ညီအစ်ကိုမောင်နှမတွေ ပျော်ပျော်ပါးပါး ဆုံကြသဲ့နေ့မှာ

စိတ်မကောင်းစရာတွေ မပြောစမ်းနဲ့ဟာ။ ပြီးပြီးသား ပြီးပါစေတော့။ ချေးခြောက်ကို ရေနူးလို့ ထမင်းလည်း ပြန်မဖြစ်ဘူး။ ဟင်းလည်း ပြန်မဖြစ်ဘူး။ နံသာပဲ အဖတ်တင်သယ်”

“ဘကြီးက သိပ်ညစ်ပတ်သာပဲ”

ကြံတိုင်းအောင်က တဟားဟား ရယ်မောကာ ရန်ကြီးအောင်၏ ပခုံးကို နဖူးဖြင့်ဝေ့သည်။

“ကျုပ် သူ့ကိုမုန်းလို့ ပြောသာမဟုတ်ပါဘူး။ ကြည်ကြည့်ကို သနားလွန်းလို့ပြောသာပါ။ ခမျာမှာ အပျိုဘဝမှာတောင် ကြာကြာမနေလိုက်ရဘူး။ လင်ရယ် မယားရယ်လို့ သားတွေနဲ့ သိုက်သိုက်ဝန်းဝန်း နေရပြန်တော့လည်း ထမင်းပွဲ လက်ဆုံစားရသာ ဘယ်နှစ်လရှိသတုန်း။ ဘယ်နှစ်ရက်ရှိသတုန်း။ မီးခွက်ကြီး တထိန်ထိန်နဲ့ လင်အလာကိုစောင့်ရင်း အိမ်တိုင်ကိုမှီရင်း အိပ်ပျော်ရရှာသာ”

“ဖွားခင်၊ နင် မတော်ရင် ငါ ပြန်တော့မယ်”

ရန်ကြီးအောင် စိတ်ဆိုးမာန်ဆိုးဖြင့် အော်သောအခါ ဖွားခင်သည် မျက်ရည်သုတ်လျက် အခန်းတွင်းသို့ ဝင်သွားလေ၏။ တိုင်းလုံးကျော်အား ရန်ကြီးအောင် စောင်းငဲ့ကြည့်သည်။ လက်ဖက်ရည်ပန်းကန်ကို မျက်တောင်မခတ်ဘဲ တွေတွေကြီး ငုံ့ကြည့်နေသည်။

“ညီလေး၊ အေးကုန်မယ်ဟေ့၊ သောက်သောက်။ သူ့ခမျာမှာလည်း မင်းနဲ့ အေးအေးဆေးဆေး ခုမှတွေ့ရသာကလား။ အောင့်ထားရသမျှ အခုမှပဲ ပြောရသာကိုး”

“ဟုတ်ပါသဗျာ။ ကျွန်တော် သူ့ကို စိတ်မဆိုးပါဘူး။ ပါးကို မရိုက်သာတောင် ကျေးဇူးတင်ပါသေးသယ်”

တစ်ဆို့သံကြီးဖြင့် တိုင်းလုံးကျော်ပြန်ပြောသည်။ ထိုအခိုက်တွင် ဖွားခင် ပြန်ထွက်လာသည်။

"ကိုတိုင်းလုံးကျော် သောက်တော်ရဲ့။ မုန့်တွေလည်း အကုန်စားတော့"

ခုနက ရန်တွေ့သံသည် သူ့အသံတွင် မရှိတော့ပါ။ မကျေမချမ်း ရန်လိုသော မျက်နှာထားလည်း စင်ပြယ်ပြီ။

"နင် ရန်တွေ့ထားသာ ဘယ်လိုလုပ်ပြီး သောက်မတုန်း၊ ဘယ်လို လုပ်ပြီး စားမတုန်း။ အလကား အရည်မရ အဖတ်မရ"

ရန်ကြီးအောင်ကား စိတ်ဆိုးပြေသေးဟန်မပေါ်။

"သည်မောင်နှမတွေမှာ တစ်သက်လုံး မျိုမထားနိုင်ဘူးတော့။ တစ်သက်လုံး တေးမထားနိုင်ဘူး။ ပြောစရာရှိသာ ပြောလိုက်ရမှ ရင် ရှင်းသယ်"

ပြောပြောဆိုဆို သားရေဖုံး ကြိမ်ခုံကလေးဆွဲလာပြီး ထိုင်၏။

"တော်တို့ညီက ညနေ ၄ နာရီကျမှ ဂျူတီပြီးမှာ။ အဲသည်ကျတော့မှ အေးအေးလူလူ စကားစမြီပြောပြီး ထမင်းစားကြ"

"ငါက ခဏပဲနေနိုင်မှာနော်။ ငါတို့အလုပ်က ညကျမှ ပူသာ။ ညီလေး သောက်ဟော့၊ သွားကြရအောင်၊ မျှော်နေကြလိမ့်မယ်"

ရန်ကြီးအောင်က မုန့်တစ်ခုကို ပါးလုတ်ပါးလောင်း လက်စသတ်ရင်း တိုင်းလုံးကျော်အား ပြော၏။ တိုင်းလုံးကျော်မှာ လက်ဖက်ရည်ခွက်ကို မော့ရင်း လင်းတအစာမျိုနေဟန်ဖြင့် ပြန်ကြည့်နေ၏။

"မနက်စာကို ငါ့အိမ်မှာ စားရမှာကွ။ သည်အိမ်မှာ ညကျမှ စားရ မယ်။ ဟိုကောင်ကလည်း ညနေကျမှအားမှာ။ ဟိုကောင်မပါဘဲ ထမင်းစား ရရင် ထမင်းပွဲဘေးမှာလာပြီး ရန်ထောင်နေသာနဲ့ မျိုလို့ကျမှာ မဟုတ်ဘူး"

"စိတ်ချ၊ မပြောတော့ဘူး။ ပြောချင်သာပြောပြီးရင် ပြီးပြီ"

ဖွားခင်ပြောနေဆဲတွင် ရန်ကြီးအောင်တို့ ထလာကြသည်။ ကြံတိုင်း အောင်က တိုင်းလုံးကျော်၏ လက်ကိုဆွဲလျက်လိုက်ပါလာသည်။

"ဘကြီး၊ ဘဒွေး၊ မေမေ့ကို စိတ်မဆိုးနဲ့နော်"

**ပုဂံစာအုပ်တိုက်**

"ဆိုးစရာမှ မဟုတ်သာလူလေးရာ။ မင့်အမေက မဟုတ်သာတွေ ပြောသာမှ မဟုတ်သာ"

တိုင်းလုံးကျော်ကမူ ကြံတိုင်းအောင်၏ခေါင်းကိုသာ လက်ဝါးဖြင့် အုပ်နှဲ့ပြီး နှုတ်ဆက်ခဲ့သည်။

"အလုပ်သမားအရေး ချက်ချင်းပေး"

"အလုပ်သမားထိရင် မီးပွင့်သွားမယ်"

"အာဏာရှင်စနစ် အလိုမရှိ"

ရန်ကြီးအောင်၏ဆိုင်ကယ်သည် လေယာဉ်ပျံကွင်းဘက်မှလှည့်ကာ မရမ်းကုန်းဘက်သို့ နှင်ခဲ့သည်။ မရမ်းကုန်းလမ်းဆုံတွင် အလံနီတဝင့်ဝင့် ဘတန်းများ တလွင့်လွင့်ဖြင့် ကြွေးကြော်ချီတက်လာသော လူအုပ်ကိုတွေ့ သဖြင့် လမ်းဘေးဆင်းကာ ရပ်ကြည့်ကြ၏။

လွယ်အိတ်လွယ်ထားသော တိုက်ပုံအင်္ကျီနှင့် လူတစ်ယောက်သည် သူ့အုပ်ဘေးမှ ပြေးခွာလာ၏။

"ဗျို့ အယ်ဒီတာကြီး၊ သတင်းယူသွားပါဦး"

"စံမောင်နဲ့ မတွေ့ဖူးလား"

"ခင်ဗျားစံမောင် မလာပါဘူးဗျာ။ ရော့ ရော့။ ယူသွားပြီး အမှိုက်ခြင်း ဘဲလည်း ထည့်မပစ်နဲ့ဦး"

စာရွက်တစ်ထပ်ထုတ်ပေးပြီးနောက် လွယ်အိတ်တကားကား တိုက်ပုံ ဘဖားဖားနှင့်လူသည် အပြေးအလွှား ထွက်ခွာသွား၏။

"ဆိုရှယ်နီတွေလားအစ်ကို"

စက်နိုးနေစဉ်တွင် တိုင်းလုံးကျော့်အမေး။

"ဘယ်က ဟုတ်ရမှာတုန်းကွာ၊ ဖဆပလတွေ၊ ဖဆပလတွေ"

"ဒါနဲ့ အာဏာရှင်စနစ်ဆို"

"ဦးနုကို ပြောသာကွ။ ဆွေငြိမ်းဖဆပလက နုတင်ဖဆပလကို

တိုက်နေသာ။ သန့်ရှင်း တည်မြဲ ကွဲသာတောင် မင်း မသိဖူးလား"

"လူမိုက်တွေပဲ"

အဆင်းလမ်းဖြစ်သောကြောင့် ရန်ကြီးအောင် စကားမပြောနိုင်သေး။ အတက်သို့ရောက်မှ တစ်ချက်စောင်းကြည့်နိုင်သည်။

"လူမိုက်တွေ၊ ဟုတ်လား"

"ဟုတ်သာပေါ့ဗျာ။ ကျွန်တော်တို့ သူပုန်တွေ မြို့တွေကို သိမ်းထားရာက မညီညွတ်ဘဲ အချင်းချင်းချကြလို့ မြို့တွေလက်လွှတ်ပြီး ထွက်ပြေးရသာဟာ သင်ခန်းစာပဲဗျ။ သည်သင်ခန်းစာကိုမယူဘဲ သူတို့က မြို့ပေါ်မှာ ကွဲတော့ လူမိုက်ပေါ့အစ်ကိုရာ"

"ဟုတ်သကွ။ ကမ်းနားဘက်မှာ ပိုဆိုးသယ်။ ဓားတစ်ပြက် တုတ်တစ်ပြက်တောင် ဖြစ်သတဲ့"

အကွေ့သို့ရောက်လာသဖြင့် စကားပြတ်သွားပြား တိုင်းလုံးကျော်က လှမ်းပြောနေပြန်သည်။

"ဆိုရှယ်နီ ပမညတကတော့ ဒူးနဲ့နေမှာပဲနော်"

"ပမညတ ဈေးကောင်းနေပြီကွ။ ပမညတကို ရန်လုပ်ခဲ့သဲ့ ဖဆပလတွေရဲ့ မျက်နှာ ခွေးလျက်မှာတောင် စိုးရသယ်။ ပမညတကို မျက်နှာချိုသွေးနေရပြီ။

"အင်း.... လူမိုက်တွေပါကလား"

ရန်ကြီးအောင်မှာ သူ့ညီအား ပြန်မပြောနိုင်။ အလံပြာကြီးတွေကို လှမ်းမြင်ရသောကြောင့် မျှော်ကြည့်နေရသည်။

"ပမညတတွေကွ။ နတင်ကို ထောက်ခံသာ"

ငြိမ်းချမ်းရေး ကြွေးကြော်သံများကို ကြားရသည်။ ဆွေငြိမ်း ဖဆပလအား ရှုတ်ချသံများလည်းပါ၏။ ထိုလူအုပ်ကြီး လှည်းတန်းဘက်သို့ရောက်မှ ဆိုင်ကယ်ထွက်လာ၏။ ရန်ကြီးအောင်၏ အိမ်သို့ရောက်သည်အထိ စကား

မပြောဖြစ်တော့ပြီ။

"ဘဘကြီး လာပြီ"

ရွယ်တူကလေးနှစ်ယောက် ခုန်ဆွခုန်ဆွလုပ်လျက် လှေကားထိပ်မှ ကြိုဆိုနေကြသည်။ တိုင်းလုံးကျော်မှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ဝမ်းသာသလို ကြည်နူးသလိုလည်း ခံစားရပြန်သည်။

ရန်ကြီးအောင်သည် "လာဟေ့" တစ်ခွန်းသာပြောပြီး အိမ်ပေါ်သို့ တက်သွားသည်။ တိုင်းလုံးကျော်မှာ ကလေးတွေကိုကြည့်မဝ။ သို့သော် ကလေးနှစ်ယောက်သည် ရန်ကြီးအောင်၏ ပုဆိုးစကိုဆွဲလျက် လိုက်ပါသွားကြသည်။ တိုင်းလုံးကျော်မှာ အိမ်ပေါ်သို့တက်လာသည်တွင် မိုလ်ချုပ် ဘိလပ်သွားစဉ်က ပုံကြီးကို ဧည့်ခန်းတွင် ဦးခိုက်မိလေ၏။

'မိုလ်ချုပ်ချစ်သဲ့ နိုင်ငံတော်ကြီး ဘာဖြစ်နေပြီတုန်း၊ သေရွာကထလာပြီး ကြည့်လှည့်ပါဦး မိုလ်ချုပ်ရဲ့'

ရင်တွင်းနာကျင်လာသည်။ တိုင်းလုံးကျော် ထိုင်ရန် သတိမရ။ ဦးညွှတ်အလေးပြုအပြီးတွင် တွေတွေကြီး ရပ်ကြည့်နေမိသည်။

"ဟဲ့ မတ်တတ်ရွာက လာသာလား။ ဖင်မပါဖူးလား"

ကြည်လှသည် ရေနွေးကြမ်းနှင့် ချင်းသုတ် သယ်ထုတ်လာရင်းက ခန်းဆီးစနှစ်ခုကြားတွင် ရပ်လျက် ပြောသည်။ တိုင်းလုံးကျော်၏အာရုံသည် ချက်ချင်း အိမ်ပေါ်သို့ ရောက်လာတော့သည်။

"အမယ် မကြည်လှတို့က လှလို့ ဝလို့ဗျား"

"သွေးသောက်စုကို မီးရှို့သဲ့လူမိုက်။ သူသာ သွေးသောက်စုကို မီးရှို့ မပစ်ရင် ဆိုင်ကယ်ကြီးတကားကားနဲ့ ခုလို ပင်ပန်းမှာ မဟုတ်ဘူး"

တိုင်းလုံးကျော်သည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း "သည် သွေးသောက်စုကိစ္စက ပြီးပဲမပြီးနိုင်ကြတော့ပါကလား" ညည်းတွားသည်။

"မပြီးနိုင်ဘူးတော်ရေ့၊ ကဲ သောက်ဦး၊ စားဦး"

**ပုဂံစာအုပ်တိုက်**

"ဆိုင်ကယ်တဖုန်းဖုန်းနဲ့ အခန့်သားသွားနေရသာ မကောင်းဖူးလား"

"မကောင်းပါဘူးတော်။ ရန်ကုန်ဆိုပြီး လုံခြုံသယ်မှတ်သလား။ ငါတို့သတင်းကို မကောင်းရေးသဲ့ သတင်းစာက အယ်ဒီတာ သတင်းထောက်ဆိုပြီး ဘယ်နေ့များ ကားနဲ့တိုက်သတ်ပါ့မတုန်း တထိတ်ထိတ် ရင် မနေရသာ"

တိုင်းလုံးကျော်မှာ "အင်း" ခနဲသာ မြည်နိုင်သည်။ လူထုအား၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်နေသူများအကြောင်းကို တွေးချင်သော်ငြား လေ့ကားထိပ်တွင် သူမြင်လိုက်ရသော မျက်နှာပေါက်တူ ရွယ်တူ ကလေးနှစ်ယောက်ကို ပိုပြီး အာရုံစောနေမိသည်။

"ခုနကမြင်လိုက်သဲ့ ရွယ်တူ ကလေးနှစ်ယောက်က မကြည်လှ သားတွေလား"

"ဟဲ့၊ ငါ့အိမ်မှာတွေ့ ငါ့သားပေါ့ဟဲ့"

မကြည်လှလည်း သည်မျှသာ ပေါက်ဆတ်ဆတ်ပြောပြီး အထဲဝင်သွားလေရာ တိုင်းလုံးကျော်မှာ ရင်တွင်း တနုံ့နုံ့ဖြစ်လျက် ကျန်ခဲ့၏။ ထလိုက်သွားပြီး ကလေးနှစ်ယောက်၏ အမည်ကို မေးချင်သည်။ အသက်ကို မေးချင်သည်။

"မင့်မရီးက မင်းစားပါစေတော့ဆိုပြီး ကျကျနနသုတ်ထားသာကွ၊ ဘာပြုလို့ မစားသေးသာတုန်း"

ရန်ကြီးအောင် ရောက်လာကာ ရေနွေးငှဲ့ပေးသည်။ ချင်းသုတ်ပန်းကန်ကို လက်ထဲသို့ထိုးပေးသည်။ ချင်းသုတ်တစ်ဇွန်း ကော်စားရာက တိုင်းလုံးကျော် ခေါင်းမော့သောအခါ အိမ်ဘက်သို့ မျက်နှာပြုထားသော ဓာတ်ပုံများကို မြင်ရသည်။ အိန်ဂျဲလ်နှင့် လီနင်၊ စတာလင်၊ မော်စီတုန်းတို့၏ ပုံများ ဖြစ်သည်။

"ဟင်၊ အစ်ကို။ နိုင်ငံခြားခေါင်းဆောင်တွေရဲ့ပုံ"

"အေးလေ၊ ဘာဖြစ်သတုန်း။ ကိုယ့်အိမ်ထဲမှာ ကိုယ်ချိတ်ထားသာပဲ။

လူမြင်ကွင်းမှာ ထွက်မချိတ်ရင် ပြီးသာပဲကွ”

“ဥပဒေ ရှိသလားလို့”

“ဟုတ်ပါသယ်၊ ရှိပါသယ်။ မေဒေးနေ့မှာ အဲသည်ပုံကြီးတွေကို ဆိုရှယ်နီတွေ တကားကားလုပ်လွန်းလို့ ပြဋ္ဌာန်းထားသဲ့ဥပဒေပါ”

“ဆရာကြီးရဲ့ပုံကျတော့ မတွေ့ပါကလား”

“ဘယ်နေလိမ့်မတုန်းကွာ၊ ဟိုဘက် ခေါင်းရင်းဘက်ရောက်နေလို့ မင်း မမြင်ရသာကွ။ အင်း၊ ဆရာကြီးလည်း အာဏာရှိသူထက် အာဏာမဲ့သဲ့ တပည့်တွေကို အရေးတယူ လုပ်မိသဲ့အတွက် တောတွင်း တယ်လီဖုန်းတဲ့၊ စုန်းကြီးတဲ့။ မရှိမသေ အပြောခံနေရသယ်။ အဲသာကြောင့် ဗိုလ်ချုပ်နဲ့ယှဉ်ပြီး မချိတ်ရဲဘူး ငါ့ညီရေ့”

“ဘယ်သူတွေက ပြောသာတုန်းအစ်ကို”

“အာဏာရ အသိုင်းအဝိုင်းနဲ့ မိုးကျရွှေကိုယ်တွေပေါ့ကွာ။ တို့ဗမာ အစည်းအရုံးခေတ်ကို မီသူတွေကတော့ တော်ရုံတန်ရုံနဲ့ ဆရာကြီးကို မပြော ဘူးကွ။ ဆင်ဆင်ခြင်ခြင် ရှိကြသယ်။ မနေ့တစ်နေ့ကမှ ဖဆပလ စိန်နားကပ် ရောင်ကြောင့် ပါးပြောင်လာသူတွေကတော့ သခင်ကိုယ်တော်မှိုင်း၊ ဘာ သခင် ဘာ ကိုယ်တော်တုန်း ပြောတော့သာ”

တိုင်းလုံးကျော်မှာ ထောင်းခနဲ ဒေါသဖြစ်သည်။ လက်သီးဆုပ်မိ အံကြိတ်မိပြား သတိရသည်။ ရသောသတိမှာ ဝေဖန်ရေး သတိဖြစ်သည်။ မိမိလည်း သေနတ်မာန် တက်ခဲ့ဖူးသည့်နည်းတူ အာဏာရှိသူတို့လည်း အာဏာမာန် တက်ကြရာ၏ဟု ယှဉ်ကပ်တွေးကြည့်သည်။

သို့စဉ်တွင် သူ တောင့်တနေသော ကလေးနှစ်ယောက်သည် ရေမိုး ချိုးပြီး ထွက်လာကြ၏။ သူတို့နှစ်ယောက်နောက်တွင် မိန်းမပျိုတစ်ယောက်။

“အစ်ကို၊ သည်ကလေးတွေကို အစ်ကိုတို့ ဘယ်တုန်းက မွေးသာ တုန်းဟင်”

ရန်ကြီးအောင်သည် ကလေးသုံးယောက်အား ထိုင်ရန် လက်ပြပြီးမှ ဖြေ၏။

"အဲသာ ငါ့သမီးကြီး။ ဂျပန်တစ်ခေတ်လုံး မအေဘက်က ဘိုးအေဘွားအေလက်ပေါ်မှကြီးလာလို့ ငါ့ကိုစိမ်းနေသာနဲ့ ရန်ကုန်ခေါ်ပြီး ကျောင်းဆက်အတက်ခိုင်းရသယ်။ အခုတော့ ဆရာဝန်မကြီး အေးစုအောင်ပေါ့ကွာ။ တောင်သမန်မှာနေတုန်းကတော့ မိကောက်ဆိုလား"

အေးစုအောင်သည် ဖအေက ရယ်စရာပြောသည်နှင့် လိုက်လျောညီထွေပြုံးရာက တိုင်းလုံးကျော်အား ဦးညွှတ်ပြသည်။

"ဘဒွေး၊ မမေ့ကို ကူလုပ်ချေဦးမယ်နော်"

တိုင်းလုံးကျော် ကြည်နူးစွာ ခေါင်းညိတ်ပြ၏။

"အစ်ကို့သမီးက ဆရာဝန်သာဆိုသယ်၊ ဒယ်ဒီတွေ၊ မာမီတွေ အန်ကယ်တွေလည်း မပြောပါကလား။ အေးအေး ရိုးရိုး ကလေးနော်"

"အဲသာ မင့်မရီး တောသူမကြောင့်ဗျား။ သမီးရယ် အဲသည်အသံတွေကြားရင် အမေ ခေါင်းကိုက်လွန်းလို့ပါတဲ့။ ရောဂါက အဆန်းဗျား။ အဲသာကြောင့် မင့်သမီး မြန်မာဆန်နေသာ"

တိုင်းလုံးကျော် ရယ်မောသည်။ ရယ်မောသံ ပလုံးပထွေးဖြင့်ပင် "သူတို့ တည့်သာလည်း ကျွန်တော် ဝမ်းသာသဗျာ" ဟု ဆိုသည်။

"မသင့်မြတ်လို့ ရမလားကွာ။ သူ့အဖေနဲ့မရလည်း အမျိုးက လှည့်ပတ်ပြီး တော်နေသာကွ။ သူ့အမေကလည်း တစ်ကောင်တည်း မွေးထားခဲ့လေတော့ အမျိုးလည်း တော် ထင်ပါရဲ့"

တိုင်းလုံးကျော်သည် အလိုလိုနေရင်း ကျောထဲမှ စိမ့်လာသဖြင့် သူငယ်ညီနောင်အား စောင်းငဲ့ကြည့်မိ၏။ ရွှန်းရွှန်းကြည်ကြည်ကြီး စိုက်ကြည့်နေသော မျက်လုံးလေးလုံး။

"ဟာ အစ်ကို။ သည်ကလေးတွေကို ဘယ်တုန်းက မွေးသာတုန်း။

အကြီးမြန်လှချည်လား”

“မကြည်လှရေ၊ ခဏလေးကွာ ခဏလေး”

ရန်ကြီးအောင် အိမ်တွင်းသို့ လှမ်းအော်၏။ မကြည်လှ ထွက်လာချိန်နှင့် ကိုက်နေသည်။ လက်ထဲတွင် ငါးခြောက်ဖုတ်တစ်ပန်းကန် ကိုင်လာသည်။ “ဘာဖြစ်နေကြသတုန်း” ဟု ပြုံးစေ့စေ့မေး၏။

“မင့်သားတစ်ရှဉ်းကို ဘယ်တုန်းကမွေးသာလဲ၊ အကြီးမြန်လှချည်လားတဲ့။ မေးမြန်းစစ်ဆေးနေသကွ”

“ဖက်ဆစ်တော်လှန်ရေးကာလမှာ မွေးသာ”

“ဟင်၊ အစ်ကိုကြီးနဲ့ ခင်ဗျားနဲ့ရသာက တော်လှန်ရေးပြီးမှဟာကို”

မကြည်လှ ပါးစပ်ပိတ်ပြီးရယ်သည်။ ရန်ကြီးအောင်ကား ဟားတိုက်၍မဆုံး။ ထိုင်နေသော သူငယ်နှစ်ယောက်ကလည်း ပြုံးတုံးတုံး။

“ဟာ မကြည်လှရာ ငါ့ကို အရူးမလုပ်နဲ့ဟာ။ ဒါ ငါ့သားတွေ မဟုတ်လား”

တိုင်းလုံးကျော်သည် ကလေးနှစ်ယောက်အား ထဖက်သည်။ သိမ်းကျုံးနမ်းပစ်ရာက စေ့စေ့ကြည့်၏။

“ဟုတ်သယ်။ ဒါ ရန်ရှင်းနဲ့ ရန်လင်းဖြစ်ရမယ်။ ဟုတ်သယ်၊ သူတို့ အမေ ကြည်ကြည့်မျက်နှာတွေ”

သူသည် သူငယ်နှစ်ယောက်၏ကြားတွင် ဝင်ထိုင်ကာ ဖက်ထားသဖြင့် မကြည်လှက ထရပ်ရင်း ပြော၏။

“ဒက်ခနဲများ သိမလားလို့ အိမ်ဝက အကြိုခိုင်းသာ။ တောသားက မသိဘူးတော့။ မကြည်လှ သားလားတဲ့။ ငါ့အိမ်မှာတွေ့ ငါ့သားပေါ့ဟဲ့လို့ ပြောပစ်လိုက်သယ်။ အမြင်ကတတ်ရော”

“သားတို့ကလည်းကွာ၊ သည်တိုင်း ငုတ်တုတ်ကြည့်နေရသယ်လို့”

“ကြည့်ကောင်းလို့၊ ဟီး ဟီး”

စဥ်းငယ်သွားခေါ်သယောင်ရှိသူက ရယ်မောနေသည်။

“သားတို့လာကြဦးကွယ်။ အမေတို့နှစ်ယောက်တည်းဆိုရင် ကြာနေလိမ့်မယ်ကွယ်။ မင်းတို့အဖေ သူပုန်လူထွက်ကြီး ဘယ်မှမပြေးပါဘူး”

“သားတို့ မေမေ့ကို ကူချေဦးမနော် ဖေဖေ”

စဥ်းငယ်သွားခေါ်သယောင်ရှိသူနှင့် မခေါ်သူဟု ကွဲပြားသည်မှအပ ခွဲခြားမရအောင်တူသော ညီအစ်ကိုသည် ခါးကုန်းပြီးပြော၏။ တိုင်းလုံးကျော်မှာ ပထမဆုံးသော “အဖေ” ခေါ်သံကို ကြားနာခံစားရသဖြင့် ရင်ထဲတွင် အေးမြချမ်းသာအရသာကို ခံစားရ၏။

“မင့်မရီးက သားသမီးမမွေးတိုင်း သည်ကလေးနှစ်ယောက်ကို ချစ်နေရသာမောင့်။ ယောင်လို့များ ပြန်ခေါ်ပါရစေ သွားမပြောနဲ့၊ ထမင်းမစားဘဲ ထွက်ပြေးနေရမယ်”

“အခု သူတို့ ကျောင်းနေသာ ဘယ်နှစ်တန်း”

ရန်ကြီးအောင် ရယ်မောနေပါလျက် တိုင်းလုံးကျော် ရောယောင်မပြုံးနိုင်။ သူသိလိုရာကို အလောတကြီးမေး၏။

“ဆယ်တန်းလေ။ အကြီးကောင်ရန်ရှင်းက ငါ့အဖေဘက်က နွယ်သလား၊ သူ့ဘကြီး ကောင်းစံဘက် နွယ်သလား မသိဘူးကွ။ မယ်ဒလင်တဒေါင်ဒေါင်နဲ့ ‘ဂလေ’ ရိုက်ချင်တာကလွဲရင် ဉာဏ်ကောင်းပါတယ်”

“ကျွန်တော်ဖြင့် ဘယ်ကောင်အကြီး၊ ဘယ်ကောင်အငယ် ခွဲလို့မရပါဘူးအစ်ကိုရာ”

“သွားခေါ်သယောင်ယောင် နည်းနည်းကလေး ပြို့နေသဲ့ကောင်က အကြီးကောင် ရန်ရှင်းပေါ့ကွာ”

ကြည့်ကောင်းလို့ ဟီး ဟီး ဟု ဖြေသူကို ရန်ရှင်းဟု သိရသည့်အတွက် တိုင်းလုံးကျော်မှာ ကျေကျေနပ်နပ်ကြီးပြုံးမိသည်။ ပါးဖောင်းဖောင်းနှင့် အလွန်ချစ်စရာကောင်းသော အကောင်ပါတကား။

**ပုဂံစာအုပ်တိုက်**

"အစ်ကိုတို့ သည်နေရာရောက်သာ ကြာပြီပေါ့"

"လေးနှစ်ဆိုတော့ ကြာပြီပြောလည်းရရဲ့။ မကြာသေးဘူးပြောလည်း ရသပေါ့ကွာ"

"လေးနှစ်အလျင်က"

"ငါက ရန်ကုန်မှာပေါ့။ မကြည်လှကတော့ ဝမ်းမနာသားနှစ်ယောက်နဲ့ လယ်ထဲယာထဲမှာ။ ဟား မည်းလိုက်သဲ့အသားကွာ ကုလားမလားမှတ်ရသယ်။ အေး၊ သူသာ မီးသွေးတုံး အဖြစ်ခံပေမယ့် ကလေးတွေကိုတော့ တစ်နှစ်မှ ကျောင်းအပျက်မခံဘူးမောင်ရေ့"

"ကျေးဇူးတင်ပါသယ်အစ်ကိုရာ။ အစ်ကို့ကျေးဇူး ကြီးလှပါပေသယ်"

တိုင်းလုံးကျော်သည် ကုလားထိုင်ပေါ်မှဆင်းကာ ကြမ်းပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက် ဦးချသည်။

"အလိုတော်၊ အဲသာက ဘာဖြစ်ရသာတုန်း"

ထမင်းစားခေါ်ရန် ထွက်လာသော ကြည်လှအသံဖြစ်၏။

"ဟိုတုန်းကသာ အစ်ကိုကို သလိုရှိသေရမှန်းသိရင် သွေးသောက်စုရှာပြာကျမှာမဟုတ်ဘူး"

"မင်းနဲ့ဖွားခင်က လူချင်းသာအနေဝေးသာ၊ လေက တစ်ထပ်တည်း။ ဟိုကောင်မကလည်း တွေ့တွေ့ချင်း ရန်တွေ့သယ်။ ပြီးပြီးသားတွေ ပြောနေလည်း ပြန်ဖြစ်လာတော့မှာမှ မဟုတ်သာ။ တော်ပါတော့"

ရန်ကြီးအောင် ညည်းတွားသံဖြင့် ဟန့်သောအခါ ကြည်လှ စကားပြောင်း၏။

"မနက်က ဘာစားထားတုန်း။ ဆာပြီလား"

တိုင်းလုံးကျော်ကား မျက်နှာမသာမယာဖြင့် ကုလားထိုင်ပေါ် ပြန်ထိုင်ကာ ငေးမောနေ၏။

"အဆင်သင့်ဖြစ်ရင် စားသာကောင်းပါသယ်လေ။ ကိစ္စဆိုသာ

သိနိုင်သာ မဟုတ်ဘူး။ စားထားတော့ အသင့်ဖြစ်နေပြီ။ သြော် အသင့်ဆိုလို့ ပြောရဦးမယ်။ ငါ ပုဒ်မ ၅ နဲ့ အဆွဲခံရသေးသကွ"

"ခေတ်မီသာပေါ့တော်"

ညီထံတွင် ကြွားဝါနေသည့်အတွက် မကြည်လှက ငေါ့ခြင်းဖြစ်၏။

"အစ်ကိုက ဘာလုပ်မိလို့တုန်း"

ရန်ကြီးအောင် ထရပ်သဖြင့် တိုင်းလုံးကျော်လည်း လိုက်ရပ်၏။

"ဟယ်ရီတန်ပေါ့ကွာ"

တိုင်းလုံးကျော် ကြားဖူးသော်ငြား ရေရေရာရာမသိချေ။ သို့ကြောင့် "ထောင်ထဲမှာ သတင်းစာမဖတ်ရဘူးအစ်ကို၊ ပြောပါဦး" ဟု ဆို၏။

"သာနဲ့ စံပြထောင်တွေမှာ ရေဒီယိုထားပေးသယ်၊ သတင်းစာ ဖတ်ရသယ်ဆိုကွ"

"စံပြထောင်ဆိုလို့ ပြောရဦးမယ် အစ်ကိုရေ့။ ကျွန်တော်တို့ ဆယ်ယောက် မကွေးထောင်က သာယာဝတီကိုပို့တော့ ဟန်သာပဲ။ စံပြထောင်မှာ ဒိမ်နဲ့နေရတော့မှာပဲ၊ ဝမ်းသာလို့ပေါ့"

"ကဲပါ။ ထိုင်ပြီး ပြောလည်း ရပါသယ်"

ထမင်းပွဲဘေးတွင် ရပ်နေသဖြင့် မကြည်လှက ယပ်တောင်နှင့်ရိုက်ပြီး အထိုင်ခိုင်းခြင်းဖြစ်၏။

"အဲ ရောက်လည်းရောက်ရော အစ်ကိုရေ့။ ဘူးဝမှာကို ဘီလူးနဲ့ တွေ့တော့သာပဲ အစ်ကိုရေ့"

"အဲသည်စံပြထောင်က နားပင်းပြီး ထွက်လာသူ၊ ဦးနှောက်ပျက်ပြီး ထွက်လာသူနှစ်ယောက် တွေ့ဖူးသကွ။ အင်း၊ မောင်ရည်အောင်နဲ့ မြဝဇီ၊ အဲ ဆက်ပါဦး။ စားလည်း စား၊ ပြောလည်းပြောကွာ"

"အထဲမှာ စာတန်းကြီး ရေးထားသလေ။ ဝါဒါက "ဘာရေးထားသလဲ၊ ဖတ်စမ်း။ ကျယ်ကျယ်ဖတ်"တဲ့၊ ခိုင်းသဗျ။ အပြင်မှာ ဘယ်လောက်ပဲ

သေရဲသောအလံနီ၊ ဘာမထိသာ တပ်နီဟော့အော်ခဲ့ပေမယ့် သူ့လက်ထဲမှာ တော့ ထောင်သားပဲကိုး အစ်ကိုရ။ ခိုင်းသဲ့အတိုင်း အော်ဖတ်ရသာကိုး”

ရန်ကြီးအောင်သည် တို့ကနန်း ဆိတ်ကနန်းသာစားပြီး ညီ၏ ထမင်း ပန်းကန်ထဲသို့ ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ပုံထည့်ပေး၏။ “စားလကွ၊ စားလကွ။ စားလည်းစား ပြောလည်းပြော” ဟု ဆို၏။

သားများသည် ယပ်တောင်ကိုယ်စီဖြင့် ယပ်ခတ်ပေးနေကြ၏။ အေးစုအောင် သားအမိကား ဝင်သွားလိုက်ထွက်လာလိုက် ရပ်နားထောင်လိုက် လုပ်နေကြ၏။

“ဤထောင်သည် စံပြထောင်ဖြစ်၏။ အကျဉ်းသားများအား မညှဉ်း ဆဲရလို့လည်း အော်ပြီး ဖတ်လိုက်ရော နောက်ကနေ နောက်စေ့ကို ဝါးရင်း တုတ်နဲ့ ရိုက်တော့သာပဲ အစ်ကိုရေ့။ တစ်ချက်တည်း သတိလစ်သွားသူ ရှိသယ်၊ တချို့ ကုန်းကုန်းကြီး။ အဲသာ ထပ်ကန်၊ ထပ်ရိုက်။ အခဲမကျေသဲ့ အမုန်း သံသရာရှည်ပြီပေါ့”

ရန်ကြီးအောင် ခေါင်းတညိတ်ညိတ်ဖြင့် တမင်းဝါးနေသဖြင့် တိုင်းလုံးကျော်သည် ထမင်းသုံးလေးလုတ် ဆက်တိုက်ခွံ့ပြီးမှ သူ့စကားကို အနားသတ်၏။

“ပုဒ်မ ၅ တွေပြောသံ ဟယ်ရီတန်ပဲ ကြားဖူးပါသယ်။ သူတို့တောင် သတင်းစာကို တစ်ခါတစ်ရံမှ ဖတ်ရသာ”

“သလိုကွ။ ခုနစ်တန်းကျောင်းသားတွေရဲ့ စာမေးပွဲစစ်နေတုန်းမှာ တစ်နေ့တော့ မြန်မာစာထင်ပါရဲ့။ ဗမာ့ခေတ်သတင်းစာထဲမှာ ပါလာပါလေ ရောဟေ့။ သိသဲ့ကလေးသိ။ မသိသဲ့ကလေး မသိဘူးပေါ့ကွာ။ ဖြေနေတုန်းမှာ သည်စာမေးပွဲ ဖျက်သိမ်းသယ် ကြေငြာသဲ့အတွက် ကျောင်းသားတွေ သတင်းစာတိုက်ကို ဝိုင်းသာကွ”

ယခုအလှည့်တွင် ခေါင်းတညိတ်ညိတ် နေရသူက တိုင်းလုံးကျော်။

"လက်ပစ်ဗုံးနဲ့ အပစ်ခံရသာလည်း သည်ဗမာ့ခေတ်ပဲမဟုတ်လား"

မကြည်လှက ဝင်မေးသဖြင့် ရန်ကြီးအောင်ခေါင်းညိတ်ပြ၏။

"အစစ်ပေါ့။ ကျောင်းသားတွေက ရိုးရိုးဝိုင်း ရိုးရိုးအော်ပေမယ့် တချို့ကတော့ ဝင်းထဲဝင်ဖို့၊ဝင်းတံခါးဖျက်ဖို့ ကြိုးစားသပေါ့လေ။ ရကသ၊တကသ ကျောင်းသားကြီးတွေ ပါလာရင် ကြီးကျယ်လာတော့မှာမို့ ချက်ချင်းလူစုခွဲပစ်သာ။ အဲ မြေကြီးပေါ် ရှပ်ပစ်သွဲ့ကျည်ဆန်ဟာ ထိရင် ခြေထောက်ပဲ ကျိုးနိုင်သပေမယ့် ဟယ်ရီတန် ကံဆိုးချင်တော့ ရင်ဘတ်ကိုထိပြီး သေရှာပါလေ ရောဟေ့"

"ရွှေးကောက်ပွဲကလည်း သိပ်မလိုတော့သဲ့အချိန်"

မကြည်လှက ဖြည့်စွက်ပေးပြန်၏။

"ဟုတ်သယ် ဟုတ်သယ်။ ရကသတချို့ရောက်လာပြီး သွေးစွန်းအဝတ်ကို အလံထူ၊ အဆောင်းထမ်းပြီး မြို့လှည့်ပေမယ့် ဖဆပလနဲ့ ရဲတွေက အလောင်း ဆေးရုံရောက်အောင် ဝိုင်းလုပ်သာနဲ့ ပျက်ပြယ်ပြယ်ဖြစ်သွားပေမယ့် မအေးဘူး။ တော်တော်ကြာ ဘာဖြစ်မှတုန်း၊ နက်ဖြန်ပဲ တိုင်းပြည်ပျက်မလားပေါ့"

"သမီးတို့လည်း တထိတ်ထိတ်ပဲဖေဖေ"

အေးစုအောင်က မီးဖိုဆောင်တံခါးဝမှ လှမ်းပြောသည်။

"ရေဒီယိုဘေးမှာ လူတွေအုံနေသာပေါ့။ ငါက အယ်ဒီတာ မဖြစ်သေးဘူး၊ သတင်းထောက်ပဲ ရှိသေးသယ်။ ထမင်း ဘယ်မှာနေမှန်း မသိဘူး။ သတင်းလိုက်နေသာ။ အဲ 'တစ်တိုင်းတစ်ပြည်လုံးရှိ ခုနစ်တန်းကျောင်းသားအားလုံးကို အအောင်ပေးလိုက်သည်' လည်း ရေဒီယိုက ကြေညာရောအတိုက်အခံတွေ ပက်လက်လန်သာပဲ"

"သားတော့ မကြိုက်ပေါင်"

ရန်လင်း၏ အသံဖြစ်သည်။

**ပုဂံစာအုပ်တိုက်**

"အဓိကဖြစ်သဲ့ကျောင်းသားကလေးတွေ ငြိမ်ကျသွားတော့ သည့်ပြင်ဘေးလူတွေ အဝင်ရခက်ကုန်သာပေါ့။ ငါလည်း တက္ကသိုလ်ဘက်က သတင်းကို တိုက်လည်း ပြန်ပို့ရော ဆောက်ဒေးပ်က "ဟော့ကောင်၊ မင်း အိမ်ပြန်ပြီး အိပ်ရာလိပ် အသင့်ပြင်ထား။ မင်းကို ဆွဲလိမ့်မယ်တဲ့။ သာနဲ့ ငါလည်း အိမ်ပြန်ပြီး အသင့်ပြင် စောင့်နေရသာပေါ့ကွာ။ အသင့်ပြင်ဆိုလို့ စကားစပ်မိလို့ပါကွာ၊ ထည့်ပါဦးကွ"

ပြောပြောဆိုဆို တိုင်းလုံးကျော်၏ ပန်းကန်ထဲသို့ ထမင်းလည်း ထည့်၊ ဟင်းလည်း ထည့်ပေးပြီးမှ ပြန်ထိုင်၏။

"ငါ့မလည်း တိုင်းလုံးကျော်ရာ၊ ထစ်ခနဲရှိ ပုဒ်မ ၅။ သဲ့ခနဲကြားရင် ပုဒ်မ ၅။ ကြားရသာ ရိုးနေပေမယ့် ကိုယ့်အိမ်ကလူ အဖမ်းခံရမယ်ကြားတော့ ငိုလိုက်ရသာဟယ်။ ငါကသာ ငိုပေမယ့် အဖမ်းခံရမယ့်လူက အပြုံးတောင် မပျက်ဘူးတော့်"

"အပန်းဖြေရ၊ အနားရသာပေါ့ကွာ"

"ဟယ်ရီတန်နဲ့ အစ်ကိုနဲ့ ဘာဆိုင်လို့တုန်းဗျ"

"ဗမာ့ခေတ်မှာ ပါသဲ့ ကွက်ရှင်ဟာ ငါယူလာသာ။ ငါ့သတင်းစာ ဟံသာဝတီက မထည့်သဲ့အတွက် ငါက ဗမာ့ခေတ် သွားပေးသာ။ ငါ ဘယ်သူ့ဆီက ရသတုန်း အရင်းအမြစ်သိချင်လို့ဆွဲသာ။ ဒါပေမယ့်၊ ဆွဲ မောကြီးဖြစ်သွားသာပေါ့။ ဟုတ်မှ မဟုတ်သာကြီး"

"ဘယ်ထောင်မှာ နေရတုန်းအစ်ကို။ နှိပ်စက်သေးလား"

"ဘားလမ်းမှာတစ်ပတ်၊ ရန်ကုန်ထောင်မှာ အင်း....တစ်ပတ်ပါပဲလေ။ တခြားပုဒ်မ ၅ ကို နှိပ်စက်ချင် နှိပ်စက်မယ်။ သတင်းထောက်ကို မနှိပ်စက်ပါဘူး"

သို့စဉ်တွင် မောင်ရန်လင်းက ရေဖန်ခွက်လာကမ်းရင်း မေး၏။

"အဖေ၊ ထမင်းစားလို့ မြိန်ပါရဲ့လားခင်ဗျာ"

"မြိန်သာပေါ့ကွာ။ ဟင်းမပါဘဲ မင်းတို့ မျက်နှာချည်း ကြည့်ပြီး စားရင်တောင် နှစ်ပန်းကန်တော့ ကုန်မှာကွ"

"လွန်လွန်းသနော်၊ မန်းရွှေစက်တော်" ဟု မကြည်လှက သရော်ပြား တိုင်းလုံးကျော် မကြားယောင်ဆောင်ကာ ဆက်ပြော၏။

"ငါ့သားတွေကြည့်ရသာ ကျက်သရေရှိလွန်းလို့ပါ"

"အသားလည်း မရဘူး၊ အရိုးလည်း မရဘူးနော်"

မကြည်လှ ဝင်ပိတ်သော်လည်း စကားက မပြတ်။

"သည်အထဲ ဟင်းတွေကလည်း အကောင်းချည်းပဲကိုး။ ငါးရံ့ ခြောက် ဆီပြန်ချက်တဲ့။ တစ်သက်နဲ့တစ်ကိုယ် သည်တစ်ခါပဲ စားဖူးသယ်။ ငါ့သမီးနဲ့ ငါ့မရီးကလည်း လက်ရာမြောက်ပေသကိုး"

"ဘဒွေးမြှောက်ပေမယ့် လက်ဖက်ပဲရတော့မယ်ရှင့်"

အေးစုအောင်က လက်ဖက်အစ်ကို လာချရင်း ဆိုသည်တွင် မကြည်လှက "အဲသည်ငါးခြောက်က ကျုပ်တို့အစွမ်းနဲ့ စားရသာ မဟုတ်ပါ ဘူးတော်။ တော်တို့ညီ စစ်ဗိုလ် မနေ့က လာပေးသွားလို့ပါ" ဟု လှမ်းပြော သည်။

"သည်ကောင် စံသာဦး ဂျပန်ခေတ်မှာ ဗိုလ်သင်တန်း မီသေးလား အစ်ကို"

"ဘယ်မီမှာတုန်းကွာ။ ဖက်ဆစ်တော်လှန်ရေးကျတော့မှ တပ်ထဲပါ သွားသာ၊ အင်္ဂလိပ်လက်ထက် တပ်တွေပြင်ဖွဲ့တော့မှ သည်ကောင် ဆာဂျင်ပဲ ရှိသေးသာ။ ထွက်တိုက်လိုက်၊ ဒဏ်ရာရ ဆေးရုံတက်လိုက်။ အနာ ပျောက်ရင် ထွက်တိုက်လိုက်၊ သင်တန်းတက်လိုက်၊ တိုက်လိုက် ဒဏ်ရာ ရလိုက်နဲ့ ကပ္ပတိန်ဖြစ်လာသာ"

"ရသဲ့ရာထူးနဲ့ လုပ်ရသာနဲ့ မကာပါဘူးတော်"

ထိုစကားကြောင့် မရီးအား တိုင်းလုံးကျော် လှည့်ကြည့်၏။

**ပုဂံစာအုပ်တိုက်**

"စစ်သားအလုပ်ဟာ စာရေးစာချီလို အသက်မွေးဝမ်းကျောင်းအလုပ် မဟုတ်ဘူး။ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ပေးပြီး ဆောင်ရွက်သဲ့ အကြီးကျယ်ဆုံး ပရဟိတလုပ်ငန်း။ စီးပွားရေးမျက်စိနဲ့ ကြည့်ရင်တော့ တစ်စက်မှ တွက်ခြေမကိုက်ဘူး"

"အေးကွ။ အဲသာ အလွန်မှန်သဲ့စကားပဲ။ ဘာကြောင့်တုန်းဆိုတော့ ငါတို့ညီ စံသာဦးကိုကြည့်။ မသေလို့ဗိုလ်ကြီးဖြစ်လာပေမယ့် ဆေးရုံ အကြိမ် နှစ်ဆယ်တက်ပြီးပြီ။ အဲသည်ထဲမှာ လေးကြိမ်ခွဲစိတ်ရသယ်။ အမာရွတ် မရှိသဲ့နေရာ ပြပါဆိုရင် ရှာလို့မလွတ်ဘူး။ သာတောင် ပေါင်ထဲမှာလား၊ ကျောမှာလား မသိဘူး ခွဲမထုတ်ရသေးသဲ့ဟာတွေ ရှိသေးသယ်"

သို့စဉ်တွင် တိုင်းလုံးကျော်သည် သူနှင့် ရန်ကြီးအောင်၏ကြားတွင် ရပ်ကာ ထမင်းစား စားပွဲကိုမှီလျက် ရပ်နေသော သားနှစ်ယောက်အား ကောက်ကာငင်ကာ မေးလိုက်၏။

"သားတို့ ဘွဲ့ရပြီးရင် ဘာလုပ်မယ် စိတ်ကူးကြသတုန်း"

"စစ်ထဲဝင်မယ်ခင်ဗျာ"

"ဗိုလ်သင်တန်းတက်မယ်ခင်ဗျာ"

ရန်ကြီးအောင်သည် လက်ဖက်အုပ်ဆီသို့ ရောက်လာသောလက်ကို လေထဲတွင် တန့်ရပ်လျက် မီးဖိုခန်းတံခါးဝသို့ စိုးရိမ်တကြီးလှမ်းကြည့်၏။

မှန်သည်။ သူစိုးရိမ်လျှင်လည်း စိုးရိမ်လောက်၏။ ပြုံးပြုံးရွှင်ရွှင် ထွက်လာသော မကြည်လှ၏ ညိုညိုညက်ညက် မျက်နှာကလေးမှာ ရုတ်တရက် မည်းချိပ်သွားလေတော့၏။ သို့ကြောင့် ရန်ကြီးအောင်မှာ ရေနွေးအိုးနှင့် လက်ဖက်အုပ်ကိုကောက်ယူကာ "လာဟေ့လာဟေ့၊ သူတို့ထမင်းစားဖို့ တို့က ဖယ်ပေးရအောင်။ လာ အိမ်ရှေ့သွားကြစို့" ဟု ခက်ထန်သော တုံ့ပြန်မှု ဖြစ်ပွားမလာမီ တိုင်းလုံးကျော်ကိုခေါ်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့လေ၏။

## ပုဂံစာအုပ်တိုက်

# ၄

တိုင်းလုံးကျော်မှာ အစရှာမရသော သားများနှင့် အစ်ကိုများကို တွေ့ရသဖြင့် စိတ်အားရော ကိုယ်အားပါ ကျန်းခဲ့သာ၏။ တက်ကြွ၏။ သို့သော် သားနှစ်ယောက်ကို ရင်အုပ်မကွာ ခေါ်ထားချင်သော ဝေဒနာဖြစ်ပေါ်လာ၏။ ခေါ်ထားနိုင်သော အခြေအနေမရှိကြောင်း သိသောအခါ ဝေဒနာတွင် ဝေဒနာသစ် ထပ်ဆင့်၏။

သူသည် ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်မှ ထွက်ရန် စိတ်ကူးကြည့်၏။မင်းစေမှုသာရနိုင်သော အတန်းပညာဖြင့် လခစားလုပ်ရန်မဖြစ်နိုင်။ ကိုယ်ပိုင်လုပ်ငန်း ဘာလုပ်မည်နည်း။ မုန့်လက်ဆောင်းရောင်းမည်လော၊ မုန့်ဟင်းခါး ထမ်းရောင်းမည်လော။

တိုင်းလုံးကျော် အတွေးဖြင့် ဗျာများနေစဉ် တပ်စိတ်မှူးမှ တပ်စုမှူးသို့ ရာထူးတိုးမြှင့်သော အမိန့်စာထွက်လာ၏။ ကော်လာတွင် ဝလုံးနှစ်လုံး တပ်ရာမှ ကြယ်ပွင့်တစ်ပွင့် တပ်ရမည်မို့၊ လခတစ်ဆယ်တိုးမည်မို့ ဝမ်းသာရပြား

တိုင်းလုံးကျော်အတွက် ဝမ်းသာသက် မရှည်ပါ။ ခုနစ်ရက်မျှအကြာတွင် သတင်းဆိုးကြီး ထွက်လာ၏။

"ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ် ဖျက်သိမ်းတော့မည်"

ဖဆပလအစိုးရက ဖျက်သိမ်းခြင်းမဟုတ်။

အိမ်စောင့်အစိုးရက ဖျက်သိမ်းရန် စီစဉ်ခြင်းဖြစ်၏။

အာဏာရ ဖဆပလအဖွဲ့မှ ပဲ့ထွက်လာသော အာဏာမဲ့ တည်မြဲဖဆပလသည် မြေပေါ်ဆူပူမှုများလုပ်ကာ သန့်ရှင်းဖဆပလအား အကျပ်ကိုင်သည်။ သန့်ရှင်းဖဆပလဥက္ကဋ္ဌ ဦးနုသည် လုပ်ဖော်ကိုင်ဖက်ဟောင်းများ ငြိမ်ဝပ်သွားအောင် မလုပ်ရက်ပေ။ ခါးပိုက်ဆောင် ကာကွယ်ရေးအဖွဲ့၊ ပျူစောထီးတပ်များပါ လိုက်ပြီးကွဲနေရာ ပြည်တွင်းစစ်အသစ် အဖြစ်မခံလိုပေ။

သို့အတွက် တိုင်းသူပြည်သားတွေ မည်သူ့ကို လိုလားသနည်း။ ရွေးကောက်ပွဲဖြင့်မေးလိုသည်။ ရွေးကောက်ပွဲကိုလည်း ကိုယ်တိုင် မကြီးကြပ်လိုပေ။ သို့အတွက် သမာသမတ်ကျမည့် တပ်မတော်သို့ အိမ်စောင့်အစိုးရအဖြစ် အာဏာလွှဲပေးလိုက်သည်။

အိမ်စောင့်အစိုးရသည် အာဏာရာဇပလ္လင်ပေါ်သို့ အမြိန့်သား တက်ထိုင်မနေချေ။ သူ့မူ၊ သူ့ဟန်အတိုင်း စနစ်ကျမကျ၊ စည်းကမ်းရှိမရှိ၊ စီးပွားရေးလုပ်ငန်းဆိုလျှင် တွက်ခြေကိုက်မကိုက် ကြည့်တော့သည်။ ဤအခါတွင် စစ်သား၏ မျက်လုံးထဲသို့ ကန့်လန့်ကြီးဝင်လာသောအရာမှာ ပြန်လည်ထူထောင်ရေးဝန်ထမ်းတပ်၊ ကျူးကျော်တဲများ၊ ကွက်သစ်များ၊ ပမညတ။

ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်။

တပ်သားများသည် ယူနီဖောင်းဝတ်၏။ ယူနီဖောင်းဝတ်လျှင် တပ်သဘောဆောင်၏။ တပ်သဘောဆောင်လျှင် စည်းကမ်းရှိရမည်။ စည်းကမ်းရှိသည်ဟု ပြောရန် ခက်လှပါဘိတောင်း။

**ပုဂံစာအုပ်တိုက်**

တပ်သဘော မဆောင်လျှင် စီးပွားရေးသဘော ဆောင်သလော။

သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံကို တည်ဆောင်နိုင်ခဲ့သလော။ လမ်းအသစ်မည်မျှ၊ တံတားမည်မျှ တည်ဆောက်ခဲ့သနည်း။ တစ်နှစ်လျှင် အမြတ်ငွေမည်မျှကို နိုင်ငံအတွက် ရှာပေးခဲ့သနည်း။ ရှာပေးနိုင်သော အင်အားကြီးဖြစ်ခဲ့သော် စည်းကမ်းတကျဖြစ်အောင် ပြုပြင်မည်။

စစ်ဗိုလ်တွေ အကောင်းရှာသည်။ အကောင်းမတွေ့။ အကောင်းဆုံး နည်းလမ်းကို ကြံဆကြသည်။ အကောင်းဆုံးနည်းကား တပ်အမည်ခံ စည်းမဲ့ကမ်းမဲ့ လူအုပ်ကြီးကို ဖျက်သိမ်းပစ်ရန်သာဖြစ်သည်။ ဤနည်းဖြင့် ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်မှာ ခန္ဓာကြွေရတော့မည်။

ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်က 'အာဏာလွှဲပေးခြင်းပါ' ဟု ပြောနေပါလျက်က အတိုက်အခံများကမူ အာဏာသိမ်းသယောင် ပြောနေကြ၏။ ကွက်သစ်များ ကျူးကျော်တဲများကို မည်သည့်နေ့ နောက်ဆုံးဖျက်ပြီး မည်သည့်နေ့ နောက်ဆုံးထားကာ သတ်မှတ်နေရာသို့ ရောက်ရမည်ဟူသည့် အမိန့်ကလည်း ခံပြင်းဖွယ် ကောင်းလှပါဘိ။ လူစုပြီး ဝန်ကြီးချုပ်အိမ်ကို ဝိုင်းအော်နိုင်ခွင့်လည်း မရှိတော့ပြီ။

သို့အတွက် ဦးနုဦးဆောင်ပြီး ဘုရားပေါ်တက်ကာ မေတ္တာပို့ ဆုတောင်းပွဲလုပ်သည်။ ဤသည်ကိုပင် 'ဒါဟာ ကျုပ်တို့ကို ဆဲတာ' ဟု မလိမ္မာသူအချို့က ပြောသောအခါ 'အာဏာသိမ်းတာ' ပြောသံမှာ ပိုမို ကျယ်လောင်လာ၏။ သံသယဝင်သူက ဝင်လာ၏။

ထိုအခါ ပမညတတွေကို ဖမ်းကာ ကိုကိုးကျွန်းသို့ပို့တော့သည်။ အလုပ်သမား၊ လယ်သမားပါတီ (ဆိုရှယ်နီ) နှင့် ပြည်သူ့ရဲဘော်ပါတီမှ အများဆုံးဖြစ်သည်။ ပြည်သူ့ရဲဘော်များမှာ လက်နက်မချမီက တောထဲတွင် လက်နက်တွေဝှက်ထားခဲ့မှု၊ ဓမ္မန္တရာယ်ဝေါဟာရဖြင့် ချေမှုန်းမှုတို့ကြောင့် အထိနာကြချေသည်။

## ပုဂံစာအုပ်တိုက်

သာကေတနှင့် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ မြို့သစ်များသို့ ပြောင်းရွှေ့အပေးခံရသူများမှာ ပေလေးဆယ်ခြောက်ဆယ် မြေကွက်များ ရကြပြီး မကျေနပ်ကြပါ။ ရေမီးနှင့် လမ်း၊ သယ်ယူပို့ဆောင်ရေး မည်သည့် အရာမျှ အသင့်မရှိပါဘဲလျက် ခေါင်းငုံ့ပြီး ပြောင်းလာကြရသောကြောင့် ဖြစ်သည်။

အသစ်တက်လာသော မြို့တော်ဝန်က ပြောပါ၏။ မီးဘေးအန္တရာယ် ထူပြောသော ကွက်သစ်များ၊ မြို့တော်၏အသရေကို ဖုက်နေသောကွက်သစ် များကို စနစ်တကျ နေရာချထားပေးသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည်။ မီးဘေးအန္တရာယ်လျော့ပါးသွားသည်။ မြေကို အပိုင်မရငြား နေစရာ မြေ ရကြပြီ။ အိုးပိုင်အိမ်ပိုင်၊ ကိုယ့်ဝင်းကိုယ့်ခြံနှင့် နေကြရပြီ မဟုတ်သလော။

သို့သော် မကျေနပ်ကြပါ။ ကျေနပ်သူများ ရှိသော်ငြား မကျေနပ်သူ များအား ပါးစပ်ပိတ်အောင် မတတ်နိုင်ပါ။

ညနေစောင်းလျှင် ရောက်ရာဘူတာ၌ ဝင်ရောက်အိပ်စက်ရသော မီးရထားများ မန္တလေးနှင့် ရန်ကုန် နေ့ချင်းရောက် ပြေးဆွဲနိုင်သည်။ ဤ ကောင်းကွက်ကိုလည်း အချို့သော ကုန်ပစ္စည်းများ ဈေးတက်ခြင်းက ဖုံးလွှမ်းသွားသည်။ ဈေးတက်ခြင်းမှာ ဈေးနှုန်းကန့်သတ်၍ ဖြစ်သည်။

ကျူးကျော်အဆောက်အအုံများ၊ ကွက်သစ်များကို ဖျက်သိမ်း ရွှေ့ပြောင်းခြင်းမှာ ရန်ကုန်တစ်မြို့တည်း မဟုတ်ပေ။ မဟုတ်သော်ငြား ရန်ကုန်တွင် မြို့သစ်များ ပေါ်ပေါက်လာသည့်အတွက် ဖြစ်ပေါ်လာသည့် အခက်အခဲကား ဘတ်စ်ကား အခက်အခဲပေတည်း။

ဘတ်စ်ကားများ၏ အမှတ်အသားမှာ အရုပ်များဖြစ်၏။ ယခု အရုပ် များနေရာတွင် မြန်မာဂဏန်းများ ရေးထိုး၏။ မြင်းတံဆိပ်ကို '၁'၊ ဆင် ဘဲဆိပ်ကို '၅'၊ ဗြဟ္မာတံဆိပ်ကို '၉'စသည်ဖြင့်။ ပွတ်သိပ်နေရာမှ ကျဲပြန့် သွားသော လူများကို ဂဏန်းတပ်သောကားများနိုင်အောင် မပို့ဆောင်နိုင်ပြီ။

**ပုဂံစာအုပ်တိုက်**

မည်သို့ဖြစ်စေ အိမ်စောင့်အစိုးရကား ရွေးကောက်ပွဲတွင် မဲမရမည်ကို ကြောက်ရွံ့ရသူမဟုတ်။ မည်သူ့ကိုမျှ မျက်နှာချိုမသွေး။ သို့ကြောင့် ခြုံသံ တလွင်လွင်၊ ခွာသံတညင်ညင်ဖြင့် ပြေးဆွဲနေသော မြင်းလှည်းများကို ရန်ကုန် ဇရိယာမှ ဖယ်ရှားပစ်သည်။ မြင်းလှည်းနေရာတွင် ဘီးသုံးခုတပ်သော သုံးဘီးကားငယ်များကို အစားထိုးသည်။

မြင်းလှည်းများပြေးဆွဲသော လမ်းကြောင်းတွင် အသုဘချလျှင်ပင် ခေါင်းတင်ကားမှအပ မြင်းလှည်းဖြင့်ချရသည်။ မြင်းလှည်းကို ဘတ်စ်ကား လည်း အန်မတုရဲ။ ထိုသို့ လူထုကို ခါးစောင်းတင်ပြီး ရဲကို အိတ်ထဲထည့် ထားခဲ့သော မြင်းလှည်းအစိုင်အခဲကြီးမှာ ဝန်ကြီးချုပ်အိမ်ကိုလည်း ဝိုင်းခွင့် မရ၊ ဆန္ဒပြခွင့်လည်း မရဖြင့် ပြိုကွဲသွားလေ၏။

အိမ်စောင့်အစိုးရကား နောင်ဆယ်နှစ်ကြာမှ ကျေးဇူးတင်ခံရမည့် အလုပ်ကို လက်ငင်းအဆဲခံပြီး လုပ်နေခြင်းဖြစ်၏။ သို့ကြောင့် လက်ငင်း အချိန်၌ ကြည်ဖြူသူဟူ၍ မြော်မြင်တတ်သူ အနည်းစုသာရှိသည်။ ထိုအချိန် တွင် အနေမတတ်သူကား တည်မြဲ ဖဆပလပေတည်း။

တိုင်းလုံးကျော်မှာ စုငွေနှင့် ဆုငွေကိုစောင့်ဆိုင်းရင်း တပ်ကိုစွန့်ခွာရန် ပြင်ဆင်နေသည်။ ရန်ကြီးအောင့်အိမ်တွင်နေပြီး ဈေးသည်လုပ်ရအံ့လော၊ တတ်သည့် စာပုံနှိပ်စက်ပညာကို အသုံးချကာ ဝါသနာပါရင်းစွဲ စာပေနှင့် နီးစပ်သော စာအုပ်တိုက်၊ မဂ္ဂဇင်းတိုက်များတွင် ဝင်ရောက်တွယ်ကပ်ရ အံ့လော။

အချိန်ရှိသရွေ့ အတွေးတိမ်တဲခွန် လွှင့်နေစဉ် စာတစ်စောင် ရောက် လာ၏။

"ညီညီ"

ထိုအသုံးအနှုန်းကို တွေ့ခါမျှဖြင့် တိုင်းလုံးကျော် ထခုန်၏။ ရေထဲ တွင် လက်ပမ်းကျအံ့ဆဲဆဲ၌ မျောလာသော သစ်တုံးကြီး။ ထိုသို့ သူ့အား

ခေါ်လေ့ရှိသူမှာ သွေးသောက်စုရှာကိုပြာကျအောင် ညီအစ်ကိုချင်း ဆိုင်ပြိုင်တိုက်ခိုက်ခဲ့သော အစ်ကို ကိုကောင်းစံမှလွဲ၍ မည်သူဖြစ်နိုင်ပါမည်နည်း။

"ကိုကိုတို့၊ ပြည်မြို့ကမ်းနားတန်းမှာ ပွဲရုံဖွင့်ထားရာက စာအုပ်ကိုယ်စားလှယ်အလုပ်ပါ တွဲလုပ်သည်။ အစကတော့၊ စာရင်းပေးထားသူတွေအိမ်ကို လိုက်ပို့ပေးတာပဲဖြစ်သည်။ ယခုတော့ ဆိုင်ဖွင့်ပြီး ကောင်းနိုးရာရာ စာအုပ်တွေတင်ထားသည်။

ညီညီ့လိပ်စာကို အစ်ကိုကြီးထံမှရသဖြင့် စာရေးလိုက်ခြင်းဖြစ်သည်။ ရန်ကုန်ကို တစ်လတစ်ခေါက် ဆင်းနေကျဖြစ်ပေမယ့် 'တည်'တွေ့ကျနေ၍မဆင်းနိုင်။ ရှေ့လထုတ် သွေးသောက်မဂ္ဂဇင်းနှင့် မြဝတီမဂ္ဂဇင်းတို့တွင် ကိုကို့ဝတ္ထုတိုလေးတွေ ပါလိမ့်မည်။ စာမူခ ထုတ်ပေးစမ်းပါ။ လွှဲစာနှစ်စောင် ပူးတွဲပေးပို့လိုက်သည်။

မဂ္ဂဇင်း နှစ်တိုက်စလုံးဟာ ဗိုလ်ချုပ်လမ်းနှင့် အနော်ရထာလမ်းကြားမှာချည်းဖြစ်သည်။ သွေးသောက်မဂ္ဂဇင်းက ၄၈ လမ်းမှာ။ မြဝတီမဂ္ဂဇင်းက ၃၂ လမ်းထဲမှာ။အယ်ဒီတာအဖွဲ့က အပေါ်ထပ်မှာရှိသည်။မိုးရည်တွေစိုနေသည့်အခါ သစ်သားလှေကားက ချော်ကျတတ်သည်။ သတိထားပြီးတက်၊ လက်ရမ်းကို ကိုင်ပြီးဆင်း။

ညီညီ။

မင်းတို့တပ် ဖျက်သိမ်းမယ်လို့ သတင်းစာထဲမှာတွေ့သည်။ ရန်ကုန်မှာ ယောင်ခြောက်ဆယ်ဖြစ်နေရင် ကိုကို့ဆီလာခဲ့။ အချိန်ရှိသည့်အခိုက် အိမ်ထောင်ပြုချင်လျှင် ကိုကို ရှာပေးမည်။ ညီညီ့မရီးနှင့် တူ၊ တူမများ ကျန်းမာပကတိ ချမ်းသာစွာရှိကြ၏။ ညီညီလည်း ကျန်းမာရေးကို ဂရုစိုက်ပါ။

ချစ်သောကိုကို
ကောင်းစံ

**ပုဂံစာအုပ်တိုက်**

တိုင်းလုံးကျော် ပျော်သွားသည်။

စာကို နောက်ထပ်တစ်ခေါက် ထပ်ဖတ်ပြန်သည်။ အပျော်တွင် အမြူးဆင့်ပွားရပြန်သည်။

'ကြည့်စမ်း။ ငါက ဟံသာဝတီ တနင်္လာအထူးထုတ်မှာ တစ်ပုဒ်မှ အရွေးမခံရသေးဘူး။ သူက မဂ္ဂဇင်းကြီးတွေမှာ တက်ကြွတ်နေပါကလား။ နေပါဦး သူ့ ကလောင်နာမည်

လွှဲစာကို ဖြန့်ကြည့်သည်။

'ငမိုးကောင်း (သွေးသောက်ကြီး) ဆိုပါကလား။ ဘကို ဂုဏ်ပြုသဲ့ နာမည်ပါကလား'

ပျော်ရွှင်ခြင်း၊ မြူးထူးခြင်းတို့ စံမြန်းနေသော တိုင်းလုံးကျော်၏ နှလုံးအိမ်တွင်းသို့ ကြည်နူးခြင်းသည် စီးဝင်လာ၏။ ကိုကောင်းစံ၏ စာများကို လက်တွင်ကိုင်လျက် တန်းလျားအမိုးကို မော့ကြည့်နေမိ၏။

"ဗိုလ်မင်းနိုင်၊ တပ်ခွဲရုံးမှာ ငွေလာထုတ်ပါတဲ့"

တပ်စိတ်မှူး အကြီးမောင် ခြေရင်းမှာလာရပ်ပြီး ပြောသည်။ တိုင်းလုံးကျော်၏ စိတ်လေစီးကြောင်းရပ်တန့်၏။ "အေး အေး" ဆိုကာ ဖက်လက်စ စာရွက်တွေကို အိတ်ထဲသို့ထည့်ကာ ဆင့်ပေါ်မှ လျှောဆင်းသည်။ တန်းလျားထိပ်ရှိ တပ်ခွဲရုံးသို့ ပြေးခဲ့သည်။ နာရီကို ကြည့်သည်။ နေ့လယ် ၁ နာရီ။

'ကိုကို့ငွေ သွားထုတ်ဖို့ မီမှ မီပါဦးမလား'

စာရူးတစ်ယောက်အတွက် စာပေမဂ္ဂဇင်း တိုက်တစ်တိုက်သို့ သွားရောက်ခွင့်ရခြင်းထက် အခြား မည်သည့်အရာကမျှ ပိုမိုတန်ဖိုးမရှိချေ။ သို့ကြောင့် ရုံးခန်းထဲ ဝင်မိလျှင်ဝင်မိချင်း "ဗိုလ်ကြီး၊ ကျွန်တော် ရန်ကုန်ကို သွားစရာရှိလို့" ဟု ခွင့်တောင်းရန် စကားစသည်။

တပ်ခွဲမှူး ပါးစပ်ဖြင့်မပြော။ ရုံးအုပ်စားပွဲကို လက်ညှိုးထိုးပြသည်။

**ပုဂံစာအုပ်တိုက်**

ဘိုင်းလုံးကျော်သည် အခါမလပ် ငွေလိုနေသူဖြစ်ငြား လောလောဆယ်တွင်ကား ငွေရရန်ထက် မဂ္ဂဇင်းတိုက်များသို့ သွားရရေးသာ အားသန်နေ၏။ သို့ရာတွင် သူ့ဆန္ဒကို အတင်းမျိုသိပ်ထားရသည်။

"အပြင်သွားဖို့ကို ခဏဘေးဖယ်ထား။ မောင်ရင့်တပ်စုက ရဲဘော်တွေ ပစ္စည်းအပ်ရမယ်။ ပစ္စည်းအပြည့်အစုံ အပ်နံ့သူမှသာ ရသင့်ရထိုက်တဲ့ ငွေကို ပေးမယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

သူ ထွက်ခွာရန် အလေးပြုသည်။

အလေးပြုဆဲ၌ သူ့အာရုံ ပြောင်းလွဲသွားပြီ။ သူ့ရဲဘော်တွေတွင် မည်သည့်နည်းဖြင့်မျှ တပ်ပစ္စည်းများ အပြည့်မရှိနိုင်။ ထမင်းဆိုင်နှင့် လက်ဖက်ရည်ဆိုင်တွင် ပေါင်နှံထားကြလိမ့်မည်။ မည်သို့လုပ်ရပါမည်နည်း။

"အချိန်တစ်နာရီ ပေးမယ်"

"ဗိုလ်ကြီး။ တစ်နာရီအတွင်းမှာ ရဲဘော်တွေ ပစ္စည်းစုံမှာမဟုတ်ဘူး"

"မစုံတဲ့လူ တပ်ခွဲတန်းစီပြီးမှ ဆက်ပြီး ပစ္စည်းအပ်ပေစေ။ ဂျူတီအော်ဖစ်ဆာနဲ့ ဂျူတီဆာဂျင် ဘယ်မှာလဲ။ နှစ်နာရီတိတိမှာ တပ်ခွဲတန်းစီရှိတယ်။ ရဲဘော် သွားရှာချေစမ်း။ ဗိုလ်မင်းနိုင် သွားနိုင်ပြီ"

တိုင်းလုံးကျော် သူ့နေရာသို့ အပြ[illegible]ြုးသည်။ တပ်စုတန်းစီရန် အော်ဟစ် အမိန့်ပေးသည်။ တပ်စုတန်းစီ[illegible]ြွင် လူစုံရန်အတွက် ဆယ်မိနစ်ခန့် ကြာမြင့်တတ်ငြား ယခု တစ်မိနစ်အတွင်း လူစုံသည်။ ငွေထုတ်ပေးလိမ့်မည် ကြားသောကြောင့် အသင့်ရှိနေကြခြင်းဖြစ်သည်။

"ရဲဘော်တို့ကို ငွေထုတ်ပေးလိမ့်မယ်။ ငွေအနည်းအများကတော့ မိမိတို့လုပ်သက် အနအရင့်လိုက်ပြီး ကွာခြားလိမ့်မယ်။ အေး၊ တပ်က ထုတ်ပေးထားသဲ့ ပစ္စည်း အပြည့်အစုံအပ်မှသာ ရလိမ့်မယ်။ ပစ္စည်းမစုံသဲ့ ရဲဘော် ထွက်"

ရဲဘော်အားလုံးမဟုတ်သည့်တိုင်အောင် အများစုထွက်လာလိမ့်မည် မျှော်လင့်ငြား နှစ်ယောက်သာ ထွက်လာ၏။ ပူနေသော တိုင်းလုံးကျော်၏ ရင်မှာ အေးချမ်းသွားရ၏။

“အကြီးမောင် တပ်ခွဲရုံးမှာ ပစ္စည်းအပ်ဖို့ ပုံစံစာရွက်တွေ သွားယူ။ တစ်ယောက်ချင်း သေသေချာချာ လက်ခံပြီးဖြည့်။ ကဲ ပစ္စည်းမစုံသဲ့ ရဲဘော်တွေ တစ်နာရီအတွင်း ရွေးစရာရှိသာ သွားရွေးကြ။ ငွေမရှိရင် ငါ့ဆီကယူ။ မှတ်မှတ်ရရလည်း ပြန်ပေးကြ”

“ဘိုင်သမားအချင်းချင်း မပွတ်ပါရစေနဲ့ဗိုလ်ကြီးရာ။ အားနာစရာကြီး”

“အေး၊ တန်းဖြုတ်။ တပ်ခွဲရုံးကို ကောင်းကောင်းမွန်မွန် တန်းစီသွား”

ရဲဘော်များ ဖရိုဖရဲကွဲထွက်သွားသည်။

သူသည် စည်းကမ်းရှိသော စစ်တပ်များမှ လာခဲ့သူဖြစ်သည့် အားလျော်စွာ သူ့တပ်သားတွေကို မကြိုက်ချေ။ သို့ရာတွင် ရှိသမျှတပ်ရင်း အားလုံးနီးပါးမှာ သည်ပုံနှင့်နှင့်ချည်းဖြစ်သဖြင့် စိတ်လျော့ထားသည်။ ယခုလည်း ဖရိုဖရဲ တန်းစီဖြုတ်သည်ကို ကျောခိုင်းထားလိုက်ရလေ၏။

‘အင်း၊ တပ်ဖျက်လိုက်ပြီဆိုတော့ ဘယ်လိုနေလို့ ဘယ်လိုစားကြမှာ ပါလိမ့်၊ ဘယ်ကိုများသွားကြမှာပါလိမ့်။ အထူးသဖြင့် အိမ်ထောင်သည်တွေ’

တစ်ယောက်တည်းပင်လျှင် သုံးစွဲ၍ အလျှင်မမီသော သည်လခဖြင့် အိမ်ထောင်ပြုသူက ရှိသေး၏။ သည်လူတွေကိုယူသော မိန်းမတွေကလည်း ရှိသေး၏။ တိုင်းလုံးကျော်မှာ အနယ်နယ်အရပ်ရပ်သို့ စီးပြန့်ထွက်သွားရမည့် သားတွဲလွဲ၊ မယားတွဲလွဲ ရဲဘော်များအရေးကို တွေးမိသဖြင့် ရင်ဘတ် အထက်ပိုင်းတစ်ခုလုံးပူလောင်၏။ အပူပြင်ကြီးသည် အောက်သို့စီးဆင်း၏။

‘အဲသလို တပ်ကထွက်သဲ့အခါ သောင်ပြင်မှာ ယောင်လည်လည် မဖြစ်ရအောင် ‘စုငွေ’ ကို ဖန်တီးပေးထားသားပဲလေ’

ထိုအတွေး ဝင်လာပါလျက် ရင်အပူမပျောက်။

**ပုဂံစာအုပ်တိုက်**

"ရဲဘော်တို့၊ မိမိတို့ကျရာတာဝန်ကို မခိုမကပ် ကြိုးကြိုးစားစားနဲ့ အလုပ်လုပ်ကြ။ အလုပ်လုပ်လို့ အောင်မြင်လာတာနဲ့အမျှ ရဲဘော်တို့ရဲ့ နေထိုင်မှု အဆင့်အတန်း မြင့်တက်လာလိမ့်မယ်။ ဒါ့ထက်ပိုပြီး အောင်မြင်လာရင် လခပါ တိုးပေးမယ်။ အေး၊ တစ်နှစ်လာလည်း အရှုံးပေါ်၊ တစ်နှစ်လာလည်း အရှုံးပြနေရင်တော့ နိုင်ငံတော်က ကြာရှည် သည်းခံနေမှာ မဟုတ်ဘူး"

. လွန်ခဲ့သော ၂ နှစ်က တပ်ရင်းမှူးပြောသောစကား။

သို့ပါလျက်နှင့် ထူးခြားမလာပါ။ မထူးခြားသော်ငြား ရဲဘော်တွေ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးသည့်အနေဖြင့် အိမ်ထောင်သည်တန်းလျားကို ဆောက်လုပ်ပေးခဲ့သည်။ ကြွက်သိုက်၊ ဝက်သိုက်သာသာ ဓနိမိုး၊ ကြူထရံကာ တဲများတွင် အခကြေးငွေပေးကာ နေကြရရာက သွပ်မိုး ပျဉ်ကာပျဉ်ခင်း တန်းလျားသို့ ရောက်လာကြသည်။ သို့သော်လည်း ရဲဘော်များကား မကြိုးစား။ လာမည့်ဘေးကို မတွေးမျှော်ကြ။ ယခုသော်ကား ခိုကိုးရာမဲ့ကြလေပြီ။

'အေးလေ။ ဘယ်သူမပြု မိမိမှုပဲ။ ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်ကို ဖျက်သာဟာ အိမ်စောင့်အစိုးရလို့ ထင်ကောင်းထင်ကြမယ်။ ဒါပေမယ့် တကယ်ဖျက်သူအစစ်ဟာ ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်သားတွေပါကလား'

ဒုတိယတပ်ခွဲမှူးပင် ရုံးထဲမှထွက်လာပြီ။ ရဲဘော်များမှာ တန်းစီ၍ မပြီးသေး။

၅

မိုးသည် ဖွဲလိုက်၊ သည်းလိုက်၊ နေပူလိုက်ဖြင့် ရန်ကုန်သူ ရန်ကုန်သား တို့အား ကျီစယ်နေသည်။

တိုင်းလုံးကျော်သည် ထီးကိုပိတ်ပြီး မော့ကြည့်သည်။ သူ့ခေါင်းပေါ်တွင် မီးချောင်းဆိုင်းဘုတ် မြဝတီ။ လက်ဝဲဘက်သို့ သူ စောင်းကြည့်သည်။ စေ့ထားသော ဘာဂျာတံခါး၊ လည်ပတ်နေသော စက်သံများ။

စက္ကူအတိုတွေကိုင်ထားသော လက်ပေကြီးနှင့် လူတစ်ယောက် ဆင်းလာသည်။

"မြဝတီမဂ္ဂဇင်းတိုက်ကို ဘယ်လိုသွားရသတုန်း ခင်ဗျာ"

"အပေါ်တက်၊ လက်ဝဲဘက်ကွေ့"

သစ်သားလှေကား၏အောက်ခြေရှိ အုတ်လှေကားပေါ်သို့ တိုင်းလုံးကျော် တက်သည်။ သစ်သားလှေကားကိုတက်ရန် ခြေလှမ်းစဉ် မိန်းမတစ်ယောက် ဆင်းလာသဖြင့် အသာတန့်ရပ်ကာ ဘေးကပ်ပေးသည်။ "အမေ့" ဟူသော

အထိတ်တလန့်အော်သံ ပေါ်လာကာ ဆင်းလာဆဲ မိန်းမ ခြေချော်ကျသည်။ တိုင်းလုံးကျော်က ခါးကုန်းပြီး ပခုံးဖြင့် ခံထားလိုက်သည်။

ချော်ကျလာသူ ရှက်မည်စိုးသဖြင့် တိုင်းလုံးကျော် မကြည့်ပါ။ ကြိမ်လက်ဆွဲခြင်းပြားပြားကလေးကို ကောက်ယူကာ စာအုပ်နှင့် ပိုက်ဆံအိတ်၊ စာရွက်တွေ ထည့်ပေး၏။ "ကျေးဇူးတင်ပါတယ်ရှင်" ပြောသံနှင့်အတူ လက်ဆွဲခြင်းကို ဆွဲယူသွားသည်အထိ ထိုမိန်းမအား မော့မကြည့်မိ။ သို့သော် အရက်ပြေကား ဖာထေးပေးမိ၏။

"ဟုတ်သယ်။ သည်လေ့ကား ချော်သဲ့အကြောင်း ပြည်က လူတောင်သိသယ်"

လေ့ကားမှာ ထီးရေစက်စက်ဖြင့် လူများအဆင်းအတက် ပြုဖန်များသဖြင့် ရွှဲနေသည်။ တိုင်းလုံးကျော်လည်း သတိထားပြီး တက်ခဲ့သည်။ လက်ဝဲဘက်တွင် ကန့်ထားသော အခန်းကလေးတွေကို တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်မေးရင်း မြဝတီ သစ်သားဆိုင်းဘုတ်ရှိသော အခန်းထဲသို့ ရိုးရိုးကုပ်ကုပ်ကလေး ဝင်လာသည်။

လက်ယာဘက်နံရံတွင် စားပွဲကြီးတစ်လုံးရှိငြား ကုလားထိုင်၌ လူမရှိ။ စားပွဲထိပ်တွင်ကား ဗိုက်ပူပူနှင့် ဆေးပြင်းလိပ်ခဲလျက် တစ်ယောက်နှင့် ခေါင်းတုံးဆံတောက် ဗိုက်ရွှဲရွှဲ လူကြီးတစ်ယောက်တို့ ရပ်လျက် စကားပြောနေကြ၏။

အယ်ဒီတာတွေလား၊ စာရေးဆရာတွေလားအထင်ဖြင့် တိုင်းလုံးကျော် မပြောရဲ။ လက်နောက်ပစ်ပြီး ရပ်နေသဖြင့် ဆေးပြင်းလိပ် ပုဂ္ဂိုလ်က လှမ်းမေး၏။

"ဟိုက ဘာကိစ္စပါလိမ့်"

တိုင်းလုံးကျော် စက္ကူကိုဖြန့်ကာ ရှေ့တိုးသွား၏။

"ငွေထုတ်ဖို့ လွှဲစာပေးလိုက်လို့ပါခင်ဗျာ"

**ပုဂံစာအုပ်တိုက်**

"ဦးဘသင်။ ဟောသည်မှာ နယ်က စာမူခ လာထုတ်နေသယ်" သောအကာများကို ကျော်ပြောရာ တိုင်းလုံးကျော်အား တစ်ဖန်လှည့်ပြော၏။

"ထိုင်ပါ၊ ထိုင်ပါ"

တစ်ခဏအတွင်း၌ ဆေးပြင်းလိပ်ဆရာထက် အသားဖြူသော ခပ်ပြားပြားလူကြီးတစ်ယောက် ရောက်လာသည်။ တိုင်းလုံးကျော်၏ လက်ထဲမှ စာရွက်ကိုယူပြီး ဆေးပြင်းလိပ်ထံသွားပြ၏။ ဆေးပြင်းလိပ်ဆရာသည် စားပွဲပေါ်ရှိ ဖောင်တိန်ကို လှမ်းယူရာက တိုင်းလုံးကျော်အား လှမ်းမေး၏။

"ငမိုးကောင်း သွေးသောက်ကြီးဆိုတော့ အသက်ကြီးပြီပေါ့"

တိုင်းလုံးကျော် ထရပ်သည်။

"ဦးမိုးကောင်းက ကွယ်လွန်ခဲ့ပါပြီခင်ဗျာ။ အခုရေးသာက သူ့မြေးပါ"

ဆေးပြင်းလိပ်ကြီးသည် လွှဲစာတွင် တစ်စုံတစ်ရာရေးရာက "ခင်ဗျားနဲ့ ညီအစ်ကိုလား" ဟု လှမ်းမေးပြီး စာရွက်ကို ချထားလိုက်၏။

"မှန်ပါသယ်ခင်ဗျာ။ ညီအစ်ကိုအရင်းပါ"

"ပြောလိုက်ပါဗျာ။ နောင်လည်း ဆက်ရေးပါဦးလို့။ ကျေးဇူးတင်ပါတယ်လို့"

တိုင်းလုံးကျော်မှာ စာရေးကြီးဟု ထင်ရသူ၏နောက်သို့ လိုက်ပါလာရင်းက "အဲသည်ဆရာကြီးတွေက ဘယ်သူတွေတုန်းခင်ဗျာ။ မသိလို့မေးသာ စိတ်မရှိပါနဲ့ခင်ဗျာ" ဟု တောင်းပန်မေး မေးသည်။

"ဆေးပြင်းလိပ်နဲ့ လူကြီးက ဆရာတက္ကသိုလ်နန္ဒမိတ်ဗျ။ နောက်တစ်ယောက်က ဆရာကြီး ဇဝနဗျာ"

တိုင်းလုံးကျော်မှာ ဘာမျှမပြောနိုင်အောင် ဝမ်းသာ၏။

'ငါနဲ့ စကားပြောခဲ့ရသူဟာ သွေးသစ္စာတိုင်လို အလွမ်းဝတ္ထု၊ ပန်းဝှက်တမ်းလို မြန်မာမှု အမြူးဝတ္ထု၊ နန္ဒာပုလဲလို ကွန်မြူနစ်ဝတ္ထုတွေ ရေးသဲ့ စာရေးဆရာကြီးပါကလား။ ငါမြင်ခဲ့ရသဲ့ နောက်တစ်ယောက်က

"တူ တူ တူ" အစချိပြီး တယ်လီဖုန်းပြောဟန် ဆောင်းပါးတွေကို ကြေးမုံ သတင်းစာမှာ ရေးနေသဲ့ ဆရာကြီးပါကလား'

အသံမထွက်ပြား တိုင်းလုံးကျော်၏ ရင်ထဲ၌ ရယ်မောသံများ ညံနေ၏။

"ဆရာတို့မြို့နယ်မှာ အမျိုးသားမှတ်ပုံတင်ကတ် ရပြီလားခင်ဗျာ။ ရပြီဆိုရင် နံပါတ်ကလေးတစ်ဆိတ်"

စာရေးကလေးတစ်ယောက် ချဉ်းကပ်လာပြီး မေး၏။

အမျိုးသားမှတ်ပုံတင်မှာ သည် အိမ်စောင့်အစိုးရလက်ထက်တွင်မှ တီထွင်သောအရာဖြစ်၏။

"ရတော့ရပြီခင်ဗျာ။ ကတ်ကတော့ မိန်းမကြီးတစ်ယောက်ရဲ့ပုံကို မှားပြီး ကပ်ပေးလိုက်လို့ ပြန်လဲထားရသယ်။ အဲ အဲ ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်က ကိုယ်ပိုင်နံပါတ်ကော ရလား"

"ရပါတယ်၊ ရပါတယ်"

သို့သော် တိုင်းလုံးကျော်မှာ သူ့အစ်ကိုအတွက် စာမူခမရသေး။ တိုက်အောက်သို့ ပြေးဆင်းရသေးသည်။ ၂ ကျပ်တန်တံဆိပ်ခေါင်း ကပ်ရန် အတွက် ဆင်းဝယ်ရခြင်းဖြစ်သည်။

မည်သို့ဖြစ်စေ တိုင်းလုံးကျော် အလွန်ပျော်သည်။

သွေးသောက်မဂ္ဂဇင်းမှ ငွေထုတ်ပေးလိုက်သော ပုပုဝဝ လုလုဖြိုးဖြိုး တိုက်အုပ်မှာ စာရေးဆရာမ ခင်လတ်ဟုသိရသဖြင့် ဝမ်းသာသည်။ ယခု ဘာရေးဆရာ တက္ကသိုလ်နန္ဒမိတ်နှင့် စကားပြောရပြန်သဖြင့် ကြည်နူးရ ပြန်သည်။

'အတော်ဟုတ်သဲ့ ငါပါကလားဟေ့'

လူဖြစ်ရကျိုးနပ်လေစွဟု လက်မထောင်ကာ အိမ်သို့ပြန်လာသော ဘိုင်းလုံးကျော်အား အရေးအရာတစ်ခုက စောင့်ကြိုနေ၏။

"ကိုတိုင်း၊ ကနေ့ ဆရာမ ညိုညိုသန်းနဲ့ တွေ့ခဲ့တယ်ဆို"

မိန်းမတစ်ယောက်၏အမည်ကို ကြားရသဖြင့် တိုင်းလုံးကျော် မျက်လုံးပြူး မျက်ဆံပြူးဖြင့် ကြည့်၏။

"ဘယ်က ညိုညိုသြန်းတုန်း။ မတွေ့ပါဘူး။ ပေါက်ကရတွေ လာမပြောနဲ့။ ငါ လက်သီးနဲ့ထိုးမှာနော်"

မကြည်လှသည် တိုင်းလုံးကျော်အား မျက်စောင်းထိုး၏။ ခြေရင်း အိမ်သို့ ကွက်ခနဲကြည့်၏။

"တိုးတိုးပြောပါတော်ရဲ့၊ ကြားသွားပါ့မယ်"

"ကြား၊ ကြား။ ဘယ်သူ့ပစ္စည်းခိုးလို့ တိုးတိုးပြောရမှာတုန်း"

ပြောကာမှ အသံကိုမြှင့်သဖြင့် မကြည်လှသည် မတ်တော်မောင်အား ဘုရားကျောင်းဆောင်အောက်သို့ ဆွဲခေါ်ခဲ့၏။ သံတိုင်ပေါက်ဘေးတွင် ထိုင်ပြီးမှ ခြေရင်းအိမ်က ဆရာမကလေးကို ပြောသာဟဲ့ ကိုတိုင်းရဲ့" ဟု ရှင်းပြ၏။

"မသိဘူး၊ တွေ့လည်း မတွေ့ဘူး။ လာရှုပ်မနေနဲ့"

"ဟောတော်"ဆိုကာ မကြည်လှသည် ရင်ဘတ်ကိုဖိရာက "ငါတော့ သေလိုက်ချင်တော့တာပဲ" ညည်းတွားသည်။

"သေမှာဖြင့်လည်း မြန်မြန်သေ။ ဖဲဝိုင်းလုပ်ရအောင်"

"ဟဲ့ တော်ိုင်း။ နင် ငါ့ကို ဘောက်ပြောပြီး ဘုတောမနေနဲ့။ ဆရာမလေး ကိုယ်တိုင်က ငါ့လာပြောသွားသာ။ အစ်မမတ်ကတဲ့ လူချင်းတွေ့ပါလျက်နဲ့ နှုတ်မဆက်ဘူးတဲ့ ကဲ"

"ဟာဗျာ၊ ကားပေါ်မှာ၊ ပလက်ဖောင်းပေါ်မှာ မိန်းမတွေ အများကြီး တွေ့သဲ့ဟာ ဘယ်ဥစ္စာ ဘယ်သူမှန်း ဘယ်သိမတုန်းဗျာ့။ ထမင်းဆာရသဲ့ အထဲ။ ဘယ်ကမိန်းမက ဇယားလာရှုပ်ရသယ် မသိဘူး"

မကြည်လှသည် တိုင်းလုံးကျော်အား ထမင်းစားခန်းသို့ ခေါ်သွား လိုပါသော်လည်း ပါးစပ်ပြဲကြီးနှင့် အော်နေသည့်အတွက် ခေါ်မသွားရဲ၊

အိမ်ချင်းက တစ်လန်ပင် မကွာချင်။ ပြတင်းပေါက်ချင်း တည့်နေ၏။

"ကိုတိုင်း၊ နင် ပေါက်ကရတွေ ပြောမနေနဲ့။ ဆရာမလေးက နင့်ကို မြဝတီမဂ္ဂဇင်းတိုက် လှေကားရင်းမှာ တွေ့ခဲ့သာတဲ့"

"ဟေ" ဟု ဆိုလျက် တိုင်းလုံးကျော်သည် လည်ပင်းရှည်ဆန့်၏။

"အခုမှ လေချဉ်တက်မနေနဲ့"

မကြည်လှ ထမင်းစားခန်းဘက်သို့ ထသွားသည်။ တိုင်းလုံးကျော်လည်း ထလိုက်လာသည်။ မဂ္ဂဇင်းတိုက် လှေကားပေါ်မှ ချော်ကျသူမှာ ထိုညိုညိုသန်းအမည်ရှိ ဆရာမကလေးဖြစ်ရမည်ဟု တွေးလိုက်သည်။ သို့ကြောင့် ထမင်းစား စားပွဲတွင် ဝင်ထိုင်ကာ ဖြစ်ကြောင်းကုန်စင် ရှင်းပြသည်။

"သူ ရှက်မှာစိုးလို့ မျက်နှာကို မကြည့်မိဘူး။ ကြည့်မိလည်း သိမှာ မဟုတ်ဘူး။ ဘာကြောင့်တုန်းဆိုတော့ သူ့ကို တစ်ခါမှ သေသေချာချာ မကြည့်မိလို့ပဲ"

မကြည်လှက ထမင်းပန်းကန်နှင့် ထမင်းအုပ်ယူလာပြီး ချပေးသည်။ အသင့်ထားသော သံစကာအုပ်ဆောင်းကို ဖွင့်ပေးသည်။

"အဲသာ ထမင်းစားပြီးရင် သွားတောင်းပန်ချေ။ မျက်နှာကို မော့မကြည့်မိလို့ နှုတ်မဆက်သာပါလို့"

"ဘာပြုလို့ တောင်းပန်ရမှာတုန်း။ သူကတောင် ငါ့ပခုံးကို ကိုင်သွားသေးသာ"

"အလိုလေးတော်၊ သူကပဲ နာအုံ့ရှိသေး"

ထိုအချိန်တွင် တစ်ဖက်အိမ်ပြတင်းပေါက်တွင် မိန်းမလှတစ်ယောက် လာရပ်ကာ "မမ ဘာချက်တုန်း" လှမ်းမေးသည်။

"ဟော ပြောရင်းဆိုရင်း ရောက်လာပြီ"

တီးတိုးပြောပြီးမှ "ဩော် ညိုညို၊ ထမင်းအိုးတစ်လုံးပဲ တည်မှာမို့

အေးအေးပဲ” ဟု လှမ်းပြောရာက အမျှင်မပြတ်အောင် နောက်ကြောင်းပြန်ပြန်နှသည်။

“ဟောသမှာ အခုမှ ပြန်ရောက်သယ်။ နင် ဘာပြုလို့ ညိုညို့ကို နှုတ်မဆက်သာတုန်းမေးတော့ မော့မကြည့်မိဘူးတဲ့”

“ဟုတ်မယ် ဟုတ်မယ်။ အစ်ကို့ပခုံးကိုသာ ဖမ်းမကိုင်လိုက်ရရင် အုတ်လှေကားထစ်နဲ့ ခေါင်းနဲ့ဆောင့်မိမှာ။ သိပ်ကျေးဇူးတင်တာပဲ”

ရယ်သံချိုကလေးကို ကြားရသောအခါ တိုင်းလုံးကျော် မကြည့်ဘဲ မနေနိုင်။ တစ်ချက် ခိုးကြည့်သည်။ ထမင်းအဝါးရပ်အောင် ဖမ်းစားခံရ၏။ ထပ်ကြည့်သောအခါ ညိုညိုသန်း မရှိတော့ပြီ။

“ကဲ ကိုရင် တိုင်းလုံးကျော်၊ စားရက်ကြဲလို့ မှတ်ဆိတ်တော့ ပျားစွဲပြီ။ မအေတစ်ခု သမီးတစ်ခု၊ ပညာရော၊ ရုပ်ရည်ရော၊ အလုပ်အကိုင်ရော ဘာမှပြောစရာမရှိဘူး”

တိုင်းလုံးကျော် ဘာမျှပြန်မပြော။ ထမင်းတစ်ပန်းကန် ထပ်ထည့်သည်။

“ဘယ်လိုတုန်း၊ အခု သွားပြောပေးရမလား”

“မကြည်လှရာ ကိုယ်ချင်းစာပါဟာ။ ကျုပ်လို ဘာပညာမှမတတ်သဲ့ တစ်ခုလပ်နဲ့ရရင် ခမျာမှာ ပန်းကောင်းအညွန့်ကျိုး ဖြစ်သွားမှာပေါ့ဗျာ”

“အမယ်လေးဟဲ့ သူတော်ကောင်းကြီး၊ ဘုရားဖြစ်မယ့် အုတ်နီခဲကြီး”

မကြည်လှသည် ရင်ကိုပုတ်ပြီး နှုတ်ခမ်းစေ့၏။ မေးထိုး၏။ တိုင်းလုံးကျော်ကား ထမင်းကိုသာ အတွင်လွေးနေ၏။

“နေပါဦး။ နင်က သူ့ကို မကြိုက်လို့လား”

“ကြိုက်ပေမယ့် မလိုချင်ပါဘူးဟာ၊ သနားပါသယ်။ ပြီးတော့”

“ပြီးတော့ ဘာဖြစ်သတုန်း”

“မုန့်ဆီကြော်ကဖြင့် ဘယ်မှာနေမှန်း မသိသေးဘူး။ နှုတ်ခမ်းနာနဲ့

တည့်ပါ့မလား မေးသာမျိုး ဖြစ်နေပါဦးမယ်”

“အမယ်လေး ကိုတိုင်းရယ်။ မိန်းမချင်းပဲ သိသာပေါ့”

ဆိုင်ကယ်သံကြားသည်။ ကြားရုံဖြင့်ပင် အိမ်ရှေ့တွင်ရပ်မည့် ဆိုင်ကယ်ဟု သိသည်။ မကြည်လှ ထပြေးသည်။ တိုင်းလုံးကျော်မှာ ထိုအခါတွင်မှ အသက်ရှူ ချောင်သွားလေ၏။ သို့ရာတွင် တစ်ခဏသာ ဖြစ်သည်။

ထီးနှင့် မိုးကာကို ဖြန့်လှမ်းချိန်မှစတင်ပြီး တတွတ်တွတ်ပြောသော မကြည်လှသည် ထမင်းစားစားပွဲတွင် ရန်ကြီးအောင် ထိုင်မိသည်အထိ အပြောမရပ်သေး။ ထမင်းထည့်ပေးပြီး သူလည်း ဝင်ထိုင်သည်။

“မတော်မတည့် မိန်းမတွေနဲ့တွေ့ရင် ခက်မှာစိုးလို့ပြောသာ”

ရန်ကြီးအောင်သည် ထမင်းတစ်ပန်းကန် ကုန်သည်အထိ တစ်စုံတစ်ရာ မပြော။ ဆာဆာနှင့် ကုန်းလွေးသည်။ ဒုတိယပန်းကန် ထည့်တော့မှ အသံထွက်လာ၏။

“မင့်မောင်က ငြင်းနေလို့လား”

“တော့်ညီက အီလယ်လယ် လုပ်နေသတော့”

“မိန်းမကဲခတ် လွန်ခဲကတ်၏လို့ စာဆိုရှိသကွ။ မိုးနှင့် သရက်အိုးနှင့် ကြွက်တဲ့ကွ။ သူ ကျေနပ်အောင် အကဲခတ်ပါစေဦးလေ”

ဆီဆိုင်ခြင်းရှိမရှိ ရန်ကြီးအောင် မသိပါ။ သူ့ညီကို စောင့်ငဲ့ကြည့်ရင်း ကြားဖူးသမျှ ရွတ်၏။

“မိန်းကလေးက လိမ်ကလိမ္မာပါဘိသနဲ့။ မအေကို ရိုသေလိုက်သာ လည်း အလွန်။ ရုပ်ရော၊ ပညာရော ဘာပြောစရာရှိသတုန်း။ သူများနောက် ပါသွားမှာစိုးလို့ အိုးကမပူ စလောင်းကပူနေသာပါတော်”

တိုင်းလုံးကျော်သည် ထပြီး လက်ဆေးကာ ပြန်ထိုင်ရင်းက “ကိုကိုးကျွန်းကလူတွေ ပြန်ခေါ်မယ်ကြားသယ် အစ်ကို၊ ဟုတ်လား”ဟုမေး၏။

"မိုးကုန်မှ ပြန်ခေါ်နိုင်မှာပါကွာ။ ကိုကိုးကျွန်းရာသီဥတုက ပြောသား အလိုတော့ အတော်ကြမ်းပုံပဲကွ။ အဲသည်ကလူတွေ ပြန်ရောက်လာရင် ရန်ကုန်မြို့ ရွှေးကောက်ပွဲ လုပ်မယ်ထင်တယ်"

"ဖဆပလ အပုံနှစ်ပုံပဲ ပြိုင်မှာပါဗျာ။ လက်ဝဲသမားတွေအတွက် မျှော်လင့်ချက် ရှိမထင်ပါဘူး"

တိုင်းလုံးကျော်မှာ လက်ဝဲယိမ်းစိတ် ရှိမြဲရှိနေ၏။ သို့ကြောင့် သည်နှယ် ညည်းတွားခြင်းဖြစ်၏။

"အတပ်ပြောလို့ မရဘူးလေ။ ပမညတတွေ ကိုကိုးကျွန်းအပို့ခံရသာ လူတွေက သနားပြီး မဲပေးချင်ပေးမှာကွ။ လူ့စိတ်က အခက်သားကလား။ ဒါပေမယ့် ထောင်းလမောင်းကျေအောင် ဖမ်းထားသဲ့အတွက် မဲရုံ ကိုယ်စားလှယ် လုပ်မယ့်လူတောင် ရှိမှရှိပါ့မလား။ ဒါလည်း တွက်ရသေး သကွ"

"သန့်ရှင်းပါအစ်ကိုရာ"

တစ်ဖက်အိမ်၏ မျက်နှာချင်းဆိုင် ပြတင်းပေါက်သို့ ညိုညိုသြန်း လာရပ်သည်။ သို့ရာတွင် ရေသွန်ခြင်းသာဖြစ်၏။ ရပ်မနေ။ မနေသော်ငြား မျက်လုံးနှစ်လုံးက လျှပ်တစ်ပြက် ပျံဝဲ၏။ တိုင်းလုံးကျော်၏ရင်ထဲတွင် အေးခနဲခံစားရစဉ် ညိုညိုသြန်း ပျောက်ကွယ်၏။

"ရှင့်ညီက 'မူ' နေသာရှင့်။ အခုပဲကြည့်ပါလား"

"မရီး၊ နင့်ပါးစပ်ပိတ်ထားဟာ။ ငါ ရှက်လာပြီ"

"သည်မျက်နှာလား ရှက်သာ"

တိုင်းလုံးကျော် မနေတတ် မထိုင်တတ်ဖြစ်ကာ ထရပ်သဖြင့် ရန်ကြီးအောင် ရယ်မောသည်။ သို့ရာတွင် ကျောင်းသားနှစ်ယောက် ပြန်ရောက်လာကာ "အမေရေ၊ ဆာတယ်ဗျို့" အော်သံ ပေါ်လာသည့် အတွက် စကားပြတ်သွားလေ၏။

## ပုဂံစာအုပ်တိုက်

"ရမယ်သားတို့ရေ၊ အဆင်သင့်ပဲ။ ပါးစပ်ဟထားကြ"

မကြည်လှ ထဘီမနိုင် ပဝါမနိုင်ထ၏။ တိုင်းလုံးကျော်၏ပန်းကန်ကို ယူသွားပြီး ဆေးသည်။ ဟင်းထည့်သည်။

"ငါ့သားတွေ ဆာလာသယ်။ လာကြ လာကြ"

"ဟော ဖေဖေတို့က အခုမှ စားကြတယ်"

ကမန်းကတန်းဝင်ထိုင်ရင်း မေးသူမှာ ရန်ရှင်းဖြစ်သည်။

"သတင်းစာသမားဟာ သည်အတိုင်းပဲသားရေ့။ အစားမမှန် အအိပ်မမှန်နဲ့ သတင်းစာတိုက်ပိုင်ရှင်ရဲ့ အကျိုးကိုဆောင်ရင်း အစာအိမ်ရောဂါဖြစ်"

"ဖေဖေ ခါတိုင်းပြောတာ သည်လိုမဟုတ်ပါဘူး။ပြည်သူလူထုအကျိုး သယ်ပိုးတာတဲ့"

နောက်ရောက်လာသော ရန်လင်းက လက်ဆေးခွက် ယူပေးရင်း ပြော၏။ ရန်ကြီးအောင် မချိပြုံး ပြုံး၏။

"ဟုတ်သယ်သား။ ဦးထိပ်ထားသာကတော့ ပြည်သူပဲ။ လက်တွေ့ဖြစ်ဖြစ်နေသာက ပိုင်ရှင့်အလိုကျ။ အဲသည်ပိုင်ရှင်ရဲ့ လက်ကိုင်တုတ် အယ်ဒီတာချုပ်စေသမျှ ညွှန်သမျှကို ဟုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရားလုပ်နေရသဲ့ အခြေကို ဆိုက်ဆိုက်သွားသကွယ့်"

သူသည် ထရပ်ကာ စကားဖြတ်သည်။ "မကြည်လှရေ၊ တစ်ရေးမှေးလိုက်ဦးမယ်။ ၆ နာရီတိတိမှာ နှိုး" ပြောပြောဆိုဆို အိပ်ခန်းထဲသို့ ဝင်သွားလေ၏။

တိုင်းလုံးကျော်လည်း သူ့အခန်းထဲသို့ သူ ဝင်လာ၏။ အလုပ် တစ်စုံတစ်ရာ ပီပီသသမရှိသေးမီ စာကြိုးစားရေးရန် စိတ်ကူးထား၏။ စားပွဲပေါ်တွင် ရေးလက်စ စာမူရှိနေသည်။ ထူထောင်ရေးတပ်တွင် တပ်စိတ်မှူးဘဝဖြင့် ရှိစဉ်က ဝါးနက်ချောင်းဘက်သို့ ထင်းခုတ်ထွက်ကြရပုံ။

သူသည် ရေးပြီးသမျှကို ပြန်ဖတ်သည်။ နေပူပူတွင် မနားတမ်း

ထင်းခုတ်ကြသဖြင့် ပျားတွေ ချွေးစုပ်ပုံ၊ ရဲဘော်တွေ ကြွက်တက်ပုံများသည် မှတ်သားအာရုံ၌ ထင်လာ၏။

ဖောင်တိန်ကိုဖွင့်သည်။ ခင်းထားသော စာရွက်ပေါ်သို့ နစ်သွား ချလိုက်သောအခါ ညိုညိုသန်းသည် ဘွားခနဲပေါ်လာ၏။

"ချွေးကိုစုပ်ရန် လာသည့်ပျား၊ လာပါစေ၊ နားပါစေ၊ စုပ်ပါစေ"

ရေးရမည့်စာကြောင်းသည် တိုင်းလုံးကျော်၏ အာရုံ၌ပေါ်လာ၏။ ဖောင်တိန်နစ်သွားက အမိဖမ်းကာ ရေးချ၏။

'ညို'

တိုင်းလုံးကျော်မှာ ဖောင်တိန်ကို ပစ်ချပြီး အိပ်ရာပေါ်သို့ ပက်လက် လှန်ချလိုက်ရလေတော့၏။

★

# ၆

"ဘဒွေးကို အရပ်ထဲမှာ နာမည်ပေးနေကြပြီရှင့်"

အလုပ်သင်ဆရာဝန်မသည် အခန်းထဲမှ ထွက်လာလျှင်လာချင်း ဆိုင်းမဆင့်ဗုံမဆင့် ပြော၏။ တိုင်းလုံးကျော်သည် မီးဖိုဆောင်သို့ ဝင်အံ့ ဆဲဆဲမှ ခြေလှမ်းပြန်သိမ်းကာ "ဘာတဲ့တုန်း သမီး" ဟု လှည့်မေး၏။

အေးစုအောင် ပါးစပ်မဟမိ မီးဖိုထဲမှထွက်လာသော မကြည်လှက "ဟဲ့ ဟဲ့ ဆံပင်ဖားလျား ချမထားရဘူးသမီးရဲ့။ ပူပုံဖမ်းသယ်၊ မင်္ဂလာမရှိဘူးလို့ အမေတို့ မိဘတွေ သင်ခဲ့သယ်" ဟု ကမန်းကတန်း ပြော၏။

"ရေစိုသွားလို့ခြောက်သွားအောင် ခဏဖြန့်တာပါမေမေ။ ခဏကြာရင် ပြန်ထုံးထားပါ့မယ်"

"တဘက်နဲ့ပွတ်ပစ် သမီး။ ဆံပင်တွေ 'အောက်' ကုန်ရင် အနံ့ဆိုးသယ်"

"ဟုတ်ကဲ့ မေမေရှင့်၊ ဟုတ်ကဲ့"

အေးစုအောင် တဘက်ဝင်ယူမည်အပြုတွင် သူ့ဘထွေးသည် မီးဖို ထဲမှ ထွက်လာကာ "မိစုအောင်၊ ခုနက ဘာပြောသယ်" ဟု မေး၏။

"အရပ်ထဲက လူတွေက ဘဒွေးကို နာမည်သစ်ပေးတဲ့အကြောင်းပါ"

တိုင်းလုံးကျော် ပြုံးသည်။ အေးစုအောင်၏အဖြေကိုမစောင့်ဘဲ အိမ် ထဲသို့ဝင်လာသည်။ အဖြေကို မစောင့်ဆိုင်းခြင်းမှာ အမည်သစ်ကို ကာယကံ ရှင် တိုင်းလုံးကျော် သိပြီးဖြစ်သောကြောင့်ပင်။

အမည်သစ်ကား 'ထီးတော်မိုး' ပေတည်း။

သူသည် ဗဟိုလေဟာပြင်ဈေးမှ စာအုပ်အသစ်သည် အဟောင်း သည်များနှင့် ချစ်ကျွမ်းဝင်ကာ နည်းသစ်တစ်ခုရခဲ့၏။ မဂ္ဂဇင်းအဟောင်း များမှ စာရေးဆရာများ၏ စာမူများကို စာရေးဆရာတူရာချင်း စုပေါင်း ချုပ်လုပ်သည်။ ဗန်းမော်တင်အောင်ဝတ္ထုတိုများ၊ မောင်စည်သူ ဝတ္ထုတိုများ၊ မိုးဟိန်းဝတ္ထုတိုများ စသည်ဖြင့် အဖုံးတွင်ရေးကာ ချရောင်းသည်။ စာစုသူ များအတွက် အကြိုက်တွေ့စရာ နည်းသစ်ဖြစ်နေတော့သည်။

သို့သော် သူသည် သည်လုပ်ငန်းမှာ စားရမှန်းသိပါလျက် အနစ်မခံ။ အတင်းရှန်းထွက်သည်။ ပြုတ်လိုက် ပေါ်လိုက် မဂ္ဂဇင်းဂျာနယ်များ၊ တည်တံ့ သော မဂ္ဂဇင်းများသို့ ဝင်ထွက်သွားလာကာ မဆုတ်မနစ် ရေးသည်။ ရှင်ပျော်ပျော် တစ်မူးတန်ခေတ်ကို ဖော်ထုတ်ရန် စိတ်ကူးပေါ်လာသည်။

အဟောင်းထဲသို့ ခဏတစ်ဖြုတ် ဝင်မိသဖြင့် စာအုပ်အဟောင်း ရှာပေးရသည့် စေတနာ့ဝန်ထမ်းအလုပ်လည်း ရလာသည်။ ထိုရောအခါ ဟိုဟာရှာပေးပါ၊ သည်ဟာရှာပေးပါ ပူဆာသူများထဲတွင် ညီညီသန်းလည်း ပါလာ၏။

ဟိုဟာရှာပေးပါ၊ သည်ဟာရှာပေးပါမှ တစ်ဆင့်တက်ပြန်၏။ ဟို နေရာမသိလို့ လိုက်ပို့ပေးပါ။ ထိုမှတစ်ဆင့် တက်ပြန်သောအခါ သည်နေရာ မသွားရဲလို့ လိုက်ခဲ့စမ်းပါဖြစ်လာ၏။ အတူသွားကြသောအခါ မိန်းမဆောင်း

ပိုးထီးက လုံလည်းမလုံ၊ သေးလည်းသေးသဖြင့် သူ့အရိုးကောက် ထီးကြီးကို ဖွင့်ဆောင်းပေးမိ၏။ ကြာလာသောအခါ လမ်းထဲမှလူများ တစ်ယောက်မဟုတ် တစ်ယောက် မြင်မည်မှာ သေချာသည်။ သို့ကြောင့် သည်နာမည်ကို ပေးကြခြင်း ဖြစ်တန်ရာ၏။

တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်၊ တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် စကားတပြောပြောသွားကြပြား ချစ်စကား ကြိုက်စကား တစ်လုံးမျှ မပြောဖြစ်ကြ။ သို့သော် စာရေးဆရာနှစ်ယောက်နှင့် တွေ့သောနေ့ကမူ တိုင်းလုံးကျော်များစွာ ချောက်ချား၏။

ထိုနေ့က အပုပ်ချိန်တွင်ဖြစ်သည်။

ပလေဒီယံရုံအောက်ရှိ ပက်ပက်ကဖီးမြေတိုက်ထဲမှ တိုင်းလုံးကျော်က စောင့်သည်။ ညိုညိုသြန်းက ကျောင်းအဆင်းတွင် ထိုနေရာသို့လာသည်။ လူချင်းဆုံမိ၍ ပြန်ထွက်လာခါမှ မိုးကြီး ရွာချသဖြင့် ပြန်ဝင်ရသည်။ ညိုညိုသြန်းက မုန့်ဟင်းခါးမှာစားသည်။ သူလည်း ထိုအခါကျမှ ဆာလောင်လာသဖြင့် မုန့်ဟင်းခါးပင် မှာစားမိသည်။

ဆံပင်စုတ်ဖွား မိုးတစ်ခြမ်းစိုဖြင့် လူနှစ်ယောက်၊ စားပွဲအလွတ်တွေ ရှိပါလျက် သူတို့ စားပွဲသို့ လာထိုင်သည်။ ညိုညိုသြန်းက လက်မောင်းချင်း သာဆောင့်သည်။ ကြည့်သောအခါ မျက်နှာချင်းဆိုင်အရပ်သို့ မေးငေါ့ပြ၏။

သိပါသည်။ မိမိတို့ လွတ်လပ်အေးချမ်းစွာ ထိုင်နေရာသို့ လာထိုင်သည့်အတွက် ချဥ်ချဥ်ရှိသဖြင့် မကြည့်ဘဲနေခြင်းဖြစ်သည်။ ညိုညိုသြန်းက ခြေဖျားကို ခြေဖျားဖြင့် နင်းပြန်သည်။ တိုင်းလုံးကျော် မမော့ပါ။ ချောင်းဟန့်သံ။ ရွှေသားတဝင်းဝင်း သွားအကျဲသားနှင့် ဖြူစုတ်စုတ် တရုတ်လိုသူ၏ ချောင်းဟန့်သံမှန်း သိပါသည်။ မကြည့်။ အသံသြသော ချောင်းဟန့်သံ ပေါ်လာ၏။ သည်အသံကိုလည်း တိုင်းလုံးကျော် သိပါသည်။ မကြည့်ပါ။ အသံသြရှင်ကား အားမလျော့ပါ။

"ပြည်တော်သစ်က စာမူခ ဘာပြုလို့ လာမယူတာတုန်း"

တိုင်းလုံးကျော် မကြားယောင်ပြုနေသည်။

"ဟေ့ တိုင်းလုံးကျော်၊ မောင်ရင် မကောင်းဘူးကွာ။ ရုံးတက် လက်ထပ်ပေမယ့် ငါတို့ကိုတော့ ကျွေးဖို့ကောင်းပါသယ်"

တစ်မျက်နှာလုံး ထူပူသွားကာ တိုင်းလုံးကျော် ပြူးပြူးပျာပျာ မော့ကြည့်၏။ နဖူးပြောင်ပြောင်နှင့် လေးထောင့်မျက်နှာရှင် စာရေးဆရာ ရွှေဓား။ ကြိုးတိုသောလွယ်အိတ်ကို ချိုင်းကြားသွင်းကာ လွယ်ထား၏။ ရှပ်အင်္ကျီ လက်တိုကို ပင့်ထား၏။

"ဟာ ဆရာဓား။ ဘယ်မှာ၊ ဘယ်သူနဲ့၊ ဘယ်တုန်းက လက်ထပ်ရ မှာတုန်း"

ရွှေဓားသည် "လုပ်မနေပါနှင့်" ပြောသည့်အလား မျက်နှာကို လှန်၏။

"အကြောင်ရိုက်မနေနဲ့မောင်ရင်။ လက်ပူးလက်ကြပ်မိတာတောင် မုန်လာဥလုပ်တုန်းလား"

"ဒါတော့ ဘယ်ကောင်းမတုန်း"

တင့်ထူးက ရယ်ကျဲကျဲဖြင့်ပင့်ပေး၏။ သူတို့၏ မျက်လုံးများသည် ညိုညိုသြန်းထံတွင် စုံပြုနေသဖြင့် မိန်းကလေး ခေါင်းငုံ့ထားသည်။ သူတို့ သည် သူ့အား ညိုညိုသြန်းနှင့် စွပ်စွဲနေကြခြင်းဖြစ်၏။

"မဟုတ်တာတွေ မပြောကြပါနဲ့ ဆရာတို့ရယ်။ လက်ဖက်ရည် တိုက်ဆို တိုက်ပါ့မယ်"

"ဒါဖြင့် ခင်ဗျားပါးစပ်နဲ့မှာပေး"

တင့်ထူးမှာ ခံရဖန်များဟန်တူ၏။ သူ့ပါးစပ်ဖြင့် မမှာပေ။

"သူ့ကလောင်နာမည်က 'ညိုနှင်းဆီ' ပါ။ ညို ဟောသည်မှာ ဆရာ ဦးရွှေဓားနဲ့ ဆရာ ကိုတင့်ထူးလေ"

**ပုဂံစာအုပ်တိုက်**

ညိုညိုသန်း ခေါင်းမော့လာကာ အပြုံးလှလှ လက်၏။ "တွေ့ရတာ ဝမ်းသာပါတယ် ဆရာတို့ရှင့်" ဟု မတ်တတ်ရပ်ကာ တရိုတသေပြော၏။

"ညိုနှင်းဆီ သိတာပေါ့"

တင့်ထူးက စားပွဲကိုပုတ်ပြီးပြော၏။

"တိုင်းရင်းမေမှာ မကြာခဏပါနေတာပဲ။ လူငယ်ဂျာနယ်မှာလည်း ပို့ထားသေးမဟုတ်လား။ မင်းလုညွန့်ကြူးရဲ့စားပွဲပေါ်မှာ ကဗျာတွေ့ခဲ့တယ်"

ညိုညိုသန်းမှာ ခေါင်းပြန်မငုံ့နိုင်။ "ဟုတ်ပါတယ်ရှင့်" ဟု ဝမ်းသာအားရဖြစ်နေ၏။ ထိုအခါ တိုင်းလုံးကျော်က ဝင်ပြော၏။

"တိုက်တကာ ရောက်တယ်လေ။ တိုက်တွေက သူ့ကို လူပဲသုံးတယ်၊ စာမူမသုံးဘူး"

"သူကဖြင့် ပြောပြီ။ ဆရာ့ကို အားနာစရာ"

ညိုညိုသန်းက လှမ်းပုတ်သည်။

"ဟော့ ရဲဘော်၊ မေ့တော့မလို့။ မောင်ရင့်တွေ့တာ အတော်ပဲ။ ကိုယ့်မှာ ဒကာတစ်ယောက်တွေ့ထားတယ်။ ပြားခြောက်ဆယ်တန် လုံးချင်းတွေ ထုတ်မှာ။ မောင်ရင် ရေးပေးတော့၊ တစ်ပုဒ် ၁၅၀ ပေးမှာ"

တိုင်းလုံးကျော်၏မျက်နှာ ဝင်းလက်သည်။ သူက ရေးအားကောင်းသော ကလောင်သစ်။ သူ ရေးသမျှကို မဂ္ဂဇင်းတွေက နေရာမပေးနိုင်။ ထိုအချိန်မျိုးတွင် ပေါ်လာသော ရေးခွင့်သည် ကြုံတောင့်ကြုံခဲဖြစ်သည်။ သို့သော် သူသည် ညိုညိုသန်းအား တိုင်ပင်သော မျက်လုံးများဖြင့် ကြည့်သည်။

"ကောင်းတာပေါ့၊ ရေးပေါ့"

အားပေးစကား ကြားရသဖြင့် မိမိဆန္ဒကို ဖော်ပြရန် ရွှေစားအား မော့ကြည့်ဆဲ၌ တင့်ထူး၏ စကားကြောင့် ပျက်ရ၏။

"ခင်ဗျာ့ပါးစပ်ကသာ ဝန်မခံပေမယ့် အခု ခင်ဗျား လှမ်းပြီး

တိုင်ပင်နေတယ်မဟုတ်လား။ အိမ်ရှင်မမို့သာ ခင်ဗျား တိုင်ပင်တာဖြစ်ရမယ်"

"ဘွိုင်၊ လာဟေ့ ဘယ်လောက်ကျတုန်း"

တိုင်းလုံးကျော် ထရပ်ကာ အော်သည်။ သူ့အိတ်နှင့် ညိုညိုသန်း၏ လက်ကိုင်အိတ် ထီးနှစ်လက်ပါ သူ ကျုံးယူဆဲ၌ ပို၍ အထင်လွဲစေရန် ညိုညိုသန်းက ငွေရှင်း၏။

"ကျုပ်ထင်ရင် မလွဲပါဘူး ကိုတိုင်းလုံးကျော်ရာ။ အချင်းချင်း လာပတ်နေ"

ထပ်ဆင့်လာသောအသံကို ကျောခိုင်းလျက် အမြန်ထွက်လာကြသည်။ သူ့ထီးကို ဖွင့်ရုံဖြင့် နှစ်ယောက်လုံသည်။ ကွန်တီနင်တယ်အောက်ရှိ ဦးဘရီနှင့်သမီးများ စာအုပ်ဆိုင်နှင့် ဦးလေးကြီး စာအုပ်ဆိုင်ကြားသို့ရောက်မှ ထီးပိတ်ရင်း တောင်းပန်၏။

"ညို ကိုယ်တောင်းပန်ပါသယ်။ ဘယ်လိုကဘယ်လို ဂြိုဟ်မင်းနှစ်ပါး မခေါ်မပင့်ဘဲ"

"တော်ပါ ဆရာတိုင်းရယ်"

ရယ်သံကလေးဖြင့် ညိုညိုသန်းက ပိတ်၏။

"သည်အချိန်မှာ ကျွန်တော်နဲ့ ကောင်မလေးနဲ့ ရှိနေမယ်။ ခင်ဗျားတို့ လာပြီး သည်လိုပြောပါ၊ အရက်တိုက်ပါ့မယ်၊ လက်ဖက်ရည် တိုက်ပါ့မယ်၊ လက်ဝါးရိုက်ထားသလားမှမသိတာရင်"

တိုင်းလုံးကျော် နေမထိထိုင်မသာ ဖြစ်သွားရပုံကား ညိုညိုသန်း အတွက် ဟာဒယရွှင်ဆေး တစ်ခွက်ပေတည်း။ တိုင်းလုံးကျော်သည် ထိုအခါမှ စပြီး ညိုညိုသန်း၏ရှေ့မှသာ သွားသည်။ မိုးရွာရွာ၊ နေပူပူ ထီးဆောင်း မပေးတော့ပြီ။ သို့ပါလျက်နှင့် ထီးတော်မိုးဘွဲ့မည်ရည်ကို မိုးကုန်ခါမှရသည်။

မည်သို့ဖြစ်စေ တိုင်းလုံးကျော်သည် ညိုညိုသန်းအား တွယ်တာ နေမိပြီကား အမှန်ပင်ဖြစ်သည်။ နံနက် အိပ်ရာထစောလျှင် သူ မျက်နှာ

သစ်နေရာသို့ ညိုညိုသန်း ရောက်လာပြီး မျက်နှာပြသည်။

"ဘယ်အချိန်ထိများ စာရေးနေပါလိမ့်။ သူများတောင် ကျောင်းသွားတော့မယ်"

ထိုသို့အသံကြားရကာ အမှန်ပင် လုပမွေးကြိုင်နေသော သွင်ပြင်ကို မြင်လိုက်ရလျှင် တစ်နေ့တာအတွက် စိတ်အစာပြည့်ဝပြီ။

"ကိုတိုင်း၊ ဘယ်နှစ်ဖောင်ပြီးပြီလဲ။ ဘယ်လို ဇာတ်သိမ်းမှာလဲ"

မျက်နှာသစ်ချိန် နှုတ်ခွန်းဆက်သံသည် တစ်နေ့တစ်မျိုး မရိုးနိုင်ပေ။ မေးစရာ ဖြေစရာတွေကလည်း များပြားသည်။ ကျောင်းပိတ်သောနေ့များတွင် မျက်နှာမသုတ်ရဘဲ ရေခြောက်သွားငြား စကားမပြတ်။

ရံဖန်ရံခါတွင် မျက်နှာသစ်သည့်နေရာမှ စကားသည် ကာဖီစားပွဲသို့ ပါလာ၏။ ညိုညိုသန်းကလည်း မျက်နှာချင်းဆိုင် ပြတင်းပေါက်သို့ လိုက်ရွှေ့ကာ စကားပြော၏။ မကြည်လှ စသည်ကိုလည်း သူတို့မကြား။ ကိုရန်ကြီးအောင် သရော်သည်ကိုလည်း ထိမထင်ချေ။

"ညိုညို၊ ညည်းရင်လည်း သည်လာပြော။ ဒါမှမဟုတ် သူ့ကို ညည်းတို့အိမ်ကို ခေါ်ပြီးပြော။ အိပ်ရာ၊ အဝတ်အစားတွေ ငါလိုက်ပို့ပေးမယ်"

မကြည်လှ၏ အတွန်းအပို့ စကားများကိုကား ထုံနေကြပြီ။ တိုင်းလုံးကျော်မှာ မြင်ဖန်များ၍ ခင်ခြင်းလောဟ သံသယဖြစ်၏။ သို့သော် ထိုသို့ခင်ခြင်းသည်ပင် ချစ်ခြင်း ကြိုက်ခြင်း မဟုတ်တုံသလော။

"ဟာ မသိဘူး၊ မသိဘူး"

စာအုပ်တိုက် နာမည်ရစေရန် နာမည်ကြီး စာရေးဆရာများချည်း ဆက်တိုက်ထုတ်နေရာက တိုင်းလုံးကျော်၏ စာအုပ်က ကြားညပ်လျက် ထွက်လာ၏။ ကောင်းသည်ပြောသူ သင့်သည်ပြောသူရှိ၏။ မဆိုးဘူး ပြောသူရှိ၏။ ညံ့သည်ပြောသံကား မကြားရ။ ထိုအခါ ထုတ်ဝေသူက ဒုတိယအုပ်ထုတ်ဝေရန် ဝန်မလေးတော့ပြီ။

## ပုဂံစာအုပ်တိုက်

ရွှေဓားသည် တိုင်းလုံးကျော်၏ လုံးချင်းစာမူများကို အခုတ်အထစ် ရက်စက်စွာ တည်းဖြတ်သည်။ ဒါ သည်လိုမရေးရဘူး။ ဟိုဟာကို သည်လို ရေးရင် မကောင်းဖူးလား လမ်းညွှန်သည်။ နောက်ထပ်စာအုပ် ယခုထက် အဝယ်လိုက်လျှင် နှစ်လ တစ်အုပ်ထုတ်မည်။ အသင့်ရေးထားဟု အမိန့် ပေးသည်။

သို့အတွက် တတိယအုပ်ကို တိုင်းလုံးကျော် ရေးနေသည်။

အချိန်အခါကား အိမ်စောင့်အစိုးရကြီးမှူးသော ပါလီမန်ရွေးကောက်ပွဲ ပြီးစီးသွားချိန်ပေတည်း။ ရွေးကောက်ပွဲရလာဒ်ကား မယုံနိုင်စရာဖြစ်၏။ ဆွေငြိမ်းတို့၏ တည်မြဲဖဆပလ အပြတ်အသတ် အရေးနိမ့်ပြီး ပမညတ တို့ကား အံ့သြစရာဖြစ်လောက်အောင် ရှုံးနိမ့်ခဲ့သည်။

ရွေးကောက်ပွဲကို ကြီးကြပ်ပေးရသော အစိုးရအဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ရွေးကောက်ပွဲရလာဒ်အပေါ်တွင် "တိုင်းသူ ပြည်သားများဟာ သူတို့နဲ့ထိုက်တန်တဲ့ အစိုးရကို သူတို့ရွေးလိုက်ပြီ" ဟု သုံးသပ်ခဲ့၏။

ထိုစကားကို တိုင်းလုံးကျော် အရအမိဖမ်းဆုပ်သည်။ ထိုသဘောကို ဖော်နိုင်အောင် သွေးသောက်စုရွာကို နောက်ခံပြုသည်။ သူတစ်လူ ငါတစ်မင်း သွေးသောက်စုကိုပြသည်။ သွေးသောက်စုတိုက်နယ်သားများ နဝေ တိမ်တောင် ဖြစ်နေခဲ့ကြသဖြင့် ခိုင်မာတောင့်တင်းမှု မရှိ။

သည်အထိသာ သူ ရေး၍ပြီးသေးသည်။ရှေ့ဆက်ရမည့် ဇာတ်လမ်း ရှိငြား ပြောလိုသောစကား ပေါ်လိုသည်။ ထိုကဲ့သို့ရေးလျှင်ကောင်းနိုး၊ ဤ ကဲ့သို့ဖော်လျှင် သင့်နိုး ချိန်ဆနေရသည်။ စိတ်ဖြင့် ရေးလိုက်ဖျက်လိုက် ဖြစ်နေချိန်တွင် စားပွဲမှထပြီး လမ်းလျှောက်သည်။ အချိန်ကာလသည် တိုင်းလုံးကျော်အတွက် အဓိပ္ပာယ်မရှိတော့ပါ။ ရုံးဆင်းချိန် လွန်ခဲ့ပြီကို မသိပါ။ ပြန်ပြီး မထိုင်မီ နောက်ဖေးဘက်ဝင်မိသဖြင့် ထီးတော်မိုး သတင်းကို

ဘူမက အစပျိုးလိုက်သည်။

အစပျိုးသူက ပျိုးရုံသာပျိုးလိုက်ငြား ကာယကံရှင်ကား အစကို ရင်ထဲမှ ဆွဲထုတ်မိသည်။ ဤကဲ့သို့ ဆက်ရေးအံ့ဟု တေးထားခဲ့သမျှ မိးခိုးနှယ်လွင့်သဖြင့် "မသိဘူး မသိဘူး" ဒေါသတကြီး အော်မိခြင်းဖြစ်သည်။

အခန်းထဲသို့မဝင်ဘဲ တိုင်းလုံးကျော် ခေါင်းကုတ်သည်။ မော်တော်ဆိုင်ကယ်၏ လက်ကိုင်မျိုးတပ်ထားသော သုံးဘီးကားတစ်စင်း အိမ်ရှေ့မှာ ဆိုးရပ်၏။

'အစ်ကိုကြီး ဆိုင်ကယ်သံ တစ်မျိုးဖြစ်နေပါကလား'

ထိုအတွေးဖြင့် လှမ်းကြည့်သောအခါ ခေါင်းပေါင်းကြီးတကားကားဖြင့် ဆင်းလာသော မိန်းမတစ်ယောက်။ အိမ်နံပါတ်ကိုမော့ကြည့်နေစဉ် ယောကျ်ားကလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်လည်း ဆင်းလာ၏။

"ဟဲ့ မသင်းထုံ၊ ဘယ်သွားမလို့တုန်း"

တိုင်းလုံးကျော် ထွက်လာရာက အော်သည်။

"ဟောတော်။ သွေးသောက်စုကိုမိးရှို့တဲ့ လူမိုက်ကြီးတော့်။ ကျုပ်က ကိုကြီးရန်ကြီးအောင့်အိမ်မှတ်လို့။ သည်အိမ် ဘယ်သူ့အိမ်တုန်း"

"ငါနေသဲ့အိမ် ငါ့အိမ်ပေါ့ဟ"

"ကိုရင့်အိမ်ဆိုရင် မတည်းရဲဘူး။ ပြန်မှတော်မယ်"

"ပြန် ပြန်။ သည်အချိန် ရထားမိသေးတယ်"

စင်စစ်အားဖြင့် အစ်မဖြစ်သူအား တွေ့ရသဖြင့် တိုင်းလုံးကျော် ဝမ်းသာသည်မှာ အတိုင်းမသိ။ ထိုနည်းတူပင် မသင်းထုံလည်း ဝမ်းသာသည်ပင်။ တစ်ယောက်က စသောကြောင့် တိုင်းလုံးကျော်က အတိုင်အဖောက်ညီအောင် ကသိကအောက် ပြောနေခြင်းဖြစ်၏။

အကယ်၍ မကြည်လှသာ ထွက်မလာခဲ့လျှင် တိုင်းလုံးကျော်သည် သုကားထိပ်မှပိတ်ပြီး အဘယ်မျှကြာအောင် နောက်နေဦးမည် မခန့်မှန်းနိုင်လေ။

"ဟဲ့ ယောင်းမ။ ဟော သင်းသင်း၊ တင်မောင်ဆွေ"

မကြည်လှ ပြေးဆင်းသည်။

သုံးဘီးကားတစ်စင်း အပြည့်တင်လာသော တောင်းပလုံး၊ အိတ်တွေကို ဆွဲချသည်။ သုံးဘီးကားသမား မျက်ထောင့်နီဖြင့် အပေါက်ဆိုး မမှတ်မိ လက်မတင်ကလေးဖြစ်သည်။

သုံးဘီးသမားမှာ လူအုပ်အားကိုးဖြင့်မင်းမူခဲ့သော မြင်းလှည်းသမားဘဝမှလာသူ၊ အာဏာပိုင် အဖွဲ့အစည်းအားကိုးဖြင့် သတ်ရန်၊ ခုတ်ရန် ဝန်မလေးသော ပိုင်ရှင်ဘဝမှ လာသူများဖြစ်ရာ ခရီးသည်ကို မလေးစားမှုမှာ အကျင့်ပါနေ၏။ ခရီးသည်က လက်တားပါလျက်က မမြင်ချင်ယောင်ဆောင်ပြီး မောင်းသွား၏။ လက်ခါပြသွားလျှင် ကျေးဇူးတင်ရသည်။ "ဘယ်လဲ" မေးပြီးမှ မောင်းထွက်သွားလျှင်ကား ပို၍ ကျေးဇူးတင်ရသည်။

ထိုသို့ မောက်မာသော သုံးဘီးသမားသည် ကားရပ်လျှင်ချက်ချင်း မောင်းထွက်ချင်၏။ အနည်းငယ် တုံ့ဆိုင်းနေလျှင် "ဘယ်လောက် စောင့်ရဦးမှာလဲ" မေးတတ်၏။ သို့အတွက် မကြည်လှက ကပျာကယာဆွဲချခြင်းဖြစ်၏။

ထမင်းစားခန်းထဲတွင်တချို့၊ အိမ်ရှေ့တွင်တချို့၊ ပစ္စည်းများ စုပုံမိလျှင် "ထမင်းစားခဲ့ပြီးပြီလား" ဟု မကြည်လှက စတင်မေး၏။

"သဘော်ပေါ်မှာ စားခဲ့တယ်" အဖြေအဆုံးတွင်ကား မဖလှအကြောင်း၊ ဖိုးသူတော်အကြောင်း၊ ဒေးဗစ်သာထွန်း သတင်းများသို့ ရောက်သွားလေ၏။ လက်ငင်းအခြေအနေတွင် မိသားစုလေးစု၏ လယ်များ၊ ယာများကို မဖလှနှင့် မသင်းထုံတို့ နှစ်ယောက်တည်း ခွဲဝေလုပ်ကိုင်နေကြရကြောင်း၊ ပင်ပန်းသော်လည်း ဘိုးဘွားအမွေကို နှမြောသဖြင့် ရေနံချောင်းသို့ မပြန်နိုင်ကြောင်းများ စုံစေ့နေသည်။

မကြည်လှသည် စကားလည်းပြော၏။ ထဲဝင်ပြင်ထွက်လုပ်ရင်း

ရေနွေးကြမ်းနှင့် မြည်းစရာများ တစ်ခုပြီးတစ်ခု ချပေး၏။

"ကိုကောင်းစံနဲ့ကတော့ သူလည်း ရွာကိုရောက်၊ ကိုယ်လည်း သူ့အိမ်ရောက်မို့ စိတ်အေးရတယ်။ ဟောသည် လူမိုက်ကြီး သေသလား ရှင်သလား မသိဘူး၊ အခုမှ"

မသင်းထုံသည် ခေါင်းပေါင်းတဘက်ကိုဖြေပြီး မျက်ရည်သုတ်၏။

"အေး၊ ညည်း ရောက်တုန်းရောက်ခိုက် တိုင်ရဦးမယ်။ ရန်ကုန်မှာ မိန်းမလည်တွေ၊ မကောင်းသဲ့မိန်းမတွေနဲ့ တွေ့သွားမှာစိုးလို့ ခြေရင်းအိမ်က ကျောင်းဆရာမကလေးကို ယူပါဆိုသာ 'အိ၊ အ' လုပ်နေသတော"

"ရန်ကုန်သူ မလိုချင်လည်း ရွာပြန်လိုက်ခဲ့။ ကြိုက်တဲ့မိန်းမကို လက်ညှိုးထိုးပြ။ ပေးစားမယ်"

တိုင်းလုံးကျော် တောက်ခေါက်သည်။ "အရေးထဲမှာ သာပဲပြောပြော နေကြသာပဲ" မြည်တွန်ကာ ထရပ်သည်။ တင်မောင်ဆွေနှင့် သင်းသင်းက တစ်ဖက်တစ်ချက် ဆွဲထားသည်။

"ဘဒွေးကလည်း ဒေါသချည်းပဲ"

အစ်မနှင့် မရီးကိုသာ စိတ်ဆိုး၍ ကောင်းမည်။ ယခုမှရောက်လာသည့် တူမနှင့် တူကိုကား စိတ်ဆိုး၍ မလျော်ပေ။ သို့အတွက် ပြန်ထိုင်သည်။

"ညည့်မောင်က ခေသာမဟုတ်ဘူးတော့်။ စာရေးဆရာ သိရဲ့လား"

စာရေးဆရာ ဝေါဟာရကို မသင်းထုံသိသည်။ "စာရေးဆရာဆိုသာ ဘာလုပ်သတုန်း" မေးရအောင် မနံ့ပေ။ စာရေးဆရာ၏ အလုပ်ကိုလည်း သိသဖြင့် "ကောင်းသာပေါ့တော်။ ဦးမောင်မောင်လှိုင်းရဲ့သားက စာရေးဆရာ ဖြစ်ဘဲ တူက လာဖြစ်သာ၊ ဘာပဲဖြစ်ဖြစ် ဝမ်းသာသယ်" ဟု အမှန် မ်းမြောက်သံဖြင့်ဆို၏။

ထိုအချိန်တွင် မျက်နှာချင်းဆိုင် ပြတင်းပေါက်တွင် လမင်းကြီးသာ သလို ညိုညိုသန်း ဘွားခနဲပေါ်လာ၏။

**ပုဂံစာအုပ်တိုက်**

"ကိုတိုင်း မြို့ထဲမထွက်ဖူးလား။ ဘယ်နှစ်ဖောင် ကျန်သေးလဲ"

"ဓာတ်သိမ်းရောက်နေပြီ ညို။ အရေးကြီးသဲ့ အခန်းရောက်တော့မှ မရိုးကတစ်မှောင့်၊ ညွှဲ့သည်ကတစ်မှောင့်"

"အလိုလေးတော်၊ ကျုပ် မပါပါဘူး"

မသင်းထုံ တွန့်ခနဲဖြစ်သွားကာ ပြုံးပြုံးပျာပျာ ငြင်းဆန်သဖြင့်

"အဲသာ ကိုယ့်အစ်မဝမ်းကွဲ မသင်းထုံလေ။ တောမှာရှိသဲ့ ကိုယ့်လယ်တွေ လုပ်နေသဲ့ စာရင်းငှားပေါ့" ဟု မိတ်ဆက်ပေး၏။

သူ့ကို စာရင်းငှားဟုဆိုသဖြင့် မသင်းထုံ မျက်စောင်းထိုးနေဆဲ၌ မကြည်လှက လှမ်းပြော၏။

"သူက သည်မှာ ကြာကြာနေမှာ မဟုတ်ဘူး။ မခေါ်လိုက်ရဘဲ ဖြစ်နေမယ်။ အခုကြုံတုန်း ခေါ်ထား။ ယောင်းမလို့"

ညိုညိုသန်း လှစ်ခနဲ ပျောက်သွားလေ၏။

"မကြည်လှပါးစပ်ကြီးက တစ်နေ့တခြား သရမ်းလာပြီဟာ"

တိုင်းလုံးကျော်၏ ညည်းတွားသံ။

"ဘာဖြစ်တုန်း။ သာလောက် တွန်းပေးနေသာတောင် တော်တို့က အခုထက်ထိ မလှုပ်ဘူး"

"သည်ဝင်ငွေလေးနဲ့ အိမ်ထောင်ပြုလို့ ဖြစ်မလားဟ မကြည်လှရ။ စဉ်းစားတွေးခေါ်မှုလည်း သုံးပါဦး"

"ကိုရင်တို့မြေတွေ ကျုပ်လုပ်နေသာ မေ့သွားပြီလား။ လိုသဲ့ငွေ ကျုပ်ပေးမယ်။ ကျုပ်မပြန်ခင် ယူတော်။ ရပ်ကလေးကလည်း လှသနဲ့"

မသင်းထုံကား တစ်ကြိမ်မြင်ခါမျှဖြင့် ညိုညိုသန်းအား သဘောကျသွားခဲ့ချေပြီ။

ထိုအချိန်တွင် မီးဖိုထဲမှ အေးစုအောင် ထွက်လာသည့်အတွက် တူဝရီးတစ်တွေ စကားလမ်းကြောင်းပြောင်း၏။ တိုင်းလုံးကျော် ထလာခဲ့၏။

**ပုဂံစာအုပ်တိုက်**

သူ့အာရုံတွင် ညီညီညာသန်းမရှိ။ ရေးဆဲစာမှ ကောင်းသည်ထက်ကောင်းစေရန် မည်သို့ရေးမည်နည်းသာ အရေးတကြီးရှိ၏။

လူသားယောကျ်ားတစ်ယောက်အတွက် ကြင်ဖက်သက်နံ့သည် အရေးကြီးသော်ငြား စာရေးဆရာအတွက်မှ သူ့စာသည်သာ သူ့အတွက် အရေးအကြီးဆုံးဖြစ်သည်။ သို့အတွက် တိုင်းလုံးကျော်သည် အခန်းထဲသို့ အရေးတကြီး ပြေးဝင်ခဲ့သည်။

★

၇

အနီရောင်သည် ဆွေငြိမ်း တည်မြဲတို့၏ အရောင်ဖြစ်သည်ဟူ၍လည်းကောင်း၊ အဝါရောင်သည် နတင် သန့်ရှင်းတို့၏ အရောင်ဖြစ်သည်ဟူ၍လည်းကောင်း မြန်မာပြည်သားတို့ အသိအမှတ်ပြုထား၍ အမှတ်မငြိမ်သေးမီ သန့်ရှင်းသည် အမည်ပြောင်းသွား၏။

အမည်သစ်မှာ ပထစ (ပြည်ထောင်စုပါတီ) ဟူ၏တည်း။ ထိုအခါတွင် တည်မြဲဖဆပလလည်း တည်မြဲဟု ဝိသေသတပ်ရန် မလိုတော့ဘဲ စည်းလုံးညီညွတ်သော ဘုန်းတန်းကြီးမားသော ဖဆပလ၏ အမည်ကို အလိုအလျောက် ရရှိသွားလေ၏။

သန့်ရှင်းအစိုးရ တက်လာလျှင်လာချင်း အထူးအဆန်းတစ်ခု ပေါ်လာသည်။ ထိုအရာမှာ ပြည်သူ့ဟစ်တိုင်ဖြစ်သည်။ မဟာဗန္ဓုလပန်းခြံအတွင်း၌ ခုံတစ်ခုံနှင့် နေရာသတ်မှတ်ထားသည်။

အင်္ဂလန်ဟိုက်ပတ်ဥယျာဉ်အတွင်း၌ ပရိသတ် ရှိသည်ဖြစ်စေ၊ မရှိသည်

ဖြစ်စေ မိမိတို့ ဟောပြောလိုသည်များကို ဟောပြောကြသည့်အလေ့ကို အတု သူကာ ဖွင့်ပေးသည်ဆိုသော ပြည်သူ့ဟစ်တိုင်ကား လူစုံ၏။ ရှေးဦးစွာ သက်ဝဲယိမ်း လူငယ်တစ်ဦး တက်ရောက်ဟောပြော၏။

"သန့်ရှင်းဖဆပလ အစိုးရတက်လာတော့ကော ဘာထူးသတုန်း။ ဘာမှ မထူးပါဘူး။ မထူးတဲ့ဟာကြီးကို ပထစလို့ နာမည်ပြောင်းတော့ ဘာဖြစ်လာသလဲ၊ ဘာမှဖြစ်မလာပါဘူး။ အရေးကြီးတာက ပြည်တွင်း ငြိမ်းချမ်းရေး၊ အမျိုးသား ညီညွတ်ရေး။ အဲဒါမရှိရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ဘာမှ ထူးလာမှာ မဟုတ်ဘူး။ ဒါကြောင့် ပထစအစိုးရဟာ ဆွေ့ဆုံစေ့စပ် ဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးကို အမြန်ဆုံးတည်ဆောက်ပါလို့ ကျုပ် ပြောချင်တယ်"

လက်ခုပ်သံများ ဖြိုးဖြိုးဖြောက်ဖြောက် ပေါ်လာသည်။

ညိုညိုသန်းသည် အဖျားသတ်မျှသာ မီလိုက်သည်။ လက်ဆွဲ ကြိမ်ခြင်းကလေးဆွဲလျက် လွတ်လပ်ရေး ကျောက်တိုင်ခြေရင်းတွင် နေခိုရင်း ခင်ထိုင်သည်။ အခြားပရိသတ်များနည်းတူ အနီးကပ် နားထောင်လိုငြား မသွားရဲပေ။ အတိုက်အခံ နိုင်ငံရေးသမားတွေနှင့် ရောထွေးယှက်တင် ပြုသည်ဟူသော စွပ်စွဲချက်ဖြင့် အလုပ်ဖြုတ်ပစ်သော် မခက်ပါလော။

ပမညတကား မည်သည့်အရောင်၊ ဖဆပလကား မည်သည့်အသွေးဟု မသိသော ကျောင်းအုပ်တစ်ယောက်သည် သူ့ကျောင်းဝတ်စုံကို မိုးပြာရောင် သတ်မှတ်ခဲ့၏။ တစ်လမပြည့်မီ ထိုကျောင်းအုပ်အား ပမညတဟူသော စွပ်စွဲ ချက်ဖြင့် အလုပ်ဖြုတ်ပစ်ခိုင်းသဖြင့် ပြုတ်ဖူးသောထုံးရှိ၏။ ကျောင်းဆရာ မရှိလျှင် တိုင်းပြည်မဖြစ်။ သို့သော် ကျောင်းဆရာများကား အစော်ကားခံရုံ သက်သက် ဘဝသို့ သက်ဆင်းနေကြရ၏။

သို့ကြောင့် ညိုညိုသန်း သတိရှိ၏။ ဟစ်တိုင်နားသို့ မသွားဘဲ ကျောက်တိုင်ဘေးတွင် ထိုင်ပြီး နားထောင်သည်။ သူ ထီးပိတ်ဆဲ၌

ငြိမ်းချမ်းရေးလူငယ် ဆင်းသွားသောအခါ လူထုးလူဆန်းတစ်ယောက် တက်လာ၏။ လူ့တစ်ရပ်မျှ ရှည်လျားသော အရိုးတပ်သည့် ယပ်တောင်ကို ကိုင်ထားသည်။ ကင်းပတ်ဖိနပ်အဖြူ၊ သိုရင်းအင်္ကျီရှည် အဖြူတို့ကို ဆင်မြန်း၍ ယောဂီယောင်တဘက် ပေါင်းထားသော အသားဖြူနီစပ် ဖြစ်သည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများ ဘေးဘယာ ဝေးကွာကင်းရှင်းပြီး ကျန်းမာချမ်းသာ လန်းဖြာကြပါစေလို့ အနေ့ဒိသ မေတ္တာ ဩဒိသမေတ္တာပို့သလျက် ဒီမိုကရေစီပြည်သူ့ဟစ်တိုင်ကို ရောက်လာရတဲ့ ကျွန်ုပ်သည်ကား ပထမံစေဂိုဏ်းမှ ဦးမေတ္တာ ဖြစ်ပါတယ်ဗျား"

"ဟုတ်ပေ့ဗျား"

ဦးမေတ္တာတွင် နောက်ပါအခြံအရံ ပါဟန်မတူ။ သူ့ရှေ့တွင်ရှိသော လူတစ်ကျိပ်ခန့်မှာ သူ့လူများမဟုတ်။ မဟုတ်သောကြောင့်သာ အရက်မူးသံ ကြီးဖြင့် နှောက်ခြင်းဖြစ်၏။

"ဝန်ကြီးချုပ်ဦးနု ကနေ့ ဝန်ကြီးချုပ်ဖြစ်လာတယ်။ ဖြစ်လာလာချင်း အမဲသားမပေါ်ရ၊ နွားမသတ်ရ အမိန့်ထုတ်တယ်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာလုပ်တယ်။ အလွန်ကောင်းသော မြတ်သောအမှု ဖြစ်ပါပေတယ်။ သာဓု သုံးကြိမ်ခေါ်ပါတယ်။ သတ္တဝါများရဲ့အသက်ကို မေတ္တာအရှေ့ထားပြီး သနားကြပါ၊ ကယ်တင်ကြပါ"

"ဝုတ်တယ်၊ ဝုတ်တယ်"

အရက်သမားကား တစ်ယောက်တည်းမဟုတ်၊ အစုအဝေးဖြင့် ဖြစ်သည်။ နောက်ပြောင်သံမှာ တစ်ယောက်ထက်များသည်။

ညိုညိုညန်းမှာ အမဲသားကိစ္စကို ဦးမေတ္တာဖော်ပြောမှ သတိထားမိ သဖြင့် စိတ်ဝင်စားသော်လည်း အရက်သမားများကိုကား ရယ်ရအခက် စိတ်ဆိုးရအခက်ဖြစ်နေသည်။ အငြိမ့်စင်ဘက်တွင် ယောင်ပေယောင်ဆ

လျှောက်လာနေသော လူတစ်ယောက်ကို မြင်သဖြင့် လက်ထောင်ပြ၏။ ငကိုင်းလုံးကျော်။

"ဝန်ကြီးချုပ် ဦးနုဟာ သူ ဝန်ကြီးချုပ် ဖြစ်လာရင်လာချင်း တည်မြဲဖဆပလတွေကို သင်ပုန်းချေငြိမ်းချမ်းရေး ခေါ်တာဟာလည်း အလွန်မြင့်မြတ်တဲ့ သဘောထားဖြစ်တဲ့အတွက် သာဓု သုံးကြိမ်ခေါ်ပါတယ်။ ဒါကြောင့် ကမ္ဘာသူ ကမ္ဘာသား ဝေနေယျအများဟာ"

"ညို ရောက်နေသာ ကြာပြီလား"

တိုင်းလုံးကျော်က တစ်တောင်ကွာခန့်တွင် ဝင်ထိုင်ရင်းမေး၏။

"မကြာသေးပါဘူး ကိုတိုင်း။ ရှေ့က တရားတစ်ပွဲ မိရုံပဲရှိတယ်။ အဆင်ကောပြေခဲ့ရဲ့လား"

"ပြေပါတယ်။ ဟောသည့်မှာ"

ငွေစက္ကူအချို့ကို လွယ်အိတ်ထဲမှ ထုတ်ပြ၏။

"အမယ်လေး။ ခါးပိုက်နှိုက်နောက် ပါသွားတော့မှာပဲ။ ဘောင်းဘီအိတ်ထဲ ထည့်ရင်ထည့်၊ မထည့်ရင် အကျီအိတ်ထဲထည့်ပါ"

စကားပြောနေသဖြင့် ပထမံစေဂိုဏ်းမှ ဦးမေတ္တာ၊ မည်သို့မည်ပုံ နိဂုံးသတ်သွားသည်ကို မသိလိုက်ကြပါ။ "ကျွန်တော်ကတော့ အရက်သမားပဲ။ အရက်သမားက ဘာပြောမလဲ။ အရက်ကောင်းကြောင်း တရားဟောမှာပေါ့" အသံဆိုးကြီးကို ကြားမှ တိုင်းလုံးကျော်တို့ စကားရပ်မိကြ၏။

"ဟုတ်တယ် ဟုတ်တယ်၊ ဟောပါဗျို့"

လက်ခုပ်သံများ လက်ခေါက်မှုတ်သံများ ပါးလျားစွာ ပေါ်လာ၏။

"ဦးနုက အမဲသားပိတ်တာကို သာဓုခေါ်သွားတယ်။ ကျုပ် မခေါ်ဘူး။ ဘာပြုလို့လဲ။ အမဲသားပျောက်သွားပြီး တိုးတိုးသားဖြစ်လာလို့ပဲ။ ခင်ဗျားတို့ သာဓုခေါ်ရမှာက ကျုပ်တရားပဲ။ ကျုပ်တရားက အရက်တရား။ အရက်ဟာ ရေရောသည်ဖြစ်စေ၊ ဆိုဒါရောသည်ဖြစ်စေ မူးမြဲမူးတဲ့ အရက်ရဲ့ သစ္စာ

တရားကို ဖော်ကျူးတာဖြစ်လို့ပဲ"

အရက်တရားဟောဆရာသည် ရှေ့သို့ ယိုင်ထိုးလာရာက မထိန်းနိုင်ဘဲ ကျွမ်းပျံကျသွားလေ၏။

ညိုညိုသန်း ပါးစပ်ပိတ်ကာ ရယ်မောငြား တိုင်းလုံးကျော် ခေါင်းယမ်း၏။

"အလွန် မိုက်သဲ့ လူတွေပဲညို။ ရသဲ့ အခွင့်အရေးကို နေရာတကျအသုံးမချတတ်ပဲကိုး။ ကောသလအိပ်မက် ၁၆ ချက်ထဲမှာပါသဲ့ 'ခရုသင်းထဲမှာ ကျင်ငယ်စွန့်သဲ့မြေခွေး' ကို သတိရသကွာ"

"မဆိုင်သာဘဲ ကိုကလည်း။ ခရုသင်းဟာ ခရုပဲမဟုတ်လား"

"ခရုသင်းဟာ ခရုပဲဆိုသာ ဟုတ်ပါသယ်။ ဒါပေမယ့် သူ့အရစ်တွေက ညာဘက်ကိုလှည့်ပြီး ရစ်သကွ။ အဲသာကြောင့် ရှားပါးသောပစ္စည်း၊ မြင့်မြတ်သော ပစ္စည်းအဖြစ် ဘုရင်တွေ ဘိသိက်ခံသဲ့အခါမှာ ခရုသင်းထဲက ရေကို သပြေခက်နဲ့ဆွတ်ပြီး ဘုရင့်ခေါင်းကို ဖျန်းရသယ်"

"သဘောပေါက်ပြီကို၊ သဘောပေါက်ပြီ။ မြင့်မြတ်တဲ့ပစ္စည်းကို မြင့်မြတ်ရာမှာမသုံးဘဲ၊ ယုတ်မာကောက်ကျစ်တဲ့အကောင်က ယုတ်ယုတ်မာမာပြုကျင့်တယ်လို့ ကို ပြောချင်တာ မဟုတ်လား"

"ကဗျာဆရာကြီးကလည်း တည့်တည့်ပြောမှ ရိပ်မိသကိုး"

"ဟင်း ကဗျာတစ်ပုဒ် ရသွားပြီသိလား"

ကဗျာတစ်ပုဒ် ရသွားခြင်းသည် အဘယ်မျှ ကြည်နူးဝမ်းသာစရာကောင်းကြောင်းကို စာသမားမှသာ နားလည်သည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည်နူးစွာ ကြည့်နေလျက် ပြုံးမိကြ၏။

"ဩော်၊ ဘာကိစ္စ သည်မှာချိန်းတာလဲ ကို"

"အေးအေးဆေးဆေး ဓာတ်ရှင်တစ်ပွဲလောက် ကြည့်ရအောင်လို့"

"ဒါလေးများ၊ တနင်္ဂနွေလို နေ့ကျမှပြောလည်း ရလျက်သားနဲ့။ ကဲပါ

ထပါ၊ ပြန်ကြပါစို့။ အမေ့ကိုမှ မပြောခဲ့ရတာ စိတ်ပူနေမှာပေါ့"

"နောက်မှဆိုရင် ကြည့်ဖြစ်မှာမဟုတ်ဘူး ညို။ သားတွဲလွဲ သမီးတွဲလွဲနဲ့ဆို သာပြီး မကြည့်ဖြစ်တော့မှာ"

ထိုစကားကို ကြားရသောအခါ ညိုညိုသန်းမှာ ကျေးဇူးတင်စွာ မော့ကြည့်မိ၏။ သို့ရာတွင် ချက်ချင်း သူ့မျက်နှာ၌ ရှက်သွေးဖြာ၏။ ရှက်ရှက်ဖြင့်ပင် သူ့ကိုယ်ကို ငုံ့ကြည့်မိ၏။ မိခင်လောင်းအင်္ကျီသည် အတန်ပင် ကျပ်စပြုနေပါပြီကော။

ပန်းခြံထဲတွင် လူစည်ကားလာပြီ။ မြေပဲလှော်သည်၊ ကွမ်းယာသည်များ တကြော်ကြော်အော်နေကြပြီ။ အငြိမ့်စင်ပေါ်သို့ ဂန့်ဂျာသမားများ ရောက်လာကြပြီ။ အိမ်သာအနီးတွင် လူရောင်းသောမိန်းမတွေ တသောသော ရယ်မောရင်း လူယောင်ပြနေကြပြီ။ စက္ကူပန်းရုံအောက်ရှိ ခုံတွဲနှစ်တွဲအနက် တစ်တွဲမှာ တစ်ယောက် စိတ်ကောက်သွားသဖြင့် ကျန်သူက လိုက်လံချော့နေသည်။

"ထလေ။ ကဲပါ ထစမ်းပါ။ ကိုယ့်ပစ္စည်းကို ဘေးမှာထားပြီး သူများပစ္စည်းကို ငမ်းတာ မကောင်းပါဘူး"

"ရေးကွက်ရသယ်ဗျာ ဆရာမရ"

တိုင်းလုံးကျော် ရယ်မောသံဖြင့် ဖာထေးရင်း ထသည်။ ကြိမ်ခြင်းရော ဆီးပါ လှမ်းယူသည်။

နိုင်ငံတစ်နိုင်ငံတွင် အစိုးရအဖွဲ့သစ် တက်လာလျှင် အလုပ်လုပ်ရန် ငံမံကိန်းများ ချမှတ်ရသည်။ ရှေ့က အစိုးရအဖွဲ့ဟောင်း လုပ်သွားသည် များကို ဖျက်သိမ်းလိုပါက လိုက်လျောညီထွေ ရှိစေမည့်နည်းကို ကြံဆ အစားထိုးရသည်။ သို့ရာတွင် သန့်ရှင်းဖဆပလမှ ပြည်ထောင်စုပါတီ အမည် ပြောင်းခြင်းကိုသာ မည်မည်ရရလုပ်နိုင်သော ပထစအစိုးရသည် ဒုက္ခနှင့် ငံဆိုင်ကြုံရပြီ။

**ပုဂံစာအုပ်တိုက်**

ပြည်နယ်အသစ်နှစ်ခု ဖွဲ့စည်းပေးရေးရှိသည်။ သို့သော် အကြောင်းမဟုတ်။ ဟုတ်သောအရာမှာ အာဏာစွန့် လျော်ကြေးယူပြီး လူထု၏ ကုပ်ပေါ်မှ ခုန်မဆင်းသောပုဂ္ဂိုလ်များ ဦးဆောင်သည့် ပြည်ထောင်စုမှ ခွဲထွက်ရေးခြိမ်းချောက်မှုကြီးဖြစ်သည်။ ထိုအန္တရာယ်ထက် ကြီးမားသောအရာကား ပါတီတွင်း အကွဲအပြဲပေတည်း။ တို့ဗမာအစည်းအရုံးခေတ်ကို မီခဲ့သူများက ဖဆပလခေတ်တွင်းမှ နိုင်ငံရေးနယ်ထဲသို့ ရောက်လာသူများအား အထင်သေး၏။ တော်လှန်ရေးတွင် ပါခဲ့သူများကလည်း သခင်ရော၊ ဦးကိုပါ မတူမတန်ထင်၏။ ဦးများကလည်း သခင်များ၊ ဗိုလ်များကို သူငယ်နှပ်စားဟု သဘောထား၏။

ဦးအမည်တပ်ထားငြား သခင်အုပ်စုထဲပါသူ၊ ဗိုလ်အမည်ခံပါလျက် ဦးဖြစ်နေသူ၊ သခင်အမည်ရှိပါလျက် ဗိုလ်အုပ်စုဝင်ဖြစ်နေသူ စသည်ဖြင့် သပွတ်အူလိမ်နေလေလေ၊ ခွဲထွက်ရေးသမားများက ခြိမ်းချောက်လေလေ ဖြစ်သည်။

တိုင်းလုံးကျော်၏ ယောက္ခမ ဒေါ်မိမိသည် သမီးနှင့် သမက်အား မျှော်လေ့မရှိ။ အထူးသဖြင့် ပြန်ချိန်၊ သွားချိန် မမှန်သော သားမက်အား သာပြီး လျစ်လျူရှုပါလျက်က ယနေ့ အိမ်ဝမှစောင့်ကြို၏။

"မောင်တိုင်းကို သူငယ်ကလေးတွေ လာလာမေးတာ သုံးခါရှိသွားပြီ"

"ဘယ်သူတွေပါလိမ့် ဒေါ်ဒေါ်"

"ဟိုကွယ်၊ မစပယ်ရဲ့ သားနဲ့ မုန့်ဟင်းခါးသည်သား"

သိလိုက်ပြီ။ မုန့်ဟင်းခါးသည်သားမှာ ညွန့်ရွှေ။ ဒေါ်စပယ့်သားဆိုသူမှာ မောင်မောင်တာ။ လမ်းထဲမှာ ကာလသားငယ်များဖြစ်ကြ၏။ သို့ဖြစ်လျှင် တတိယလူမှာ မည်သူပါနည်း။

တိုင်းလုံးကျော်သည် ပါလာသောပစ္စည်းများ ထားခဲ့ပြီးလျှင် အဝတ်ပင် မလဲတော့ဘဲ ရေဘုံပိုင်သို့လာခဲ့သည်။ ရေဘုံပိုင်တွင် ရေပုံး

ဆယ်ပုံးခန့် တန်းစီထားသည်။ သူတွေ့ချင်သူများ မရှိ။ သူ့လှည့်ပြန်မည် စိတ်ကူးပြီးမှ သိန်းဇော်ကို မြင်သဖြင့် ဆက်လျှောက်လာသည်။

"အစ်ကိုကြီး၊ အတော်ပဲဗျို့"

သိန်းဇော်ပြေးလာပြီး "ကိုညွန့်ရွှေတို့တောင် အစ်ကို့အိမ်ကို သွားကြသေးတယ်" ဟု ပြောသည်။

"အဲသာကြောင့် ငါလိုက်လာသာ။ အခုပဲ ပြန်ရောက်သာ"

"လာ အစ်ကို၊ လက်ဖက်ရည်ဆိုင်မှာ သူတို့ရှိလိမ့်မယ်"

တစ်ဖက်လမ်း၏ လမ်းဆုံတွင် လူငယ်များဆုံနေကျ လက်ဖက်ရည်ဆိုင်ရှိသည်။ ညွန့်ရွှေနှင့် မောင်မောင်တာအပြင် တင်ညွန့်လည်းရှိသည်။ ရိကော်ဒါတေးချင်းတွင် ယစ်မူးနေကြသည်။

"အစ်ကို လိုက်လာတာနဲ့ အတော်ပဲဗျို့"

ညွန့်ရွှေက ဆီးကြိုရင်း သွက်လက်စွာ လက်ဖက်ရည်မှာသည်။ တိုင်းလုံးကျော် တားငြင်း၍မရ။

"အစ်ကိုတို့ ခြေရင်းအိမ်က သဇင့်ဆီကို ဂျစ်ကားတစ်စင်း လာလာနေသယ်အစ်ကို"

"လူတော့ မမြင်ဖူးဘူးကွ။ ဂျစ်ကားတစ်စင်း လာလာနေသာတော့ မြင်မိသလိုလိုပဲ။ အဲသည်တော့ ဘာဖြစ်လို့တုန်း"

"သောက်ပါဦး အစ်ကို"

ညွန့်ရွှေက ရောက်လာသော လက်ဖက်ရည်ကို လှမ်းယူပြီးမှ မူရင်းကိစ္စကို စကားဆက်၏။

"ကျွန်တော်တို့လည်း သူ့အဖေနဲ့ မြင်းလောင်းဖော်လောင်းဖက်မို့ 'ခဲတွက်' ရအောင် သူ့အဖေဆီ လာတယ် ထင်နေတာ"

မြင်းသမား၏ မြင်းရောဂါမှာလည်း ဝါသနာ မပါသူများအဖို့ လွန်စွာရယ်စရာကောင်း၏။ စနေနေ့ ရောက်လာလျှင် သူသည် မြင်းကိုသာ

စိတ်ဝင်စား၏။ အခြား အမှုကိစ္စများကို ပစ်၏။

သတင်းစာများတွင် နက်ဖြန်ပြေးမည့် မြင်းစာရင်းပါ၏။ အချို့ သတင်းစာက 'တစ်' ပါ ပါ၏။

မြင်းသမားသည် အိပ်မက်ကို တန်ဖိုးထား၏။ သတင်းစာမှ တစ်ကိုလည်း ယူ၏။ မြင်းသမားချင်းလက်သိပ်ထိုးလာပြောသော တစ်ကိုလည်း မပစ်။ ဟိုကျော်ကီက ဟိုမြင်းကို ဆွဲစီးလိမ့်မည်၊ သည်ကျော်ကီက သည်မြင်းကို ဆွဲစီးလိမ့်မည်ဆိုသော မြင်းကြမ်းပိုးတို့၏ ထင်ကြေးကိုလည်း ပါးစပ်သတင်းပေးသေး၏။

မည်သည့်မြင်းမှ မည်သည့်နေရက် မည်သည့်ပွဲ၌ မည်သည့်မြင်းကို နိုင်ဖူးသည်။ ယခု သည်နှစ်ကောင်လာပြီး ဖေးဘရိတ်ဖြစ်နေပြန်ပြီ စသည့် မြင်းရာဇဝင်ကိုလည်း ပြန်လှန်သုံးသပ်ကြသေး၏။ ထိုမြင်းများ အလေးချိန်တူညီစေရန် ခဲဖိုးရသဖြင့် ထိုအလေးချိန်များ စိစစ်သည်ကို ခဲတွက်သည်ခေါ်ကြကုန်၏။

"ဒါပေမယ့် မဟုတ်ဘူး အစ်ကို။ အင်းလေ၊ သဇင့်အဖေ မြင်းဝါသနာကြီးတာကို အကြောင်းပြုပြီး ဝင်ထွက်ရင်းက ငြိသလားတော့ မသိဘူးပေါ့ အစ်ကိုရာ၊ ရပ်ရှင်ရုံမှာ၊ ဈေးထဲမှာ၊ အဲဒီဂျစ်ကားက လူနဲ့ မကြာခဏလည်း တွေ့ရတယ်"

တိုင်းလုံးကျော်သည် ခေါင်းညိတ်ပြရင်း လက်ဖက်ရည်ကို လက်စသပ်သည်။

"ကတ်ပတိန်တစ်လိပ်ပေးပါကွ" ဆိုကာ သိန်းဇော်က စီးကရက်တစ်လိပ် ရှေ့တွင် ချပေးသည်။

"ဗို၊ ဂျစ်ကားနဲ့ လာလာနေတဲ့လူနဲ့ သဇင်နဲ့က အသက်အရွယ်ချင်း မမျှပေမယ့် ထားလိုက်ပါတော့ အစ်ကို။ သူကြိုက်ချင်လို့ ကြိုက်တာကျွန်တော်တို့ ကန့်ကွက်ပိုင်ခွင့် မရှိပါဘူး။ ဒါပေမယ့်"

တိုင်းလုံးကျော်ကား စူးစိုက်နားထောင်ရင်း ခေါင်းကိုသာ အတွင် ညိတ်နေ၏။

"ဒါပေမယ့် သူဟာ × × × ရပ်ကွက်က ဖဆပလလူကြီး။ မယား လည်းရှိ၊ သားကြီးသမီးကြီးလည်းရှိသူ ဖြစ်နေပါလျက်နဲ့ အခုလို လာလာ နေတာဟာ ကျွန်တော်တို့ လမ်းကို စော်ကားရာရောက်တယ်ခင်ဗျာ့"

"ကြာရင် မယားငယ်လမ်းလို့ အခေါ်ခံရလိမ့်မယ် အစ်ကို"

မောင်မောင်တာက ဝင်ပြောသည်။

"အဲဒါကြောင့် နောက်တစ်ကြိမ်လာရင် ကျွန်တော်တို့ 'ခဲမိုး'ရွာလွှတ် ချင်တယ်။ အစ်ကိုတို့အိမ်က ခေါင်းရင်းအိမ်ဖြစ်နေသဲ့အတွက် တိုင်ပင်တာပါ အစ်ကို"

"နို့ ခြေရင်းအိမ်က တင်ညွှန့်တို့ကကော"

"ကျွန်တော်ကလား အစ်ကို။ ကျွန်တော်က ရိုက်လွှတ်ချင်တာ"

တင်ညွှန့်၏ သဘောထားဖြစ်သည်။

"မှူရင်း ဖဆပလမှာ သက်စွန့်ဆံဖျား လုပ်ခဲ့သူတွေဟာ သည်လို သိက္ခာမရှိသဲ့ အချောင်သမားတွေကြောင့် နာမည်ပျက်ကြရပြီပေါ့ကွာ။ အေးလေ၊ သည်တော့"

သည်တော့ဟု ပြောပြီးမှ ထိုဂျစ်ကားကို သူမြင်ဖူးသယောင်ရှိသည်ဟု ထင်လာ၏။ မည်သူနည်း။ မိမိအသိလော၊ ရန်ကြီးအောင်၏ အသိ အကျွမ်းလော။

"သည်တော့ ငါမကန့်ကွက်ပါဘူး။ သို့ပေမယ့် ငါ့ကို တစ်ပတ် အချိန် ပေးပါလို့ တောင်းပန်ပါရစေ။ အနုနည်းနဲ့ ပြီးလိုပြီးငြားပေါ့လေ။ လိုရင်းက သည်လမ်းထဲကို သည်ကားမလာဖို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်အစ်ကို၊ ဟုတ်ပါတယ်"

ကျေးလက်တောရွာများတွင် မဖွယ်မရာ လုပ်နေသော အိမ်

တစ်အိမ်အား ရပ်ရွာက ကန့်ကွက်ဆန္ဒပြလိုလျှင် ခဲဖြင့်ပစ်ကြသည်။ အခြားသော အနိုင်ကျင့်နည်းများတွင်လည်း ခဲခြင့်ပင် ပေါက်ကြပြန်သည်။ ကိုယ်က မှန်ကန်ပြီး သူက မှားယွင်းနေဦးတော့ ခဲဖြင့်ပေါက်ခြင်းသည် အကြမ်းဖက်ခြင်း ဖြစ်သဖြင့် တိုင်းလုံးကျော်မကြိုက်။

သို့ကြောင့် တစ်ပတ်အချိန်ပေးရန် တိုင်းလုံးကျော် တောင်းပန်ခြင်း ဖြစ်သည်။ သူသည် လူငယ်များနှင့် လူချင်းခွဲခဲ့စေကာမူ 'သည်ဂျစ်ကား ငါ ဘယ်မှာ တွေ့ဖူးပါလိမ့်၊ မြင်ဖူးပါလိမ့်' အတွေးကား မပျောက်။

သို့ဖြင့် စနေနေ့သို့ရောက်လာသည်။ သဇင်သည် နေ့ဝက် ရုံးအဆင်းတွင် တိုင်းလုံးကျော် စဉ်းစားမရသော ဂျစ်ကားဖြင့်ပြန်လာသည်။ တင်ညွှန့်တို့ အိမ်ရှေ့တွင် တိုင်းလုံးကျော်နှင့် လူငယ်တွေ စောင့်ကြည့်နေကြသည်။

"ဩော်၊ လက်စသတ်တော့ သည်ကောင်ပါကလား။ အဲသာကြောင့် သည်ကားကို မြင်ဖူးပါသယ် ငါ ထင်နေသာကိုး"

ကားပေါ်မှ ဖဆပလကြီး ဆင်းအလာတွင် တိုင်းလုံးကျော် ဝမ်းသာအားရပြောမိ၏။

"အစ်ကို့ အသိလား အစ်ကို"

"အေးကွ။ သာပေမယ့် မင်းတို့မသွားကြနဲ့ဦး။ သည်ကောင် ဆင်းအလာမှာ ငါနဲ့သူနဲ့ စကားပြောပြီးတဲ့အထိ လူငယ်များ စောင့်ပြနေကြဦး"

သူတို့သည် ဂျစ်ကားဘေးသို့ စုရုံးရောက် ရှိလာကြသည်။ ကားထဲသို့ ခေါင်းသွင်းကြည့်သူကြည့်။ ကားအမိုးကို ကိုင်သူကိုင်၊ ငုံ့ကြည့်သူကြည့် လုပ်နေကြ၏။ ထိုကဲ့သို့ ဝိုင်းပြသောကြောင့် ရွှေကိုင်းမျက်မှန်တဝင်းဝင်းနှင့် ဖဆပလကြီးဆင်းလာတော့၏။

"ဘာလဲဟေ့"

"ဘာလဲ မေးမယ့်အစား ငါဘယ်သူတုန်းဆို တာ ကြည့်စမ်းပါဦး ချစ်ပေ။ ကျွန်တော် တိုင်းလုံးကျော်လေ"

## ပုဂံစာအုပ်တိုက်

သူ့ကားဘေးတွင် ရစ်သီရစ်သီလုပ်နေသည်ကို မကြိုက်သောကြောင့် ဒေါနှင့်မောနှင့် ဆင်းလာခဲ့သော ပုဂ္ဂိုလ်ကြီးမှာ မျက်နှာကြီး မည်းတက်သွားလေတော့သည်။ သို့သော် ဦးချစ်ဖေ ပြုံးဖြစ်အောင် ပြုံးကာ "မင်းပါကလား" ဟု ပြောသေးသည်။

"ဟုတ်ပါတယ်။ ခင်ဗျား သည်အိမ်ကိုလာသာ မကြိုက်ကြဘူး။ ဒါပေမယ့် ကျုပ်နဲ့ ဆွေမျိုးသားချင်း တော်စပ်နေသဲ့အတွက် ခင်ဗျား ကံကောင်းသွားသယ်"

ဦးချစ်ဖေ ကားပေါ်တက်ထိုင်သည်။ စတီယာရင်ကို လက်ဖြင့်ကိုင်မိကာမှ ပြန်မေး၏။

"ငါ ဘာဆိုသာ မင်း သိရဲ့လား"

"သိပါသယ်ဗျာ။ သတင်းစာထဲမှာ ခင်ဗျာ့ကားနဲ့ ခင်ဗျာ့ပုံပါပါလာမယ်။ ဘာကြောင့် ဘာညာဆိုသဲ့ သတင်းလည်း အကျယ်တဝင့်ပေါ့လေ။ ဥပမာ ဗမာ့ခေတ်သတင်းစာပေါ့ဗျာ"

တိုင်းလုံးကျော်က တဟဲဟဲရယ်သံပေး၏။ ညွန့်ရွှေတို့က ဝါးခနဲဝါးလုံးကွဲရယ်မောသည်။ ဦးချစ်ဖေ ဘာမျှ ဆက်မပြောတော့ပါ။ ကားစက်နှိုးပြီး ဆောင့်ထွက်သွားလေ၏။

## ၈

တစ်ကြိမ်မျှ မမြင်ဖူးသေးသော ခဲအိုလာမည်ဆိုသောကြောင့် နေ့ဝက် ခွင့်ယူခဲ့ပြီး လိုက်လာခဲ့ရခြင်း ညိုညိုသန်းမှာ နှာခေါင်းတရှုံ့ရှုံ့ဖြစ်နေချေ၏။

ပြည် အစုန်ရထား ဆိုက်ချိန်ဖြစ်သည်။

လူအများသည် ရထားလာမည့်ဘက်သို့ လည် တဆန့်ဆန့် တမျှော်မျှော်ဖြစ်နေကြ၏။ တိုင်းလုံးကျော်မှာ လူတွေကို ကြည့်နေမိသဖြင့် ညိုညိုသန်း သားအမိကို သတိမထားမိ။ သို့သော် သူ့ဘေးမှ တဟင်းဟင်း အသံပေးကာ နှာခေါင်းတရှုံ့ရှုံ့ ညိုညိုသန်း လုပ်နေဖန်များသောအခါ သတိမူမိပြီ။

"ညို ဘာဖြစ်သာတုန်း"

"နံလိုက်တာတော်။ ကိုတိုင်းမို့ ခံနိုင်တယ်။ သူများဖြင့် ခေါင်းတောင် မူးလာပြီ။

ထိုအခါတွင်မှ ဘူတာကြီးတစ်ခုလုံး၌ ကျင်ကြီးနံ့ ကျင်ငယ်နံ့များ လှိုင်နေပါတကားဟု တိုင်းလုံးကျော် သတိထားမိသည်။

ရန်ကုန် မီးရထားဘူတာရုံကြီး၊ သို့မဟုတ် ကွမ်းခြံဘူတာမှာ သာလာယံဇရပ်ကြီးလည်း ဖြစ်၏။ ထိုးထားသောတွဲများနှင့် တွဲပျက်များမှာလည်း အလီမူလာဒိုင်ခွဲဖြစ်၏။ ခြေသလုံးအိမ်တိုင်များ၏ မှီခိုရာလည်း ဖြစ်၏။

နံနက်စောစောထွက်မည့် ရထားကို လာရောက်စောင့်ဆိုင်းသူများသည် ဘူတာထဲမှာပင် အိပ်ကြ၏။ အခင်းကြီး၊ အခင်းလေး သွားလိုသူများသည် ဘူတာ၏အရှေ့ဖျားရှိ အိမ်သာသို့ မပြေးပါ။ ပလက်ဖောင်းတွင် လာထိုးသည့် ရထားတွဲ၏ အိမ်သာကိုသာ အသုံးပြုကြသည်။ ဤနည်းဖြင့် ရန်ကုန်ဘူတာကြီးမှာ ရွံရှာဖွယ်ဖြစ်နေခဲ့ရာ အိမ်စောင့်အစိုးရလက်ထက်တွင် သန့်ရှင်းသယောင်ရှိခဲ့၏။ ယခုသော်ကား ရှေးမူမပျက် ပြန်လည် ညစ်ပတ်နံစော်နေချေတော့၏။

ညိုညိုသန်းပြောတော့မှ မကောင်းသော ရန့်များကို တိုင်းလုံးကျော် သတိထားမိသဖြင့် အနံ့လွတ်ရာသို့ ဆွဲခေါ်ခဲ့၏။

"ဟုတ်သယ်ညို၊ လူကြီးက ခံနိုင်ရည်ရှိပေမယ့် ကလေးရဲ့ကျန်းမာရေး စိုးရိမ်ရသယ်"

ထိုင်စရာရှာပေးပြီး ထိုင်မိကြချိန်တွင် လူတွေ ရှေ့သို့တိုးသွားကြ၏။ အချက်ပေးသံလည်း ပေါ်လာ၏။ တိုင်းလုံးကျော်သည် ဘုရားလမ်း ဘူတာဘက်သို့ မျှော်ကြည့်၏။ ရထားစက်ခေါင်းကို မြင်ရပြီ။

"ညို၊ သည်မှာပဲ ထိုင်နေနော်"

တိုင်းလုံးကျော်သည် သံလမ်းဘက်သို့ ပြန်လာ၏။ နံမှန်းသိပြီမို့ အသက် အောင့်ထားရ၏။ သို့သော် ပြတင်းပေါက်မှ ထုတ်ထားသော ကိုကောင်းစံအား မြင်လိုက်ရသောအခါ အနံ့ဆိုးများပျောက်၏။ လက်မြှောက်ပြရင်း လွန်သွားသော တွဲနောက်သို့ ပြေးလိုက်လာ၏။

"ညီညီရေ၊ ကိုကို သည်မှာဟေ့"

ကိုကောင်းစံ အော်ပြောနေဆဲ၌ ပြတင်းပေါက်အောက်သို့ တိုင်းလုံးကျော်ရောက်လာ၏။

"မမြင့်နဲ့ ကလေးတွေကော ပါသေးလားကိုကို"

"ပါပါ့ဗျာ။ သူ့ညီမလည်းတွေ့ချင်၊ ကလေးလည်း မြင်ဖူးချင်လို့တဲ့။ ဒါနဲ့ ညီညီတစ်ယောက်တည်းလား"

"ညို ပါသယ် ကိုကို။ မကောင်းသဲ့အနံ့တွေ မခံနိုင်လို့"

လက်ဆွဲခြင်းနှင့် တောင်းများ၊ အထုပ်များ ပြတင်းပေါင်ပေါ်သို့ အဆက်မပြတ် ရောက်လာသည်။

"အောင်မယ်၊ ငါ့မတ်က ဝလို့ ဖြိုးလို့ပါကလား"

ခင်ခင်မြင့်သည် ကလေးတစ်ယောက်ချီလျက် ကလေးကြီးကို လက်ဆွဲကာ ဆင်းလာရင်း နှုတ်ဆက်သည်။ တိုင်းလုံးကျော်မှာ ပြန်မပြောနိုင်။ ပစ္စည်းတွေ ဆွဲချပြီးနောက် ကူလီခေါ်နေရပြန်သည်။ ထို့နောက် ကားငှားရပြန်သည်။ သုံးဘီးကားကိုငှားမိသဖြင့် စကားများရတော့သည်။ ကိုကောင်းစံ သာမပါလျှင် ထိုးကြကြိတ်ကြမည်မှာ သေချာသည်။

"ကိုင်းပါ ညီညီရာ၊ သူ့မှာ ဘီးတစ်ဘီးလျော့နေလို့ လူပါးဝသာ သည်းခံလိုက်ပါ။ ဘီးအပြည့်အစုံရှိသဲ့ ဂျစ်ပဲ ငှားကြပါစို့"

သုံးဘီးသမားမှာ ကိုကောင်းစံအား မကျေနပ်ဟြား တစ်ယောက်တစ်ပေါက် အုံလာသော လူများအား လှည့်ပြောနေရသဖြင့် မည်သို့မျှ မချေပ မတုံ့ပြန်နိုင်တော့ချေ။

ဂျစ်ကားပေါ်သို့ ပစ္စည်းများတင်ပြီး ညီအစ်ကိုနှစ်ယောက် ရှေ့မှထိုင်ကာ ထွက်လာကြသည်။ ထွက်မိလျှင် ကိုကောင်းစံက စကားစတော့သည်။

"ကိုကို ဘာပြုလို့ လာသယ်ဆိုသာ သိလား ညီညီ"

"ညီညီလည်း မေးမလို့ပဲ ကိုကို"

"အနန္တောအနန္တငါးပါးလည်း မရှိ၊ ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိလည်း မသိသဲ့

အနောက်နိုင်ငံတွေမှာတော့ စာရေးဆရာဟာ 'စာရေးသူ' ပဲကွ။ အေး၊ ငါတို့ နိုင်ငံမှာတော့ 'စာရေးဆရာ'ကွ"

တိုင်းလုံးကျော် စဉ်းစားရသည်။ ဗရွတ်ရွတ်တ ပြောနေကျ ပါးစပ်ကြီးသည် မည်သည့်အတွက် အလေးအနက်တွေ ပြောနေရပါသနည်း။

"စာတစ်လုံး ဘုရားတစ်ဆူ ဆိုသဲ့စကားလည်း ရှိထားလေတော့ သည်စာကို ရေးသဲ့လူကို တရိတသေ အလေးအမြတ်ပြုပြီး ခေါ်တာက 'စာရေးဆရာ' တဲ့။ အနန္တငါးပါးဝင် အာစရိယနဲ့ တန်းတူထားပြီး ခေါ်သာ။ ပေါ့ပေါ့မဟုတ်ဘူး။ လေးစားခြင်း၊ ရိုသေခြင်းပါ တစ်ပါတည်း တွဲပြီး ပါလာသာ"

ကိုကို ဘာပြောချင်လို့ သည်မျှ ချီးနေပါလိမ့် တိုင်းလုံးကျော် တွေးသည်။ တွေး၍မရ။

"ဒါကြောင့် မြန်မာစာရေးဆရာတွေဟာ အနောက်နိုင်ငံက စာရေးဆရာတွေလို ပေါက်လွှတ်ပဲစား မရေးသင့်ဘူး။ ငါရေးသဲ့စာဟာ စာအုပ်မစုတ်ပြဲမချင်း စာဖတ်တတ်သဲ့လူတိုင်းနဲ့ ထိတွေ့နေရမှာပါကလားဆိုသဲ့ အသိနဲ့ သတိကြီးထားပြီး ရေးကြဖို့ ကောင်းသယ်"

တိုင်းလုံးကျော်သည် သူ့နောင်တော်အား ငုံ့စောင်းကြည့်၏။ ကိုကောင်းစံသည် ညီကို မကြည့်။ ရှေ့တည့်တည့်သာ စူးစိုက်ကြည့်လျက် ပြောနေသည်။

"ငါတို့ မြန်မာတွေဟာ နန္ဒင်းမှုန့်ထုပ်သဲ့ စက္ကူကအစ စက္ကူကို ပုတ်ခါပြီး သေသေချာချာကြည့်သကွ။ မြန်မာစာတွေ ရေးထားသဲ့ စက္ကူမှန်းလည်း သိရော အနားမှာ ထရံရှိရင် လူ့ပခုံးလောက် မြင့်သဲ့နေရာမှာ ညှပ်သကွ။ ထရံမရှိရင် တံစက်မြိတ်လိုနေရာမျိုးမှာ ထိုးသကွ။ ကြမ်းကြားမှာ ညှပ်သဲ့လူ မရှိဘူး။ အဲသာ ဘာကြောင့်တုန်း။ စာတွေပါလို့ စာကို ရိုသေသဲ့ အတွက်ပဲ"

**ပုဂံစာအုပ်တိုက်**

မည်သည့်ရည်ရွယ်ချက်ဖြင့် သည်စကားကို ပြောနေပါလိမ့်ဟု တိုင်းလုံးကျော် တွေး၍ မရသေးပါ။ မရသော်ငြား သူ့မှာ မနေတတ် မထိုင်တတ် ဖြစ်လာပြီ။ သူသည် ပြား ၆၀ တန် ၇၅ ပြားတန် ဝတ္ထုစာအုပ်များကို တစ်လတစ်အုပ် မှန်မှန်ထုတ်နေသူဖြစ်၏။ သို့ကြောင့် မနေတတ် မထိုင်တတ်ဖြစ်လာရခြင်းပေတည်း။

"ကိုကို ခေတ်မမီတော့ဘူးဗျာ့။ ဘုံအိမ်သာရှိသဲ့ ရပ်ကွက်တွေမှာ သွားကြည့်။ သတင်းစာစက္ကူတွေ၊ မဂ္ဂဇင်းစာအုပ်က စက္ကူတွေ၊ ဝတ္ထုစာအုပ်က စက္ကူတွေ ပလူပျံနေသာပဲ"

"အဲသာ တရားပျက်သဲ့သဘောပေါ့ ညီညီရာ။ ဖတ်သူ ရိုသေလေးစားလောက်သဲ့စာကို မရေးကြဘဲ မောင်နဲ့နှမ၊ သားနဲ့အမိ၊ ဖအေနဲ့သမီး အတူမဖတ်ရသဲ့စာတွေ ရေးလာကြသာကိုး။ ဖတ်ရသဲ့လူက ကောင်းလိုက်သာ၊ မှတ်သားဖို့သင့်လိုက်သာဆိုသဲ့စိတ်ဝင်မလာဘဲ အလကား အလေဏတောတွေပါဆိုပြီး လွှင့်ပစ်သဲ့စာတွေ ဖြစ်လာသဲ့အခါ အဲသည် စာရွက်ဟာ အိမ်သာထဲနဲ့ပဲ ထိုက်တန်တော့သာပေါ့ ညီညီရာ"

"နေပါဦး၊ ဘာရည်ရွယ်ချက်နဲ့ အဲသည်စကားကို ကိုကို ပြောနေသာတုန်း။ ညီညီ စဉ်းစားလို့ မရဘူး"

"နံပါ့ဟယ်။ မင့်ကိုပြောနေတာ မောင်တိုင်းရဲ့"

ခင်ခင်မြင့်က ကျောဘက်မှ လှမ်းပြောသဖြင့် တိုင်းလုံးကျော်မှာ "ဗျာ" ခနဲအော်လျက် ခေါင်းလည်သွား၏။ ခင်ခင်မြင့်က "ကိုယ်ရေးတဲ့ ဝတ္ထုကို ကိုယ် ပြန်စဉ်းစားကြည့်ပေါ့" ဟု မျက်နှာထားဖြင့် ဆိုသောအခါ တိုင်းလုံးကျော်မှာ တစ်ခေါင်းလုံး ထူပူ၏။

သူသည် တစ်ပုဒ်လျှင် ၁၅၀ ကျပ်ဖြင့် စတင်ရေးခဲ့ရာ တဖြည်းဖြည်း ငါးဆယ်စီတက်ပြီး ရခဲ့သည်။ ယခု တစ်အုပ်လျှင် ၃၀၀ ကျပ် ရနေပြီ။ သည်နှယ် တိုး၍ တိုး၍ ရခြင်းမှာ စောင်ရေတက်သောကြောင့် ဖြစ်ရမည်။

## ပုဂံစာအုပ်တိုက်

စောင်ရေတက်ခြင်းမှာ စာဖတ်ပရိသတ် ကြိုက်သောကြောင့်ဖြစ်ရပေမည်။ ဆိုအသိဖြင့် တိုင်းလုံးကျော်သည် ပရိသတ်ကြိုက်စေရန် ပို၍ကြိုးစားခဲ့သည်။ အားထုတ်ခဲ့သည်။

ကြိုးစားအားထုတ်ရာတွင် အတွေးအခေါ်ရောင်းချခြင်းနှင့် မြူဆွယ်ခြင်းဟူ၍ရှိရာ တိုင်းလုံးကျော်သည် မိမိယုံကြည်သော နိုင်ငံရေး သဘောတရား၊ ဘာသာရေးအမြင်စသည်များကို အနုပညာ သကြားအုပ်ပြီး မရေးချေ။ ခင်စစ် သူ့တွင် စာဖတ်သူအား ပေးအပ်စရာ အတွေးအမြင် လောက်လောက်သားလား မရှိပါ။

အတွေးအမြင်ပေးရန် ကြိုးစားသူမှာ ပေးလိုရာကို ပေးလိုက်ရသည့် ပီတိသာရှိသည်။ စောင်ရေ မတက်ပါ။ မြူဆွယ်သူမှာကား စောင်ရေတက်သည်။ ဒီရေတက်သလို တက်သည်။

မြူဆွယ်သူတွင်လည်း ဖိုမခန်း အသားပေးရေးဖွဲ့သူနှင့် ဆယ်ကျော်သက်တို့အကြိုက် သမီးရည်းစားစကား စကားနု၊ စကားရွ၊ စကားလှကလေးတွေချည်း ဖောင်းပေးရေးသူဟုရှိသည်။ တိုင်းလုံးကျော်ကား ဒုတိယ အမျိုးအစားတွင်ပါသည်။

သူ၏နောက်ဆုံးထုတ်ဝတ္ထု 'သက်မှူးကေခိုင် ပန်ဖို့ပန်း' ထွက်သွားပြီး ခုနစ်ရက်အကြာတွင် ချီးမွမ်းစာတွေ လာသည့်အတွက် အားတက်နေခိုက်ဖြစ်သည်။ သို့ပါလျက်နှင့် မရီးက မျက်နှာထားဖြင့် ပြောလာခြင်းမှာ မည်သည့်အတွက်နည်း။

"မမြင့်နဲ့ ကိုကိုပြောသာ ဘယ်စာအုပ်တုန်း။ ဘာတွေပါလို့တုန်း"

"သက်မှူးကေခိုင်ကွာ"

"ဟုတ်ပြီ၊ ကိုကို ဘာကို သဘောမကျသာတုန်း"

"ဇာတ်ကောင် လူငယ်ကလေးဟာ သူ့ထက် အသက်ကြီးသဲ့ လင်ရှိမယားကို ကြိုက်သယ်။ စာရေးဆရာက ဝင်ပြီး မြှောက်ပေးသယ်။

မြှောက်ပေးပုံက လောကမှာ အချစ်ဟာ အရေးအကြီးဆုံးပဲ၊ လင်ရှိမယားမို့ ရှောင်ရမယ်ဆိုတာဟာ အချစ်ဖြစ်ပေါ်ရာ နှလုံးသားကို စော်ကားတာပဲတဲ့။ ညီညီ သည်သဘောရောက်အောင် ရေးလိုက်သယ် မဟုတ်လား"

တိုင်းလုံးကျော်အတွက် ငြင်းပယ်စရာ စကားမရှိ၊ အကြောင်းမပေါ်။

"မိန်းမတစ်ယောက်ကို ယောကျ်ားတစ်ယောက်က လက်ထပ်သယ် ဆိုသာ ငါအရင်တွေ့သဲ့ မှိုကျင်းကို ဘယ်သူမှမနင်းရဘူးဆိုသဲ့သဘောနဲ့ သက်ခက်အုပ်ပစ်ခဲ့တာမျိုးပဲတဲ့။ ကမ္ဘာ့လူသား အားလုံးနဲ့ဆိုင်သဲ့အချစ်ကို သည်လိုလုပ်သာ နှလုံးသားရေးရာ စော်ကားမှုဖြစ်တဲ့အတွက် လင်ရှိမိန်းမပဲ ဘာပဲညာပဲဆိုပြီး ရှောင်ဖို့မလိုဘူး။ ချစ်တာပဓာနပဲ ယူသာယူ၊ ချစ်သာချစ်တဲ့"

သူ့အစ်ကိုပြောသည့်အတိုင်း တိုင်းလုံးကျော် ရေးမိသည်မှာလည်း အမှန်ပင်ဖြစ်သည်။ သို့သော် သူ စောဒကတက်ရန် ကြိုးစားသည်။

"ကျွန်တော်"

"ခဏနေဦး။ ကိုကို့စကား မဆုံးသေးဘူး။ လူ့စည်းကမ်း၊ အထူး သဖြင့် ယဉ်ကျေးသဲ့ မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုစည်းကမ်းကို ဖျက်ဆီးဖို့ ဇာတ်လမ်းထဲမှာ စာရေးဆရာက ဝင်ပြောသယ်။ ဇာတ်လိုက်လူငယ်လေး ကလည်း လင်ရှိမိန်းမ ဆုံးမသာကို လက်မခံဘဲ အဓမ္မကြံသာဟာဖြင့် ရိုင်းစိုင်းပါပေ့ ရက်စက်ပါပေ့လို့ ဩဘာပေးချင်စရာကောင်းသကွာ"

"မောင်တိုင်း၊ မင်းဟာ သေနတ်ကိုင်ပြီး သွေးသောက်စုရှာကို မီးလောင်တိုက်သွင်းခဲ့ရတာ အားမရလို့ ကလောင်ကိုင်ပြီး တစ်နိုင်ငံလုံးမှာ ရှိတဲ့ လူငယ်လူရွယ်တွေကို ဖျက်ဆီးတာလားဟင်"

ခင်ခင်မြင့်၏ အမေးကြောင့် တိုင်းလုံးကျော်၏ မျက်နှာမှာ နီရဲ၏။

"သလို ကွက်ပြီးပြောရင် မတရားဘူး ကိုကိုနဲ့ မမ။ 'သက်မှူးကေခိုင် ပန်ဖို့ပန်း' ဝတ္ထုစာအုပ်ကိုဝေဖန်တာ တစ်အုပ်လုံးမှာပါသာကို ဝေဖန်မှုဖြစ်မယ်။ ကွက်ပြီး ဝေဖန်လို့မရဘူး။ ကျွန်တော့်ဝတ္ထုဟာ ဘာကို ဦးတည်သတုန်း။

ဘယ်လိုအဆုံးသတ်သတုန်း"

ထိုအမေးကြောင့် ကိုကောင်းစံ ရယ်မောသည်။

"ထမင်းရည်ပူလာရင် လျှာလွှဲနိုင်အောင်၊ မိုးကြိုးပစ်ရင် ထန်းလက်နဲ့ ကာနိုင်အောင် ငါ့ညီ လုပ်ထားပါသယ်လေ။ လင်ရှိမယားကို ပြစ်မှားမိသဲ့ လူငယ်ဟာ ဒုက္ခတွေ့ရသယ်။ သူ့ကိုတစ်ဖက်သတ်ချစ်နေသဲ့ မိန်းကလေးက ကယ်ဆယ်ပေမယ့် သူ့အမှားကို နောင်တ ရမဆုံးဘူး။ ဒါပေမယ့် စာဖတ် ပရိသတ် လူငယ်လေးတွေရဲ့ ရင်ထဲမှာ စွဲကျန်ခဲ့မယ့် အချက်ကတော့ လင်ရှိ မယားသော ဘာသောညာသော ဂေါ်သာဂေါ်၊ မရှောင်နဲ့။ ကြံသာကြံပဲ"

"သာက အပြစ်တင်လိုဇောနဲ့ ကိုကို ဆွဲပြောတာပဲ"

"ကောင်းသောနည်းနဲ့ အောင်မြင်ကျော်ကြားရင် ထိပ်ဆုံးက ဝမ်းသာ ရမယ့် အစ်ကိုအရင်းပါညီညီရာ။ ဘာပြုလို့ ကြံဖန်ပြီး အပြစ်တင်နေ၊ ရှုတ်ချ နေရမှာတုန်း။ အခု စာအုပ်တွင်လား၊ မဟုတ်ဘူး ညီညီ။ ရှေ့ကသုံးအုပ် မှာလည်း သလိုပဲ။ လူငယ်တွေ စိတ်နေစိတ်ထား ပုံမှန်မဖြစ်အောင် ညီညီ သွေးဆောင်ခဲ့သယ်"

"လိုရာဆွဲပြီး မတရားပြောသာပဲ ကိုကို"

"သည်တော့ အကျယ်အကျယ် အငြင်းမပွားချင်သဲ့အတွက် ကိုကို့ စကားကို နိဂုံးချုပ်ရရင် ညီညီ ဒါမျိုးတွေ ဆက်မရေးပါနဲ့။ ဒါမျိုး ဆက် မရေးလို့ စောင်ရေကျရင် စားဝတ်နေရေး ထိခိုက်လိမ့်မယ်ဆိုပါစို့။ စာမရေးနဲ့ ဓားပြထွက်တိုက်"

"ကိုကို ဒါ ညီညီ့ကို စော်ကားသာပဲ"

တိုင်းလုံးကျော် ခြေကားယား လက်ကားယားဖြင့် ဒေါသတကြီး ပြောသည့်အတွက် ကားမောင်းသူ၏ နဖူးကိုရိုက်မိသည်။ ဒရိုင်ဘာက "ကျွန်တော် မပါ ပါဘူးဗျာ" ဟု ရယ်မောပြောသည်။

"ကိုယ့်ညီကို ဘာပြုလို့ ကိုယ်စော်ကားရမှာတုန်း။ ဓားပြတိုက်ရင်း

လူသတ်မိသယ် တစ်ယောက်ပဲသေသယ်။ လူသတ်ပြီး ပစ္စည်းကိုလုသယ်။ ဒါလည်း တစ်ယောက်ပဲသေသယ်။ မြန်မာပြည်သူတွေရဲ့ ယဉ်ကျေးမှုကို ကလောင်လက်နက်နဲ့ ဓားပြတိုက် မုဒိမ်းကျင့်သဲ့အခါ အသိအမြင် နနယ် သူတွေ၊ ညံ့သူတွေ သန်းချီပြီး သေကြရသယ်"

"တော်ပြီဗျာ။ ကိုကို ပြောချင်ရာ ပြော၊ စွပ်စွဲချင်ရာ စွပ်စွဲ။ ညီညီ မဖြေရှင်းတော့ဘူး"

"ဒါဟာလည်း အနုပညာသမား မပီသတာပဲညီညီ။ အနုပညာ သမားဟာ မိမိကိုယ်ကိုမိမိ ရိုးသားစွာ ဝေဖန်ရဲရမယ်။ စေတနာနဲ့ ရိုးသားစွာ ဝေဖန်သာကိုလည်း ကြိုဆိုရမယ်။ လူတွေ မုန်ကြည့်သာဟာ အနိမ့်ဆုံး ဝေဖန်ရေးပဲ။ သည်ဝေဖန်ရေးလောက်မှ မကျင့်သုံးနိုင်ဖူးလားကွာ"

"ကိုကိုက ငါအကြီးဆိုပြီး မတရားပြောသာကိုးဗျာ့"

"ငါ့ညီကို မတရားပြောစရာ အကြောင်းမရှိဘူးညီညီ။ အခု ငါ ပြောသလို တခြားတစ်ယောက်က လာပြောရင် ငါ့ညီဘက်က ငါ ကာကွယ် မှာပဲ"

"သလိုဆို အမှန်တရားဆိုသာ ကိုကို့မှာ မရှိတော့ဘူးဗျာ့"

ချက်ကောင်းကို အထိုးခံရသူအလား ကိုကောင်းစံ ငိုင်ခနဲဖြစ်သွား ပြီးမှ ပြုံးလိုက်ကာ "ကိုယ့်သွေးသားကို ထိပါးလာရင်တော့ မှားသာမှန်သာ ဟာ နောက်တန်းရောက်ပြီး တစ်ကိစ္စ တစ်ဘာသာ ဖြစ်သွားပြီညီညီ" ဟု ဆို၏။

"ကဲပါ။ တခြားကိစ္စတွေ ပြောကြပါဦး အစ်ကိုတို့ရယ်"

ညိုညိုသန်း တောင်းပန်ချိန်ဝယ် ကားသည် လမ်းထဲသို့ဝင်လာနေပြီ။ ကားမောင်းသူအား မည်သည့်အိမ်ရှေ့တွင်ရပ်ရမည်ကို ပြောမည်ကြံသော အခါ စဉ်းစားစရာပေါ်လာသည်။

"ရောက်တော့မယ် ကိုကို။ အစ်ကိုကြီးတို့အိမ်မှာ တည်းမလား၊ ညီညို

အိမ်မှာ တည်းမလား။ အိမ်ချင်းက ခြေရင်းခေါင်းရင်း"

ကိုရန်ကြီးအောင်အိမ်တွင် တည်းခိုပါက အားနာစရာလူမရှိ။ ညို အိမ်တွင်တည်းခိုပါက ညို၏ယောက္ခမကို အားနာနေရဦးမည်။ သို့ကြောင့် "ကြည်လှတို့အိမ်မှာပဲ ကောင်းပါသယ်ကွာ။ အားမနာရဘူးပေါ့" ဆို၏။

"ညိုတို့အိမ်မှာလည်း အားမနာရပါဘူး အစ်ကိုရဲ့"

ညိုညိုသန်းက မကျေနပ်သံဖြင့် ပြောသည်။

"ကြည်လှတို့အိမ်က ဆွေမျိုးနှစ်ဖက်တော်သာကွယ့် ငါ့ခယ်မရဲ့။ သူတို့စိတ်ဆိုးမှာလည်း စိုးရသေးသယ်။ တောသူမက စွာသယ်"

"ညိုလည်း စိတ်ဆိုးမှာပဲ"

ကိုကောင်းစံ ချေပ မနေနိုင်ပါ။ ကားရပ်သဖြင့် ဆင်းရပြီ။ ဆင်းမိလျှင် ဆင်းမိချင်း ပြူးတူးပြဲတဲမျက်လုံးဖြင့် ထွက်ကြည့်သူမှာ ကိုရန်ကြီးအောင် ဖြစ်သည်။

"ဟော့ စာရေးဆရာ။ ဘယ်ကလူတွေ ခေါ်လာသာတုန်း။ အလကား ရှုတ်ရှုတ်ယှက်ယှက်"

"ရှုတ်ရှုတ်ယှက်ယှက် မလုပ်ရရင် မနေနိုင်လို့ဗျို့။ သရက်သီးသနပ် ပန်းကန်နဲ့ပေါက်သာကို 'ရည်းစားစကားပြော၍ သေနတ်ဖြင့်ပစ်ခြင်း' ခေါင်းတပ်သဲ့ အယ်ဒီတာကြီးရေ့"

ကိုကောင်းစံသည် လေကားမှဆင်းလာနေဆဲ ကိုရန်ကြီးအောင်ကို ပြေးဖက်သည်။

"မင်းကွာ လက်လည်း ရှိပါလျက်နဲ့ အရေးတယ်ပျင်းသကိုးကွ"

"ရှိသဲ့လက်က ကလေးအနှီးလျှော်ရ၊ မိန်းမထဘီ ဖွပ်ရနဲ့ မအားဘူး အစ်ကိုရေ့"

"မောင်နော်၊ မဟုတ်တရုတ်တွေ ပြောမနေနဲ့"

ခင်ခင်မြင့်သည် ကားပေါ်မှဆင်းပြီး ပစ္စည်းတွေချနေရာမှ အော်၏။

ဆူဆူညံညံကြားသဖြင့် မကြည်လှလည်း အပြေးထွက်လာ၏။

"ဟဲ့ ငါ့မရီးကတော့ ရန်ကုန်သွေးတက်ပြီး လှနေဝနေရမယ့်အစား ငါးကျည်းခြောက်ပါပဲလား"

ကိုကောင်းစံ၏ နှုတ်ဆက်စကားဖြစ်သည်။

"မြင့်နဲ့ ကလေးတွေထားပြီး နင်ပြန်။ မပြန်ချင်လည်း နင့်ညီအိမ်သွားတည်း။ နင့်ကို ထမင်းမကျွေးဘူး"

"ထမင်းမကျွေးလည်း ရပါသယ်။ ခေါက်ဆွဲဖြစ်ဖြစ်၊ ပေါင်မုန့်ဆယ်လုံးလောက်ဖြစ်ဖြစ်"

ညိုညိုသန်းမှာ ယခုမှမြင်ဖူးသော ခဲအိုအား ကားပေါ်တွင်ပြောခဲ့သောစကားများအရ ကြောက်ရွံ့နေခဲ့သည်။ ယခု မကြည်လှတို့ လင်မယားနှင့်စကားပြောနေသည်ကို မြင်ရချိန်တွင်ကား ပြုံး၍ချည်းနေရတော့သည်။

"ကဲ၊ တော်တော်ကြာမှ အေးအေးဆေးဆေး စကားပြောကြရအောင်။ တိုက်ကို ခဏသွားလိုက်ဦးမယ်"

ပစ္စည်းအားလုံး အိမ်ပေါ်သို့ရောက်ချိန်တွင် ကိုရန်ကြီးအောင်သည် အခန်းထဲမှ ပြန်ထွက်လာပြီးပြော၏။

"ဗိုလ်ချုပ်လမ်း အဝိုင်းကြီးဘက်လှမ်းမြင်ရသာတော့ တိတ်လို့ခြောက်လို့ပါကလား အစ်ကိုကြီး"

တိုင်းလုံးကျော်က လှမ်းပြောသည်။

"ကနေ့ ပြန်ပြီး စည်မှာပါ။ ပြီးသွားပါပြီ"

ကိုကောင်းစံသည် ကလေးနှစ်ယောက်အား တစ်စုံတစ်ရာပြောရန် ငုံ့ကြည့်နေရာက ဖျတ်ခနဲလှည့်ကြည့်၏။

"တစ်ခါတလေ ကြိုးစားပမ်းစားလာခါမှ ဘာတွေဖြစ်နေကြသတုန်း"

"အလကားပါကွာ"

ကိုရန်ကြီးအောင် မသွားနိုင်သေး။ "သက်သက် လူမလေးခွေးမခန့်

လုပ်သာကွ" ဟု ဆိုသည်။

"ဘယ်သူ့ကို ဘယ်သူက လူမလေးခွေးမခန့် လုပ်သာတုန်း"

"ငါတို့ အစိုးရကိုပေါ့ကွ။ ရုပ်ရှင်ကားတစ်ကားကွာ၊ ဟိန္ဒူနဲ့ မွတ်စလင်နဲ့ ချစ်သယ် ကြိုက်သယ်။ အဲသာကို အိန္ဒိယမှာပြတုန်းက ဘာမှ မဖြစ်ဘဲ သည်မှာလာပြီး ကန့်ကွက်သယ်။ ကန့်ကွက်သာ ရိုးရိုးမဟုတ်ဘူး၊ အကြမ်းဖက်သယ်။ အကြမ်းဖက်တော့ လက်နက်ကိုင်ရဲနဲ့ နှိမ်တော့သာပေါ့"

"အဲဒါဟာ အစိုးရ ဘယ်လောက်အားနည်းနေသယ်ဆိုသဲ့လက္ခဏာပဲ"

တိုင်းလုံးကျော် ဝင်ထိုင်ပြီး ပြောခြင်းဖြစ်၏။ "ဘယ်လောက်ကြာ သေးတုန်း။ တစ်လောက ဖြစ်သာကမှ ရက်စရာကောင်းသာ" ဟု ဒေါသ မျက်နှာဖြင့် ဆက်၏။

"ဘယ်လို ရက်စရာကောင်းပြီး၊ ဘယ်မှာ ဘာဖြစ်သာတုန်း"

"ဆူးလေဘုရားနားက မြေကွက်လပ်တစ်ခုမှာ မြူနီစီပယ်က ဆိုင် ကလေးတွေဆောက်ပေးသယ်။ စာအုပ်သည်တွေ လမ်းဘေးမှာ မရောင်းဘဲ အဲသည်မှာ စုစုဝေးဝေး ရောင်းနိုင်အောင်ပေါ့။ အဲဗျား အဲသာကို လူတစ်စုက ဆွဲဖျက်ပစ်သဗျား။ ကြည့်စမ်း၊ ဘယ်လောက် လူမလေး ခွေးမခန့် နိုင်သတုန်းလို့"

"ပြောရရင် မကောင်းဘူးဟေ့"

ကိုရန်ကြီးအောင်က ထရပ်ရင်း ပြောသည်။

"ဘူးသီးတောင်မောင်းတောကလူတွေ အတွင်းဝန်ရုံးထဲ ရောက်နေ ကြသယ်။ အဲသည်တော့ အရှေ့ပါကစ္စတန်ဘက်ကို သမ္မာန်ကြီးတွေနဲ့ စပါး တွေ ခိုးထုတ်သာ ရဲက မြင်လျက်နဲ့ မဖမ်းရဲဘူး။ အဲသာလည်း ငါတို့ အစိုးရ ဘယ်လောက် ချိနဲ့နေသယ်ဆိုသာ ပြသာပဲ။ ဟာကွာ၊ မပြောသာပဲ ကောင်းပါသယ်"

## ၉

ကိုကောင်းစံမှာ စာရေးဆရာတွေ၊ ကဗျာဆရာတွေကို မျက်ဝါးထင်ထင် မြင်ရသောကြောင့် ပီတိဖြစ်ခဲ့ရသည်။ ထိုပီတိသည် တရွေ့ရွေ့ ဆုတ်ခွာသွားခဲ့ပြီ။

စားပွဲတွင် သူတို့ညီအစ်ကိုနှစ်ယောက်သာရှိသည်။ စားပွဲကို ဖြူလွသော စားပွဲခင်းဖြင့် ဖုံးထားသည်။ စားပွဲခင်းပေါ်တွင် သန့်ရှင်းပြောင်လက်သော ပန်းကန်များ မှောက်ထားသည်။ မုန့်များချထားသည်။ သူတို့စားပွဲ၏ လက်ယာရှိ စားပွဲများတွင် တိုက်ပုံအင်္ကျီနှင့် သပ်သပ်ရပ်ရပ်လူများ၊ မသပ်မရပ်လူများ ထိုင်နေကြသည်။

သူတို့စားပွဲ၏ လက်ဝဲစောင်းစောင်းတွင် စားပွဲခင်းအဖြူ အရှည်ကြီး ခင်းထားသည်။ ခံ့ညားသပ်ရပ်သော အသက် ၅၀ ရွယ်လူကြီးတွေ ထိုင်နေကြသည်။ ကျောဘက်တွင်ကား အနီခံတွင် ရွှေစာလုံးကပ်ထားသော စာတန်းကြီး။

"မြန်မာနိုင်ငံ စာရေးဆရာအသင်း နှစ်ပတ်လည်ညီလာခံ"

**ပုဂံစာအုပ်တိုက်**

ထိုကဲ့သို့ နှစ်သက်ဖွယ်၊ ဝမ်းသာဖွယ်တွေ မြင်နေရပါလျက် ကိုကောင်းစံ၏ ဝမ်းသာမှုများ ဆုတ်ခွာသွားရခြင်းမှာ လက်ယာဘက်နံရံ၏ ဟိုဘက်ရှိ ဘားထဲမှ လူအချို့ ဒယီးဒယိုင်ဖြင့် ဝင်လာသောကြောင့်ဖြစ်သည်။ ကုလားထိုင်တွေ အပြိုပြိုအလဲလဲဖြစ်အောင် ဝရုန်းသုန်းကားထိုင်သည်။

တိုင်းလုံးကျော်က ကိုကောင်းစံ၏လက်ကို လှမ်းဆုပ်သည်။ ပြုံးပြသည်။

"ငါတို့ စာရေးဆရာ၊ ကဗျာဆရာပဲဆိုပြီး ထင်သလိုနေ ထင်သလို ဝတ်သာ မြန်မာပြည် မဟုတ်ဘူးကွ။ ပြင်သစ်ကွ။ စည်းမဲ့ကမ်းမဲ့ နေချင်ရင်တော့ ပြင်သစ်ကို ရွှေ့သွားကြဖို့ ကောင်းသယ်"

"တိုးတိုးပြောပါ အစ်ကိုရာ။ အားနာစရာ"

တိုင်းလုံးကျော် တောင်းပန်ငြား၊ ကိုကောင်းစံ၏စကားကို အနီး ဆုံး စားပွဲရှိ ကျောဘက်မှ လူပင် ကြားနိုင်ဖွယ်မရှိပေ။ ကျောဘက်ကလူသည် မျက်မှန်ထူထူ၊ ဆံပင်ညှင်းသိုးသိုး၊ အသားညိုညိုနှင့် ဖြစ်၏။ သူသည် သဘာပတိ၏စကားကိုသာ အာရုံစိုက်လျက်ရှိသဖြင့် ကိုကောင်းစံ ပြောသည်ကို ကြားသော်လည်း နားလည်လိမ့်မည်မဟုတ်ပေ။

"အမှုဆောင် ရွေးကောက်ပွဲမှာ မဲပေးနိုင်ခွင့် မရှိသူများစာရင်းကို ကြေညာအပြီးမှာ"

"သဘာပတိကြီးခင်ဗျား"

ကိုကောင်းစံတို့၏ ကျောဘက်မှ လူညိုပိန်က ထရပ်ပြီး အသံပေးသည်။ ပိုးပဝါခြင်းပေါင်းနှင့် သဘာပတိက မထိမဲ့မြင်မျက်နှာဖြင့် မေးဆတ်ပြ၏။

"သဘာပတိကြီး ဖတ်ပြသွားတဲ့ မဲပေးနိုင်ခွင့် မရှိသူများစာရင်းဟာ မှားနေပါတယ်။ အဲသည်လူတွေဟာ နှစ်ကြေးပေးပြီးသူများဖြစ်တဲ့အတွက် မဲပေးခွင့်ရှိပါတယ်"

"ဘယ်မလဲ ငွေရပြေစာ"

"ဟောသည်မှာပါခင်ဗျား"

ထပြောသော လူညိုပိန်က စက္ကူငယ်တစ်ထပ်ကို မြှောက်ပြ၏။

"အစည်းအဝေးနီးမှ ကပ်သွင်းတာ တရားမဝင်ဘူး"

"ကပ်မသွင်းပါဘူး။ ဟောသည်မှာ ဒိတ်ပါပါတယ်"

"မင်းထိုင်စမ်း။ သည်မှာ သဘာပတိစကားပြောနေတာ မသိဖူးလား"

လူပိန်ညိုသည် မထိုင်ချေ။

ထိုအချိန်တွင် ကိုကောင်းစံတို့စားပွဲ၏ လက်ယာဘက် မကျတကျ၊ မျက်နှာချင်းဆိုင် မဖြစ်တဖြစ်နေရာမှ ဝုန်းခနဲ အသံပေါ်လာ၏။ အာရုံအားလုံးသည် ထိုနေရာသို့ စုပြုံကျရောက်၏။ ဆံပင်စုတ်ဖွားနှင့် လူတစ်ယောက်သည် စားပွဲပေါ်သို့ မျက်နှာမှောက်ထား၏။ သူ့ရှေ့စားပွဲပေါ်တွင် ဓားမြှောင်တစ်ချောင်း စိုက်ထား၏။

"မဲပေးခွင့်မရှိဘူးလို့ သဘာပတိမင်း ကြေညာသွားသူများ စာရင်းဟာ မှားနေတဲ့အတွက် ပြင်ဆင်ပေးဖို့ မေတ္တာရပ်ခံပါတယ်"

"ဟုတ်ပါတယ်။ အဲသည်လူတွေ နှစ်စဉ်ကြေး ပြေလည်ပြီးသားပါ"

အသံအက်သော်လည်း အေးချမ်းသော မျက်နှာရှိသည့် ပိုးပုဝါခြင်းပေါင်းနှင့် ပုဂ္ဂိုလ်သည် သဘာပတိ၏ယာဘက်တွင် ကပ်ထိုင်နေရာက ထပြောသည်တွင် "ခင်ဗျား အသာနေစမ်း" ဟု သဘာပတိက ငေါက်၏။

သဘာပတိ၏ယာဘက်တွင် ကပ်ထိုင်နေရာက ထပြောသူသည် ငွေထိန်းဖြစ်၏။ သဘာပတိထက် အသက်ကြီးသော်လည်း သဘာပတိကဲ့သို့ ဩဇာမကြီးချေ။ သဘာပတိကား စာပေနှင့် ရုပ်ရှင်နိုင်ငံရေးတို့တွင် ထင်ရှား၏။

ငွေထိန်းသည် မထိုင်သေးဘဲ သဘာပတိနှင့် ခေါင်းချင်းပူးကာ တီးတိုးပြောငြား သဘာပတိက လက်ဟန်ဖြင့် အတွင်းသာ အထိုင်ခိုင်း၏။

## ပုဂံစာအုပ်တိုက်

"အဲဒါကြောင့် နှစ်ကြေးပေးသွင်းပြီးသူများဖြစ်တဲ့ ဖော်ပြပါလူများကို မဲပေးခွင့်ရှိသူများအဖြစ် ပြင်ဆင်ပေးပါလို့"

ငွေထိန်းထိုင်အသွားတွင် တိုင်းလုံးကျော်တို့နောက်မှ လူညိုပိန်က အသံပြာပြာဖြင့် ဆက်ပြောသည်တွင် သဘာပတိ၏ လက်မောင်းသည် ဆတ်ခနဲတန်း၏။

"ဟော့၊ မင်း မထိုင်ဖူးလား ထိုင်မလား"

"ကျွန်တော်က မထိုင်ဘူးလို့ ငြင်းဆန်နေတာ မဟုတ်ဘူး။ ခင်ဗျား မတရားလုပ်တာ ပြောင်ကြီးဖြစ်နေလို့"

"ဟော့၊ မင်း ထိုင်။ မထိုင်ရင် ဆွဲထုတ်ရလိမ့်မယ်"

လူညိုပိန်သည် "ခင်ဗျား အတော်မတရားတာပဲ" ပြောပြီး ထိုင်၏။ ထိုသူ သည်းခံနိုင်ငြား ကိုကောင်းစံ သည်းမခံနိုင်ပါ။ ဆတ်ခနဲ ထရပ်သည်။

"လာကွာ ပြန်ကြရအောင်"

"မဲပေးပြီးအောင် နေပါဦးလား ကိုကို"

"ဘာမဲတုန်း၊ အလကားမဲ"

ကိုကောင်းစံ၏အသံမှာ မြင့်တက်သွားသဖြင့် စားမြှောင်ဘေးတွင် မျက်နှာအပ်နေသူပင် မော့ကြည့်၏။ သို့ကြောင့် တိုင်းလုံးကျော် ထရ၏။

"ကိုတိုင်းလုံးကျော် ပြန်တော့မလား"

မျက်လုံးမိုတ်တုတ်မိုတ်တုတ်လုပ်လျက် လူပိန်တစ်ယောက် ရောက်လာပြီး မေး၏။

"ပြန်တော့မယ်ဗျာ၊ ကျွန်တော့်အစ်ကို ကြာရင် ပေါက်ကွဲလိမ့်မယ်"

"သည်းခံပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်"

"ဘာ သည်းခံရမှာတုန်း။ ဒါလား စာရေးဆရာအသင်း ညီလာခံ။ အစည်းအဝေးခန်းထဲမှာ မူးရူးပြီး စားပွဲပေါ်မှာ စားမြှောင်စိုက်သဲ့ လူတွေကျ တော့ ဘာမှ မပြောဘဲ တရားနည်းလမ်းနဲ့ပြောသဲ့လူကျတော့ ဆွဲထုတ်မတဲ့"

မျက်စိမှိတ်တုတ်ဆရာက ယဲ့ယဲ့ပြုံးကာ "ဆရာတိုင်းရဲ့နောင်တော်က အဖြူထင်တယ်" ဟု ပြော၏။

"ဘာအဖြူတုန်း။ ကျုပ် ယဉ်ကျေးသဲ့ ကဗျာဆရာ၊ စာရေးဆရာတွေကို မြတ်နိုးသယ်။ အရက်သမားကို အမြင်ကတ်သယ်"

"ဆရာတိုင်း၊ ခေါ်သွားပါဗျာ"

"ခေါ်သွားပါပြောရအောင် ကျုပ်က ဘာလုပ်လို့တုန်း"

ကိုကောင်းစံ၏လက်က မြန်သည်။ မှိတ်တုတ်ဆရာ၏ ရှပ်အင်္ကျီရင်ဘတ်ကို စုဆွဲလိုက်သည်။ သို့သော် လေထဲသို့ မြောက်တက်လာသောလက်သီးမှာမူ တိုင်းလုံးကျော်၏ လက်နှစ်ဖက်တွင်းသို့ သက်ဆင်းရပြီ။

"သွေးသောက်ကြီး ငမိုးကောင်းကို ဘာမှတ်သတုန်း"

ပြောပြောဆိုဆို ဆောင့်တွန်းပစ်လိုက်ကာ တိုင်းလုံးကျော်၏ လက်ထဲမှပါရှန်းထွက်ပြီး ဆန်းကဖီးပေါ်မှ ဆင်းလာခဲ့လေ၏။

"ထွီ။ စာကြောင်းပေကြောင်းတွေ ငြင်းခုံကြ ဆွေးနွေးကြရင်တော့ ဗဟုသုတတွေ ရတော့မှာပဲဆိုသဲ့အထင်နဲ့ ငါ့မှာ မျှော်လင့်တကြီး။ အခုတော့ အဖြူလားတဲ့ ထွီ"

လမ်းပေါ်သို့ ရောက်လာငြား ကိုကောင်းစံ မကျေနပ်သေး။ သမင်လည်ပြန်လှည့်ကြည့်သည်။ ညီလာခံစာတန်း ပိတ်နိုကြီးကား ဘာမျှမသိရှာပါ။ လေဝယ် တဖျပ်ဖျပ် လူးလွန့်နေသည်။

"ငွေတစ်ဆယ် နမြောလိုက်သာကွာ"

ငွေတစ်ဆယ်ကား အသင်းဝင်ကြေးနှင့် နှစ်ကြေးဖြစ်သည်။ သွေးသောက်ကြီး ငမိုးကောင်း အမည်ခံ ကိုကောင်းစံသည် အစည်းအဝေးခန်းထဲသို့ ဝင်မိပြီး၍ မကြာမီ စာရေးဆရာအသင်းဝင်ဖြစ်သွား၏။ ယခုအသင်းဝင်ဖြစ်ပြီး၍ နေ့မကူးမီပင် သူ အထင်ကြီးခဲ့လေးစားခဲ့သော အသင်းကြီးကို တထွီထွီလုပ်နေပြီ။

ပုဂံစာအုပ်တိုက်

"ဟော့ဟော့" အသံကြားသဖြင့် ခြေလှမ်းရုတ်ပြီး လှည့်ကြည့်ကြရာ တိုက်ပုံအင်္ကျီ တဖားဖားဖြင့် ပြေးဆင်းလာရင်း လက်ထောင်ပြနေသော ကိုရန်ကြီးအောင်အား မြင်ကြရ၏။

"ငါ အထဲမဝင်ချင်လို့ ဟိုဘက်ဘားထဲက နားထောင်နေသာ။ အခု ဘာဖြစ်လာကြသတုန်းကွဟေ"

"ကြာရင် ကျုပ် လူသတ်မိမှာစိုးလို့ ထပြန်လာသာ။ အလကား"

"ငတိုင်းရာ၊ ဘာပြုလို့များ သည်ကောင်ကို သည်နေရာ ခေါ်လာရသတုန်း"

ရန်ကြီးအောင်၏ တိုင်းလုံးကျော်အား အပြစ်တင်စကား။

"ရောက်ဖူးပါစေဆိုသဲ့ စေတနာနဲ့ ခေါ်လာသာပါ အစ်ကိုရာ။ ကျွန်တော်ကလည်း စာရေးဆရာဆိုရင် ကျွန်တော့်ဆရာ ဆရာဓားလို ကြည်ညိုစရာချည်းပဲလို့ ထင်နေသာအစ်ကိုရ။ အခု သည်ရောက်တော့မှ"

ညီအစ်ကိုသုံးယောက်သည် လမ်းကိုဖြတ်ကူးကာ မင်းမနိုင်တန်းလျား များထိပ်၊ ညောင်ပင်အောက်ရှိ မုန့်လက်ဆောင်းဆိုင်တွင်ထိုင်ကြ၏။

"သွေးသောက်စုရှာကြီး ပြာကျအောင် မင်းတို့ညီအစ်ကိုနှစ်ယောက် သေနတ်ကိုင်တိုက်ခဲ့သလို မြို့ပေါ်က ပညာရှိတွေရဲ့ အုပ်စုတိုက်ပွဲလေ။ စာရေးဆရာအသင်းကို ပြာချသဲ့ပွဲပေါ့ကွာ"

ရေခဲစိမ်မုန့်လက်ဆောင်း သောက်လိုက်ရငြား ကိုကောင်းစံ၏မျက်နှာ ပျော့ပျောင်းမလာ။ သို့ကြောင့် ကိုရန်ကြီးအောင်က ရှင်းပြလိုက်သည်။

"အလကားဗျာ။ စာရေးဆရာအသင်းကို ခြေနင်းခုံလုပ်ပြီး"

ထိုသို့မြည်တမ်းပြီးမှ တိုင်းလုံးကျော်အား လှည့်မေး၏။

"သည်သဘာပတိကို ညီညီ ကြည်ညိုသေးလား"

"သူ့အစား ကျွန်တော် ကြားက ရှက်သဗျာ"

ညီငယ်၏ ဝေ့လည်ကြောင်ပတ်အဖြေကြောင့် ကိုကောင်းစံသည်

အစ်ကိုဖြစ်သူဘက်သို့ လှည့်ပြောပြန်၏။

"သူ့စာပေဂုဏ်ကိုမှ သူ မထောက်ထားဘူးဗျာ။ သိပ်ရှက်စရာကောင်းသာပဲ"

"နိုင်ငံရေးသမား လူလည်း အကွက်သမားကွ။ စာရေးဆရာအသင်း ဥက္ကဋ္ဌနေရာဟာ သူ့အတွက်ပဲကွ။ ဒါပေမယ့် လတ်တလော အခြေအနေအရ သူ့မှာနေရာမရှိဘူး။ မျောက်သစ်ကိုင်းလွတ် ဖြစ်နေသကွ။ အဲသာကြောင့် မြင်သာထင်သာသဲ့ နေရာတစ်နေရာကို အရအမိ ကုတ်ကတ်ဖက်တွယ်ထားသာ"

"ကျွန်တော်ကလည်း စာသာရေးနေသာ အစ်ကို၊ အဲသာတွေ သတိမထားမိဘူး။ အခု ကိုကို့ကို အဖြူထင်သယ် မေးတော့မှ အဖြူ အနီ ရှိမှန်း သိသာ"

"ပြောရရင်တော့ ရယ်စရာပဲကွ"

ကိုရန်ကြီးအောင်သည် သူ့ဘာသာသူပြောပြီး သူ့ဘာသာရယ်၏။

"ပါးစပ်ကပြောတော့ နယ်ချဲ့ဆန့်ကျင်ရေး၊ ပြည်သူ့စာပေ။ ဒါပေမယ့် အဲသည်လူချင်း သဲသဲမဲမဲ ဆော်နေကြသကွ။ ငါတို့ သတင်းထောက်အသင်းမှာရော ကျောင်းစာရေးစာချီ နေရာစုံပေါ့ကွာ။ တောထဲမှာတုန်းကကော မိမိကလွဲရင် ကျန်သူဟာ ဖောက်ပြန်ရေးသမား နယ်ချဲ့လက်ဝေခံ သစ္စာဖောက်ချည်းပဲ။ သည်တော့ ဘေးကထိုင်ကြည်နေသဲ့ လူတစ်ယောက်ရဲ့ အမြင်မှာ ရှိရှိသမျှ လူတွေဟာ နယ်ချဲ့သမားရဲ့လူချည်းပါကလားလို့ မြင်လာရသဟေ့"

ရန်ကြီးအောင် ထိုသို့ပြောငြား ဟာသစိတ်သည် ကိုကောင်းစံထံသို့ စီးဝင်လာခြင်း မရှိချေ။

"ငါ မကျေနပ်ဘူးညီညီရာ။ တက်ရိုက်ပစ်ရအောင်"

"ကောင်းသယ်ကိုကို။ ညီညီလည်း လိုက်မယ်"

**ပုဂံစာအုပ်တိုက်**

ကိုရန်ကြီးအောင် မျက်လုံးပြူးရပြီ။ လက်နှစ်ဖက်ကို ကြက်မ အတောင် ကားသလို ကားဖြန့်ပြီး ထရပ်သည်။

"ဟာ တိုင်းလုံးကျော်၊ မြှောက်ထိုးပင့်ကော်မလုပ်ပါနဲ့ဟ"

"သလို လုပ်ပစ်သာပဲ ကောင်းသယ်အစ်ကို။ ဘယ့်နှယ်ဗျာ၊ ရေးလိုက်ရသဲ့ စာပေသဘောတရားတွေ၊ ပြောလိုက်ရသဲ့ လက်ဝဲညီညွတ်ရေးတွေ။ တစ်ခါတည်း သူတို့စာတွေဖတ်ပြီး ကြည်ညိုခဲ့မိသမျှ ကိုယ့်ကိုယ်ကို ဒေါသဖြစ်လို့ မဆုံးဘူး"

"ဒါပေမယ့် ထိုင်ရင်ထိုင်၊ မထိုင်ရင် ဆွဲထုတ်ပစ်မယ် အခြိမ်းခြောက်ခံရသဲ့လူက တစ်ယောက်တည်းလား"

ကိုကောင်းစံ တွေနေရာက မော့ကြည့်ပြီးမေး၏။

"တစ်ယောက်တည်း ဘယ်ဟုတ်မတုန်း။ သူလည်း အုပ်နဲ့ပဲ"

"သာနဲ့များ ငုံ့ခံရသယ်လို့ဗျာ၊ အံ့ရော"

ကိုကောင်းစံမှာ အမှန်ပင် အံ့ဩဟန်ဖြင့် အားမလိုအားမရပြော၏။ "သတ္တိ မရှိလို့လား၊ လူနည်းလို့လား" ဟု ဆက်လက်မြည်တမ်း၏။

"လူမနည်းဘူး၊ ပရိသတ်ရဲ့ ထက်ဝက်ပဲ။ ဒါပေမယ့် အမြော်အမြင်ရှိသယ်။ ရိုက်ကြပုတ်ကြရင် အစည်းအဝေးပျက်မယ်။ သတင်းစာထဲမှာပါပြီး စာရေးဆရာအသင်းကြီး အရှက်ကွဲမှာစိုးလို့ ထိုင်သာ။ ဒါပေမယ့် ထွက်မသွားဘူး"

"သဘာပတိက ထိုင်ဆိုသာကို မထိုင်ဘဲနေဖို့ကောင်းသာ။ မထိုင်ဘဲနေရင် ဆွဲထုတ်ဖို့ အနားကိုဝိုင်းလာ။ အဲသည်မှာ ချကြ။ စားမြှောင်ကြီးနဲ့လူဦးဆုံးသေ"

တိုင်းလုံးကျော် တဟားဟား ရယ်မော၏။

"ညီညီ မင်း မသိဖူးလားကွ"

"ဘာပါလိမ့် ကိုကို"

**ပုဂံစာအုပ်တိုက်**

"ဟိုသင်းကွာ"

"စာပေသည် ပြည်သူ့အတွက်၊ စာပေသည် စာပေအတွက် ဆိုသာ လေကွာ။ ဘာပြုလို့ မငြင်းကြသာတုန်း"

"ငြင်းစရာမှ မလိုသာပဲကိုကို"

"ဘယ်လို ဘယ်လို"

"အများစုက လက်ဝဲသမားနဲ့ လက်ဝဲယိမ်းချည်းပဲကိုကို။ အဲသာကြောင့် စာပေဟာ ပြည်သူ့အတွက် ဆောင်ပုဒ်ကို လက်ခံထားသူချည်းပဲ။ သည်အခမ်းအနားမှာ စာပေသည် စာပေအတွက်၊ အနုပညာသည် အနုပညာအတွက်ဆိုသဲ့ လူတွေလည်း မလာဘူး။ လာရင်လည်း ကုပ်နေသဲ့အတွက် သည်နေ့ရာမျိုးမှာ အယူအဆ စီးချင်းမထိုးဘူး"

"လူချင်းပဲ စီးချင်းထိုးသယ် ဆိုကြပါစို့"

ကိုကောင်းစံက ဖြည့်စွက်သဖြင့် တိုင်းလုံးကျော် ခေါင်းညိတ်၏။

"ဩော် ဒါထက် အခု အစည်းအဝေး တက်လာသဲ့လူတွေကို က အသင်းသား၊ ခ အသင်းသား ဘယ်လိုလုပ်ပြီး သိနိုင်မတုန်း"

တိုင်းလုံးကျော်သည် ရန်ကြီးအောင်အား နဝေတိမ်တောင်မော့ကြည့်သည်။ က–ခ ပြဿနာတက်ချိန်ဝယ် စာပေနယ်သို့ သူ မရောက်သေး။

"စာရင်းကိုကြည့်ပြီး သူဟာဖြင့် ခ အသင်းသား၊ သူကဖြင့် က အသင်းသားဆိုပြီး သိသာပေါ့ကွာ" ဟု ရန်ကြီးအောင်က ဝင်ပြောသည်။

"အခုတော့ကော အစ်ကို"

"အခုတော့ မှိန်ထားလိုက်သာပေါ့ကွာ။ ကိုယ့်လူတွေက ခ အသင်းသားတွေ များနေသယ်လေ"

"အဲသာ၊ ဘယ်သူကထပြီး ရှည်သာတုန်း အစ်ကို"

တိုင်းလုံးကျော်၏ အမေးဖြစ်သည်။

"ဘယ်သူမှ ရှည်သာမဟုတ်ဘူးဟေ့။ စာရေးဆရာအသင်း စတင်ဖွဲ့စည်းကတည်းက ပါလာသဲ့စည်းမျဉ်း။ တစ်နည်းအားဖြင့် စာပေဝါသနာရှင်တွေပါ အသင်းထဲပါနိုင်အောင် လုပ်ထားခဲ့သာ။ တကယ် ထင်ရှားပြီးဖြစ်သဲ့ သတင်းစာအယ်ဒီတာ သတင်းထောက် စာရေးဆရာ ကဗျာဆရာတွေလိုတော့ အရွေးမခံနိုင်ဘူး၊ မဲမပေးနိုင်ဘူး"

"ဩ ဩ သလိုကိုး။ တည့်တည့်ပြောမှပဲ ရိပ်မိသဗျာ"

ရန်ကြီးအောင် ခေါင်းညိတ်စဉ် "သာဖြင့် လွန်ခဲ့သဲ့လေးနှစ်လောက်တုန်းက ဘာဖြစ်လို့ ပူညံပူညံဖြစ်ရသတုန်း"ဟု တိုင်းလုံးကျော်က ဝင်မေး၏။

"ငါ ခုနတုန်းက ပြောသလိုပေါ့။ ကိုယ့်လူတွေက ခ အသင်းသားတွေ များနေတော့ မှိန်းထားသယ်။ ခ အသင်းသားတွေပါ ဝင်အရွေးခံလိုခံ မဲပေးလိုပေး လုပ်နေခဲ့ကြသာ ဟန်နေပါလျက်နဲ့ တိတိကျကျသမား ဥက္ကဋ္ဌ ဖြစ်လာသဲ့အချိန်မှာ ပူညံပူညံဖြစ်တော့သာပေါ့။ စာပေလောကကို လက်ဝါးကြီးအုပ်ချင်သဲ့ ဖင်မွေးဖြူကြီး ကလောင်သစ်တွေရဲ့ တက်လမ်းကို ပိတ်သယ် ဘာညာပေါ့ကွာ"

"စာလည်းမရေး၊ ရေးပေမယ့် စာဖတ်ပရိသတ်က အသိအမှတ်မပြုဘဲနဲ့ စာရေးဆရာ ကဗျာဆရာ မဖြစ်ပါဘူးဗျာ။ စာရေးဆရာအသင်းမှာ ဃ ကြီး အသင်းသားပဲဖြစ်နေနေ ပြည်သူ အသိအမှတ်ပြုရင် စာရေးဆရာ၊ ကဗျာဆရာ ဖြစ်သာပါပဲ"

ရန်ကြီးအောင်၏အမြင်။

"ဒါ အမှန်ပဲကိုကို။ ကလောင်သစ်တွေ တက်ပါစေဆိုပြီး နာမည်ရပြီးသားလူတွေက မရေးဘဲနေသာနဲ့ပဲ ကလောင်သစ်တွေ တက်လာရောလား။ ပြည်သူက အသိအမှတ်မပြုဘဲနဲ့ က အသင်းသား ပေးတာနဲ့ပဲ စာရေးဆရာ၊ ကဗျာဆရာ ဖြစ်လာရောလား"

"သာလောက်မှ မသိကြဖူးလား"

"သိပါသယ်ကွာ၊ သိလျက်နဲ့ ကိုယ့်ကိုယ်ကို ထင်ပေါ်ချင်လို့ ထပြောသာ။ ပုဂ္ဂိုလ်ရေးမုန်းတီးလို့ ထပြောသာ။ ကိုယ့်လူတွေက ခ အသင်းသားတွေချည်း ဖြစ်နေလို့ ထတိုက်သာ"

"လူလည်တွေပဲနော်"

"လည်သာ ကောင်းပါသယ်။ ဒါပေမယ့် ကုန်စည်ကူးသန်း ရောင်းဝယ်ရေးကိစ္စ၊ လူမှန်ပေါင်းသင်းဆက်ဆံရေးမှာ လည်ဝယ်သာကောင်းသယ်။ ဒါပေမယ့် စာပေရေးနဲ့ နိုင်ငံရေးမှာ 'ထွန်းနေ့စဉ် ဦးထွန်းဖေ' ပြောသလို လူလည်လုပ်ရင်တော့ မကောင်းဘူးကွ"

"မလည်ရင် အ မှာပေါ့ အစ်ကိုရ"

တိုင်းလုံးကျော်၏ စောဒက။

"လည်ဝယ်သာနဲ့ လူလည်လုပ်လုပ်သာ မတူဘူးဟ ငတိုင်းရ။ လူလည်လုပ်သယ်ဆိုသာဟာ ကောက်ကျစ်မှု၊ ယုတ်မာမှု၊ သစ္စာမဲ့မှုနဲ့ အများကြီး နီးစပ်သယ်။ စာပေနယ်မှာ စာပေသဘာတရားရေး ဆရာကြီး တစ်ဆူအဖြစ် အကိုးကွယ်ခံရဖို့အတွက် မော့က်စ်က ဘယ်လိုဆိုသယ်၊ လီနင်က ဘယ်လိုမိန့်သယ်၊ စတာလင်က ဘယ်လိုမြွက်သယ် အကိုးအကားတွေနဲ့ ရေးလိုက်သာ ကြည်ညိုစရာကြီးပဲ။ အေး၊ သူရေးသဲ့ သူရဲ့ပင်ကိုရေးကျတော့ ဘာပြည်သူ့အကျိုးမှ မပါဘူး။ သူ့ကိုယ်ကျိုးအတွက် စာဖတ်ပရိသတ် ငါးပါးမှောက်မယ့် စတန့်တွေရေးသယ်"

"အင်း၊ သည်နေရာကို လိုက်မလာမိရင် အကောင်းသား"

ကိုကောင်းစံသည် ဆန်းကဖီးဘက်သို့ လည်ရှည်ကြည့်ရင်း ညည်းတွား၏။ ကိုရန်ကြီးအောင်မူ ပြောမိလက်စနှင့်ပြောသည်။

"ငါတို့မြန်မာတွေဟာ ဟီရိဩတ္တပ္ပတရား အားကြီးသဲ့လူမျိုး။ အဲသာကြောင့် ကိုယ်တော်ကြောင်းတတ်ကြောင်း ပြောရမှာလည်း ရှက်လေ့ရှိသယ်။ အေး၊ ဒါပေမယ့် စာပေနယ်မှာ ငါ သိပ်တော်သာပဲလို့ မရှက်

မကြောက်ပြောပြီး ဝင့်ဝါသဲ့လူမျိုးလည်း ရှိသဗျ။ အမယ် အဲသာကို အထင်ကြီးသူတွေကလည်း အများသား။ ဟော တပည့်တပန်းတွေ သိုက်သိုက်ဝန်းဝန်းနဲ့ သူကလည်း ဆရာကြီးဗျား"

"အစ်ကို တစ်ခါပြောဖူးသဲ့ ဆရာကြီးတစ်မျိုး ရှိပါသေးသယ်၊ ပြောပါဦး"

တိုင်းလုံးကျော်က ပင့်ပေး၏။

"နောက်ဆရာကြီးတစ်မျိုးက၊ ငါသိပ်တော်သာပဲ၊ ငါသိပ်တော်သာပဲ ဆိုသာကို အနုဿတိပွားသလို ပွားများနေသဲ့အတွက် ဘယ်သူက ဘာတွေ ပြောပြော မကြားဘူး။ ဘယ်လို ကျိုးကြောင်းယုတ္တိ ဆက်စပ်မှုကိုမှ နားမဝင်ဘူး။ အဲသည်လိုလူမျိုးလည်း အတော်များများ ရှိသယ်"

"တော်ပြီ။ သူတို့စာတွေကိုဖတ်ပြီး အဝေးက သဘောကျနေသာ ကောင်းပါလျက်နဲ့ အနားကပ်ကြည့်မိသာ ကိုယ်ကျိုးနည်းတော့သာပဲ"

ကိုကောင်းစံ၏ ညည်းချင်း။

"ရုပ်ရှင်ဇာတ်လိုက်၊ ဇာတ်မင်းသား မင်းသမီးကို ပိတ်ကားပေါ်မှာ ဇာတ်စင်ပေါ်မှာ ချစ်သာပဲ ကောင်းသကွ။ ပိုပြီး ချစ်ချင်လို့ စတူဒီယိုထဲ လိုက်သွား၊ ဇာတ်စင်နောက်ကိုဝင်သွားရင် ပင်ကိုအကျင့်တွေတွေ့ရပြီး အချစ်ပြယ်သကွ။ ဒါပေမယ့် စာရေးဆရာဟာ သလိုမဖြစ်သင့်ဘူး။ သူဟာ ဟိုလူတွေနဲ့ မတူဘူး။ မတူသင့်ဘဲနဲ့တူသာဟာ အဆင့်နိမ့်ကျ"

လန်ကက်စတာလမ်းဘက်မှ ဆိုင်ကယ်တစ်စင်း ချိုးဝင်လာပြီး ဆန်းကဖိးရှေ့တွင် ရပ်သဖြင့် ကိုရန်ကြီးအောင် လက်ခုပ်လှမ်းတီးရာ စကားပြော ပြတ်သွား၏။ ဆိုင်ကယ်သမားသည် စက်ရှိန်ပြန်မြှင့်ပြီး လမ်းကို အဖြတ်တွင် ဦးဝိစာရလမ်းဘက်မှလာသော သုံးဘီးကားတစ်စင်းနှင့် တော့မိကြသည်။ ဆိုင်ကယ်သမားက ဆိုင်ကယ်ကို ဒေါက်ထောက်သည်။ သုံးဘီးသမားက တံခါးဖွင့်ဆင်းရာ လက်ထဲတွင် တုတ်ကြီးပါလာ၏။

**ပုဂံစာအုပ်တိုက်**

"လာကြဟေ့" ဆိုကာ ကိုရန်ကြီးအောင်သည် ထိုင်ခုံဆွဲကာပြေး၏။ တိုင်းလုံးကျော်တို့လည်း ထိုင်ခုံဆွဲကာ ကိုရန်ကြီးအောင်နောက်သို့ ပြေးလိုက်ကြ၏။

"ဘာကောင်တုန်းကွ၊ ချဟေ့၊ သယ်ဟေ့"

လူတစ်ရာတွင် တစ်ရာနီးပါးမှာ သုံးဘီးကားနှင့် အဆင်မပြေဖူးသူတွေဖြစ်ရာ ကြဲရည်သမား ဖျော်ရည်သမားများကပါ ဝိုင်းအော်၏။ သုံးဘီးကလည်း လျင်သည်။ ခုံတွေဆွဲပြီး ပြေးလာသူများကို မြင်သောအခါ လျင်မြန်စွာ မောင်းထွက်သွားတော့သည်။

"ဆရာ့ကိုလိုက်ရှာသာ ဆရာရေ့။ တိုက်ကို အမြန်ဆုံးသွားပါတဲ့"

"ဂျူပ် ဘယ်မှာတုန်း၊ ဖက်ဒရယ် အစည်းအဝေးမှာလား"

"ဟုတ်တယ်ဆရာ။ စည်းလွတ်ဝါးလွတ်တွေ ပြောသဗျာ၊ ဘယ်လိုလူတွေမှန်းမသိဘူး။ 'ပြည်ထောင်စု မြန်မာနိုင်ငံတော်' ဆိုတဲ့ စကားလုံးထဲမှာ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ ရခိုင်၊ မွန်ဆိုတဲ့ နာမည်တွေမပါဘူးတဲ့။ သူ ပြောသလိုဆိုရင် 'ပြည်ထောင်စု ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင် နိုင်ငံတော်' လို့ ခေါ်ရမလို ဖြစ်နေပါပြီကော"

"ခေါင်းဆောင် မပီသသဲ့ ပါးစပ်ပါကလား"

ကိုရန်ကြီးအောင်သည် ဆိုင်ကယ်နောက်ခုံတွင်ဝင်ခွရာက "ငတိုင်းရေ။ အပေါ်ကို ပြန်မတက်နဲ့နော်။ ဘိုင်စကုတ် ကြည့်ရင်ကြည့်၊ မကြည့်ချင် အိမ်ပြန်" ဟု မှာသွားသည်။

သူတို့ ညီအစ်ကိုသည် မုန့်လက်ဆောင်းသည်ထံ ပြန်လာပြီး ခုံတွေထားရင်း မုန့်ဖိုးရှင်းပေးသည်။

"တောမှာ ပျူစောထီး၊ ရန်ကုန်မှာ သုံးဘီးဗျာ့။ ကျုပ်က ကျုပ်ခုံတွေ ကျိုးချင်ကျိုးပေစေ သဘောထားသာ"

မုန့်လက်ဆောင်းသည်က ရိုက်ပွဲမဖြစ်သဖြင့် အားမလိုအားမရ

ပြောသည်။ တိုင်းလုံးကျော်ညီနောင်မှာ အလိုက်သင့်မဖြေမိ။ သူတို့၏ စိတ်အာရုံသည် သတင်းထောက်ပြောသွားသော အစည်းအဝေးတွင် စိတ်ဝင်စားနေသောကြောင့်ဖြစ်သည်။

## 'နေမင်းတစ်ထောင်'

(အဋ္ဌမတွဲ ပြီးပါပြီ)

◎

ပုဂံစာအုပ်တိုက်

## နိဂုံးချုပ်အမှာစကား

ဒုတိယကမ္ဘာစစ်မတိုင်မီက အထီးတည်းသာ တည်ရှိခဲ့သော ဆိုဗီယက်ပြည်ထောင်စုသည် ဒုတိယကမ္ဘာစစ်အပြီး၌ မဟာမိတ်ကွန်မြူနစ် နိုင်ငံပေါင်းကိုးနိုင်ငံရှိလာသည်။ ထိုအခါ အမေရိကန်ပြည်ထောင်စုမှာ ဒုတိယကမ္ဘာစစ်ကို အကြောင်းပြုပြီး စီးပွားတက်လျက်ရှိရာ ကွန်မြူနစ်တစ္ဆေအကြီးအကျယ် ခြောက်လှန့်လျက်ရှိသည်။

ထိုအတောအတွင်း ချိန်ကေရှိတ် တရုတ်အမျိုးသားအစိုးရမှာလည်း အင်္ဂလိပ်အမေရိကန်တို့ မန်းမှုတ်ပေးပါလျက်က ဖော်မိုဆာကျွန်းသို့ ထွက်ပြေးရလေ၏။ ပြည်မကြီးပေါ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအမည်ဖြင့် ကွန်မြူနစ်နိုင်ငံကြီးတစ်နိုင်ငံ ပေါ်ပေါက်လာပြန်၏။ ကွန်မြူနစ်တစ္ဆေအခြောက်ခံရသော အမေရိကန်ပြည်ထောင်စုနှင့် အပေါင်းပါ နောက်လိုက်များမှာ အရူးမီးဝိုင်းဖြစ်တော့သည်။

ကမ္ဘာပေါ်တွင်လည်း လက်ဝဲယိမ်းနိုင်ငံတွေ ပေါ်ပေါက်လာပြန်သည်။ အဖွဲ့အစည်းတွေမှာလည်း လက်ဝဲယိမ်းတွေက များပြားနေပြန်သည်။

**ပုဂံစာအုပ်တိုက်**

သို့အတွက် ကမ္ဘာကြီးကို ခြိမ်းခြောက်ရန်အတွက် စစ်စာချုပ်များ ဖွဲ့စည်းတော့သည်။ ကမ္ဘာ့အနောက်ဖျား၌ နေတိုးနှင့် ကမ္ဘာ့အလယ်ပိုင်း၌ 'ဆင်တိုး' ကမ္ဘာ့အရှေ့ဖျား၌ 'ဆီးတိုး' စစ်စာချုပ်အဖွဲ့များဖြစ်သည်။

ဆီးတိုးသည် အရှေ့တောင်အာရှ ကာကွယ်ရေး အမည်ခံထားငြားအရှေ့တောင်အာရှသား ပီပီသသ မရှိပေ။ နယူးဇီလန် ဩစတြေးလျတို့မှာ အရှေ့တောင်အာရှသားမဟုတ်ပေ။ အင်္ဂလိပ်နှင့် အမေရိကန်ကား ပြောရန်ပင်မလိုပေ။ ထိုအခါ အရှေ့တောင်အာရှသား ပီပီသသ တစ်နိုင်ငံမျှ ပါလာလျှင် မည်မျှကောင်းပြီနည်း။

အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံကို မျက်စောင်းထိုး၏။

တရုတ်ပြည်ထဲမှ ထွက်ပြေးလာသော တရုတ်ဖြူစစ်သားတွေကို မြန်မာ့ပိုင်နက်တွင်း၌ ကျူးကျော်နေထိုင်ရန် စီမံပေး၏။ မြန်မာနိုင်ငံသည် ဆီးတိုးအဖွဲ့ဝင်ဖြစ်သွားပါက ကျူးကျော်သူ တရုတ်ဖြူအရေးသည် အလိုအလျောက် ပြေပျောက်သွားလိမ့်မည်ဟု မက်လုံးပေး၏။ မြန်မာအစိုးရသည် ဆီးတိုးသို့ကား မဝင်။ အမေရိကန်၏တပည့် တရုတ်ဖြူများကို မရှိမဲ့ရှိမဲ့ အင်အားဖြင့် တိုက်ခိုက်နှင်ထုတ်ပစ်၏။

ထိုအခါ မြန်မာပြည်တွင်း တစ်ထောင့်တစ်နေရာရှိ လူ့ရေပေါ်ဆီအချို့သည် စိတ်ကူးယဉ် ဖဲရိုက်ကြည့်သည်။ 'ငါတို့ ဆီးတိုးထဲဝင်ရင် မည်မျှကြီးပွားမည်နည်း'

ဒေါ်လာတွေ၊ ကားတွေ၊ လေယာဉ်ပျံတွေ၊ ရဟတ်ယဉ်တွေ။

သို့သော် မည်သည့်တိုင်းပြည်၏ အမည်ဖြင့် ဆီးတိုးထဲသို့ဝင်မည်နည်း။

"ဟုတ်ပြီ၊ အခန့်သင့်လိုက်လေ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဆယ်နှစ်ပြည့်အပြီး၌ ခွဲထွက်လိုက ခွဲထွက်နိုင်သည်ဟူ၏။ အခန့်သင့်လေစွ။ ခွဲထွက်ပြီး ဆီးတိုးအဖွဲ့ထဲဝင်ကာ ထရီလျံနှာ လုပ်ကြစို့"

## ပုဂံစာအုပ်တိုက်

သို့သော် တရုတ်ဖြူတို့ကား ခရီးဦးကြိုပြုပြီး မြန်မာတို့ကို ရောင်းစားခဲ့သော လူ့ရေပေါ်ဆိကြီးများမှာ စိတ်ကူးယဉ်အိပ်မက်ကို ပြီးဆုံးအောင် မမက်လိုက်ကြရပါ။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာသဖြင့် အိပ်မက်မက်ရာမှ ဖရိုဖရဲ လန့်နိုးကြလေ၏။

ဤသို့ဖြင့် 'နေမင်းတစ်ထောင်'ဝတ္ထုမှာလည်း ဤတွင် နိဂုံးကမ္ပတ်အဆုံးသတ်ခဲ့ပါတော့သတည်း။

*

ဤနေမင်းတစ်ထောင် ဝတ္ထုကို ၁၉၉၃ ခုနှစ်တွင် စတင်ရေးသားခဲ့ပါသည်။ လက်ဖြင့်စီသော ခဲစာလုံး ၁၅ ဖောင်စာ လစဉ် ရေးသားခဲ့ပါသည်။ ၁၂ နှစ် ကြာသော ၂၀၀၅ ခုနှစ် မတ်လတွင် နေမင်းတစ်ထောင် ပထမတွဲကို ထုတ်ဝေလိုက်သောအခါ အသုံးပြုသော စာလုံး၏ အရွယ်အစားမှာ သေးငယ်ပါသည်။ ခဲစာလုံး ၁၄ ပွိုင့်အရွယ်၏အောက် ရောက်နေပါသည်။ ဤသို့ဖြင့် ၁၆၅ ဖောင် ရှိမည်ဟု ခန့်မှန်းခဲ့သော စာအုပ်မှာ စာဖောင်များ လျော့နည်းသည်။ တစ်အုပ်လျှင် ၁၅ ဖောင်၊ စာမျက်နှာ ၂၄၀ ထက်လည်း အုပ်တိုင်း ကျော်လွန်သည်။ သို့ကြောင့် ၁၁ တွဲ မရှိနိုင်။ ၉ တွဲသာ ရှိလိမ့်မည်ဟု ပြင်ဆင် ခန့်မှန်းခဲ့သည်။

သို့သော် ၁၂ နှစ်တာ ကာလသည် ပြောင်းလွဲမှု မြန်ဆန်သည်။ ရေးစအချိန်နှင့် ရေးပြီးစအချိန်များလည်း မဟုတ်တော့သဖြင့် အတွဲကို လျှော့ရပါသည်။ ၁၁ တွဲခန့်မှန်းခဲ့သော နေမင်းတစ်ထောင်သည် အဋ္ဌမတွဲ အဆုံးတွင် အပြီးသတ်လိုက်ရပေပြီ။

နေမင်းတစ်ထောင်ဝတ္ထုကို မျိုးချစ်စိတ်ရှိသော၊ ဖြူလည်းဖြူစင် ဖြောင့်လည်းဖြောင့်မတ်ရိုးသားသော မြန်မာလူမျိုးတစ်ယောက်၏ မိသားစုတွင် ပန္နက်ရိုက်ပါသည်။

**ပုဂံစာအုပ်တိုက်**

"ဓားဆိုတာ ကုလားကို ခုတ်ဖို့၊ ကုလားဆိုတာ ငါတို့ ဓား ကစားဖို့" ဟု ဆွေစဉ်မျိုးဆက် လက်သုံးပြုရမည့် ဆောင်ပုဒ် တစ်ခုကို ထုတ်ခဲ့သည်။

မြန်မာနိုင်ငံသည် စစ်မီးနှစ်ကြိမ် ခံရသောကြောင့် ထောင်းလမောင်း ကျေအပြီးတွင် အမျိုးသားညီညွတ်ရေး ပျက်စီးရသောကြောင့် ပြာပုံအတိ ဖြစ်ရသည်။ ထိုနည်းတူစွာပင် ဒိပဲယင်းမြို့ သရက်ကန်ရွာသား ငမိုးကောင်းနှင့် အုန်းပင်စုရွာသူ မယ်မင်းဘော် တစ်မိပေါက်မှ သားသမီးမြေးမြစ်များလည်း ချစ်ခင်စည်းလုံး ညီညွတ်နေရာက ဝါဒနီ၊ ဝါဒစိမ်းများ ပူးဝင်နှောင့်ယှက်သဖြင့် ကွဲပြိုရသည်။ တစ်ပါတည်းပင် သူတို့တစ်တွေ မှီခိုအားထားခဲ့ရာ သွေးသောက်စု ရွာကြီးသည်လည်း မီးလျှံသမုဒ္ဒရာကြီးဖြစ်ရသည်။

စည်းလုံးခြင်း၊ ချစ်ခင်ညီညွတ်ခြင်းတို့သည် အေးမြသာယာသော သုခချမ်းသာကို ပေးသည်နှင့်အမျှ စည်းလုံးမှုပျက်ပြားခြင်း၊ မချစ်ခင် မညီညွတ်ခြင်းတို့သည် ဆိုးရွားလှ၏။ ပူလောင်လှ၏။ နေမင်းတစ်ထောင်၏ အပူအလျှံထက်ပင် ဆိုးရွားပြင်းထန်၏ဟု ပြောလိုသောကြောင့် ဤဝတ္ထုကို **နေမင်းတစ်ထောင်**ဟု အမည်ပေးခဲ့ရာ အမည်နှင့် အကြောင်းအရာ ညီညွတ်ပါ၏လော သံသယရှိပါသည်။

သူတစ်လူ ငါတစ်မင်း ဦးနှင်းပွဲထောင်လုပ်ကာ သွေးသောက်စု ရွာကြီးကို ပြာမကျအောင် မကာကွယ်နိုင်ခဲ့သော ဦးမိုးကောင်း၏ မိသားစု ကြီးသည် လယ် ၄၅ ဧကနှင့် ယာဧက ၇၀ ကို ဘိုးမွေဘွားမွေအဖြစ် ခွဲစိတ်ယူသည်။ သို့လျှင် မွေခံပြီးနောက်တွင် 'အမွေခံထိုက်' သူများ ဖြစ်အောင် ဘိုးမွေဘွားမွေ ဘုရားနှင့် ကျောင်းကို စုပေါင်း ပြင်ဆင်ရန် စုရုံးကြသည်။ အဖျားအနား တော်စပ်သော လူဖျင်းလူညံ့ကိုပါ သူ၏ ပြစ်မှု များကို သင်ပုန်း ချေပစ်ပြီး မွေခံထိုက်စေ အလှူကြီးသို့ ပါဝင်ခွင့် ပြုလိုက် လေ၏။

**ပုဂံစာအုပ်တိုက်**

သို့ရာတွင် အကြောင်းမညီညွတ်သောကြောင့် သွေးသောက်ကြီး ဦးမိုးကောင်း တည်ထားခဲ့သည့် ဘုရားကြီး ထီးတင်ပွဲသည် ကျန်နေခဲ့ပါသည်။ စာရေးဆရာမှာလည်း တွေးခေါ်မှု၊ ဆက်စပ်ဖြည့်စွက်မှုတို့၌ အထနေးပါသည်။ လုံလောက်သော ဆောင်ရွက်မှုကို အချိန်မီ မပြုနိုင်သဖြင့် ဤသို့လျှင် ပြီးပါပြီ လုပ်လိုက်ရပါသည်။

စင်စစ်သော်ကား ပြည်သူတို့ ပါဝင်ဆင်နွှဲသော အကြောင်းခြင်းရာများသည် ပြီးဆုံးလေ့မရှိပါ။ ဆက်လက်ချီတက်နေခြင်းဖြင့် မကုန်နိုင်သော အနာဂတ်များကို မပြီးနိုင်မစီးနိုင် ဖော်ထုတ်နေကြဦးမည် ဖြစ်ပါသည်။

ဤစာအုပ်ကို ထုတ်ဝေသူမှာ ပုဂံစာအုပ်တိုက် ဖြစ်ပါသည်။

ပုဂံမောင်ချော (မောင်ကိုဦး) ကွယ်လွန်ပြီးနောက် ရပ်ဆိုင်းညှိုးမှိန်နေသော ပုဂံစာအုပ်တိုက်ကို ပြန်လည်အသက်သွင်းသူမှာ မောင်ချော၏ ဒုတိယသမီး ဖြစ်ပါသည်။ ထိုသမီးသည် ဖအေရှိစဉ်က ဖအေနောက်လိုက် ဖြစ်ခဲ့သော်ငြား ယခု ဖအေ့အလုပ်ကိုဝင်လုပ်ချိန်တွင် အားကြိုးမာန်တက်ရှိပါသည်။ သူထုတ်ဝေသော စာအုပ်တွေကို အရည်ကျိုပြီး သောက်ထားသည့်အလား ပိုင်ပိုင်နိုင်နိုင် ရင်းရင်းနှီးနှီး ရှိပါသည်။ ဤသို့ဖြင့် သူသည် သူ့ဘက်က ကျေနပ်ဖွယ်ကောင်းသော တာလုံမှုကို ပြပါသည်။

သူသည် နေမင်းတစ်ထောင်ဝတ္ထုစာအုပ်ကို ထုတ်ဝေရာ၌ စက်ထဲမှ ထွက်လာသော ပစ္စည်းတစ်ခုကို ဆက်ဆံသော သဘောထား မရှိပေ။ စာအုပ်တစ်အုပ်အဖြစ် သဘောထားသည်။စိတ်ပါလက်ပါရှိသည်။လေးလေးစားစားရှိသည်။ သို့ဖြင့် နေမင်းတစ်ထောင်စာအုပ်များမှာ ကျေနပ်ဖွယ်အဆင့်သို့ ရောက်နေသည် ထင်ရ၏။

သို့ရာတွင် စာရေးသူမှာမူ မိမိကိုယ်ကို အားမလိုအားမရ မကျေမနပ်ဖြစ်လျက်ရှိသည်။ လွန်ခဲ့သော ၁၂ နှစ်က စာအုပ်ကို ဖြည့်စွက်ပြင်ဆင်ရာတွင် လွန်ခဲ့သော ၁၂ နှစ်က ကာယအား ဉာဏအား ဖြစ်ရမည့်အစား ယနေ့

တည်ရှိဆဲ ကာယအား၊ ရောက်ရှိဆဲ ဉာဏအားကို အသုံးပြုနေရသောကြောင့် ဖြစ်သည်။

ထိုသို့ တစ်ဖက်တွင် မချင့်မရဲ ဖြစ်နေစေကာမူ ဂန္ထဝင်ဝတ္ထု ထုတ်ဝေလိုသူများရှိပါက ထုတ်၍ဖြစ်နိုင်သည့် အခြေအနေရှိကြောင်းကို သိရသည့် အချက်တစ်ချက်ကိုကား သတိမူမိပါသည်။ သို့အတွက် ဝတ္ထုကောင်း ထုတ်ဝေလိုသူများအား နောက်မတွန့်ကြဖို့ တိုက်တွန်းနေသည့် အခြေအနေ ရှိကြောင်း ဖော်ပြလိုက်ရပါသည်။

ဆင်ဖြူကျွန်းအောင်သိန်း

✧



# ရွှေပင်းတစ်ထောင်

ဆင်ဖြူကျွန်းအောင်သိန်း

[အဋ္ဌမတွဲ]